## ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်

အကြောင်းအရာ


| | |
|---|---|
| ယူနီဖောင်းမချွတ်ဝံ့တဲ့ နိုင်ငံရေးသမား (သို့) စစ်အုပ်စု | ၁ |
| ပြည်ထောင်စုပြဿနာ | ၃ |
| မြစ်ဝကျွန်းပေါ် ကရင် – ဗမာအရေးအခင်း ...... ဗမခ (ဟောင်း) ကျော်ဇော၏ပြောကြားချက် | ၂၁ |
| ထုတ်ပြန်ကြေညာချက်များ – အိတ်ဖွင့်ပေးစာ | ၂၂ |
| ဂန္ဒီနှင့် ဗိုလ်အောင်ဆန်း | ၄၁ |
| ပါတီစည်းရုံးရေးကဏ္ဍ ပုဒ်မ ၃၃ | ၄၃ |
| ဗမခ (ဟောင်း) ကျော်ဇော၏ ဖက်ဆစ်တော်လှန်ရေးနေ့ကို ပြန်ပြောင်းသတိရချက် | ၄၅ |
| ဇာတ်ရည်လည်သွားသော ဇာတ်လမ်းတပုဒ် | ၄၇ |
| ငြိမ်းအဖွဲ့များသတိ | ၄၉ |
| “တိုနီဘလဲရဲ့ ဖြိတ်နီ” က နယ်ချဲ့စနစ်ကိုကျင့်သုံးဖို့ ပြောင်ပြောင်တင်းတင်း လှုံ့ဆော်နေပြီ | ၅၁ |
| ဆိုင်ကလုန်းမုန်တိုင်း စစ်ဆင်ရေး | ၅၄ |
| ဇဒါးနေ့ အစီရင်ခံစာ | ၅၈ |
| နိုင်ငံတကာကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများ အစည်းအဝေး၏ ထုတ်ပြန်ကြေညာချက် | ၆၀ |
| ကိုယ်ရေးအတ္ထုပ္ပတ္တိ (ကဗျာဘာသာပြန်) | ၆၃ |
| သတင်းနှင့် မှတ်ချက် | ၆၅ |
| ယိမ်းထိုးလာနေတဲ့ သဏ္ဍာရာဇ် ၂၀၀၂ ခုနှစ်အတွင်းက စစ်အစိုးရ (၂၀၀၂ သုံးသပ်ချက်) | ၆၇ |
| ဒါ အမေရိကန်ပြည်သူတွေက ပြောတာ | ၆၈ |
| ဒါ အမေရိကန်ခေါင်းဆောင်တွေက ပြောတာ | ၆၉ |



အမှတ် ( ၂၂ )

အောက်တိုဘာလ၊ ၂၀၀၂ ခုနှစ်။

ပြည်သူ့ အာဏာ

# ယူနီဖောင်းမချွတ်ဝံ့တဲ့ နိုင်ငံရေးသမား (သို့မဟုတ်) စစ်အုပ်စု

*သန်းအေးညွန့်စစ်အုပ်စုနှင့် နေဝင်းစစ်အုပ်စု၏ ပဋိပက္ခမှာ စားခွက်လက်ရှိနှင့်လက်မဲ့တို့၏ ပဋိပက္ခသာဖြစ်သည်။*
*သူတို့ ၂ ဘက်တွင် တူညီချက်အပြင် ခြားနားချက်လည်းရှိသည်ကိုတော့ သတိပြုရမည်။*
*တူညီချက်မှာ – စစ်တပ်ကိုအုပ်စီးထားပြီး နိုင်ငံရေးအာဏာလက်မလွှတ်ရေးတွင် တူကြ၏။*
*ခြားနားချက်မှာ – နိုင်ငံရေးသမားက စစ်သားဖြစ်လာသူနှင့် စစ်သားက နိုင်ငံရေးသမားဖြစ်လာသူတို့၏ မတူညီမှုဖြစ်၏။*

နိုင်ငံရေးအာဏာကိစ္စတွင် (၂ ဘက်စလုံး မလျှော့နိုင်သော) အကြံ တူနေကြသဖြင့် နေဝင်းနှင့်သံမဏိလမ်းခွဲကြရခြင်း ဖြစ်သည်။ အာဏာကို ဝေစုခွဲလို့မရ။ နေဝင်းက ရှိပြီးသား စည်းစိမ်ဥစ္စာ သားစဉ်မြေးဆက်တည်မြဲဖို့၊ တိုးပွားဖို့ အာမခံချက်လိုချင်သလို တြိဂံ စစ်အုပ်စုကလည်း လိုချင်သည်။ ဤတွင် မျိုးဆက်သစ်ကို ဘယ်သူမွေးမလဲဟူသော ပြဿနာထိပ်တက်လာသည်။ အာဏာမဲ့ နေဝင်းခံသွားရသည်။ ဝဋ်လည်ခြင်းဟုပင် ပြောရမည်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့နှင့် နေဝင်းက စရိုက်ချင်းမတူ။ ဟိုလူတွေက နိုင်ငံရေးသံဝေဂ ရသွားသည်။ နေဝင်းက နိုင်ငံရေးအာဃာတ ပွားလာသည်။ နေဝင်း၏ စရိုက်သည် ဂျွန်ဦးစော၏စရိုက်မျိုး ဖြစ်သည်။ ပဋိပက္ခကကြာလေကြီးလေ ဖြစ်လိမ့်မည်။ နေဝင်းသေပြီး သမက်နှင့်မြေးများ ကြိုးစင်တက်ရလျှင်ပင် ထိုပဋိပက္ခက ငြိမ်းအေးဘွယ်မမြင်။

နေဝင်းနှင့်ဂျွန် စရိုက်တူသော်လည်း ဖြတ်သန်းမှုခြင်းက မိုးနှင့်မြေတမျှ ကွာခြားသည်။ ဂျွန်က ဝါးရင်းတုတ်ကိုင် တပ်သာ ကိုင်ဖူးသည်။ အရိုးမတွန်နိုင်။ နေဝင်းက စစ်တပ်ကြီးတခုလုံးကို မှောက်လိုမှောက် လှန်လိုလှန် နှစ် ၄၀ လုပ်ခဲ့သည်။ သူတင်ခဲ့သည့် ဘောင်းဘီချွတ် သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ သံအမတ်၊ ညွှန်ချုပ်၊ စစ်ဗိုလ်ချုပ်တွေ တလှေကြီး ရှိသည်။ အရိုးတွန်လိမ့်မည်။

ထိုသမ္မတ၊ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်တို့တွင် မျိုးဆက်သစ် ရှိသည်။ ထိုမျိုးဆက်သစ် တစခန်းထလိမ့်မည်။ တြိဂံစစ်အုပ်စု မနက်တိုင်း ခေါင်းစမ်းနေရလိမ့်မည်။

နေဝင်းနှင့် တြိဂံခြားနားချက်က ပေါ့သေးသေး မဟုတ်၊ ကြီးသည်။ နေဝင်းက နိုင်ငံရေးအစဉ်အလာ ရှိသည်။ ယူနီဖောင်းဝတ်ထားထား၊ ချွတ်ထားထား စစ်တပ်အပေါ် မိုးသေသည်။ မဆလပါတီဖွဲ့ဝံ့သည်။ သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေကို ဘောင်းဘီချွတ် ခိုင်းပြီး အာဏာပေးဝံ့သည်။

သန်းအေးညွန့်တို့ကတော့ သူတို့လည်း ဘောင်းဘီမချွတ်ဝံ့၊ သူများကိုလည်း ဘောင်းဘီချွတ်ဖို့ မခိုင်းဝံ့။ အာဏာလုဘက်မို့ ဘောင်းဘီချွတ်ခိုင်းလျှင်လည်း လက်ဖျားဖြင့် မတို့ဝံ့။ နေဝင်းကတော့ လုပ်ဝံ့သည်။ ဝန်ကြီးတလှည့် ထောင်တလှည့် ဖြစ်သွားသူ မနည်းပါ။ အကြောင်းကြောင်း ထောက်ရသူကိုသာ သံအမတ်ခန့်ပြီး ပြည်နှင်သည်။ တြိဂံစစ်အုပ်စုက သံအမတ်မခန့်ဝံ့။ စူဋလိပ်ရေထဲ လွှတ်တာထက် ဆိုးသွားမည်။ နိုင်ငံရေးပါတီ ထောင်ဖို့ကတော့ အိပ်မက်ပင် မမက်ဝံ့။

နေဝင်းနှင့်သံမဏိလမ်းခွဲ မလုပ်ခင်က တစည ပါတီ (ဘောင်းဘီချွတ်ထားတာကြလှပြီ) ကို စိတ်ချလက်ချလွှတ်ထားနိုင်သည်။ ယခုလွှတ်မထားဝံ့။

နေဝင်းကို စင်ပေါ်တင်ခဲ့သူများမှာ ဗဆပ (ဗမာပြည် ဆိုရှယ်လစ်ပါတီ) နှင့် ဖဆပလ ဖြစ်သည်။ ပထစနှင့် ပမညတ(တပိုင်း)က အာဏာရနေသည့် နေဝင်းကို အလုပ်အကျွေးပြုကြရခြင်း ဖြစ်သည်။ အဂတိ (၄) ပါး လိုက်စားကြရခြင်း ဖြစ်သည်။

တြိဂံကား နေဝင်းလိုမဟုတ်၊ သူတို့ကို စင်ပေါ်တင်ပေးမည့်သူမရှိ၊ အလုပ်အကျွေးပြုမည့်သူမရှိ။ တကယ့်အထီးကျန် တကောင်ကြွက် ဖြစ်သည်။ နေဝင်းလို နိုင်ငံရေး ကစားဝံ့ဖို့ကတော့ ဝေလာဝေး။ ထို့ကြောင့် ပြည်တွင်းရေးတွင် ချော့မြှူခြင်းထက် ဖိနှိပ်မှုကိုသာ အားကိုးရသည်။ ပြည်ပရေးတွင်ကား မြှူဆွယ်ရေးကို အားကိုးသည်။ ပဒေသရာဇ်ခေတ် ကိုလိုနီခေတ်က ထွင်လိုက်သည့် "ပေါ်ကြွယ်ဝသည့် သယံဇာတ"(ကမ္ဘာ့ဈေးကွက်ဝင်စီးပွားဖြစ် ဟုတ်မဟုတ် မသိရသော သယံဇာတ) ဆိုသည်ကိုပြပြီး စားနေရသည်။ ထိုသယံဇာတကလည်း ကုန်သလောက် ဖြစ်နေပြီ။

မက်ကရိုစီးပွားရေး အမြော်အမြင်မရှိဘဲ ဆောက်လိုက်သည့်တံတား၊ ဖောက်လိုက်သည့် တောရထားလမ်းကလည်း စီးပွားဖွံ့ဖြိုးရေးကို မတွန်းဆော် "ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်း" ဆိုသည့် စကားကို ပြင်ပြီးပြောရမလို ဖြစ်နေသည်။

တံတားကြီးတွေဆောက်ပြီး ဗိုက်မှောက်နေ ရမည့်ကိန်း ဆိုက်နေပြီ။

တောရောမြို့ပါက စေ့စပ်ဆွေးနွေးရေး အမြန်လုပ်ဟု တွန်းအားပေးနေချိန်တွင် ဖိနှိပ်မှုကိုတဆင့်တိုး လုပ်လာနေသည်။ ပါမောက္ခနှင့် ကျောင်းသားတဦးစ နှစ်ဦးစ ဖမ်းရာက အစုအဝေးလိုက် ဖမ်းလာနေပြီ။

ဘောင်းဘီဝတ် နိုင်ငံရေးစစ်သားများ လက်ထဲတွင် နိုင်ငံရေးအာဏာရှိနေသမျှ ဖိနှိပ်မှုများကိုသာ ကြုံရလိမ့်မည်။ ဖိနှိပ်မှုသည် လူငယ်လူလတ် နိုင်ငံရေးအကျဉ်းသားဟောင်းများကို ဖမ်းဆီးခြင်းတွင်သာ ရပ်နေမည် မဟုတ်ပါ။ တဆင့်ပြီးတဆင့် တက်လာပါလိမ့်မည်။

ပွဲကြမ်းလာခဲ့လျှင် စစ်အုပ်စု လက်တွင်းမှ နိုင်ငံရေးအာဏာ လက်လွှတ်အောင်လုပ်ဖို့ တနည်းသာ ကျန်ပါတော့သည်။ စစ်အုပ်စု အောက်မှ တပ်မတော်ကို ဆွဲထုတ်ရေး ဖြစ်ပါသည်။

တပ်မတော်မှာ ကွန်မြူနစ်များ အပါအဝင် မျိုးချစ်ပြည်ချစ် အင်အားစုများ စတင်တည်ထောင်ခဲ့သော တပ်မတော် ဖြစ်သည်။ "လွတ်လပ်ရေး" ရအောင်တိုက်ခဲ့သော "တပ်မတော်" သည် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်သော "တပ်မတော်" ဖြစ်ရပါမည်။

လွတ်လပ်ရေး၊ အချုပ်အခြာအာဏာခိုင်မြဲရေး၊ နယ်မြေတည်တံ့ ပြည့်စုံရေးကို မထိန်းသိမ်းနိုင်လျှင် အာဖဂန်ထက် ဆိုးရွားသော ကံကြမ္မာက ငံ့လင့်နေပါသည်။

တိုင်းပြည်အတွက် အန္တရာယ်ကြုံလျှင် ကွန်မြူနစ်များ လက်ပိုက်ကြည့် မနေနိုင်ပါ။ ၁၉၅၂ – ၅၃ တရုတ်ဖြူ (KMT) ကျူးကျော်မှု အန္တရာယ်ကြုံခဲ့စဉ်က ပြည်တွင်းစစ်ရပ်ပြီး ကျူးကျော်သူမောင်းထုတ်ရေးစစ်ဆင်နွှဲဖို့ ကြိုးစားခဲ့ပါသည်။ ဗိုလ်စောမြင့် (မဟေသီ) နှင့် ဗိုလ်ပု(ဗကပ ကျဆုံး) တို့ လျှို့ဝှက်တွေ့ပြီး ပြောခဲ့သည်။ ဗိုလ်စိန်မြ (ကွယ်လွန်) နှင့် ဗိုလ်ရဲမောင် (ယခင်ဗကပ ကွယ်လွန်) တို့ လျှို့ဝှက်တွေ့ခဲ့သည်။ ဗိုလ်ထွန်းစိန် (မြို့တော်ဝန် ကွယ်လွန်) နှင့် ဗိုလ် သိန်းဒုတ် (ယခု ရှိသေးသည်) တို့ကို တွေ့ရန် ဆရာမဒေါ်ရီကြိန် (ကွယ်လွန်) ကတဆင့် ကမ်းလှမ်းခဲ့သည်၊ မတွေ့ဖြစ်။ တွေ့လျှင် "ပြည်တွင်းစစ် တို့ဘက်က ဆက်မတိုက်ချင် တော့ဘူး၊ တရုတ်ဖြူတိုက်ဖို့ ရှမ်းပြည်အရှေ့ပိုင်းဘက် တို့တပ်တွေ တက်မယ်၊ လမ်းပေးပါ" ဟု ပြောရန် စီစဉ်ထားသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ သဘောထားမှာ တိုင်းပြည်ကို ကျူးကျော်လာလျှင် တိုက်မည်။ ကိုယ့်အချင်းချင်း ပြဿနာကို ရှေ့တန်းတင် မထားဟူ၍ ဖြစ်သည်။ ယခုလည်း ဤသဘောထားအတိုင်း ဖြစ်သည်။

ယူနီဖောင်းဝတ် အာဏာအချောင်ရ နိုင်ငံရေးသမားများ မိုက်တွင်းမနက်စေချင်ပါ။ ဗကပ သဘောထားမှာ ကိုယ့်တိုင်းပြည်ထိလာလျှင် ပြန်တိုက်မည်။ မထိလျှင်၊ အနေသာကြီး ဖြစ်လျှင်သွားပြီး ရန်ရှာနေမည် မဟုတ်။ ကန့်ကွက်စရာရှိ ကန့်ကွက်၊ ထောက်ခံစရာရှိ ထောက်ခံ ပါးစပ်အလုပ်သာ လုပ်မည်။

ကျူးကျော်လာလျှင်ကား၊ တိုင်းပြည်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်စေလျှင်ကား မည်သူ့ကိုမျှ အလျှော့ပေးလိမ့်မည် မဟုတ်ပါကြောင်း။

**စာတည်းအဖွဲ့**

● ● ● ● ● ● ● ● ● ● ● ●




တော်လှန်ရေးခေတ်ပြိုင်ဟာ လူထုခေတ်ပြိုင်
ဂျာနယ်
[မော်စီတုန်း]

၂၀ ရာစုမှ ၂၁ ရာစုသို့

ယူလာရသော

မပြေလည်သေးသည့်ပြဿနာများ

# ပြည်ထောင်စုပြဿနာ

**(မျိုးဆက်ဟောင်းမရှင်းနိုင်ခဲ့တဲ့ မျိုးဆက်သစ်ရှင်းရမယ့် ဒုတိယပြဿနာက ပြည်ထောင်စုပြဿနာပဲ။ ရှင်းရတာ ပိုတောင်ခက်ပါလိမ့်မယ်)**

### (၁) ပြဿနာမိတ်ဆက်။

၁၉၈၈/၁၉၉၀ မတိုင်မီက ပြဿနာနှင့် ထိုနှစ်များနောက်ပိုင်းပြဿနာ မတူပါ။

၁၉၈၈ လူထုအုံကြွမှုကြီး မဖြစ်မီက ပြည်ထောင်စုစနစ် လိုလားသူဘက်နှင့် တပြည်ထောင်စနစ် လိုလားသူဘက်ဟူ၍ ပြက်ပြက်ထင်ထင် ရှိခဲ့ပါသည်။ ပဋိပက္ခများလည်း တခြိမ်းခြိမ်းဖြစ်ခဲ့ပါသည်။

၁၉၉၀ ရွေးကောက်ပွဲ ပြီးသည့်နောက်တွင်ကား အထက်ပါပဋိပက္ခဟောင်းများ မရှိတော့ပါ။ ပဋိပက္ခအသစ်များ ဖြစ်လာပါသည်။ အသစ်မှာ အရေခြုံပြည်ထောင်စုဘက်နှင့် ပြည်ထောင်စုစစ်စစ်ဘက်၏ ပဋိပက္ခဖြစ်ပါသည်။ အရေခြုံပြည်ထောင်စုဘက်တွင် စစ်အုပ်စုကရပ်ခံပြီး စစ်မှန်သည့်ပြည်ထောင်စုဘက်တွင် စစ်အုပ်စုဆန့်ကျင်ရေး အဓိကအင်အားစုများ အားလုံးက ရပ်ခံပါသည်။

အရေခြုံ ပြည်ထောင်စုလော – ပြည်ထောင်စုစစ်စစ်လော ပြဿနာသည် ယနေ့အဖို့ ကွင်းဆက်အကျဆုံး ပြဿနာဖြစ်လာပါသည်။ ဤပြဿနာမပြေလည်သမျှ "ပြည်ထောင်စု ပြဿနာ" ပြေလည်မည် မဟုတ်ပါ။

ကရင်အမျိုးသား အစည်းအရုံး (KNU) က သီးခြားတိုင်းပြည် ထူထောင်ရေး အတွက် လှုပ်ရှားခဲ့သည်မှာ ၁၉၄၇ ကတည်းက ဖြစ်သည်။ ၁၉၄၉ ကျမှ လက်နက်ကိုင်တိုက်ပွဲ တိုက်ခဲ့သည်။ ယခုအထိ တိုက်နေဆဲ ဖြစ်သည်။

"ခွဲထွက်ရေး" ကို ရှမ်းပြည်လွတ်လပ်ရေးတပ်မတော် ( SSIA), ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တို့က ၁၉၆၀ ခုနှစ် တဝိုက်ကလုပ်ခဲ့သည်။ ဒီမိုကရေစီခေတ် မဟုတ်၍ လက်နက်ကိုင်တိုက်ပွဲကို တန်းပြီး လုပ်ခဲ့ရသည်။ သူတို့ယခု "ငြိမ်းအဖွဲ့" များ ဖြစ်နေပြီ။

သီးခြားတိုင်းပြည် ကြွေးကြော်သံမှာ လွတ်လပ်ရေးမရမီကာလ ပြည်ထောင်စုမဖွဲ့မီက ကြွေးကြော်သံဖြစ်၍၊ ခွဲထွက်ရေး ကြွေးကြော်သံမှာ ပြည်ထောင်စုဖွဲ့ပြီးကာလ ကြွေးကြော်သံ ဖြစ်သည်။ ကာလချင်းမတူ၍ ကြွေးကြော်သံမတူခြင်း ဖြစ်သည်။ အနှစ်သာရမှာ အတူတူဖြစ်သည်။

"သီးခြားတိုင်းပြည်" နှင့် "ခွဲထွက်ရေး" ကို ကြွေးကြော်လျှင် မုချလူမျိုးရေးအလံ ထူရသည်။ ၁၉၄၉ တွင် KNU က ကရင်လူမျိုးရေးအလံ ထူသည်။ ၁၉၆၀ ခုနှစ်များတွင် SSIA က ရှမ်းလူမျိုးရေးအလံ၊ KIO က ကချင်လူမျိုးရေးအလံ ထူခဲ့ကြသည်။ ကရင့်တော်လှန်ရေး၊ ရှမ်းတော်လှန်ရေး၊ ကချင်တော်လှန်ရေး ဟုပြောကြသည်။

နေဝင်း အောင်ကြီး စစ်အုပ်စုက ဗမာလူမျိုးရေးအလံထူပြီး "ပြည်ထောင်စု မပြိုကွဲရေး" ကြွေးကြော်သည်။ ထိုသို့ဖြင့် ဖဆပလ က တဖက်၊ ဗကပ၊ ပြည်သူ့ရဲဘော်၊ တော်လှန်သည့်ဗမာ့တပ်မတော် တို့က တဖက် ဖြစ်နေသည့် လူတန်းစားရေးပြည်တွင်းစစ်တွင် လူမျိုးရေးပြည်တွင်းစစ်ပါ ရောစွက်လာခဲ့သည်။ ဤတွင် ဖဆပလဦးနုအစိုးရက "ရောင်စုံသောင်းကျန်းသူ"ဟု ပြောသည်။ ကွန်မြူနစ်ပျက် ဦးသိန်းဖေ(မြင့်) က အားလုံးက အားလုံးကို တိုက်နေသည့် ရှုပ်ရှုပ်ထွေးထွေးပြည်တွင်းစစ်ဟု ယူဆသည်။

### (၂) လူမျိုးရေးအလံထူလျှင်

လူမျိုးကြီးလည်းဖြစ်၊ နိုင်ငံရေးအာဏာလည်း ရှိသူက တပန်းသာမည်။ ကျွန်တော်တို့တိုင်းပြည်တွင် လူဦးရေစုစုပေါင်း၏ ၆၈% က ဗမာလူမျိုးဖြစ်သည်ဟု ဆိုသည်။ ရှမ်းက ၉% ၊ ကရင်က ၇% ၊ ရခိုင် ၄% ၊ တရုတ် ၃%၊ မွန် ၂% ၊ ကုလား ၂% နှင့် အခြားလူမျိုးများ

၅% ဟု ဆိုသည်။ (အမေရိကန်ထုတ် နှစ်ချုပ် Time Almanac 2000 မှ)

ပြည်တွင်းစစ် စဖြစ်စဉ်က ဖဆပလ အစိုးရ၏ တပ်အင်အားမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | တပ်အမှတ် | လူမျိုးအလိုက်ပါဝင်မှု |
|---|---|---|
| ၁ | အမှတ် (၁) ဘားမားရိုင်ဖယ် | ဗမာ (စစ်ပုလိပ်တပ်) |
| ၂ | အမှတ် (၂) ။ | ကရင်အများစုနှင့် အခြားလူမျိုးစုများ |
| ၃ | အမှတ် (၃) ။ | ဗမာ (မျိုးချစ်ဗမာ့တပ်မတော်မှ လာသည်) |
| ၄ | အမှတ် (၄) ။ | ဗမာ ( ။ ) |
| ၅ | အမှတ် (၅) ။ | ဗမာ ( ။ ) |
| ၆ | အမှတ် (၆) ။ | ဗမာ ( ။ ) |
| ၇ | အမှတ် (၁) ကရင်ရိုင်ဖယ် | ကရင် (အင်္ဂလိပ်တပ်မှလာသည်) |
| ၈ | အမှတ် (၂) ။ | ကရင် ( ။ ) |
| ၉ | အမှတ် (၃) ။ | ကရင် ( ။ ) |
| ၁၀ | အမှတ် (၁) ကချင်ရိုင်ဖယ် | ကချင် ( ။ ) |
| ၁၁ | အမှတ် (၂) ။ | ကချင် ( ။ ) |
| ၁၂ | အမှတ် (၁) ချင်းရိုင်ဖယ် | ချင်း ( ။ ) |
| ၁၃ | အမှတ် (၂) ။ | ချင်း ( ။ ) |
| ၁၄ | အမှတ် (၄) ဘားမားရယ်ဂျီမင့် | ဂေါ်ရခါး (ဦးတင်ထွဋ်ရလိုက်သည့် အင်္ဂလိပ်အမွေ) |
| ၁၅ | ချင်းတောင်တပ်ရင်း | ချင်း (အင်္ဂလိပ်လက်ကျန်) |

စစ်တပ်ကို ဦးစီးနေသူများမှာ

| | |
|---|---|
| စစ်ဦးစီးချုပ် | စမစ်ဒွန်း |
| ဒု ။ | စောကြာဒိုး |
| လေတပ်ဦးစီးချုပ် | ရှီးရှုံး |
| ရေတပ်ဦးစီးချုပ် | ခင်မောင်ဘို |
| မြောက်ပိုင်းတိုင်း | နေဝင်း |
| တောင်ပိုင်းတိုင်း | အောင်သင်း |
| အမှတ်(၁) တပ်မဟာ | စောချစ်ခင် |
| ရေးချုပ် | ကျော်ဝင်း |
| ထောက်ချုပ် | စောဒေါ်နီ |

အထက်ပါစာရင်းကိုကြည့်လျှင် အများစုကြီးက "သခင်ကြီးတပ်" (အင်္ဂလိပ်တပ်ကို နယ်ချဲ့ဆန့်ကျင်ရေးသမားများကခေါ်တဲ့ နာမည်ပြောင် ) မှလာသူများ ဖြစ်သည်ကို တွေ့ရမည်။

ကာကွယ်ရေးဝန်ကြီးကတော့ ဗိုလ်လက်ျာဖြစ်သည်။

၁၉၄၈ မတ်လတွင် ဖဆ – ဆိုရှယ်အစိုးရက ကွန်မြူနစ်ချေမှုန်းရေး ဆုံးဖြတ်ချက်ချသည်။ လက်တွေ့စစ်ဆင်ရေးလုပ်သူက အထက်ပါ စစ်ဦးစီးအဖွဲ့နှင့်တပ်များ ဖြစ်သည်။

တပ်ရင်းအားလုံးကို မသုံးနိုင်ပါ။ မျိုးချစ်ဗမာ့တပ်မတော်မှလာသောတပ်များတွင် ကွန်မြူနစ်ဘက်ပါပြီး တောခိုသူခိုသည်။ ဆိုရှယ်လစ် တပ်မှူးများက ကွန်မြူနစ်ချေမှုန်းရေးလုပ်ရန် တက်ကြွသော်လည်း တပ်သားတပ်ကြပ်အများစုကို အမိန့်ပေး၍မရ။ နစ်နှင့်လစ် ပဋိပက္ခတွင် ကြားနေသူက အများစုကြီး ဖြစ်သည်။ (သတင်းစာများက ကွန်မြူနစ်ကို 'နစ်' ဆိုရှယ်လစ်ကို 'လစ်' ဟု ရေးကြသည်။)

မြေကျေးရှင်းတွင်လူကြီးလုပ်ရင်း ကားမှောက်ကွယ်လွန်သွားသော ပဲခူးပြည်သူ့ရဲဘော်အမတ်ဟောင်း တပ်ရင်းမှူး ဗိုလ်တင်အောင်က

"'နှစ်' ဝါဒကို မကြိုက်ဘူး။ 'လစ်'ကိုတော့ မုန်းတယ်၊ တောမခိုဘူး – ပြည်တွင်းစစ်လည်း မကြိုက်ဘူး" ဟု ပြောသည်။ ထိုသဘောထား ရှိသူ များသည်။

စစ်ဦးစီးအဖွဲ့က ပိုင်ပိုင်နိုင်နိုင် ခိုင်းနိုင် သုံးနိုင်သော တပ်များမှာ "သခင်ကြီးတပ်" မှ လာသူများ ဖြစ်သည်။ သူတို့က အရင်ကတည်းက အထက်အောက်ဆက်ဆံရေး အဆင်ပြေပြီးသား ဖြစ်သည်။ အမိန့်နာခံသည့် "ကြေးစား" စိတ်ရှိပြီး ဖြစ်သည်။ ထိုစိတ်ထက် ပိုပြီးပြင်းထန်တာက "လက်စားချေရေး" စိတ်ဓာတ် ဖြစ်သည်။

"လက်စားချေရေး" စိတ်မှာ အင်္ဂလိပ်ထားခဲ့သည့် သမိုင်းအမွေ ဖြစ်သည်။ အပြည့်အစုံပြောမှ ရှင်းမည်။

၁၉၄၂ ခုနှစ်က ဂျပန်ထိုးစစ်ကြောင့် အင်္ဂလိပ်ဖွဲ့ပေးထားသည့်တပ်များ တပ်ပျက်သည်။ အနည်းစု ဗိုလ် အကြပ်တပ်သားများ အိန္ဒိယပါသွားသည်။ အများစုကြီးက လက်နက်ယူပြီး တပ်ပြေးများ ဖြစ်သွားသည်။ မိမိတို့၏ ဇာတိရပ်ရွာ ပြန်ကြသည်။ တပ်ပြေးများမှာ ကရင်၊ ကချင်၊ ချင်းများဖြစ်သည်။ (အင်္ဂလိပ်က ရခိုင်၊ မွန်၊ ဗမာများကိုမယုံ၍ သေနတ်ပေးမကိုင်ဝံ့၊ စစ်သားလုပ်ခွင့်မပေး။ ဖ လက်မ အသွားရှိသည့် ဓားမြှောင်ကိုပင် ကိုင်ခွင့်မပေး။ ပုန်ကန်လွန်း၍ဖြစ်သည်။ ကရင်၊ ကချင်၊ ချင်းများမှာ "သာသနာအစစ်အမှန်" ခရစ်ယာန်ဘာသာတွင်း သွတ်သွင်းပြီးလည်း ဖြစ်ရုံမက ရှေးခေတ်ဟောင်းတမ်းတပြီး "မင်းလောင်း သူပုန်" လုပ်စရာလည်း အကြောင်းမရှိ။ ထို့ကြောင့် ယုံသည်။ သေနတ်ပေးကိုင်ဝံ့သည်။)

အင်္ဂလိပ်အုပ်စိုးမှု တည်မြဲနေလျှင် ပြဿနာမဖြစ်နိုင်ပါ။ သို့သော် ဂျပန်ထိုးစစ်ကြောင့် အင်္ဂလိပ်အုပ်စိုးမှု မရှုမလှ ကျဆုံးသည်။ ဂျပန်ကလည်း ဗုဒ္ဓဘာသာကို ခုတုံးလုပ်သည်။

ဤတွင် အင်္ဂလိပ် "သခင်ကြီး" ၏ ခရစ်ယာန်ဘာသာနှင့် ဂျပန် "မာစတာ" ၏ ဗုဒ္ဓဘာသာ ပဋိပက္ခကြွထသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဗမာ၊ မွန်၊ ရခိုင်တို့၏ ဘီအိုင်အေ (BIA) နှင့် လက်နက်ကိုင်စစ်ပြေး ထိပ်တိုက်တွေ့ကြသည်။ ဂျပန်ကလည်း မြှောက်ပေးသည်။ ထို့ကြောင့် ကရင် ဗမာ အဓိကရုဏ်း မြစ်ဝကျွန်းပေါ်တွင် ဖြစ်သည်။ အနောက်ဖျား ရခိုင်ဘက်တွင် ရခိုင် ကုလား အဓိကရုဏ်း ဖြစ်သည်။ မြောက်ဖျားတွင် ရှမ်းနီ ကချင် ပဋိပက္ခဖြစ်သည်။ ရှမ်းပြည်တွင် ပလောင် ကချင် ပဋိပက္ခဖြစ်သည်။ ကရင် ဗမာ အဓိကရုဏ်းလောက်တော့ မကြီးကြပါ။

ကရင်ဗမာအဓိကရုဏ်းက လူနေစိပ်သော ကရင်ဗမာရောနှောနေထိုင်ကြသော မြစ်ဝကျွန်းပေါ်တွင်ဖြစ်သည်။ စစ်ပြေး များသလို ဘီအိုင်အေ များသည်။ ဘီအိုင်အေတွင် လက်စားချေရေးစိတ်ဓာတ် ပြင်းပြသည်။ သို့ဖြင့် အလွန်အကျွံတွေ လုပ်သည်။ ဂျပန်ကလည်း အင်္ဂလိပ်တပ်ပြေး ချေမှုန်းရေးကို အတင်းအကျပ် လုပ်ခိုင်းသည်။ ဒွေးရောဥပဒ်ရော ဝင်မွှေသဖြင့် အဓိကရုဏ်းကြီး ဖြစ်ခဲ့ရသည်။ ကရင်ဗမာ နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုကြောင့်သာ ခဏနှင့်ပြီးသွားသည်။ ဘီဒီအေ (BDA), (PBF) မျိုးချစ်ဗမာ့တပ်မတော်တွင် စောကြာဒိုးကို ရာထူးကြီး ပေးသည်။ (ဗမာစစ်အုပ်စုက စောကြာဒိုးကို နောင်တွင်လည်းနေရာပေးသည်ကို သတိပြုပါ။)

ကရင်ဗမာ လူမျိုးရေး အဓိကရုဏ်းမှာ ဂျပန် "မာစတာ" ခေတ်ကတည်းက ပြီးပြီးပျောက်ပျောက် ဖြစ်ခဲ့ပြီး ဖြစ်သည်။

"လက်စားချေရေးစိတ်ဓာတ်" ပြန်လည်နိုးကြွလာသည်မှာ အင်္ဂလိပ် "သခင်ကြီး" ခေတ် ပြန်ရောက်လာ၍ဖြစ်သည်။

စစ်ပြေးဘဝ အိန္ဒိယတွင် နေစဉ်ကပင် "လက်စားချေရေးစိတ်ဓာတ်"ကို စစ်ပြေးဘုရင်ခံအစိုးရက မွေးမြူပေးနေသည်။ ဘီအိုင်အေကြောင့် ခွေးပြေးဝက်ပြေး အသက်လု ပြေးခဲ့ရသည်ကို အခဲမကျေ။

ဘုံဘေဘားမား သစ်ကုမ္ပဏီ၊ ဘီအိုစီရေနံကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီ၊ ရောဝတီရေကြောင်းကုမ္ပဏီစသည့် နယ်ချဲ့ကုမ္ပဏီများမှ ဗမာစကားတတ် အင်္ဂလိပ်သခင်ကြီးများ အိန္ဒိယရောက်မှ စစ်ဗိုလ်များ ဖြစ်နေကြသည်။ ဗမာ့အရေးကျွမ်းကျင်သူများ လုပ်နေကြသည်။ အင်္ဂလိပ်ကဖွဲ့သော ကချင် လဲဗီးတပ်၊ အမေရိကန်ကဖွဲ့သော ကချင် ရိမ်းဂျားတပ်တို့၏ဗိုလ်များ လုပ်နေကြသည်။ စစ်တော့ မတိုက်တတ်ကြပါ။ သို့သော် ထောက်လှမ်းရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ သိမ်းပိုက်နယ်မြေအုပ်ချုပ်ရေး လုပ်ငန်းများတွင် တာဝန်ခံများ ဖြစ်နေကြသည်။ ဗမာပြည်ပြန်ရောက်လျှင် တို့ဗမာသခင်တွေနဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမားတွေကို "လုလုကြီး လက်စားချေကြစို့"ဟု သွေးထိုးပေးသည်။

မြစ်ကြီးနားသိမ်းသောအခါ "သခင်သခင် သတ် သတ်" ဟု ကြွေးကြော်ပြီး ဝင်လာသည်။ တကယ်လည်း လက်စားချေသည်။ ဒေသခံသခင်များ အဖမ်းခံရသည်။

မန္တလေး၊ ရွှေဘို၊ မုံရွာ ရောက်သည်အထိ ထိုအတိုင်း လုပ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင် ဘာမှမလုပ်ခဲ့သော နောင်အခါ ဖဆပလပြည်ထဲရေးဝန်ကြီး၊ ဖဆပလတွဲဘက်အထွေထွေအတွင်းရေးမှူး လုပ်သော သခင်သာခင်သည် လက်စားချေမခံရရန် ရွှေဘိုကပြေးပြီး မန္တလေး၊ စစ်ကိုင်း ကွန်မြူနစ်ပါတီတွင် ခိုလှုံနေရသည်။

လူထုဦးလှ၏ အတ္ထုပ္ပတ္တိတွင်လည်းကောင်း၊ လင်းယုန်မောင်မောင်၏ ဆောင်းပါးများတွင်လည်းကောင်း စစ်မြေပြင်အချုပ်စခန်းများတွင် ချုပ်နှောင်ခံရသော အကြောင်း ရေးထားသည်ကို တွေ့နိုင်သည်။ လက်နက်ကိုင်ပြီး ဖက်ဆစ်တော်လှန်ရေးလုပ်နေသူများကလွဲလျှင် ဘီအိုင်အေအားလုံး စစ်ကြိုခေတ် နယ်ချဲ့ဆန့်ကျင်ရေးသမား အများအပြား စစ်အချုပ်တွင် အဖမ်းခံရသည်။ စစ်ဆေးသူများမှာ ဗိုလ်ဖြစ်နေသော ကုမ္ပဏီဝန်ထမ်းများ ဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးသာ မရှိလျှင် "လက်စားချေပွဲကြီး" တပြည်လုံးတွင် ပေါ်မည်မှာ သေချာသည်။

ဗိုလ်အောင်ဆန်းကို အရေးယူဖို့ လုပ်ခဲ့သေးသည်။ တောင်ငူတွင် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ကရင်နီလူမျိုး စောသန်းတင် အဖမ်းခံရသည်။ လူထုအုံကြွလာမှ ပြန်လွှတ်ပေးသည်။

ပုံစံဟောင်းအတိုင်း အုပ်စိုးရန် ပြန်ဝင်လာသော အင်္ဂလိပ်မှာ ၁၉ ရာစု အင်္ဂလိပ် မဟုတ်တော့ပါ။ မဟုတ်နိုင်တော့ပါ။ ထို့ကြောင့် လွှတ်လပ်ရေးပေးရသည်။ ဖဆပလကို အာဏာအပ်ရသည်။ လက်စားချေခွင့်မရခဲ့။ လက်စားချေရေးစိတ်ဓာတ် သွင်းပေးထားခံရသောသူများ ဆတ်တငံ့ငံ့ဖြစ် ကျန်ရစ်သည်။

ပြည်တွင်းစစ် ဖြစ်လာသောအခါ လက်စားချေခွင့် ရသွားပါသည်။ ဗမာတပ်ရင်းများက မတက်မကြွဖြစ်နေသောအခါ ကရင် ကချင် တပ်ရင်းများက ဖဆပလအစိုးရခိုင်းတိုင်း လုပ်ကြသည်။

သူတို့တိုက်သည်မှာ ပြည်ထောင်စု

မပြိုကွဲရေးအတွက် မဟုတ်ပါ။ မဆင်နွဲလိုက်ရသော လက်စားချေပွဲကို လုပ်ကြခြင်း ဖြစ်သည်။

လက်စားချေပွဲကို ကွန်မြူနစ်များ အပေါ်သာ သဲကြီးမဲကြီး လုပ်ကြပါသည်။ ဖဆပလ (ဘီအိုင်အေ၊ ပီဘီအက်ဖ်) တခုလုံးကို မလုပ်နိုင်လျှင် ကွန်မြူနစ်များအပေါ် လုပ်ရနည်းသလားဆိုပြီး လုပ်ကြပါသည်။

စစ်ဆင်ရေး အမိန့်ပေးပုံကလည်း ဖြစ်ကတတ်ဆန်းပေးခြင်း ဖြစ်သည်။ ဖဆပလ အစိုးရက ဆိုရှယ်လစ်များပေးသည့်သတင်းကို အခြေခံကာ "ကွန်မြူနစ်ရွာများ" ဟု သတ်မှတ်ထားသော တောင်သူလယ်သမား သမဂ္ဂရှိရာ ရွာများစာရင်းကို စစ်ဦးစီးဌာနချုပ်သို့ ပေးသည်။ စစ်ဦးစီးဌာနချုပ်က ထိုရွာများကို ခဲနီတံဖြင့်ဝိုင်းပြထားသော မြေပုံအပ်ကာ ကရင်၊ ကချင်၊ ချင်း၊ ဂေါ်ရခါး တပ်များကို စစ်ဆင်ရေး လုပ်ခိုင်းခြင်း ဖြစ်သည်။

လုပ်ချင်ရာလုပ်ခွင့်ပေးလိုက်သော စစ်ဆင်ရေးအမိန့် ဖြစ်သည်။ လက်စားချေရေး စိတ်ဓာတ် ပြင်းပြသောတပ်များက မီးကုန်ယမ်းကုန် ကြမ်းသည်။ ချင်းတပ်များက (ဘီအိုင်အေခေတ် ရန်ငြိုးမရှိ၍) ဝတ်ကျေတမ်းကျေ လုပ်သည်။ ဂေါ်ရခါးတပ်များကတော့ စစ်စည်းကမ်းအတိုင်းလုပ်သည်။ ဂေါ်ရခါးတပ်၊ ချင်းတပ်နှင့် ရင်ဆိုင်ရသောရွာများ သက်သာသည်။ ကရင်ကချင်တပ်များနှင့်တွေ့သော ရွာများ ပြာကျသည်။ လူတွေအသတ်ခံရသည်။ အလယ်ဗမာပြည်မှရွာများ၊ အထက်ဗမာပြည်မှ ရွာများ မသက်သာကြပါ။

အကုန်ရှို့ အကုန်သတ် စစ်ဆင်ရေးကြောင့် ရောဝတီတကြောတွင် ဟိုတပြောက် ဒီတပြောက် မီးခိုးဖုံးကာ သွေးညှီနံ့လွှမ်းခဲ့သည်။ မိန်းမများ ပျိုပျိုအိုအို မုဒိမ်းကျင့်ခံရသည်။

အနိဌာရုံများကို အကျယ်မချဲ့ချင်တော့ပါ။ ရဲဘော်နော်ဆိုင်း၏ မိမိကိုယ်ကို ဆန်းစစ်ချက်ဖြင့် နိဂုံးချုပ်ပါမည်။ (<u>ကွန်မြူနစ်ပါတီ ဝင်လိုသူတိုင်း မိမိတွင်ရှိခဲ့သော မှားယွင်းသည့် အတွေးအခေါ်များကို ပါတီသို့ ပုံအပ်ရပါသည်။ ဆန်းစစ်ချက် တင်ရပါသည်။ ဗိုလ်နော်ဆိုင်းမှ မဟုတ်ပါ။</u>)

ရဲဘော်နော်ဆိုင်းက ဗမာတွေအပေါ် လက်စားချေချင်နေတာနဲ့အတော်ပဲ၊ ဗမာအစိုးရက ဗမာတွေသတ်ခိုင်း၊ ဗမာရွာတွေ မီးရှို့ခိုင်းတော့ ထင်တိုင်းကြဲ လက်စားချေခဲ့ပါတယ်တဲ့။

ထိုစဉ်က ဗြိတိသျှစစ်မစ်ရှင်ရှိသည်။ နအက်တလီစာချုပ်အရ ရှိနေခြင်း ဖြစ်သည်။ "လက်စားချေပွဲ" တွင် သူ့ခြေရာလက်ရာ မည်မျှပါမည်ကို ကျွန်တော်မသိပါ။ နေဝင်း – အောင်ကြီးသိပါလိမ့်မည်။ သူတို့က ဘာမျှ မပြောကြ၊ မရေးကြပါ။

ပြောသူတဦးတော့ ရှိပါသည်။ စစ်မစ်ရှင်အကြောင်း မဟုတ်ပါ။ "အားလုံးသတ် အားလုံးရှို့" ပေါ်လစီ ရှိခဲ့သည်ဆိုသည်ကို ဝန်ခံခြင်း ဖြစ်ပါသည်။

ဩစတြေးလျတွင် အခြေချနေသော မောင်အောင်မျိုးဆိုသူက စာတမ်းတခု ပြုစုသည်။ ထိုအထဲတွင် အမေရိကန်အခြေချ ဗိုလ်ချစ်မြိုင်၏ပြောဆိုချက်များ ပါသည်။

ဗိုလ်ချစ်မြိုင်က ဗိုလ်လက်ျာကို တပ်မတော်တခုလုံးကို ကရင်တွေ အုပ်စီးနေပြီ၊ ကရင်တပ်တွေက ဗမာရွာတွေကို မီးလောင်တိုက်သွင်းနေပြီ၊ အားလုံးသတ်၊ အားလုံးရှို့ လုပ်နေပြီဟုတိုင်ကြောင်း၊ ဗိုလ်လက်ျာက ကရင်တွေဘက်က ကာကွယ်ကြောင်း ရေးထားပါသည်။

ဗိုလ်ချစ်မြိုင်အပြောအရဆိုလျှင် – ကွန်မြူနစ်တွေထံမှ သိမ်းဆည်းရမိသည်ဟု ဆိုသောလက်နက်များမှာ ကွန်မြူနစ်တို့၏ လက်နက်အစစ်အမှန်များမဟုတ်၊ လူသတ်မီးရှို့ လုပ်ချင်တိုင်းလုပ်ပြီး သက်သေပြသည့် အနေနှင့် အခြားမှလက်နက်များကို သက်သေခံပစ္စည်းအဖြစ် တင်ပြနေကြတာ ဖြစ်သည်ဟု ဆိုသည်။

လူတွေသတ်၊ မီးတွေရှို့တာတော့ တောင်သူလယ်သမားတွေက သက်သေခံလိမ့်မည်။

**နေဝင်းနေရာရလာခြင်း**

ဗိုလ်လက်ျာက ထိုအရေးတွင် ဗမာတပ်မှူးတပ်သားများအကြား နာမည်ပျက်သွားသည်။ နေဝင်းကနာမည်ကောင်းယူသည်။ ဉာဏ်များပြီး ကောက်ကျစ်သော ဦးကျော်ငြိမ်း စီမံရေးဆွဲကာ အမြဲတမ်းခိုးထုပ်ခိုးထည်နှင့် မိလေ့ရှိသူ မလည်ရှုပ် ဦးသိန်းဖေ (မြင့်) ရိုက်ကူးသည့် "လက်ဝဲညီညွတ်ရေး" ဇာတ်လမ်းတွင် နေဝင်းသည် လက်ဝဲညီညွတ်ရေး ခေါင်းဆောင်ကြီး ဖြစ်သွားသည်။

လက်ဝဲညီညွတ်ရေး "တပ်မတော် ၉ ဦးကော်မတီ" တွင်

၁။ နေဝင်း
၂။ ဗိုလ်ဇေယျ
၃။ ဗိုလ်ရဲထွဋ်
၄။ ဗိုလ်ချစ်မြိုင်
၅။ ဗိုလ်တင်ဦး
၆။ ဗိုလ်တင်မောင်
၇။ ဗိုလ်ထွန်းစိန်
၈။ ဗိုလ်သောင်းကြည်
၉။ ဗိုလ်စောထွန်းစိန်တို့ ပါကြသည်ဟု ဆိုသည်။

ထို (၉) ဦးကို သတိပြုကြည့်စေချင်သည်။ သူတို့နောက်ကြောင်းတွေရေးလျှင် ရှည်နေလိမ့်မည်။ ဆိုရှယ်လစ်နာမည် ထွက်နေသူ တယောက်မျှမပါ၊ ယခုတလော လူပြောများသည့် (လူဖြူများက ပိုပြောသည့်) တပ်ရင်း (၄) ကလူ တယောက်မျှ မပါ။ သူတို့က ဆိုရှယ်လစ်တွေဖြစ်နေ၍ မပါခြင်း ဖြစ်သည်။

နေဝင်းက မြောက်ပိုင်းတိုင်းမှူး အနေနှင့်ပါခြင်း ဖြစ်သည်၊ တပ်ရင်း (၄) ကိုယ်စားလှယ်မဟုတ်ပါ။ ဗိုလ်ဇေယျက စစ်ဦးစီး (ပ) အဖြစ် ပါနေခြင်း ဖြစ်သည်။ ကျန်လူများက တပ်ရင်း (၃) မှ ၃ ယောက်၊ တပ်ရင်း (၆) မှ ၂ ယောက်၊ တပ်ရင်း (၅) နှင့် တပ်ရင်း(၁) မှ ၁ ယောက်စီ ဖြစ်သည်။ တပ်ရင်း (၄) မပါ။

ဦးကျော်ငြိမ်းက ပါးသည်။ လည်သည်။ နေဝင်းကိုပဲ ပါနေစေသည်။ "နှစ်" ကို သံယောဇဉ်တွယ်နေသူများ၊ ကြားနေများကိုပဲ လက်ဝဲထဲ ထည့်ပေးသည်။ အတိုချုပ်လျှင်

ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်တို့ တောခိုရသည်။ ကြားနေများ ဗိုလ်ချစ်မြိုင်၊ ဗိုလ်တင်ဦး (**NLD** ဗိုလ်တင်ဦးမဟုတ်)၊ ဗိုလ်တင်မောင် (မြတ်ထန်)၊ ဗိုလ်သောင်းကြည် (တခါက ကွန်မြူနစ်)၊ ဗိုလ်စောထွန်းစိန်တို့ကို (ဗိုလ်ဇေယျက နောက်ဖေးပေါက်ကနေ ကာကွယ်ရေးဝန်ကြီးနေရာ တောင်းသည်ဆိုသော လုပ်ဇာတ်ဖြင့်) နေဝင်းဘက်သား ဖြစ်သွားစေသည်။

ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျစသူများမှာ ဗကသ (ကျောင်းသားသမဂ္ဂ) ဗဟိုမှလာသူများ ဖြစ်သည်။ တပ်တွင်း ဩဇာရှိကြသည်။ နေဝင်းလို မဟုတ်။ နေဝင်းကို တင်ချင်လျှင် ဗိုလ်ဇေယျကို ဖယ်ရမည်။

BIA. BDA. PBF အတွင်းမှ တပ်မှူးအများစုသည်လည်း နယ် ဗကသ များမှဖြစ်ကြသည်။ ဗိုလ်ထွန်းစိန် (အိမ်စောင့်ခေတ်

ရန်ကုန်မြို့တော်ဝန်) လို သမဂ္ဂ ဆန့်ကျင်ရေး သမား အနည်းအကျဉ်းသာ ပါသည်။

နေဝင်းကို ကာကွယ်ရေးဝန်ကြီး နေရာ အစိမ်းလိုက်ပေးလျှင် အောက်ခြေက ကြည်ကြည်ဖြူဖြူ ရှိမည်မဟုတ်။ ထို့ကြောင့် ပါးသော၊ လည်သော ဦးကျော်ငြိမ်းက ဦးနုကို အရင်ဆုံးစည်းရုံးသည်။ ဦးနုက နေဝင်းကို ကာကွယ်ရေးဝန်ကြီးနေရာပေးရန် သေချာ သွားမှ (ဦးနု၏ တာတေစနေသားကြည့်) သူငယ်ချင်း ကွန်မြူနစ်ပျက် သိန်းဖေ (မြင့်) ကို အသုံးချသည်။

နေဝင်းကို ကာကွယ်ရေးဝန်ကြီး နေရာ ပေးချင်လျှင် ဗကသဟောင်း ဗိုလ်ဇေယျ ကို အရင်ဖယ်ရမည်။ ဗိုလ်လက်ျာကိုတော့ ဖယ်ပြီးပြီ။

ထို့ကြောင့် "လက်ဝဲညီညွတ်ရေး" ဇာတ်လမ်းဆင်သည်။ နေဝင်းကို ထိပ်တင်သည်။ တပ်မတော် (၉) ဦးကော်မတီတွင် ပါသူများမှာ ဗိုလ်ထွန်းစိန်ကလွဲလျှင် ဗကသဟောင်းများချည်းဟု ဆိုနိုင်သည်။ နေဝင်းထက် ဗိုလ်ဇေယျနှင့် ပို၍နီးစပ်ကြသည်။

ဗိုလ်ဇေယျက ဗကသဟောင်း တဦးလည်းဖြစ်၊ သခင်ကိုယ်တော်မှိုင်း အဖွဲ့က တဦးလည်းဖြစ်သည့် ဦးနုကိုယုံယုံကြည်ကြည် သွားပြီးပြောမိသည်။ နေဝင်းကိုကာကွယ်ရေး ဝန်ကြီး နေရာပေးလျှင် အောက်ခြေက ကျေနပ်မည်မဟုတ်ဟု ပြောမိသည်။ ဦးနုကို ဦးကျော်ငြိမ်းနားသွင်းပြီးဟုသိလျှင် ပြောမိမည် မထင်။

ဦးကျော်ငြိမ်းကတဆင့် နေဝင်း သိသွားသောအခါ သူ့အကွက်ထဲ ဝင်သွားပြီဆိုသည်ကို နေဝင်းသိသည်။ ထို့ကြောင့် ဗိုလ်ဇေယျနှင့် နှစ်ကိုယ်ကြားရှင်းနိုင်ပါလျက် မရှင်းဘဲ (၉) ဦးကော်မတီများရှေ့တွင် ဗိုလ်ဇေယျကို ကာကွယ်ရေးဝန်ကြီးနေရာ နောက်ဖေးပေါက်က သွားတောင်းသူ ဖြစ်အောင် အပုပ်ချသည်။ "လက်ဝဲညီညွတ်ရေး" ဇာတ်လမ်းကို ဆက်မကဘဲ ရပ်ပစ်လိုက်သည်။

ဗိုလ်ချစ်မြိုင်၏စာများ၊ မြတ်ထန်၏ စာများကိုကြည့်လျှင် ဗိုလ်ဇေယျ ကာကွယ်ရေး ဝန်ကြီးနေရာတောင်း၍ (၉) ဦးကော်မတီ ပျက်ရသည်ဟု အခိုင်အမာရေးကြသည်။ ဗိုလ်ဇေယျကိုပယ်ပြီး နေဝင်းကိုသူတို့ သစ္စာခံကြကြောင်း ရေးသည်။

ဤနေရာတွင် နေဝင်း၏ လုပ်နည်းကို တင်ပြမှ ပြည့်စုံမည်။ သူ့တသက်တာ လုပ်ခဲ့သည့်နည်း ဖြစ်သည်။ သူ့နည်းကို သူခိုးသေဖော်ညှိနည်းဟု ခေါ်နိုင်သည်။ ထိုနည်းကို နေဝင်းဘယ်လိုလုပ်ခဲ့သလဲ ဆိုတာကို လက်ဆုပ်လက်ကိုင်ပြနိုင်သည့် သက်သေခံပစ္စည်း မဆလဌာနချုပ် လျှို့ဝှက် ဖိုင်တွဲများတွင် ရှိနေသည်။ (တစည က သမိုင်းဝင်ဖိုင်တွဲများကို ရှာဖွေလက်စဖျောက်ခြင်း မပြုရန် တောင်းပန်ပါသည်။)

ဖြစ်ပုံမှာ – ၁၉၇၀ စုနှစ်များအတွင်း ခြွေရံသင်းပင်းအစုံအညီ ကတော်မယားများပါ ပုဂံသို့ နေဝင်းထွက်တော်မူသည်။ တညတွင် သီရိပစ္စယာဟိုတယ်၌ ကတော်များ အတင်းအဖျင်း ဝိုင်းဖွဲ့စကားပြောနေရာမှ သူ့အကြောင်းပြောနေသံ တစွန်းတစ နေဝင်း ကြားလိုက်ရ၍ဆက်နားထောင်ရာ (ကတော် တချို့မှာ တခါက တက္ကသိုလ်ကျောင်းသူ တကသဝင်များ ဖြစ်သည်) ၇ ရက်ဇူလိုင်ကိစ္စကို "ဗိုလ်ချုပ်ကြီး မူးမူးနဲ့အမိန့်ပေးတာ" ဟု ပြောကြသည်။ နေဝင်းတုန်လှုပ်သွားသည်။ ဒီကိစ္စလွတ်ထား၍မရ၊ နှုတ်ပိတ်မှ ဖြစ်မည်ဟု သိလာခဲ့သည်။

ရန်ကုန်ပြန်ရောက်သောအခါ ၇ ရက်ဇူလိုင် အရေးအခင်းတွင် တာဝန်ယူ နှိပ်ကွပ်ခဲ့သော (အသံလွှင့်ရုံခန်းမမှာ နေပြီး အမိန့်ပေးခဲ့ကြသော) ဗိုလ်မှူးကြီးအားလုံးကို ဆင့်ခေါ်သည်။ "တကသ အဆောက်အဦကို ဖြိုချခိုင်းတာငါလား – ဗိုလ်အောင်ကြီးလား – မင်းတို့သိသမျှ စာနဲ့ရေးတင်ကြ၊ အခု သိပ်မကြာသေးဘူး။ နောင် မေ့သွားမယ်၊ မင်းတို့မကွယ်မဝှက်ရေးကြ" ဟု အမိန့်ပေးသည်။

နေဝင်းကအာဏာရှိသူ အောင်ကြီးကဘေးရောက်နေသူ နီးရာခေးပဲ ကြောက်ကြမည်ကို နေဝင်းသိသည်။ ဘယ်လိုရေးကြမလဲဆိုတာပင် ကြိုတွက်ပြီး ဖြစ်သည်။ ဗိုလ်စောမြင့်၊ ဗိုလ်လှဟန်၊ ဗိုလ်ကျော်စိုး စသဖြင့် အားလုံးက ရေးတင်သည်။ အမိန့်ပေးသူ အောင်ကြီးဟု ရေးကြသည်။ စစ်ဗိုလ်များအားလုံးကို ချည်ပြီး တုတ်ပြီး ဖြစ်သောအခါ မဆလဌာနချုပ်တွင် သီးသန့်ဖိုင်ဖွင့်ပြီး သိမ်းထားခိုင်းသည်။

ထိုသတင်းကို အောင်ကြီးက သူ့နည်းနှင့်သူ သိသွားသည်။ ဖြေရှင်းချက်စာတမ်း အရှည်ကြီးထုတ်သည်။ အတော်ကို ပြည့်စုံသည်။ သမိုင်းနှင့် ချိပြီးရေးသည်။ ထိုစာတမ်းကို အောင်ကြီးက လျှို့ဝှက်ပြီးဖြန့်သည်။ သူ့စာတမ်း၏ သဘောအချုပ်မှာ နေဝင်းသည် စိတ်လိုက်မာန်ပါ မဆင်မခြင်အမိန့်ပေးလေ့ရှိသည်။ သူကအမြဲဖာဖာထေးထေး လုပ်ရသည်။ နေဝင်းကဒေါသနှင့် အမိန့်ပေးလျှင် အောက်ခြေက အချိန်ဆွဲထားရသည်။ စိတ်ပြေသွားလျှင်လည်း ပြောလို့ဆိုလို့ ကောင်းသည်။ သူ့အမိန့်ကို ပြန်ဖျက်လေ့ရှိသည်။ ယခင်ကဖြစ်ခဲ့သည့် ဥပမာများလည်း ရေးပြသည်။

ယခုကိစ္စတွင် နေဝင်း၏အမိန့်ကို ဗိုလ်ကျော်စိုးက ချက်ချင်းလိုက်လုပ်မိ၍ သမိုင်းဝင်အဆောက်အဦကြီး ပျောက်ပျက်သွားရသည်ဟု ဆိုသည်။ နေဝင်းကို အပြစ်မတင်ဘဲ ဗိုလ်ကျော်စိုးကို တရားခံလုပ်သည်။ အောင်ကြီးရှင်းတမ်း နိဂုံးချုပ်တွင် ဟောစာတမ်းတခု ရေးလိုက်သည်။ "ကျောင်းသားများ၏ အရိုးတွန်လိမ့်မည် " ဟု ဆိုသည်။

အောင်ကြီး၏ ဟောစာတမ်း သွေးထွက်အောင်မှန်သည်။ ၁၉၈၈ အုံကြွမှုသည် အရိုးတွန်ခြင်း ဖြစ်သည်။ အရိုးတွန်ခြင်းသည် တချီနှင့်မပြီး ဆက်၍တွန်နေလိမ့်မည်။ နေဝင်း၊ အောင်ကြီးသေလို့ အရိုးဆွေးသော်လည်း ဤကိစ္စပျောက်ပျက်သွားမည် မဟုတ်။ တကသ အဆောက်အဦသစ်ကို ပြည်သူ့ငွေနှင့် တည်ဆောက်နိုင်သောအခါ ကမ္ပည်းကျောက်ပြားတခုဖြင့် တကသ အဆောက်အဦဟောင်း၏ သမိုင်းကို မော်ကွန်းတင် ထားရမည်။

တကသ အဆောက်အဦ ဘယ်သူဖျက်သလဲကိစ္စသည် နေဝင်း၏နောက်ဆုံး မိန့်ခွန်းတွင်ပင် ပါနေသည်။ အောင်ကြီးကမည်သို့ပင် "ယုံကြည်မှုတည်ဆောက်စေဦး" နေဝင်းကတော့ အခဲမကျေကြောင်း ဤမိန့်ခွန်းက သက်သေခံသည်။ ဆရာတော်ကြီးတပါး၏ စကားကိုယူကာ "အောက်ရောက်မှ ဆက်ငြင်းကြ" ဟု ပြောရတော့မည်။

ကာကွယ်ရေး ဝန်ကြီးခန့်ရေး ဇာတ်လမ်းက ရှုပ်သည်။ ဦးနုကသူ၏ တာတေစနေသားတွင် ရေးသားချက်အရ နေဝင်းကို ခန့်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သို့သော် ပြဒါးလိုအပြောင်းအလဲမြန်သော ဦးနုသည် စိတ်ပြောင်းသွားသည်။ စစ်ဗိုလ်တယောက်၏ ခါးမှ သေနတ်ကိုမြင်ပြီး ငါ့ကိုလက်နက်နဲ့

အကျပ်ကိုင်တာပဲဟု ထင်နေဆဲ သိန်းဖေ (မြင့်) ၏ "ဗိုလ်နေဝင်းခန့်မလား၊ ဗိုလ်ဇေယျ ခန့် မလား ကိုကြီးနု သုံးရက်စဉ်းစားပါ" ဟူသော စကားကြားသောအခါ ဒေါသအိုးကြီး ပေါက်ကွဲ သွားသည်ဟု ဆိုသည်။ သုံးရက်မလိုဘူး အခုပဲပြောမယ်၊ ဘယ်သူ့မှ မခန့်ဘူးဟု ဖြစ်သွားသည်။ ဦးကျော်ငြိမ်းသယ်ထားသမျှ သဲထဲရေသွန် ဖြစ်ရသည်။

ဦးနုသည် တာတေစနေသား အဖွင့်တွင်ပင် သူ့အတွက်ကတုတ်ကျင်း တူးထားပြီးရေးခြင်း ဖြစ်သည်။ စနေ နေတက် ဖွားမို့ စိတ်တိုသည်။ နောက်မှတနုံ့နုံ့ နောင်တ ရတတ်သည်ဟု ရေးထားသည်။ အမှားအယွင်း ပြောမိလုပ်မိလျှင် "စိတ်တိုတတ်လို့" ဟု ထုခြေနိုင်အောင် ရေးထားသည်။

မောင်မောင်၊ အောင်ကြီး၊ တင်ဖေ တို့ အမြောက်နှင့်ချိန်ပြီး အာဏာတောင်းတုန်း ကတော့ စနေ နေတက်သားကြီး ဇာတိမပြ ပါလား။ ဦးနုဇာတိက ပြတချက် မပြတချက်ဟု ဆိုရမည်။

ဗကသချင်းမို့ ဗိုလ်ဇေယျက ယုံယုံ ကြည်ကြည်လာပြောသည်ကို သစ္စာဖောက် မိသော ဦးနုသည် လိပ်ပြာမလုံခဲ့ပါ။ ထို့ကြောင့် ကာကွယ်ရေးဝန်ကြီး တာဝန်ကို ဆိုရှယ်လစ် တွေအား မပေးဘဲထားခဲ့သည်။

မန္တလေး၊ စစ်ကိုင်း စစ်ဆင်ရေးကို သူကိုယ်တိုင်ဦးစီးသည်။ သူ့စာအုပ်တွင် သူ့စွန့်စားခန်းများကို ဇာတ်ဆန်ဆန် ရေးထား သည်။ ဦးဝင်းက အဖော်အဖြစ်သာ ပါခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ နေဝင်းသည် ကရင် တပ်များ တောခိုသောအခါ တပ်တခုလုံး သူ့လက်သူ့ခြေ လုပ်နိုင်သွားသည်။ စစ်တပ်၏ နံပါတ်တစ်နေရာသို့ ရောက်သည်။ သဲကြီး မဲကြီးစစ်တိုက်နေရသော ကာလဖြစ်၍ နံပါတ် တစ်သည် အာဏာသိပ်ကြီးသည်။ ယနေ့လို စစ်သိပ်မတိုက်ရသောခေတ်နှင့် မတူပါ။ တပ် ရင်း (၄) မှ လူများ နေဝင်းနံပါတ်တစ်ဖြစ်မှ နေရာရ တွင်ကျယ်လာခြင်းဖြစ်သည်။ ဗိုလ် ကျော်ထင်၊ ဗိုလ်အေးကို စသည်များ တပ်ကြပ်မှ ဗိုလ်တွေ ဖြစ်လာသည်။ တပ်များအကြီး အကျယ် တိုးချဲ့နေချိန်ဖြစ်၍ ရာထူးတိုးတာ မြန်သည်။ (တလက်ကိုင်တပ်ကို နေဝင်းနည်း လုပ်ရကြောင်းသိနေ၍ နဝတ – နအဖ တပ်တွေတရကြမ်း တိုးနေခြင်း ဖြစ်သည်)

ဗမာပြည်အရေး ကျွမ်းကျင်သူဟု အမည်ခံနေကြသော လူဖြူများ (အမေရိကန်၊ အင်္ဂလိပ်၊ ဆွီဒင် စသဖြင့် ရေးနေရလျှင်ရှည်၍ လွယ်အောင် လူဖြူများဟုပဲသုံးလိုက်သည်) သူတို့က ၁၉၅၈ ဖဆပလ အကွဲကြောင့် နေဝင်း လူတွင်ကျယ် ဖြစ်လာသည်ဟု ရေးကြသည်။ ကျွန်တော်တို့ ဒီမိုကရေစီဘက်သားတချို့က ယုံကြသည်။ သံယောင်လိုက်ကြသည်။ မဟုတ် ပါ။ ၁၉၄၈ ကတည်းက ဦးကျော်ငြိမ်းတင်ပေး၍ တွင်ကျယ်နေပြီ။

ဦးကျော်ငြိမ်းမှာ ဦးဗဆွေနှင့်မတူ၊ သူ့ကိုပုဂ္ဂိုလ်အရ ကြည်ညိုသော နောက်လိုက် စစ်ဗိုလ်မရှိ။ သူ့သမိုင်းကလည်း ရှိဖို့မလွယ်။ သူကအလုပ်ထက် အကွက်ကို အလေးထား သည်။ နေဝင်းကို တင်သည်မှာလည်း ဆိုရှယ် လစ်ဗိုလ်များ၏ ထောက်ခံချက်ဖြင့် တင်ခြင်း ဖြစ်သည်။ နေဝင်းမှမတင်လျှင် တခြားတင်စရာ လည်း မရှိ။

နေဝင်းတွင်ကျယ်လာပုံကိုကြည့်။ ဦးသိန်းဖေ(မြင့်) က လက်ဝဲခေါင်းဆောင်ကြီး အဖြစ်နှင့် အာဏာသိမ်းခိုင်းသည်။ ဦးဘဖေ (ကြီး)က လက်ယာခေါင်းဆောင်ကြီးအဖြစ် တိုင်းပြည်ကို "ကယ်တင်" ခိုင်းသည်။ ဦးကျော်ငြိမ်းက ဦးနုကိုအယုံသွင်းပြီး နေဝင်းကို ဗိုလ်လက်ျာနေရာရအောင် လုပ်ပေးသည်။

ဝဲ – ယာ သာမက ဦးကျော်ငြိမ်းလို လူကပင် အားထားရသောသူ ဖြစ်လာသော အခါ နေဝင်းမာနတက် ဇာတိပြလာတာ မဆန်း။ တပ်မတော်ကို ခင်ဗျားတို့ဝန်ကြီးတွေ ကာကွယ်ဖို့ ဖွဲ့ထားတာမဟုတ်ဘူးဟု ပြောဝံ့ လာသည်။ ဝန်ကြီးများကို လူရှေ့သူရှေ့မရှောင် ကြိမ်းမောင်းဝံ့လာသည်။

၁၉၄၈ တုန်းက အမျိုးသား လုံခြုံရေးကောင်စီ (National Security Council) NSC ဖွဲ့ထားသည်။ ထို NSC ကို ကြိုးကိုင်ခြယ်လှယ်နေသူများမှာ စမစ်ဒွန်း၊ ဦးထွန်းလှအောင် (သူက အိန္ဒိယပြန်မဟုတ် ကင်ပေတိုင်ထောင်ပြန်ဖြစ်သည်။ ကွန်မြူနစ် ပါတီက "ကင်ပေတိုင်" ထဲသွင်းထားသူ ယူဂျီ ရဲဘော်၏ ကျေးဇူးကြောင့် အသက်ရှင်လျက် လွတ်လာခြင်း ဖြစ်သည်။ သူပုလိပ်မင်းကြီး ဖြစ်သောအခါ ထိုယူဂျီရဲဘော်ကို ကျေးဇူး ဆပ်ပါရစေ အကြိမ်ကြိမ်ပြောနေသူ ဖြစ်သည်) အခြားသူများမှာ စောရီးရှီး၊ စောကြာဒိုးနှင့် ဦးတင်ထွဋ်တို့ ဖြစ်သည်။ ဦးတင်ထွဋ်မှာ စစ်တိုက်သည့် အတွေ့အကြုံမရှိ၊ သို့သော် ဂေါ်ရခါးတပ်ကို ကိုင်ထားသူ ဖြစ်သည်။

ထို NSC က မျိုးချစ်ဗမာ့ တပ်မတော်ဟောင်းများဖြင့် ဖွဲ့စည်းထားသော တပ်ရင်းအားလုံးကို လက်နက်ဖြုတ်ရန် ဆုံးဖြတ်သည်ဟု မောင်အောင်မျိုးစာတမ်းက ဆိုသည်။ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်တို့က သိသွားသည်။ ဦးသိန်းဖေ(မြင့်)ကို ချဉ်းကပ် သည်။ နောက်မှ နေဝင်းကိုသိမ်းသွင်းသည်ဟု ဆိုသည်။

တပ်မတော်သမိုင်းပြတိုက်တခုလုံး မွှေနှောက်ကာ လျှို့ဝှက်စာတမ်းများဖတ်ပြီး စာတမ်းပြုစုနိုင်သော သြစတြေးလျ အမျိုးသား တက္ကသိုလ်မှ ပညာရှင်မောင်အောင်မျိုး၏ ရေးသားချက် ဖြစ်သည်။ ယုံသင့်မှယုံရန် ဖြစ်သည်။ မောင်အောင်မျိုးသည် သြစတြေးလျ နှင့် နီးစပ်ဟန်ရှိသော မဟာဗျူဟာ လေ့လာရေးဌာနမှ ဗိုလ်မှူးကြီးသိမ်းဆွေ ၁၉၉၈ တွင်ရေးသည့် စာတမ်းကိုပင် ကိုးကားနိုင်သည် ကို တွေ့ရသည်။

လူမျိုးရေးအလံကိုင်ကြလျှင် ဗမာ လူမျိုးကြီးအလံကိုင်သူက စားသွားမည် ဆိုသည်ကို သမိုင်းနှင့်ယှဉ်ပြီးရေးမှ လိပ်ပတ် လည်မည်ဖြစ်၍ ရှည်ရှည်မျောမျော တင်ပြ နေခြင်း ဖြစ်သည်။

ကရင်တပ်များအားလုံး တောခို သောအခါ နေဝင်း၏ကံဇာတာ အတက်ဆုံး ကာလဖြစ်သည်။ နေဝင်းနှင့်အောင်ကြီး ထိုစဉ် ကတည်းကစပြီး တပ်တခုလုံးကို ချုပ်ကိုင် ခဲ့သည်။ မောင်မောင်က သို့ပန်းဖြစ်နေသည်။ တပ်မတော်ကို စိတ်နဲ့တောင်မပြစ်မှားနဲ့ဟု ပြောဝံ့သူ၊ အမေရိကန်ထွက်ပြီး "အာဏာ ဟူသမျှ နေဝင်းလက်အပ်" ဟု ကြွေးကြော်ရဲသူ အောင်ကြီးသည်လည်း နေဝင်းနှင့်အတူ ကံဇာတာတက်ခဲ့သည်။ မောင်မောင် လွတ်လာတော့ နေရာကောင်းရသည်။ CIA ၏လူလည်း လုံးလုံးဖြစ်သွားသည်။ နေဝင်းကို တနေ့အန်တုလာနိုင်မည့်သူ ဖြစ်လာ၍ နေဝင်းက မြန်မြန်ဖြုတ်ပစ်ခြင်း ဖြစ်သည်။

အောင်ကြီးသည် ဆိုရှယ်လစ် ပါတီ၏ တွဲဘက်အထွေထွေအတွင်းရေးမှူး လုပ်နေရာမှ ကာကွယ်ရေးဌာနအတွင်းဝန်၊ နောက်စစ်တပ်ထဲဝင်ကာ နေဝင်းလက်ထောက် လုပ်သည်။ နေဝင်းအပေါ် အောင်ကြီး သံယောဇဉ်ဘယ်တုန်းကမှ မပြတ်ခဲ့ပါ။

ဖဆပလ အစိုးရက နေဝင်း၊ အောင်ကြီးတို့ကို ၁၉၄၉ ဇန္နဝါရီအကုန် နောက်ဆုံးထားပြီး တပ်ရင်းအသစ်များ ဖွဲ့စေသည်။ ထိုတပ်များကို BTF (Burma Territorial Force ) ဟု နာမည်ပေးဖွဲ့ရသည်။ "ဗြိတိသျှစစ်မစ်ရှင်" ၏ ကန့်ကွက်မှုကို ကျော်လွှားရန် ဖြစ်ပုံရသည်။

ကရင်တပ်များ တောခိုပြီးမှ ဖွဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်က လက်နက်မရောင်းဘဲ ပိတ်သည်။ အင်္ဂလိပ်ကပိတ်သဖြင့် အမေရိကန်ကလည်း မရောင်း၊ ဒုက္ခတွေ့နေစဉ် အိန္ဒိယနေရူးအစိုးရက ကူညီသည်။

ကုလားလက်နက် လိုသလောက်ရ၍ BTF တပ်ရင်း အများအပြားဖွဲ့နိုင်သည်။ မေဂျာအောင်ကြီး "လဲဗီးဗိုလ်ချုပ်" ဖြစ်နေသည်ကတော့ ခပ်စောစောက ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးလက်အောက်တွင် လဲဗီးတပ်ရင်း (၁၈) ရင်းဖွဲ့သည်မှာ ၁၉၄၈ မေပြီတွင် ဖြစ်သည်။ ပြည်သူ့ရဲဘော်ပင် တောမခိုသေး။ ပြည်သူ့ရဲဘော်က ဇူလိုင်ကျမှ တောခိုရခြင်း ဖြစ်သည်။

လဲဗီးတပ်ကို ဒေသအခြေခံကာ ဖွဲ့ခြင်း ဖြစ်သည်။ ပဲခူး၊ အင်းစိန်၊ ဖျာပုံ၊ မြောင်းမြ၊ မအူပင်၊ ဟံသာဝတီ၊ သာယာဝတီ၊ ပြည်၊ သရက်၊ ပခုက္ကူ၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ထားဝယ်၊ ဟသ်ာတ၊ မင်းဘူး၊ မိတ္ထီလာ၊ တောင်ငူ စုစုပေါင်း (၁၈) ခရိုင်အခြေခံကာ ဖွဲ့သည်။ ကွန်မြူနစ် ချေမှုန်းရေးအတွက်ဖွဲ့သည့် ဆိုရှယ်လစ်တပ်စစ်စစ်ဖြစ်သည်။ သူတို့ကလည်း လူတန်းစားရန်ငြိုးဖြင့် ရက်ရက်စက်စက် မီးရှို့၊ လူသတ် လုပ်သည်။

၁၉၄၉ ကာလက မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း စသည်များတွင် သူတို့ပဲ ခေါင်းမာမာခုခံတိုက်သည်။ ချင်းတပ်ရင်းက ဝတ်ကျေတန်းကျေသာ ခုခံသည်။ (စကားချပ်။ သမိုင်းကိုခါးဖြတ်ပြောနေသော တတ်ယောင်ကား အနောက်တိုင်းသားများကြောင့်သာ ဆိုရှယ်လစ်ပါတီအကြောင်း တင်ပြနေခြင်း ဖြစ်သည်။ ဗမာပြည်ဆိုရှယ်လစ်ပါတီ (ဗဆပ) ကို နေဝင်း (မဆလ) က မြောင်းထဲဆွဲခေါ်သွားပြီး ဖြစ်သည်။ သူတို့ မရှိတော့ပါ။)

ကရင်က လူမျိုးရေးအလံထူပြီး တိုက်သောအခါ နေဝင်း၊ အောင်ကြီးတို့က "ပြည်ထောင်စု မပြိုကွဲရေး" ကြွေးကြော်ကာ ဗမာလူမျိုးရေးအလံလွှင့်ပြီး လူစုသည်။ BTF တပ်ရင်းများ အလွယ်တကူဖွဲ့နိုင်သည်။

ကရင်က ကရင်လူမျိုးကိုသာ စည်းရုံးနိုင်သည်။ ကရင်နှင့်အိမ်ထောင်ကျသူ အခြားလူမျိုးကိုပါ စည်းရုံးနိုင်ဦးတော့ သိပ်မများနိုင်၊ လွန်ရောကျွံရော ဗမာပြည်လက်ရှိလူဦးရေ သန်း ၅၀ နှင့်တွက်လျှင် (အမေရိကန် နှစ်ချုပ်စာရင်းအရ ကရင် ၇% ရှိသည်ထားပြီး တွက်လျှင်) ၃ သန်းခွဲ ရှိမည်။ ကရင်နှင့် အိမ်ထောင်ကျသူများကို ထည့်တွက်ဦးတော့ ၅ သန်းထက် မပိုနိုင်။ ကရင်တိုင်းကလည်း "ကရင့်တော်လှန်ရေး" ထောက်ခံကြသည် မဟုတ်။

ဗမာလူမျိုးက သန်း ၃၀ ကျော်သည်။ ယခု နအဖက ၄ သိန်းခွဲ တပ်သားစုထားနိုင်သည်ကို ကြည့်ပါ။ ရိုင်ဖယ်ပေးနိုင်လျှင် ပေးနိုင်သလောက် ထပ်စု၍ရသေးသည်။ အာဏာကိုင်ထားသူဖြစ်၍ လခမပေးနိုင်မှာ မပူရ၊ ဝါဇီရှိနေသရွေ့ ပေးနိုင်သည်။ ထမင်းမကျွေးနိုင်မှာ မပူရ၊ လယ်သမားတွေ လယ်စိုက်နေသရွေ့ကျွေးနိုင်သည်။ သာမန်လူတွေသာ ငတ်မည်၊ စစ်သားမငတ်။

လူမျိုးရေးအလံကိုထူပြီး အပြိုင်အဆိုင် တိုက်ကြလျှင် ဗမာစစ်အုပ်စုက အသာစီးရမည်။ နအဖ၏ဗမာလူမျိုးရေးစိတ်က KNU ထက် ပြင်းထန်သည်။ လူမျိုးခြားနှင့် အိမ်ထောင်ပြုလျှင် ဗမာထဲက ငယ်စာရင်း ပယ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုပဲကြည့်။

ရင်းနှီးသောမိတ်ဆွေကြီး မရန်ဘရန်ဆိုင်း (ကွယ်လွန်) က ကျွန်တော်တို့ကို တခါကတွက်ချက်ပြဖူး၍ လူနည်းစု အမျိုးသားတို့၏ စဉ်းစားပုံကို ကွန်မြူနစ်များသတိပြုမိခြင်း ဖြစ်သည်။

၁၉၇၉ ခုနှစ်က ဖြစ်သည်။

KIO – မဆလအစိုးရ ကျိတ်ဝိုင်းဆွေးနွေးပွဲလုပ်သည်။ အပေးအယူတည့်သည်။ သဘောတူညီချက် (၁၇) ချက် (ထင်သည်) ရသည်။ အနှစ်သာရက လက်နက်ချရေး ဖြစ်သည်။ KIO က မဆလ အခြေခံဥပဒေကို လက်ခံရမည်။ KIA ဖျက်ပြီး လက်နက်များ အပ်ရမည်။ နောက်မှစိစစ်ပြီး အစိုးရလုံထိန်းတပ်အဖြစ် ဖွဲ့ပေးမည်။ လက်နက်သစ် တပ်ဆင်ပေးမည်။ မဆလ အခြေခံဥပဒေအရ နိုင်ငံရေးအဖွဲ့အစည်း ရပ်တည်ခွင့် မရှိသဖြင့် KIO ကို ဖျက်ပေးရမည်။ ကချင်ပြည်နယ် "ပြည်သူ့ကောင်စီ" တွင် ခေါင်းဆောင်တချို့ကို နေရာပေးမည် စသည့်အချက်များ ပါသည်ဟု မှတ်မိသည်။ မည်မျှအထိ အသေးစိတ်သနည်းဆိုလျှင် KIO တွင်းမှ တောခိုကျောင်းသားများအတွက်ပင် ပါသည်။ တောခိုမသွားမီက နေခဲ့သည့် အတန်းထက် ၂ ဆင့်ကျော်ပြီး အအောင်ပေးမည်ဟု ပါသည်။ (၈) တန်းက တောခိုသွားသူသည် (၁၀) တန်းအောင်ပြီးသူ ဖြစ်မည်။ တက္ကသိုလ်နောက်ဆုံးနှစ် တက်နေသူဆိုလျှင် ဘွဲ့ရပြီးဖြစ်ရုံမက ဘွဲ့လွန်ပထမနှစ် အောင်ပြီးဖြစ်နေမည်။ ဤကိစ္စမျိုးတွင် စစ်အုပ်စုက အလွန်လိုက်လျောတတ်ပါသည်။

ဤသို့ အပေးအယူတည့်နေကြောင်းကို (ဗကပ) ကြားပါသည်။ နေဝင်းနှင့် ပီကင်းတွင် တွေ့သောအခါ သေချာသွားသည်။

နေဝင်းက ဦးဘရန်ဆိုင်းမျက်နှာမြင်လိုက်တာနဲ့ ဒီလူရိုးသားတယ်၊ အလုပ်ဖြစ်နိုင်မယ်ဆိုတာ တန်းပြီးသူသိလိုက်ကြောင်း၊ ဒါကြောင့် သူ့လူတွေကို အပေးအယူမျှကြဖို့ ညွှန်ကြားရကြောင်း၊ ပီကင်းကပြန်လျှင် လက်မှတ်ထိုးပွဲ လုပ်ရုံသာကျန်ကြောင်း၊ ဆွေးနွေးပွဲ အောင်မြင်တဲ့အနေနဲ့ မဆလထိပ်သီးတွေအားလုံးတက်တဲ့ ထမင်းစားပွဲကြီးလုပ်ပြီး မှတ်တမ်းတင်ထားကြောင်း ကရားရေလွှတ်ကြွားသည်။ (ဗကပ) က ဘာမှတ်ချက်မှ မပေးလိုက်ပါ။

ပီကင်းကပြန်လာမှ ဦးဘရန်ဆိုင်း၊ ဦးဇော်မိုင်းတို့ကို တွေ့လိုကြောင်း (ဗကပ) က ဖိတ်သည်။ သူတို့ပန်ဆန်းလာကြသည်။

အတိုချုံးလျှင် (၁၇) ချက်ဟာ လက်နက်ချရေးဖြစ်တာကို သူတို့သိကြောင်း၊ ရေရှည်တိုက်လျှင် ဗမာကကျန်ရစ်ပြီး သူတို့ကချင်လူမျိုး မျိုးပြုတ်မည်ဖြစ်၍ လက်နက်ချရကြောင်း ပြောပါသည်။ သူတို့၏စဉ်းစားချက်မှာ – ဗမာက လူဦးရေသန်းပေါင်း ၃၀ ကျော်ရှိပြီး ကချင်က တသန်းပင် မရှိကြောင်း၊ စစ်တိုက်ရာတွင် ဗမာ ၁၀ ယောက် – ကချင် ၁ ယောက်နှုန်း သေကြလျှင်ပင် ဗမာက သန်း ၂၀ ကျော် ကျန်ရစ်ပြီး သူတို့ကချင် မျိုးပြုတ်မှာဖြစ်ကြောင်း ရှင်းပြပါသည်။ ထို့ကြောင့် ရေရှည်စစ်ပွဲ မတိုက်ချင်တော့ကြောင်း ပြောပါသည်။

KIO ၏ရှင်းပြချက်ကို ဗကပ က နားလည်မှုရှိပါသည်။ ဆက်ပြီးတောင့်ထားကာ တိုက်လျှင် အခြေအနေကောင်း မုချပေါ်မည်။ ဗကပ က ဆက်တိုက်နိုင်ရန် ကူညီမည်ဟု

ပြောခဲ့သည်။

သူတို့လက်ခံသွားပါသည်။ တဆက်တည်း သူတို့ မဒတထဲ ပြန်ဝင်မည်ဟု ပြောသည်။ အင်္ဂလန်၊ အမေရိကန် သွားချင်သည်ဟု ပြောသည်။ ဗကပ၏ထင်မြင်ချက် တောင်းသည်။

မဒတထဲဝင်တာ ကောင်းသည်။ အင်္ဂလန်၊ အမေရိကန် သွားချင်တာနဲ့ ပတ်သက်ပြီး နားလည်မှုနှင့် သဘောပေါက်မှု ရှိပါသည်၊ KIO မှာ လွတ်လပ်သည့် အဖွဲ့ အစည်းဖြစ်၍ လွတ်လပ်စွာဆုံးဖြတ်ပါဟု ပြောခဲ့သည်။

အဆမတန်အားနည်းသော လူမျိုးက အားကြီးသောလူမျိုးကို တိုက်နေရလျှင် အားကိုးတခုခုကို ရှာစမြဲဖြစ်သည်။ ခွဲထွက်ရေး ကြွေးကြော်စဉ်က အမေရိကန် ဆီးတိုး (SEATO) ကို အားကိုးဖူးသည်။ အင်္ဂလိပ် "တောင်တန်းသားမိတ်ဆွေများ" ကို ဆက်သွယ်ခဲ့သည်။ ထိုဆက်သွယ်မှုမှာ ဗကပနှင့် မဟာမိတ်ဖွဲ့နေစဉ်ပင် အဆက်မပြတ်ခဲ့ပါ။ သူတို့က မပြောသော်လည်း ကျွန်တော်တို့ သိနေသည်။ ဘာတွေရေးသည် ဆိုသည်ကိုပင် သိသည်။ ဗမာ့အောက်ပစ်မထားခဲ့ဘူးဆိုပြီး ခုတော့ဗမာကို လွတ်လပ်ရေးပေးပြီး ဗမာ့အောက်ပစ်ထားတယ်ဟု စကားနာထိုးခြင်း ဖြစ်ပါသည်။ (ဗမာပြည်အကြောင်း ရေးကြသော "လူဖြူကျွမ်းကျင်သူ" များလည်း ထိုစာများကို ဖတ်ဖူးဟန် ရှိသည်။)

ဤကိစ္စကို မှတ်ချက်တခုရေးပြီး ရပ်ပါမည်။

(မှတ်ချက်) KIO က ၁၉၇၉ တွင် ဆက်တိုက်သဖြင့် အကျိုးမယုတ်ပါ။ ၁၉၈၀ ခုနှစ်များတွင် ဗကပခွဲထွက်များ ဖောက်ခဲ့သောလမ်းကို သူတို့လိုက်သည်။ (၁၇) ချက်ထက်သာသော အခွင့်အရေး ရခဲ့သည်။ လက်နက်မချရ။ KIO. KIA မဖျက်ရ၊ နိုင်ငံရေးလုပ်ခွင့် ရှိနေသည်။

မိမိတို့အတွင်းမှပင် ဗကပခွဲထွက် ငြိမ်းအဖွဲ့များပေါ်နေရာ KIO ငြိမ်းအဖွဲ့ လုပ်သည်ကို အပြစ်မပြောပါ။ တရုတ်နယ်စပ်တွင် အားလုံး "ငြိမ်း" ဖြစ်နေချိန် သူက ထီးထီးကြီး ဆက်တိုက်နေ၍ မဖြစ်ပါ။ သိပ်နာသွားလိမ့်မည်။

ဗကပခွဲထွက် ငြိမ်းအဖွဲ့များကို သူတို့၏မူလနေရာသို့ ပြန်သွားသော "ရဲဘော်မှ မဟာမိတ်ဖြစ်သွားသူ" ဟု သဘောထားသလို KIO ကိုလည်း မဟာမိတ်များအဖြစ်ပင် သဘောထားဆဲ ဖြစ်ပါသည်။

SSPP. KIO တို့သည် ခွဲထွက်ရေးမှ ပြည်ထောင်စုစစ်စစ်မှုကို ပြောင်းပြီးပထမဆုံး လက်ခံသူများဖြစ်၍ ဗကပ က သံယောဇဉ်ကြီးပါသည်။

အထက်တွင်ရေးခဲ့သည်များမှာ ထိပ်တန်းလျှို့ဝှက်ချက်များ မဟုတ်တော့၍ ရေးပါသည်။ နဝတ၊ နအဖ မသိချင်အဆုံး ဖြစ်နေသော ကိစ္စများ ဖြစ်သည်။

**(၃) ဘုံလုပ်ငန်းစဉ်မရှိလျှင်**

ဘုံရန်သူ ရှိပါသည်။ သို့သော် ဘာကြောင့်ရန်သူဖြစ်သလဲ ဆိုသည့်ကိစ္စတွင်ကား မတူကြပါ။ (ဗကပ) က စစ်အုပ်စု၊ စစ်အစိုးရကို စစ်အာဏာရှင်စနစ် ကျင့်သုံးသော စစ်ဗျူရိုကရက် အရင်းရှင်များဖြစ်သောကြောင့် ရန်သူဟု သတ်မှတ်ခြင်း ဖြစ်သည်။

"သီးခြားတိုင်းပြည်" "ခွဲထွက်ရေး" ကြွေးကြော်သူများက ဗမာ 'နယ်ချဲ့' များဖြစ်၍ ရန်သူဟုသတ်မှတ်ခြင်း ဖြစ်သည်။ အခြေခံချင်းပင် မတူကြပါ။

ကွန်မြူနစ်များက တနစ်စောပြီး တောခိုသည်။ KNU ကပါ တောခိုလာသော အခါ တောထဲတွင် ပဋိပက္ခဖြစ်ရသည်။ သို့သော် တောကကျယ်သည်။ သူ့စည်းကိုယ့်စည်း နေလို့ရသည်။ ၁၉၅၈ အထိ ထိုသို့ "ရှဉ့်လျှောက်သာ ပျားစွဲသာ" ပေါ်လစီ လုပ်လို့ ရသည်။

တပ်ပေါင်းစုစကားလည်း အများအားဖြင့် ပြည်သူ့ရဲဘော်၊ အလံနီတို့နှင့် ပြောရသည်။ ပြည်သူ့ရဲဘော်နှင့် ဗကပ နီးစပ်သည်။ သူတို့လည်း ပြည်ထောင်စုဘက်သား၊ ဗကပ လည်း ပြည်ထောင်စုဘက်သား။ ၁၉၄၇ ပြည်ထောင်စုအခြေခံဥပဒေမှာ ဗိုလ်အောင်ဆန်း ဦးဆောင်ရေးဆွဲခြင်း ဖြစ်သည်။ (ဗကပ) က ထောက်ခံခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စု ပြဿနာတွင် မကွဲကြပါ။

အလံနီက လူမျိုးတမျိုး တိုင်းပြည်တပြည်စနစ်ကို လိုလားသည်။ ပြည်ထောင်စု မလိုချင်၊ သူက ကွဲအက်ရေး ခွဲထွက်ရေးသမား။ အလံနီဘာပြောနေနေ ကိစ္စမရှိပါ။ သူကလူထုအခြေခံမရှိ။ ဗကပ ဖြူလျှင် သူမည်းမည်။

(ဗကပ) က ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးပြောတော့ သူက "ကျွန်ပွဲစားကြီးသခင်သန်းထွန်း" ဟု ပြောသည်။

"သီးခြားတိုင်းပြည်" "ခွဲထွက်ရေး" သမားတို့ကတော့ ပြည်ထောင်စုစကားမကြားချင်၊ နားခါးသည်။ ပြည်ထောင်စုဟု ပြောမိလျှင် ဗမာနီနှင့် ဗမာညို တသံတည်းပဲဟု စွပ်စွဲသည်။

၁၉၅၈ – ၆၀ အိမ်စောင့်ခေတ်က မောင်မောင်၊ အောင်ကြီးတို့ KNU နှင့် တိတ်တိတ် ၃ ကြိမ်တိတိ ဆွေးနွေးသည်။ ဗကပ ကို ဦးတည်တိုက်ရန် KNU ကို စည်းရုံးသည်။ ၁၉၅၈ – ၆၀ သည် ဗကပ အတွက် အနာဆုံး ကာလဖြစ်သည်။ (ဗကပ က KNU အပေါ် ဘယ်တုန်းကမှ အကောက်မကြံခဲ့ဟု KNU ခေါင်းဆောင်ကို မကြာမီကပင် ပြောလိုက်သေးသည်။)

၁၉၅၈ – ၆၀ မှာ ဗကပတို့ မွေးရာဇာတိနှင့်အောင်မြေကို လက်လွှတ်ရသော ကာလဖြစ်သည်။ ဗကပ၏မွေးရာဇာတိသည် မင်းဝံတောင်ကြော ပဲခူးရိုးမဖြစ်သည်။ အောင်မြေသည် ဧရာဝတီမြစ်ဝှမ်း ဖြစ်သည်။ (မောင်မောင်၊ အောင်ကြီးတို့နှင့် KNU ဘာတွေကျိတ်ပြီး နားလည်မှု ရခဲ့သည် ဆိုသည်ကို သူတို့ပြောမှ ကောင်းမည်ဖြစ်၍ မတင်ပြတော့ပါ။)

ရှမ်းများက SSIA ဖွဲ့ လက်နက်ကိုင်တိုက်ပွဲတိုက်တော့ "ဗမာနီ နယ်ချဲ့တွေ ပြန်သွား" ဟု ရာဇသံပေးသည်။ သီးခြားရှမ်းပြည်၏ နယ်နိမိတ်သည် မန္တလေးလွင်ပြင်အထိဟု ပြောသည်။ အနီးစခန်းအောက်ဘက် အထိ ဆုတ်ရမည်။ မဆုတ်လျှင် တိုက်မည်ဟု စာရေးသည်။ (ဗကပ) က ရှမ်းပြည်ရောက်နေသည်မှာ ၁၉၄၉ ကတည်းက ဖြစ်သည်။ ဖဆပလ အစိုးရရှိသည့်နေရာမှာ တိုက်မည်၊ တိုက်နေသည်မှာ ကြာပြီ။ သူတို့သူပုန်ထမှ (ဗကပ) ကို မောင်းထုတ်သည်။ ခြောက်တိုင်းကြောက်ပြီး ဖိတိုင်းပိလျှင် တော်လှန်ရေးသမား မဟုတ်၊ ထို့ကြောင့် ထွက်မသွားပါ။

သူတို့က နယ်နိမိတ်ကိုသက်ညှာစွာ သတ်မှတ်တာဟု ဆိုသည်။ မန္တလေး၊ ပင်းယ၊ အင်းဝအထိ ယူလို့ရသည်၊ သမိုင်းရှိသည်ဟု ဆိုသည်။ ဗကပ နေစရာမရှိမှာစိုး၍ သက်ညှာတာဟု ပြောသည်။

ကံကောင်းထောက်မစွာ ဗကပ ရှမ်းပြည်မှမဆုတ်ရ။ တိုက်လည်းမတိုက်လိုက်ရပါ။

တိုက်ရသည်က KIO နှင့်

ဖြစ်သည်။ စောစောက မတိုက်ရ၊ ၁၉၆၈ အရှေ့မြောက်ပိုင်းပေါ်ပြီးမှ တိုက်ရခြင်း ဖြစ်သည်။ တိုက်ရသည်မှာလည်း နိုင်ငံခြား ပယောဂ ပါသည်။

ဖြစ်စဉ်မှာ

နေဝင်းတကွက်မှား၍ တရုတ် အစိုးရ ဒေါပွသည်။ အင်ဒိုနီးရှား၊ မလေးတို့ မှာလို နေဝင်းက ကွန်မြူနစ်ဆန့်ကျင်ရေး၊ တရုတ်ဆန့်ကျင်ရေး လုပ်မိသည်။ တရုတ် ဆန့်ကျင်ရေးကို ယူနီဖောင်းချွတ် စစ်သား များနှင့် လုပ်ခဲ့သည်။ စစ်သားများကို စစ်ကား ဖြင့် သယ်လာ၊ ယူနီဖောင်းချွတ် လုံချည်ဝတ် စေပြီး အရက်တိုက်ကာ အဓိကရုဏ်း ဖန်တီး စေခြင်း ဖြစ်သည်။

တရုတ်က အမေရိကန်အန္တရာယ် သတိထားချိန်၊ အမေရိကန်က ဗီယက်နမ်စစ် ရှိန်မြှင့်ချိန်၊ ချူကလီယာဗုံးအသေးစား သုံးမသုံး ချိန်ဆနေချိန်၊ ယဉ်ကျေးမှု တော်လှန်ရေးကြောင့် တရုတ်များ အကဲဆတ်နေချိန်နှင့် သွားတိုး သည်။

မကြုံစဖူး ဗကပ လက်နက် ဖောခြင်း သောခြင်း ရသည်။ မဟာမိတ်များကို တသောင်းဂဏန်း ရောက်လုနီးနီး ကူညီနိုင် ခဲ့သည်။ (အကူအညီ လက်ခံခဲ့သူများအားလုံး "ငြိမ်းအဖွဲ့" များ ဖြစ်နေခြင်း၊ နှစ်ပေါင်း ၂၀ ကျော် ၃၀ နီးပါး ရှိပြီဖြစ်ခြင်းကြောင့် တခါက ထိပ်တန်းလျှို့ဝှက်ကို ဖွင့်ပြောခြင်း ဖြစ်သည်။)

ပထမဆုံးရသည့် မဟာမိတ်ထဲမှာ KIO ပါသည်။ ထိုအခါက KIO ကို ဇော် ညီအစ်ကိုတွေ ခေါင်းဆောင်သည်။ ဇော်တူးက ဗကပထံမှ လက်နက်အကူအညီ ယူသည်။ ထိုင်းတွင်နေသောအစ်ကိုက ကွန်မြူနစ်ပေးတဲ့ လက်နက် ထမ်းရကောင်းလား "လက်နက်နီ" မထမ်းနဲ့ဟု ညွှန်ကြားသည်။ (ခွဲထွက်သီးခြား တိုင်းပြည် ထူထောင်ချင်သူတိုင်း ထိုင်းအခြေခံ ကြသည်ချည်း ဖြစ်သည်။ ဟုတ်တာမဟုတ်တာ အပထား ကွန်မြူနစ်တရုတ် ဆန့်ကျင်လျှင် လက်နက်ပေးမလိုလို လေသံပေးနေ၍ တနေ့ ရနိုးနိုး စောင့်နေကြသည်။ ရသည်ဟုတော့ မကြားဖူးပါ။ ရွှေငုံးမင်းအမြီးမျှော်ရင်းနှင့် အချိန်တွေသာ ကုန်ခဲ့ကြသည်။)

ဇော်ဆိုင်းအမိန့်ဖြင့် ဇော်တူးက နှစ်ဘက်သဘောတူညီချက်ကို တဖက်သတ် ဖျက်သည်။ ရထားသောလက်နက်တော့ ယူထားပြီး မော်စီတုန်းသြဝါဒ စစ်ရေး ဖြစောင်တို့ကို ဖျက်ဆီးပစ်သည်။

ဗမာနီနယ်ချဲ့သမားဟု ပြောသည်။ အကွက်ချောင်းနေသော မဆလ စစ်အုပ်စုက ဝင်ပြီး အမြတ်ထုတ်သည်။ ဗကပ တိုက်ရေး အတွက် အားပေးသည်။ ရိက္ခာ၊ ကျည် အနည်းအကျဉ်း ပေးသည်။ မလွှဲမရှောင်သာ စစ်တိုက်ရတော့သည်။ ယခင် ၁၉၆၈ မတိုင်မီက မတိုက်ခဲ့ရပါ။

ဇော်ညီအစ်ကိုများ တယောက်က ဗကပနှင့်တိုက်ရင်း ကျဆုံးသည်။ အကြီး နှစ်ယောက်က သူတို့ချင်းလုပ်ကြံတာ ခံရ သည်။ KIO တခုလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သည်။ ဗကပ က မရန်ဘရန်ဆိုင်း၊ ဇော်မိုင်းတို့ကို လက်နက်ကိုင်တိုက်ပွဲ ဆက် တိုက်ရန် အားပေးသည်။ အကူအညီပေးသည်။

ကချင်က ထိုင်းနှင့်အဝေးကြီး။ နိုင်ငံခြားအမှီရှာလျှင် ကုလား၊ တရုတ်ပဲ မှီလို့ ရသည်။ သူများနှင့် မတူပါ။ ကုလားက သူ့ကွ နှင့်သူ၊ အရှေ့မြောက်ဒေသတွင် စစ်တိုက်နေ ရသည်။ KIO ကို လက်နက်ပေးလို့ မဖြစ်ပါ။ ထို့ကြောင့် ဗကပထံမှ တရုတ်လက်နက် ယူရသည်။ KIO မှာ ထိုင်းတွင် လုပ်ကြံခံရပြီး ထိုင်းကိုမှီ၍ မဖြစ်။ ထို့ကြောင့် ဗကပနှင့် ပြန်ပြီး မဟာမိတ်ဖွဲ့သည်။ ပြည်သူ့ဒီမိုကရေစီ လမ်းကြောင်း လက်ခံသည်ဟု ဆိုသည်။

လက်နက်တွင် အဖြူအနီ မရှိ၊ ထမ်းမည့်သူသာ အဖြူအနီရှိသည်ကို KIO ခေါင်းဆောင်မှုအဖွဲ့သစ်က သိပါသည်။ သူတို့ မှာ ထိုင်းတွင်နေသူများ မဟုတ်ကြ၍ ယူရဲ သည်။ ထိုင်းတွင်နေလျှင် လက်နက်အကူအညီ ယူလို့မဖြစ်။ ယူမိလျှင် ကမ္ဘာမီးလောင်မည်။

ဤသို့ဖြင့် လက်နက်အကူအညီ ထောင်ချီပြီး (ဗကပ) က ပေးသည်။ လက်နက် တို့၏သဘောမှာ ကျည်ဆန်ရှိရသည်။ လူ ထမင်းစားသလို သေနတ်က ကျည်ဆန်စား သည်။ မစားရလျှင် တုတ်လောက်ပင် အသုံး မကျ။ နှစ်စဉ် (ဗကပ) က ဖြည့်ကျည် ထောက်ပံ့ ရသည်။

လက်နက်ကို မပေးခင် (ဗကပ) က သင်တန်းပေးသည်။ သူတို့ဗဟိုကလည်း "သွားသင်တန်းတက်ကြ၊ ပြောသမျှ နားထောင်ခဲ့ကြ၊ ပြန်စောဒက မတက်ကြနဲ့၊ လက်နက်ထမ်း ပြန်ခဲ့ကြ" ဟု ညွှန်ကြား လိုက်သည်။ အများကတော့ နာခံသည်။ တယောက်ကတော့ သူတို့ဗဟို ညွှန်ကြားချက် ကို ဖောက်ဖျက်သည်။ တချီတမောင်း တိုက် ထားကြရ၍ မခံချိမခံသာ ဖြစ်နေပုံရသည်။ မအောင့်နိုင်။

ဗကပကို အစဉ်အဆက် ခေါင်း ဆောင်ခဲ့သူများအကြောင်း သင်တန်းပေး အပြီးတွင် အပြန်အလှန်ဆွေးနွေးပွဲ၌ "လောက မှာ သခင်ယေရှုတယောက်ပဲ ကြားဖူးသည်။ သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်သိန်းဖေ၊ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ဗသိန်းတင် မကြားဖူးဘူး" ဟု ခွတိုက်သည်။

သူမကြားဖူးတာ ဟုတ်ကောင်း ဟုတ်မည်၊ သူ့အဖေ သူ့အဖိုးခေတ်ကတော့ ဗမာပြည်မှာ လူအမြောက်အမြားဟာ မျက်နှာဖြူဘိုတိုင်းကို သခင်ခေါ်ခဲ့ဖူးသည် ဆိုသည်ကို သင်တန်းဆရာက ပြန်မပြော လိုက်ပါ။ မဟာမိတ်ပြု နေကြသည်ပဲ။

**မဒတ၊ ဗကပ ပန်ဆန်းစည်းဝေးပွဲ**

အထက်တွင် ဘရန်ဆိုင်းက မဒတ ထဲ ပြန်ဝင်မည်၊ အင်္ဂလန်၊ အမေရိကန် သွားမည်ဆိုသောကိစ္စ တင်ပြပြီးပြီ။

ဘရန်ဆိုင်းထိုင်းဆင်းသည်။ မဒတ ထဲ ပြန်ဝင်သည်။ အင်္ဂလန်သွားဖြစ်သည်။ တခါက မက်လုံးပေး အလွှန်သန်သော "တောင်တန်းသား မိတ်ဆွေကြီးများ" နှင့် သွားတွေ့သည်။ သူတို့ထဲက အများစုက ကွယ်လွန်ပြီ။ ဆရာကြီးချာချီ၊ ဘုရင်ခံဟောင်း ဒေါ်မန်စမစ်တို့ မရှိကြတော့။ ကျန်ရစ်သူများက (Lord) လော့ဘွဲ့ခံပြီး အထက်လွှတ်တော် အမတ်များ လုပ်နေသည်။ သူတို့နှင့် တွေ့သည်။ သူတို့ခေါင်းထဲ "ဗမာပြည်" မရှိတော့။ တောင်တန်းသားများကိုလည်း စိတ်မဝင်စား ကြတော့။ ဘရန်ဆိုင်း စိတ်ပျက်ရသည်။

အမေရိကန်သွားရန် ကြိုးစားသည်။ ကွန်မြူနစ်နှင့်မဟာမိတ်ပြုထားသူဖြစ်၍ အဝင် မခံ လှည့်ပြန်ခဲ့ရသည်။ စိတ်အပျက်ကြီး ပျက်လာသည်။

ဤအချက်များမှာ ဘရန်ဆိုင်း၏ ပြန်လည်ပြောပြချက်ကို ချုပ်ပြီးတင်ပြခြင်း ဖြစ်သည်။

နိုင်ငံခြားအားကို မှီခိုလို့မရရင် ကိုယ့်ပြည်တွင်းပဲ အားကိုးတော့မည်ဟု ဆုံးဖြတ်ပြီး၊ မဒတ ကိုယ်စားလှယ်အဖွဲ့ကြီးကို ခေါ်ကာ KIO ဌာနချုပ်သို့ ပြန်လာသည်။ ဌာနချုပ်ရောက်လျှင် တဖက်က မဒတအဖွဲ့ကို ဗကပနှင့်တွေ့ဖို့ နားချသည်။ တဖက်ကလည်း

ဗကပကို မဒတနှင့်တွေ့ရန် တိုက်တွန်းနေသည်။

ရင်းနှီးသော မိတ်ဆွေ၏ တိုက်တွန်းချက်ကို (ဗကပ) က လက်ခံသည်။ မဒတ အဖွဲ့ကို နားချ၍လည်း ရသွားသဖြင့် (ဗကပ) က ဖိတ်သည်။

မိမိ၏အောက်ခြေ အဖွဲ့အစည်းများ သို့လည်း ဗဟို၏ညွှန်သည်များ လာကြမည်၊ မိတ်ဝတ်မပျက်ညွှန်ခံကြ၊ သူတို့ထဲက တချို့ သွေးခွဲကြလိမ့်မည်။ ပြန်မတုံ့ပြန်ကြနဲ့ဟု ညွှန်ကြားထားသည်။

ပါတီကတွက်ထားသည့် အတိုင်းပင် သူတို့ထဲကအချို့က ဗကပဒေသ ဝင်ကတည်းက သွေးခွဲရေး လုပ်သည်။ ကချင်၊ ကရင်၊ ကိုးကန့်၊ ပလောင်၊ ရှမ်း၊ ဝ၊ အခါ စသည့် ပါတီကေဒါများကို ဗကပမှခွဲထွက်၊ သီးခြားအဖွဲ့ချုပ်များဖွဲ့ကာ မဒတ တွင်း ဝင်ကြဖို့ ပြောကြဆွယ်ကြသည်။

လူမျိုးစုကေဒါများကလည်း ဗဟိုသို့ အပြည့်အစုံ ကနဖြင့် အစီရင်ခံသည်။ ဗဟိုက မတုံ့ပြန်နဲ့ ညှော်ဝတ်စောင်ဝတ်ကျေကြဟု ညွှန်ကြားသည်။ ပန်ဆန်းရောက်ပြီး ဆွေးနွေးပွဲ လုပ်နေချိန်တွင်လည်း ဤသို့ပင် သွေးခွဲမြဲ သွေးခွဲနေကြသည်။ ဗကပ ကိုယ်စားလှယ် အဖွဲ့က လေသံဖြင့်ပင် မကန့်ကွက်ခဲ့ပါ။ ထိုကိုယ်စားလှယ်အဖွဲ့တွင် ပါသူများ အသက်ထင်ရှား ရှိနေကြပါသေးသည်။ သူတို့ကို သက်သေတည်ပါသည်။

ဗကပ၏အခြေခံဒေသတွင် သူတို့ လုပ်သလိုမျိုး သူတို့ဒေသတွင် လုပ်ခွင့်ပြုကြပါ၏လော။ သူတို့၏ ပြောက်ကျားဒေသတွင် ခေတ္တလာပြီး ရန်သူ့ထိုးစစ်ရှောင် ခိုလှုံသူကိုပင် သတ်ပစ်ပါသည်။ ဘယ်သူတွေ ဘယ်မှာ ဘယ်သူ့အမိန့်ဖြင့် သတ်သည်ကို ပြောနိုင်သော်လည်း ရန်စကိုတိုစေလို၍ မပြောတော့ပါ။

ကွန်မြူနစ် ဆန့်ကျင်ရေးလုပ်လျှင် ဆုချခံရလိမ့်မည်ဟု ထင်ယောင်မှားမှုများ တနေ့ပျောက်လိမ့်မည်ဟု သဘောပိုက်ကာ အောင့်အည်းနေခဲ့ပါသည်။ "ရန်သူအပေါ် ပြတ်သား၊ မိတ်ဆွေအပေါ် စိတ်ရှည်" ရေးသည် ဗကပ၏မူတခု ဖြစ်ပါသည်။

DAB ဖွဲ့သောအခါ မိတ်ဆွေကြီး ဘရန်ဆိုင်းက ဗကပကို DAB တွင်း ပါဝင်စေချင်ခဲ့သည်။ ထိုင်းကနေ DAB ထဲ ပါမပါ မေးခဲ့သည်။

ဗကပ ပါလျှင် အားမဖြစ်ဘဲ၊ အားပျက်စေသလိုဖြစ်မည်။ ကွန်မြူနစ်ပါလာ၍ အမေရိကန်ဆီက လက်နက်အကူအညီ မရတာဟု ထင်ကြလိမ့်မည်။ မပါဘဲနေတာ ကောင်းသည်။ ဒါကြောင့် ဘေးကနေပဲ ဒီမိုကရေစီရေးလုပ်မည်ဟု အကြောင်းပြန်ခဲ့သည်။

ရည်မှန်းချက်ကြီးကြီး မထားခဲ့၍ ဗကပ – မဒတ ပန်ဆန်းစည်းဝေးပွဲ အောင်မြင်ပါသည်။ စစ်ရေးတပ်ပေါင်းစုသာ ဦးတည်ခြင်းဖြစ်၍ ပြဿနာပေါ်စရာ မရှိပါ။ ဗကပ၏ ပြည်ထောင်စုမူကို ရှင်းပြရန် တောင်းဆိုတာတော့ ရှိသည်။ ဗကပတွင် လျှို့ဝှက်ပြီး ပြည်ထောင်စုအခြေခံဥပဒေ ရေးဆွဲထားတာ ရှိသည်ဟု ပြောပြီးမေးခြင်း ဖြစ်သည်။

ဗကပတွင် လျှို့ဝှက်ရော ပြောင်ရော ပြည်ထောင်စုအခြေခံဥပဒေ (မူကြမ်း) မရှိပါ။ အခြေခံဥပဒေဆိုသည်မှာ တော်လှန်ရေး အောင်ပွဲရပြီးမှ သရဖူဆောင်းတာဖြစ်ကြောင်း၊ ယုန်မရခင် သံပုရာရှာကြလျှင် အချင်းချင်း စိတ်ဝမ်းကွဲတာပဲ အဖတ်တင်မည့်အကြောင်း ရှင်းပြခဲ့ပါသည်။ သဘောပေါက်ဟန်တော့ မရှိပါ။ ဗကပ အနေနှင့် အာဏာမဲ့သူများ ရေးဆွဲထားသော အခြေခံဥပဒေ (မူကြမ်း) ကိုလည်း မဝေဖန်ပါ။ ထောက်ခံစရာတွေ့လျှင် တော်သေးသည်။ ကန့်ကွက်စရာတွေ့၍ ကန့်ကွက်မိလျှင် အနည်းဆုံး အားနာစရာတော့ ကောင်းမည်။ ကွန်မြူနစ်ပျက် မိုးဟိန်းသည် သူတို့ခွဲရေး သမားချင်း တပ်ပေါင်းစုလုပ်တိုင်း ဝန်ကြီးချုပ် ဖြစ်လိုက်၊ သမ္မတဖြစ်လိုက် ဖြစ်ခဲ့သည်။ ဒီလိုအလုပ်မျိုး ကွန်မြူနစ်များ လုပ်မည်မဟုတ်၊ လိပ်ပြာမသန့်။

တိုင်းပြည်တစည်းတလုံးတည်း ရှိရေးသည် ပြည်ထောင်စု ဖွဲ့စည်းရေး၏ အရေးကြီးမှုတခု ဖြစ်သည်။ ခွဲထွက်ရေးသမား တွေလို လုပ်၍မဖြစ်။ ခွဲထွက်ရေးသမားကတော့ သီးခြားအခြေခံဥပဒေရေးရန် ဝန်မလေးသလို၊ ဖျက်ဖို့လည်း ဝန်မလေးပါ။

တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ကွဲမည့်ကိစ္စ၊ နယ်မြေပြည့်စုံတည်တံ့မှု ပျက်မည့်ကိစ္စ၊ ရန်တကျက်ကျက်ဖြစ်ပြီး တခြိမ်းခြိမ်း တိုက်နေရမည့် အဖြစ်သို့ရောက်မည့်ကိစ္စတွင် မည်သည့်အခါမျှ ဗကပ မပါခဲ့ပါ။ နောင်တွင်လည်း ပါမည်မဟုတ်ပါ။

အာဏာရှိသူစစ်အစိုးရက ရေးဆွဲလျှင်တော့ ဝေဖန်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အောင်ပွဲခံပြီးပြီဟု ယူဆပြီး ကိုယ့်ကိုယ်ကို သရဖူဆောင်းပေးနေ၍ ဖြစ်သည်။

လက်တွေ့အာဏာ မရှိသော်လည်း လူထုက အာဏာအပ်ထားသော NLD က ရေးဆွဲလာလျှင် ဝေဖန်စရာရှိ ဝေဖန်မည်။ ကြိုက်လျှင်ထောက်ခံမည်။ မကြိုက်လျှင် ကန့်ကွက်မည်။ ၁၉၄၇ ကလည်း ထိုသို့လုပ်ခဲ့သည်။

ဗကပ၊ မဒတ စည်းဝေးပွဲ ဆုံးဖြတ်ချက် လက်မှတ်ထိုးတော့မည့်အခါ တကြိမ်နှင့်၊ အသံလွှင့်တော့မည့်အခါ တကြိမ် သေချာအောင် KNU ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကို လက်မှတ်ထိုး၍ ဖြစ်မဖြစ်၊ အသံလွှင့်၍ဖြစ်မဖြစ် (၂) ကြိမ်မေးခဲ့သည်။

KIO. SSPP တို့မှာ အဓိက ခေါင်းဆောင်တွေ ကိုယ်တိုင်ပါနေ၍ မေးစရာ မလိုပါ။ NMSP ကလည်း နိုင်ရွှေကျင် ကိုယ်တိုင် စာရေးထားပြီး ဖြစ်သည်။ အသက်ကြီးနေ၍ သူကိုယ်တိုင် လိုက်မလာနိုင်ကြောင်း၊ လွှတ်လိုက်သူကို အာဏာကုန်လွှဲလိုက်ကြောင်း ရေးထားပြီး ဖြစ်သည်။

KNU က ထိုသို့ မဟုတ်ပါ။ ခေါင်းဆောင်လာသူကလည်း ကရင်အမျိုးသား မဟုတ်၊ ရခိုင်အမျိုးသား ဖြစ်နေသည်။ အားနာနာနှင့် ခုရှုပ်မှနောင်ရှင်း မေးရသည်။ 'ဖြစ်ပါတယ်၊ ရပါတယ်'ဟု ဆို၍ အသံလွှင့်သည်။ KNU ဥက္ကဋ္ဌက သူသဘောမတူဟု ကြေးနန်းပို့သည်၊ သူ့လူကို ကြိမ်းသည်။ KIO ဇော်ဆိုင်းက သူ့ညီကိုကြိမ်းတာမျိုး ဖြစ်သည်။

တရားဥပဒေကြောင်းအရ ပြောလျှင် ကျွန်တော်တို့တွင် တာဝန်မရှိသော်လည်း အနေရအထိုင်ရ ကျပ်ပါသည်။ KNU ကိုယ်စားလှယ်ခေါင်းဆောင်များကိုတော့ အားပေးခဲ့သည်။ စိတ်တော့ မကောင်းလှကြောင်း၊ ကြီးကြီးမားမား အပြစ်ပေးခံရမည်ဟု မထင်ကြောင်း ပြောခဲ့သည်။

နောက် KNU တွင်း ဘာဖြစ်သည် မသိပါ။ အမျိုးမျိုး ကြားရပါသည်။ မဒတ၊ ဗကပ စည်းဝေးပွဲအပြီး သိပ်မကြာလှ၊ ဗကပတွင်း "ခွဲထွက်ရေးများ" ဖြစ်သည်။ သူတို့သွင်းခဲ့သောအပင်း တန်ခိုးပြပြီထင်ပြီး အပြေးအလွှား လာကြသည်။

ဗကပမှ ခွဲထွက်သည်မှာ အာဏာရမရ မသေချာသောအဖွဲ့တခုသို့ လွှဲပေးချင်၍ မဟုတ်၊ အာဏာရှိနေသောအစိုးရအောက်

လွှဲပေးရန် ဖြစ်သည်။ မည်သည့်အစိုးရ တက်နေနေ ထိုအစိုးရအောက် ရောက်ကြမည်။ နဝတ စစ်အစိုးရတက်နေ၍သာ သူ့အောက် ရောက်ခြင်း ဖြစ်သည်။ မဆလ၊ နဝတ၊ တစည၊ ဒီချုပ် မည်သည့်အဖွဲ့ဖြစ်စေ အာဏာရနေလျှင် ထိုအာဏာအောက် ရောက်ပါလိမ့်မည်။

ထို့ကြောင့် ဗကပ၏ ထုတ်ပြန်ချက်၊ ရေးသားချက်များတွင် သံတမန် အသုံးအနှုန်းဖြင့် "စစ်အေးခေတ် ကုန်ဆုံးခြင်း၏ အကျိုးကျေးဇူး" ဟု သုံးခဲ့ပါသည်။

ဖတ်စာဟောင်းများတွင်ပါသည့် ပုံပြင်လို ဖြစ်ပါသည်။

နွားချိုပေါ်နားမိသည့် ယင်ကောင်၏ အထင်ကြီးမှုမျိုး နဝတ၊ နအဖ အထင်ကြီးနေခြင်း ဖြစ်ပါသည်။ ပုံပြင်မှာ ဤသို့ဖြစ်သည်။

နွားတကောင် မြက်စားနေသည်။ မြက်စားရန်ငုံ့လိုက်ခိုက် ယင်တကောင်က နွားချိုပေါ်နားခိုက် ကြုံသည်။ သူ့အလေးချိန်ကြောင့် နွားခေါင်းငိုက်စိုက် ကျသွားသည်ဟု ယင်ကောင်က ထင်သည်။ ထို့ကြောင့် ယင်ကောင်က သနားမိပြီး ခေါင်းမော့နိုင်အောင် ငါပျံထွက်သွားမည်ဟု စဉ်းစားကာ ပျံထွက်သွားသည်။ ထိုအခိုက် နွားကလည်း မြက်စားပြီး၍ ခေါင်းပြန်မော့သည့်အခိုက် ကြုံမိပြန်သည်။

ယင်ကောင်က သူ့'ဝိတ်'ကို အလွန်အထင်ကြီးသွားသည်။ ကျေးဇူးတင်လည်း ခံချင်၍ ငါသနားလို့ပျံထွက်ပေးတာဟု ပြောသည်။ ထိုအခါနွားက မင်းနားတာလည်း ငါမသိ၊ မင်းပျံသွားတာလည်း ငါမသိ၊ ငါ့ဘာသာ မြက်စားနေတာပဲဟု ပြန်ပြောလိုက်သည်ဟု ပုံပြင်က ဆိုသည်။

ဖုန်ကြားစင်းခွဲထွက်ပြီး မကြာခင် NLD ရွေးကောက်ပွဲနိုင်သည်။ အစိုးရဖွဲ့နိုင်တော့ မလိုလိုဖြစ်သည်။ ထို့ကြောင့် NLD သို့ စာရေးချဉ်းကပ်လိုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ထံ အင်္ဂလိပ်လိုရေးမှ ရမည်ထင်သဖြင့် အင်္ဂလိပ်လိုရေးပေးရန် အပူကပ်ခဲ့ဖူးသည်။ ခွဲထွက်သူများမှာ တက်သည့်အစိုးရ တို့အစိုးရ လုပ်မည်ဆိုသည်ကို သက်သေပြခြင်းမျှသာ ဖြစ်သည်။

နိုင်ငံရေးအရ ဘုံလုပ်ငန်းစဉ်မရှိလျှင် ခိုင်မြဲသောတပ်ပေါင်းစု မရှိနိုင်ပါ။ တပ်ပေါင်းစု ယာယီဖွဲ့ရန်ပင် မလွယ်ပါ။ ပြည်တွင်းရေးပေါ်လစီတွင်လည်း သဘောတူမှုမရှိ၊ ပြည်ပရေးပေါ်လစီတွင်လည်းမရှိ ဖြစ်နေလျှင် ဘုံလုပ်ငန်းစဉ် (မည်မျှပင် အနိမ့်ဆုံးဖြစ်စေဦး) မရှိနိုင်ပါ။

ဗမာပြည်ဒီမိုကရေစီ တော်လှန်ရေး မအောင်မြင်သည်မှာ ထိုကိစ္စအဓိက ဖြစ်ပါသည်။ ရေရှည်စစ် တိုက်နိုင်သည်မှာ သူက သူ့နည်း၊ ကိုယ်ကကိုယ့်နည်းဖြင့် ဝိုင်းတိုက်နေကြ၍ (ဘုံရန်သူ) ရှိနေ၍ ဖြစ်ပါသည်။ PVO သာ တောမခိုလျှင်၊ RBA သာမပေါ်လျှင်၊ KNDO သာ မပုန်ကန်လျှင် ဗကပ အတော်အကျဉ်းအကျပ် ကျပါမည်။

နောက်တွင်လည်း SSIA. KIA. PSLO (ပလောင်ပြည် လွတ်မြောက်ရေးအဖွဲ့) ပေါ်ပါသည်။ ၁၉၈၈ နောက်ပိုင်းတွင် ပိုများပါသည်။ ချင်းကပါ ပုန်ကန်လာပါသည်။ သို့သော် ကိုယ့်လုပ်ငန်းစဉ်နှင့်ကိုယ် ဖြစ်နေပါသည်။ ပြည်တွင်းပြည်ပပေါ်လစီတွေ သီးခြားဖြစ်နေပါသည်။

ဘုံရန်သူရှိရုံနှင့်မပြီး၊ ဘုံလုပ်ငန်းစဉ် ရှိရပါမည်။

အမြော်အမြင်ရှိကြလျှင် စစ်အေးလွန်ကာလတွင် ဘုံလုပ်ငန်းစဉ် ရှိနိုင်သည်ဟု ထင်ပါသည်။

## (၄) တောင်တန်းသားမိတ်ဆွေများအကြောင်း

၁၉၄၈ တွင် မလွှဲမရှောင်သာ လွတ်လပ်ရေးပေးရတော့မည့် အခြေအနေတွင် "တောင်တန်းသား မိတ်ဆွေများအဖွဲ့" အင်္ဂလိပ်အုပ်စိုးသူ အသိုင်းအဝိုင်းတွင် ပေါ်သည်။ နာမည်ကျော် ချာချီကို အမှူးပြုပြီး ဘုရင်ခံဟောင်းဒေါ်မန်စမစ် ခေါင်းဆောင်သည်။ အင်္ဂလိပ်ဗျူရိုကရက်ကြီးများ ပါကြသည်။

"မိတ်ဆွေများ"က တောင်တန်းသားများကို အကူအညီပေးတော့မလိုလို ပြောသည်။ တောင်တန်းသားများကလည်း အကူအညီ ရတော့မလိုလို ထင်ယောင်မှားကြသည်။

သို့သော် ခေတ်ကြီးက ပြောင်းခဲ့ပြီ။ နယ်ချဲ့ကမ္ဘာ့အခင်းအကျင်း ကုန်ဆုံးသွားပြီ။ နယ်ချဲ့များ နောက်ဆုတ်နေရပြီ။ အင်္ဂလန်တွင် ချာချီအစိုးရ ပြန်တက်တော့လည်း ဗမာပြည်ဘက် လှည့်မကြည့်အားပါ။ အင်္ဂလိပ်နယ်ချဲ့က စူးအက်တူးမြောင်းအရှေ့ဘက် ခြေမချဝံ့တော့။

"အင်္ဂလိပ် တောင်တန်းသား မိတ်ဆွေများ" တဇာတ်သိမ်းခဲ့ပြီ။ ယနေ့ ပေါ်နေသည်က "ဗမာပြည်အရေး ကျွမ်းကျင်သူ ပါရဂူ" များ၏ "တောင်တန်းသား မိတ်ဆွေများ" အသစ်ဖြစ်သည်။ သူတို့က အာဏာပိုင်များ မဟုတ်၊ နိုင်ငံရေးပွဲစား၊ လက်သစ် စီအိုင်အေ၊ နိုင်ငံရေးဒေါက်တာ ရမ်းကုများ ဖြစ်သည်။ ထိုအထဲတွင် ဘာတီးလင့်တနာဆိုသူ ပါသည်။

ဘာတီးလင့်တနာသည် အခြား "ပါရဂူ" များထက် တလုံးပိုရှူနိုင်သည်။ သူက "ပန်ဆန်းပြန် "။ သူပန်ဆန်းရောက်ရသည်မှာ မိတ်ဆွေကြီး ဘရန်ဆိုင်း၏တောင်းပန်ချက်အရ ရောက်ခြင်း ဖြစ်သည်။ စာအုပ်တအုပ် နှစ်အုပ်ရေးပြီး "ဗမာပြည်အကြောင်း ကျွမ်းကျင်သူပါရဂူ" လုပ်နေသူမှာ သူတယောက်တည်း မဟုတ်၊ များသည်။ သူတို့က စာအုပ်ရေးကြသည်။

သူတို့ရေးသမျှက တောင်တန်းသားကို ချီးကျူးစရာ ရှာချီးကျူးသည်။ ဗမာဆိုလျှင် နီသောဖြူသောမရွေး ဆန့်ကျင်သည်။ ဘာတီးလင့်တနာ ရန်ကုန်ရောက်ပြီး ပြန်လာတော့ ဗိုလ်ခင်ညွန့်က သူ့ကို အင်္ဂလိပ်လို "ကျုပ်တို့တွေ့ကြပြီ" ဟု ပြောကြောင်း၊ ထိုအင်္ဂလိပ်စကားကို အလွတ်ကျက်ပြီးပြောဟန်တူကြောင်း ကျွန်တော်တို့ထံ စာရေးဖူးသည်။ ဗမာဆိုလျှင် နှိမ်စရာမရှိ ရှာပြီးနှိမ်သည်။

တောင်တန်းသားလည်းဖြစ်၊ ခရစ်ယာန်လည်းဖြစ်လျှင် သူတို့အတွက် ချီးကျူးစရာချည်း။ အင်္ဂလိပ်စစ်သားဟောင်းကြီးက စကော့တလန် ချိုင်းညှပ်လေသွင်းပုလွေမှုတ်တာကိုပင် ချီးမွမ်းခန်းဖွင့်သည်။ နယ်ချဲ့လက်ကျန်ကို ထိန်းသိမ်းသဖြင့် ကျေနပ်သည်။

စစ်အေးလွန်ခေတ် "တောင်တန်းသား မိတ်ဆွေများ" အကြောင်းကို အဓိကရေးချင်သည်မှာ ဤကိစ္စများ မဟုတ်ပါ။ သူတို့လုပ်ပေါက်ကို မိတ်ဆက်ပေးလိုခြင်းသာ ဖြစ်သည်။

သူတို့ ဆေးမြီးတိုပေးခဲ့သည်၊ ပေးနေသည်။

"အကြွမ်းမဖက်ရေး" ဆေးမြီးတိုကြောင့် မြော့မြော့ကျန်တော့သည့် လူနာကို ယခု "ရတဲ့ဈေးနဲ့ထုတ်ရောင်း ဈေးများမနေနဲ့" ဟု ဆေးမြီးတို ပေးနေကြပြန်ပြီ။ ရဲဘော်များ၊ မိတ်ဆွေများ သတိရှိကြစေချင်သည်။

ကျွန်တော်တို့တွင် အားနည်းချက်ရှိသည်။ ပြည်တွင်းနိုင်ငံရေးသတင်းကို ထို "ပါရဂူ"များထံမှ ယူနေရသည်။ ပြည်တွင်းရှိ နိုင်ငံရေးပုဂ္ဂိုလ်များကလည်း လွတ်လပ်စွာ

ပြောဆိုရေးသားခွင့် မရှိ၍ လူသိများစေချင်သည့် နိုင်ငံရေးသတင်း၊ အသံလွှင့်ပေးစေချင်သည့် သတင်းကို သူတို့ကို ပေးနေရသည်။

တောင်တန်းသား မိတ်ဆွေ အဟောင်းဖြစ်စေ၊ အသစ်ဖြစ်စေ "ပြည်ထောင်စု ပြဿနာ" ကို ကူညီဖြေရှင်းပေးနိုင်သူများ မဟုတ်ကြ။ သို့သော် သူတို့တွင်ကျယ်နေသည်။ ခြေရှုပ်နေသည်။ ခြေရှုပ်တာကနေ ခြေထိုးလိမ့်မည်။

၁၉၈၈ သည် အလှည့်အပြောင်းနှစ်ဖြစ်သည်။ အလှည့်အပြောင်းတခုမှာ "ခွဲထွက်ရေး" "သီးခြားတိုင်းပြည် ထူထောင်ရေး" ကို အဓိကလူမျိုးစု အင်အားစုများက အတိအလင်းစွန့်ပယ်ပြီး၊ ဒီမိုကရေစီနှင့် ပြည်ထောင်စုဘက်သားများ ဖြစ်သွားကြသည်။ ခွဲထွက်ရေး၊ သီးခြားတိုင်းပြည် ထူထောင်ရေးကို ကရင်နီတိုးတက်ရေးပါတီကပင် သိပ်မပြောတော့။ နော်ဝေးပြည် အော်စလို (OSLO) တွင် ပြောတာဖတ်ရသည်။ ပြည်ထောင်စုဘက်သားဖြစ်လာသူတိုင်းကို ကြိုဆိုရမည်။

**လက်သစ် "တောင်တန်းသားမိတ်ဆွေများ"**

သူတို့က အဟောင်းနှင့် လုံးဝမတူပါ။ အဟောင်းများက ဗျူရိုကရက်ကြီးများ သပ်သပ် ဖြစ်သည်။ ရှင်းသည်။ အသစ်က ဂျာနယ်လစ်၊ NGO ၊ လူ့အခွင့်အရေးသမားအရေခြုံထားကြသည်။ အစစ်အမှန်များကြားတွင် ရောနေသည်။ "နိုင်ငံရေးပွဲစား" "နိုင်ငံရေးရမ်းကု" များ လုပ်သည်။ သူတို့အကြောင်းရေးရင်း ရှုပ်နေတာများလည်း ရှင်းချင်သည်။

ဗကပ ယူဂျီ ၄၈၂၈ ကို ဖမ်းမိတော့ ဗိုလ်ခင်ညွန့် သတင်းစာရှင်းလင်းပွဲများ ကမန်းကတန်း လုပ်သည်။ လုပ်သည့်ရည်ရွယ်ချက်က ရှင်းသည်။ သူလည်း ပြောထားပြီးဖြစ်၍ ရေးစရာမရှိပါ။ သူ၏ဖုံးကွယ်ထားသော ရည်ရွယ်ချက်ကိုသာ ရေးမည်။

ကွန်မြူနစ် ဆန့်ကျင်ရေးသည် အမေရိကန်၏ သည်းခြေကြိုက်ဖြစ်သည်။ ဒါကို ဗိုလ်ခင်ညွန့်သိသည်။ ထို့ကြောင့် ထိုအချက်ကို ကောက်ကိုင်လိုက်သည်။ တချက်ခုတ် နှစ်ချက်သုံးချက်ပြတ်ရန် ရည်ရွယ်သည်။

– ဒီချုပ်သည် ဗကပနှင့်မကင်းဟု စွပ်စွဲရန် (ဤစွဲချက်မှာ အောင်ကြီးစွဲချက်နှင့်တူသည်။)

– နဝတသည် ဗကပကို အမြစ်ပြတ် ချေမှုန်းနေသည်ဟု အမေရိကန်ကို သတင်းပေးရန်။

– ထိုင်းနယ်စပ်ရောက် ကျောင်းသားလူငယ်များကို မယုံနှင့်၊ ကွန်မြူနစ်အဆက်အသွယ်တွေ ဖြစ်သည်။ လက်နက်မကူညီနှင့်ဟု ဖြစ်သည်။ သတင်းစာရှင်းလင်းပွဲစာအုပ်များကို ကြည့်လျှင် တွေ့နိုင်သည်။

**ဖြစ်စဉ်ကိုပြန်လှန်လျှင်**

လူထုအုံကြွမှုကြီး အရှိန်တက်နေစဉ်က တက်ကြွသည့်လူငယ်များ (ရဟန်းသံဃာတော်များပင် ပါသည်) အတွင်း၌ ရလျှင်ရ – မရလျှင်ချ စိတ်ဓာတ်ရှိသည်။ ချလျှင် လက်နက်လိုမည်။ "လက်နက် ထိုင်းနယ်စပ်တွင် ဂိုဒေါင်နှင့် အပြည့်ထည့်ပြီး စောင့်နေသည်။" အမေရိကန်က ပေးလိမ့်မည်။ အိန္ဒိယကလည်း တပ်မဟာ (၂) ခုစာ လက်နက်ကူညီရန် ပြင်ထားသည်။ ချင်းတွင်းမြစ်အထိ ပို့ပေးမလိုလို သတင်းတွေဖြစ်နေသည်။ (ဗိုလ်ခင်ညွန့်တို့လည်း ကြားလိမ့်မည်။ ဟောပြောပွဲတွင် ထည့်ဟောနေသည်ပဲ။)

ထိုထင်ယောင်မှားမှုဖြင့် ထိုင်းဘက်အထွက်များသည်။ အိန္ဒိယဘက် အတော်အသင့် သွားသည်။

ဗကပ၏သဘောထားမှာ ဒီမိုကရေစီတော်လှန်ရေး၊ စစ်အစိုးရတိုက်ရေးအတွက်ဆိုလျှင် ဘယ်ကရရ ယူသင့်သည်။ မပေးလျှင် တောင်းရမည်။ ပါးစပ်နဲ့ချည်း မကူပါနဲ့ လက်နက်ကူပါ ပြောရမည်။ လက်နက်ဟူသည် "အဖြူ – အနီ" မရှိ၊ လက်နက်ထမ်းသူသာ "အဖြူ – အနီ" ရှိသည်ဟု သဘောထားပြီး သွားကြတာကို အားပေးခဲ့သည်။

မှန်းချက်နှင့်နှမ်းထွက် ပါစင်အောင်လွဲသည်။ ထိုအခါ ဗကပ "နိုင်ငံရေးဦးဆောင်အဖွဲ့" (နိုင်/ဦး) အရေးပေါ် အစည်းအဝေးထိုင်သည်။ တညီတညွတ်တည်း ဆုံးဖြတ်သည်မှာ

– ကျောင်းသားများ အမေရိကန်ဆီက မရလျှင် ဗကပ က ပေးရမည်။ လက်နက်ရလျှင် သူတို့ ရောဝတီမြစ်ဝှမ်းအခြေခံရန် သွားကြလိမ့်မည်။ လူထုကလည်း ကြိုဆိုမည်။ လူထုနှင့် ခွဲခဲ့တာ မကြာသေး။

– ကိုယ့်တပ်ရှိလျှင် ကိုယ့်လွတ်မြောက်နယ်မြေ ရှိမည်။ လူထုကိုမှီခိုလျှင် အဝတ်အစား၊ ဘဏ္ဍာ ကိုယ့်အားကိုယ်ကိုး လုပ်နိုင်ကြမည်။ နဝတ၏အာဏာ မခိုင်မြဲသေးခင် ရောဝတီမြစ်ဝှမ်း အမြန်ဆင်းနိုင်ဖို့ လိုသည်။ ထို့ကြောင့်

– လက်နက်တသောင်းတိတိ ကူညီရန်၊ ကျောင်းသားတပ်ကို နာမည်ပေးချင်ရာပေး။ "ဒီမိုကရေစီ ပြည်ချစ်တပ်မတော်" (DPA) ဆိုလျှင်ကောင်းသည်။ ကျောင်းသားများ အသက်ကြီးသွားလည်း ဒီနာမည်နှင့် လိုက်သည်။ ဖြန့်ခွဲထားသော ဂိုဒေါင်များထဲက ထုတ်ယူပြီး အလွယ်တကူလာပြီး ထုတ်ယူနိုင်သောနေရာများတွင် စုစည်းထားရန်။

– ဖက်ဆစ်တော်လှန်ရေးတုန်းကလို ပါတီက နိုင်ငံရေးမှူးများ တွဲပေးလိုက်ရန် ပြင်ဆင်သည့်အနေဖြင့် "DPA နိုင်ငံရေးသင်တန်း" တခု အမြန်ဖွင့်ရန်။

အရေးကြီးသောဆုံးဖြတ်ချက်ဖြစ်၍ ဗဟိုကော်မတီစုံညီအစည်းအဝေးသို့ နိုင်/ဦး အဖွဲ့က တင်ပြသည်။

အများစုကြီးက လက်ခံသည်။ သို့သော် (နောင်အခါ ခွဲထွက်ကြမည့်) ဗဟိုကော်မတီအနည်းစုကလေးက မရဲတရဲစောဒကတက်သည်။ နိုင်/ဦး အဖွဲ့၏သြဇာကို လန့်၍ ပြောင်တော့မကန့်ကွက်ရဲ။ ပါတီရဲ့ "ပြည်သူ့တပ်မတော် ရှိနေပြီပဲ – ကျောင်းသားတပ် ဖွဲ့စရာလိုသေးသလား" ဟု စောဒကတက်ခြင်း ဖြစ်သည်။ (ခွဲထွက်တော့ ဗမာအိုကြီးတွေက ဗမာကျောင်းသားတွေကို လက်နက်ပေးမလို့ လုပ်တာကြောင့် ဆန့်ကျင်ရတာဟု သူ့အောက်ခြေသို့ ပြောသည် )

ဟုတ်သည်။ ပြည်သူ့တပ်မတော် ရှိပြီး ဖြစ်သည်။ သို့သော် သူတို့က ရောဝတီမြစ်ဝှမ်းသို့ မဆင်းနိုင်၊ ၁၉၆၈ မှ ၁၉၈၈ ထိ အကြိမ်ကြိမ်ဆင်းဖို့ ကြိုးစားဖူးသည်။ မြစ်ဖျားဘက်သို့ဆင်းရန် လုပ်စဉ်က KIO ခံနေသည်၊ စစ်တိုက်ရသည်။ နောက်မဟာမိတ် ဖြစ်ကြတော့ သူတို့ကိုမှီခိုပြီး ဆင်းသည်။ သတင်းပေါက်နေသည်။ အခြေအနေမရင့်မှည့်သေး၍ အကျအဆုံးများကာ မအောင်မြင်ခဲ့၊ ကေဒါကောင်းအများအပြား ကျဆုံးခဲ့ရသည်။ ၁၉၈၉ မှာ ကျွန်တော်တို့ အောက်ဘက်ကိုဆင်းလို၍ လမ်းပြပေးရန် သူတို့ကိုပြောတော့ သူတို့နှင့် နဝတ ကျိတ်ဆွေးနွေးနေသည်ကို မပြောပြဘဲ ကျွန်တော်တို့တောင်းဆိုတာကို ပယ်ချခဲ့သည်။

အဓိကဆင်းချင်သည်မှာ ပါတီဗဟိုရှိရာ ပဲခူးရိုးမတောင်ပိုင်းနှင့် ရောဝတီဖြစ်ဝကျွန်းပေါ် ဖြစ်သည်။ အင်းလေး ပေါင်းလောင်းအထိ ဆင်းသွားဖို့မှာလွယ်သည်။ ပြဿနာမရှိ။

တောင်ငူ – ကျောက်ကြီးလွယ်ကော်လမ်း၏ မြောက်ဘက်အထိလည်း ပြဿနာမရှိ။ (နေဝင်းဆီ အောင်ကြီးစာရေးစဉ်က သုံးနှုန်းသည့် "ဟိုချီမင်းလမ်း" ဖောက်ခြင်း ဖြစ်သည်။)

ရန်သူက ထိုအကြံအစည်ကို သိသည်။ အပြင်းအထန် မီးကုန်ယမ်းကုန် ဖျက်သည်။ သခင်တင်ထွန်း၊ ဗိုလ်စိုးမောင်၊ ရဲဘော်လှမောင် (တောင်ငူ)၊ ရဲဘော်ဘမောင် (မုံရွာ) တို့ ရှမ်းပြည်အလယ်ပိုင်းတွင် ကျဆုံးခြင်း၊ ၁၉၇၅ ခုနှစ်တွင် သခင်ဇင်၊ သခင်ချစ် စသူတို့ကျဆုံးခြင်းမှာ ဗကပ၏ စီမံကိန်းကို ဖျက်ရန်လုပ်သည့် ရန်သူ့ထိုးစစ်များတွင် ကျဆုံးခြင်း ဖြစ်သည်။

မြစ်ဝကျွန်းပေါ် ပြန်လည်ဖော်ထုတ်ရေးစီမံကိန်းကို ယူဂျီနည်းနှင့် စပြီးလုပ်သည်။ သစ္စာဖောက်ကြောင့် တပြိုလုံးရန်သူ့လက် ရောက်သည်။

လမ်းကြောင်းချောမောရန် တပ်ပေါင်းစုလုပ်ငန်းကောင်းအောင် လုပ်ရာတွင် တခြားအဖွဲ့များနှင့် ချောမောသော်လည်း KNU နှင့် မချောမော၊ ဆရာစကောလယ်တောတို့ KNUP ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးရာတွင်လည်း အဆင်မပြေခဲ့ပါ။ အဆင်ပြေလျှင် လက်နက်ထောင်နှင့်ချီပြီး ကူညီရန် ပြင်ထားသည်။ သူတို့က လက်နက်အကူအညီကိုပင် လက်မခံပါ။ သူတို့တွင်လည်း သူတို့စဉ်းစားချက် ရှိပါလိမ့်မည်။

နောက်တော့ KNU တပေါင်းတစည်းတည်း ဖြစ်သွားသည်။ တပ်ပေါင်းစုစည်းဝေးပွဲ မရှိတော့။ မဒတ – ဗကပ ပန်ဆန်းစည်းဝေးပွဲကျမှ ပြန်တွေ့ကြသည်။

ပန်ဆန်းစည်းဝေးပွဲတွင် "မြို့ပေါ်မှာ လူထုအုံကြွမှု" ဖြစ်တော့မယ်ဟု (၂) ကြိမ်တိတိ ပြောခဲ့သည်။ အခိုင်အမာပြောလို့ မဖြစ်၍ ဤမျှလောက်ပြောခြင်း ဖြစ်သည်။ သူတို့ စိတ်မဝင်စားပါ။

'အောင်မာဃထိုးစစ် လာတော့မယ်' ဟု သခင်စိုးကို ပြောဖူး၍ ဒုက္ခရောက်သည့် သင်ခန်းစာရှိသည်။ ဗိုလ်ကျော်ဇောကို မသင်္ကာဖြစ်ပြီး နေဝင်းက တပ်မှထုတ်သည်။ ထိုသင်ခန်းစာရှိနေ၍ စောင်းပါးရိပ်ခြည်သာ ပြောဝံ့သည်။ တိုက်ရိုက်ပြောလည်း စိတ်ဝင်စားမည့်ပုံ မပေါ်ပါ။

မဆလ၏ "ဆိုရှယ်လစ် စီးပွားရေး စီမံကိန်း" ပိုလုပ်လေ – မှောင်ခိုဈေးကွက် ပိုကြီးထွားလေ – ဂိတ်ဖွင့်အခွန်ပိုကောက်နိုင်လေ ဖြစ်နေသည်။

အောင်ကြီးပြောသည့် "ဟိုချီမင်းလမ်း" ဖောက်ရေးကို ပြည်သူ့တပ်မတော်က လုပ်ရခက်သည်။ "ပြည်တွင်းစစ် ပြဿနာ" တွင် တင်ပြခဲ့သလို ကျွန်တော်တို့တပ်မှာ ဝများ၊ ကိုးကန့်များ၊ အခါများ၊ ကချင်များဖြင့် ဖွဲ့ထားရရာ တပ်သုံးစကားမှာ တရုတ်စကား ဖြစ်သည်။ ဗမာစကား မတတ်ကြပါ။ အတွင်းပိုင်း ထိုးဝင်လျှင် စကားပြန်နှင့်သွားရသည်။ သွားရမည့်နေရာက ဗမာဒေသ။ KNU နှင့် တပ်ပေါင်းစုကလည်း မချောမောတော့ အခက်အခဲအလွန်များသည်။

အကြိမ်ကြိမ် လန်ကျလာသောအခါ ပြည်သူ့တပ်မတော် တပ်မှူးကြီး (ဝ အမျိုးသား) များက ဝ တောင်တန်းမှာသာ တိုက်ခိုင်းပါ။ ဒီတောင်ကုန်း ရန်သူ့လက် မကျစေနဲ့ဆိုရင် မကျအောင် အသေခံတိုက်မယ်။ ဗမာဒေသတွေတော့ စကားမပေါက် ဘာမပေါက်နဲ့ မသွားပါရစေနဲ့တော့ဟု တင်ပြကြသည်။

ဗဟိုစစ်ကော်မရှင်နှင့် ဆွေးနွေးရင်း သူတို့က နည်းလမ်းတခုတင်ပြသည်။ လက်နက် ၂ လက်စီ ထမ်းပြီးဆင်းမည်။ ဟိုမှာရှိတဲ့ ဒေသခံပြောက်ကျားတပ်ကို လက်နက်ပေးခဲ့ပြီး ပြန်လာမည်ဟု တင်ပြသည်။ "မြစ်ဝကျွန်းပေါ် စီမံကိန်း" မှာ ထိုအကြံအစည်ဖြင့် လုပ်ခြင်း ဖြစ်သည်။

သူတို့တင်ပြချက်မှာ အလွန်အကျိုးအကြောင်း ဆီလျော်ပါသည်။ ဗကပ ဗဟိုကလည်း ကိုယ့်ဝမ်းနာကိုယ်သာသိသည်။ တသက်မှာ တခါကြုံမည့် အခါအခွင့်ပေးခိုက် ကြိုးစားချင်သည်။ ဗဟိုနှင့်တပ်မှူးကြီးများ ဤသို့ ပဋိပက္ခဖြစ်နေသည်မှာ နှစ်ချီပြီးကြာခဲ့ပြီ။

ဗမာကျောင်းသားတွေကို လက်နက်တသောင်းပေးရေး ဆုံးဖြတ်သောအခါ ပဋိပက္ခအထွတ်အထိပ်သို့ ရောက်တော့သည်။ လက်နက်တသောင်း မပေးနိုင်ခင် သူတို့က လက်ဦးမှုယူပြီး ခွဲထွက်ကြတော့သည်။ သူတို့ကို အနှစ် ၂၀ တိုက်ခိုင်းခဲ့ပြီးမှ ဗမာကျောင်းသားတွေကို လက်နက်တသောင်း ပေးရမည်ကို နှမြောတွန့်တိုကြသည်မှာလည်း သဘာဝကျပါသည်။

ဤမျှရေးနေရခြင်းမှာ ပန်ဆန်းတွင် နှစ်ရက်တမွန်းတည့် နေခဲ့ရုံ၊ ဥက္ကဋ္ဌနှင့်တွေ့ခဲ့ရုံနှင့် ဗကပ အကြောင်းနောကြေအောင် သိသူအဖြစ် ကြွားဝါနေသော ဘာတီးလင့်တနာဆိုသူ ပြောသမျှ အဟုတ်ထင်သူတချို့ ရှိနေ၍ ဖြစ်သည်။

ဗိုလ်ခင်ညွန့်က သူတို့နဝတ အကျိုးကျေးဇူးအတွက် ၁၉၈၈ လူထုအုံကြွမှုကို ဗကပ လက်သို့ ထိုးအပ်သောအခါ ၄၈၂၈ နှင့် မဆက်သွယ်မိသော ကျောင်းသားခေါင်းဆောင်များက 'ဗကပနဲ့ဘာမှမဆိုင်ဘူး၊ ငါတို့လုပ်တာ' ဟု ဖြေရှင်းကြသည်။ ဟုတ်ပါသည်။ ဗကပ က ဆိုင်သည်ဟု မပြောခဲ့ပါ။ ဗိုလ်ခင်ညွန့်ပြောနေတာပါ။ ဗကပ ကလည်း ဟုတ်နေလျှင်တောင် မပြောသင့်ဟု ထင်ပါသည်။

ကျောင်းသားများက ပြောမိလျှင် အမေရိကန်ထံမှ လက်နက်ရရေး မျှော်လင့်ချက်သာမက ငွေရရေးပါ လုံးဝပိတ်သွားလိမ့်မည်။ ထို့ကြောင့် မပြောသင့်ပါ။ ပြောလျှင်ပင် မပြောသင့်ကြောင်း ဗကပ က အကြံပေးမည်။

နောက်တကြောင်းမှာ ထိုင်းနယ်စပ်တွင် ဗကပပါဟုပြောလျှင် သက်သာမည်မဟုတ်။ ခေါင်းကောင်း၍ ခါးတောင်းခြင်း ဖြစ်သွားမည်။

ကာယကံရှင် ကျောင်းသားခေါင်းဆောင်များ ပြောသည်ကို ဗွေမယူပါ။ မဆီမဆိုင် ဘာတီးလင့်တနာက သူ့စာအုပ်တွင် ဗကပနှင့် ၁၉၈၈ အုံကြွမှုမဆိုင်ဟု အတော်ကလေး ရေးသည်။ စာအုပ်ထွက်ကတည်းက ဖတ်ရပါသည်။ အရေးမဟုတ်၍ အလေးမထားခဲ့ပါ။

ယခုရေးနေသည်မှာ "လက်သစ်တောင်တန်းသား မိတ်ဆွေများ" ၏ အန္တရာယ်ကို သတိပေးလို၍ဖြစ်သည်။ သူတို့သည် "အကြမ်း မဖက်ရေး" ဆေးမြီးတိုပေးပြီး ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေးကို သားလျှောစေခဲ့ပြီးပြီ။ ယခု မြော့မြော့သာ ကျန်သော လူမမာကို "ဈေးမကိုင်နဲ့ ရတဲ့ဈေးနဲ့ ရောင်းထုတ်" ဟု ပေးနေကြပြန်ပြီ။ ဤဆေးမြီးတို စားမိလျှင် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်တော့မည်။ နေဝင်း၊ အောင်ကြီးစစ်အုပ်စုကို မြေမြှုပ်သင်္ဂြိုဟ်ပြီး သုံးချောင်းထောက် နအဖ စစ်အုပ်စုကို အလဲထိုးရမည့်အချိန် ဖြစ်နေ၍ ဤသို့တင်ပြနေခြင်း ဖြစ်သည်။ (ဖွင့်ပြောရန် အချိန် ရောက်နေ၍လည်း ဖွင့်ပြောပါသည်။)

## (၅) ၂ ဦး ၂ ဘက် အစွဲအလမ်းများ

ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ဝ၊ ပအိုးဝ် စသဖြင့် လူမျိုးအားလုံးတွင် အစွဲအလမ်းများ

ရှိကြသည်။ ခွဲထွက်ရေးဒီရေမြင့်ချိန်က ခွဲထွက်ရေးခေါင်းဆောင်များ၏ အစွဲအလမ်းကို အရင်တင်ပြမည်။ နောက်မှ ဗမာလူမျိုးကြီး ဝါဒီတို့၏ အစွဲအလမ်းကို တင်ပြမည်။ "ပြည်ထောင်စုမူ" ကို ပို၍ အန္တရာယ်ပေးသည်မှာ လူမျိုးကြီးဝါဒီ အစွဲအလမ်းဖြစ်သည်။ အခုအထိ ဒုက္ခပေးနေဆဲ ဖြစ်သည်။

၁၉၈၈ – ၉၀ တွင် ခွဲထွက်ရေး ဒီရေက ကျသွားခဲ့ပြီ။ ဒီရေတက်ချိန်ကတော့ ဗမာဆို နီနီ၊ ဖြူဖြူ၊ ညိုညို၊ မည်မည်း မယုံရ၊ အားလုံး လည်သည်၊ လိမ်သည်ဟု စွဲလမ်းသည်။

၁၉၆၃ ခုနှစ်က အတွေ့အကြုံတခု တင်ပြမည်။ ရှမ်းခွဲထွက်ရေး ခေါင်းဆောင် တက္ကသိုလ်ပညာတတ် တယောက်နှင့် တပ်ပေါင်းစုကိစ္စ ဆွေးနွေးစဉ်က ဖြစ်သည်။ ဆွေးနွေးသည်ဆိုတာထက် ခရီးသွားဟန်လွဲ တွေ့ကြခြင်း ဖြစ်သည်။ သူက စွဲချက်နှစ်ခု တင်သည်။

ပထမစွဲချက်။ ၁၉၄၇ အခြေခံ ဥပဒေသည် ဗမာ ဥပဒေကျွမ်းကျင်သူများက ရှမ်းစော်ဘွား (ဥပဒေနားမလည်သူ) များကို လိမ်ခြင်းဖြစ်သည်ဟု စွပ်စွဲသည်။ သူတို့မိဘများ ပညာမတတ်၍ အလိမ်ခံရခြင်း ဖြစ်သည်၊ သူတို့ခေတ်မှာ အလိမ်မခံတော့ဟု ဆိုသည်။ အမှန်မှာ ဖဆပလနှင့် စော်ဘွား အပေးအယူ လုပ်ကြခြင်း ဖြစ်သည်။ စော်ဘွားများသည် အင်္ဂလိပ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်နှင့် ဈေးဆစ်ဖူးသူများဖြစ်၍ လည်ပါသည်။ သမ္မတ နေရာရအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးနေရာများရအောင်၊ ရွေးကောက်ပွဲ မဝင်ဘဲ အမတ် ၂၅ နေရာရအောင် လုပ်နိုင်သူများ ဖြစ်သည်၊ မအပါ။ အမတ် ၅၀ ရှိသည့် ပြည်နယ်လွှတ်တော်တွင် ၅၀% ရအောင် လုပ်သွားခြင်း ဖြစ်သည်။ (စစ်အုပ်စုက ၂၅% သာ တောင်းနေခြင်းနှင့် ယှဉ်ကြည့်ပါ။)

ဒုတိယစွဲချက်။ ဗမာချင်း လက်ဝါးချင်းရိုက်ပြီး လူမျိုးစုတွေကို လက်နက်ချအောင် လုပ်သည်။ ဤစွဲချက်က ပိုကြီးသည်။ ဗကပကို ဦးတည်သည်။

သူ့အပြောအရ ၁၉၆၃ စေ့စပ် ဆွေးနွေးပွဲခေါ်တော့ SSIA ကိုယ်စားလှယ်များ သွားကြသည်။ ရန်ကုန်မရောက်။ လွယ်လင်လား၊ တောင်ကြီးလားမသိ အဲဒီက ပြန်ခဲ့ရသည်။ သူတို့နှင့်တွေ့ရသူက ဗိုလ်တင်ဆွေ (ထင်သည်။) မဆွေးနွေးရဘဲ လက်ချ၊ နား ထောင် ပြန်ခဲ့ရသည်။ မင်းတို့ ငါတို့ဟုသုံးပြီး လက်ချာရိုက်လွှတ်လိုက်သည်ဟု ဆိုသည်။

ဗမာချင်းဆွေးနွေးပွဲ ကျတော့ တန်းတူရည်တူ အကြီးအကျယ်လုပ်ပေးသည်။ လေးလေးစားစား ဆက်ဆံသည်။ စာစောင်စာတမ်းတွေ ထုတ်သည်ဟု စွပ်စွဲသည်။ ရဲဘော်ဒွေးနှင့် ဗိုလ်စောမြင့် တမြို့တည်းသား၊ ကျောင်းသားကြီးနှင့် ကျောင်းသားငယ် ဖြစ်ကြောင်း၊ ဗိုလ်ဖေယျှနှင့် ဗိုလ်လှဟန် တပ်မှူးကြီးတပ်မှူးငယ်ဖြစ်ကြောင်း ရှင်းပြတော့ စွဲချက်ကြီးတခု ထပ်ပြီးတင်သည်။

ထိုစွဲချက်မှာ ဆွေးနွေးပွဲ မှတ်တမ်း စာအုပ်ကြီးတွင် ကွက်လပ်များပါနေသည်။ ထိုကွက်လပ်များမှာ သူတို့၏ယုံကြည်ရသော အတွင်းပိုင်းသတင်းအရ ဗကပနှင့် တော်လှန်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် ညှိကြခြင်း ဖြစ်သည်ဟု စွပ်စွဲသည်။ ဟန်တာသာမွှေးက လွဲပြီး လူမျိုးစုတွေအားလုံး တောထဲပြန်ကုန်ပြီ၊ ဘယ်လို လုပ်ကြမလဲ၊ ဗကပ (ဗမာနီ ) က တောထဲပြန်သွားဖို့၊ လူမျိုးစုတွေကို နောက်တခါ တောမောင်းပြီး (ဗမာညို ) စစ်အစိုးရအောက် ရောက်အောင် တောမောင်းပေးဖို့ တိုင်ပင်ကြခြင်း ဖြစ်သည်ဟု စွပ်စွဲသည်။ (သခင်စိုးက "ကျွန်ပွဲစားကြီး" ဟု စွပ်စွဲတာမျိုးနှင့် ဆင်သည်။)

မဟုတ်ပါဘူးဟု ပြောသော်လည်း မည်သို့မျှ ပြောမရ။ ထိပ်တန်းလျှို့ဝှက်ကိစ္စဖြစ်၍ သူ့ကို မဟုတ်ပါဘူးထက်လည်း ပိုမပြောနိုင်။ ဤသို့ဖြင့် ဆွေးနွေးပွဲပြီးသွားသည်။

မကြာခင်ကတော့ KNU ခေါင်းဆောင်တဦးနှင့် မှာလိုက်ရသည်။ သူစွပ်စွဲသလို မဟုတ်ကြောင်း၊ ၁၉၆၃ ဆွေးနွေးပွဲ မစခင်ကတည်းက တော်လှန်ရေးကောင်စီနှင့် နားလည်မှု ယူခဲ့ကြောင်း၊ ဆွေးနွေးပွဲ အောင်သည်ဖြစ်စေ၊ ပျက်သည်ဖြစ်စေ သခင်ဗသိန်းတင်သည် ဗကပ ကိုယ်စားလှယ်၊ အလုပ်ရှိရာ တရုတ်ပြည်သို့ ပြန်သွားမည်ဟု နားလည်မှု ယူထားကြောင်း၊ ဆွေးနွေးပွဲ ပျက်သောအခါ ပြန်သွားရေးဆွေးနွေးကြခြင်း ဖြစ်ကြောင်း၊ တရုတ်ပြည်က အထူးလေယာဉ် လာကြိုရေးကိစ္စပါနေ၍ သုံးဦးသုံးဖလှယ် ဆွေးနွေးရသလို ဖြစ်နေကြောင်း၊ ဆွေးနွေးပွဲ ပျက်ခါမှ အကြာကြီးဆက်ပြီး ဆွေးနွေးကြသည်မှာ ဒါကြောင့်ဖြစ်ကြောင်း မှာလိုက်ရသည်။ ဆွေးနွေးသည်ကလည်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ချင်းဖြစ်နေ – အပြန်အလှန်လည်း အကြာကြီးဆွေးနွေးနေ – ဆွေးနွေးသည့် အတွင်းသဘောကိုလည်း ဖော်မပြောဘဲ ကွက်လပ်ထားနေ – ဆိုတော့ မသင်္ကာစရာကြီး ဖြစ်နေသည်။ သူတို့ မသင်္ကာဖြစ်တာ မဆန်းပါ။

စစ်အုပ်စုတွင် လုပ်နည်းတခု ရှိသည်။ ထိုလုပ်နည်းကို ယခုပိုပြီး လုပ်နေသည်။ ထိုလုပ်နည်းမှာ တော်လှန်ရေးအင်အားစုများ အတွင်း သံသယပွားအောင် သတင်းလိမ်ကို တမင်ပေါက်ကြားပေးသည့်နည်း ဖြစ်သည်။ (SSIA ခေါင်းဆောင်များ မည်သည့်နေရာက ထိုသတင်းလိမ်ရသည်ကို ကျွန်တော်တို့ ခန့်မှန်းနိုင်ပါသည်။ မပြောသင့်၍ မပြောတော့ပါ။)

SSIA နှင့်တော့ မတိုက်ခဲ့ရပါ။ KIA နှင့် တိုက်ခဲ့ရသည်။ စစ်အစိုးရက ဝင်ပြီးအမြတ်ထုတ်တာ အကြိမ်ကြိမ်ခံခဲ့ရသည်။

"ငြိမ်းအဖွဲ့များ" ဖြစ်သောအခါ အချင်းချင်းရန်တိုက်ပေးသည့်နည်း စစ်အုပ်စုက အကြီးအကျယ်လုပ်သည်။

အဖွဲ့အစည်းအသီးသီးတွင် အတွင်း ပဋိပက္ခများရှိကြသည်။ ဗကပခွဲထွက်များ အတွင်း ရှိသလို မဟာမိတ်များအတွင်း၌လည်း ရှိသည်။ KIO အဖွဲ့အတွင်း ပဋိပက္ခပြင်းထန်နေသည် ဟုကြားရသည်။ ပါတီဗဟိုက မိမိရဲဘော်များအတွင်းရော၊ မဟာမိတ်များ အတွင်းမှာပါ ပြည်သူတွင်းပဋိပက္ခအဖြစ်နှင့် အကြိမ်ကြိမ်ဝင်ပြီး ဖြေရှင်းပေးခဲ့ရဖူးသည်။ စေ့စပ်ပေးခဲ့သဖြင့် ရန်/ငါ ပဋိပက္ခအဖြစ် မကူးပြောင်းခဲ့ပါ။

ငြိမ်းအဖွဲ့များခေတ်သို့ ရောက်သောအခါ စစ်အုပ်စုက ရန်/ငါ ပဋိပက္ခ အဖြစ်သို့ မရောက်ရောက်အောင် တွန်းပို့သည်။ ဤသို့ဖြင့် "ငြိမ်းအဖွဲ့" တချို့ ပျက်စီးသွားသည်။

သွယ်ဝိုက်မနေတော့ဘဲ ရှင်းအောင် ရေးမည်။

ဗကပ လက်ထက်က ကိုးကန့်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ နမ့်ဆန်၊ မိုးမိတ် ဒေသများသည် မြောက်ပိုင်းဗဟိုဌာနခွဲအောက်က ဖြစ်သည်။ လူမျိုးစုံသည်။

ခွဲထွက်ကြတော့ အားလုံး ဖုန်ညီအစ်ကိုအောက်ရောက်သည်။ ဖုန်ညီအစ်ကိုနှင့် ယန်ညီအစ်ကိုတို့ အတွင်းပဋိပက္ခ ကြီး

သည်။ ပါတီထဲ သူတို့ရှိစဉ်ကတော့ ပါတီက ပြည်သူတွင်းပဋိပက္ခအဖြစ် အကြိမ်ကြိမ် ဖြေရှင်းပေးခဲ့၍ ရန်/ငါ ပဋိပက္ခအဖြစ်သို့ တိုးပွားမသွားခဲ့။

"ငြိမ်းအဖွဲ့" ဖြစ်သောအခါ ပဋိပက္ခကို စစ်အုပ်စုက ဆွပေးသည်။ ဆွပေးဖို့လည်း လွယ်သည်။ သူဌေးဖြစ်လမ်း စီးပွားရေးအခွင့်အလမ်းများဖြင့် ဆွပေးလို့ရသည်။ ဘိန်းမူးယစ်ဆေးဝါးလုပ်ငန်းဖြင့်လည်း ဆွပေးလို့ရသည်။ သစ်ကန်ထရိုက်၊ ကျောက်မြက်တူးဖော်ခွင့် စသည်များဖြင့် ဆွပေးလို့ရသည်။

တိုင်းစစ်ဌာနချုပ်နှင့် ထောက်လှမ်းရေး အတိုင်အဖောက်ညီညီလုပ်ကာ ပဋိပက္ခကို ဆွပေးသည်။ (ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့် ပဋိပက္ခဟု ထင်ယောင်မှားသွားအောင် တမင်လုပ်ကြသည်။)

ဖုန်နှင့်ယန် ပဋိပက္ခမှာ (စစ်အုပ်စုက မြှောက်ပေး၍) အာဏာသိမ်းပွဲအထိ ဖြစ်သွားသည်။ ယန်ညီအစ်ကို အာဏာရသွားသည်။ ဖုန်တို့ ထွက်ပြေးရသည်။ မကြာပါ၊ ဖုန်တို့က ယန်တို့ကို ဖြုတ်ချကြသည်။ ငါးပျံတလှည့် ဗုံလုံတလှည့် ဖြစ်နေကြသည်။

ဤသို့ အာဏာသိမ်းပွဲ၊ တန်ပြန်အာဏာသိမ်းပွဲ ကိုးကန့်တွင် ဖြစ်နေသောအခါ ကချင်များ၊ ရှမ်းများ၊ ပလောင်များက မုံကိုဘက်တွင် သီးခြားထောင်ကြသည်။ သူတို့တွင်း၌လည်း အပြန်အလှန်အာဏာသိမ်းပွဲများ ဖြစ်သည်။ ဗကပလက်ထက်က ဝအမျိုးသားများ ဦးစီးသည့် ဝအများအပြားပါသည့် တပ်မဟာရှိသည်။ ထိုတပ်မဟာနှင့် ကိုးကန့်ပေါင်းပြီး အာဏာသိမ်းရန် ကြံစည်ကြသည်။ အသေးစိတ် တင်ပြမည်။

အာဏာသိမ်းမည့်အကြောင်း အသေးစိတ်အစီအစဉ်ကို လားရှိုးသို့ ကိုယ်စားလှယ်လွှတ်ကာ ထောက်လှမ်းရေးသို့ သွားပြောသည်။ ထလရ က ထိုသတင်းကို တိုင်းစစ်ဌာနချုပ်သို့ ပေးသည်။ လာပြောသူ ကိုယ်စားလှယ်ကိုလည်း ဖမ်းထားလိုက်သည်။ သတ်ပစ်သည်ဟုလည်း ကြားရသည်။ မသေချာပါ။ ပြန်မရောက်တာတော့ သေချာသည်။

စီစဉ်ထားသည့်အတိုင်း အာဏာသိမ်းပွဲလုပ်သည်။ လားရှိုးက မီးစိမ်းပြသည်ဟုထင်ပြီး လုပ်ကြခြင်း ဖြစ်သည်။ အာဏာသိမ်းတပ်ကို နအဖတပ်က ဆွေးနွေးရန်ဟု လိမ်ခေါ်ပြီး ဝခေါင်းဆောင်၊ တရုတ်ခေါင်းဆောင်များ အပါ တတပ်လုံးကို သတ်ပစ်လိုက်သည်။

အာဏာသိမ်းခံရဆဲ ဖြစ်နေသည့် ကချင်ခေါင်းဆောင်များကိုကား ဆွေးနွေးရန်ဟု လိမ်ခေါ်ပြီး ဖမ်းသည်။ တပ်ကိုလက်နက်ဖြုတ်ပြီး တပ်ဖျက်ပစ်လိုက်သည်။ ဤသို့ဖြင့် ၂ ဘက်စလုံး ချေမှုန်းခံလိုက်ရသည်။

သေသွားသူများရော အဖမ်းခံရသူများပါ သူတို့ခံရတာ ဗိုလ်ခင်ညွန့် မသိလိုက်ဘဲ ဗိုလ်မောင်အေးက လုပ်တာဟု ထင်သွားကြသည်။ ဗိုလ်ခင်ညွန့်သာသိလျှင် ထိုသို့မဖြစ်ဟု ထင်နေကြသည်။ မဟုတ်ပါ။ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့် ပူးပေါင်းပြီး လုပ်လိုက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ သတိပြုသင့်သည်မှာ ထောက်လှမ်းရေး၏တာဝန်မှာ ထောက်လှမ်းရန်သာဖြစ်သည်။ သူတို့က လက်နက်မဲ့ ရွာသားနှင့် မြို့ပေါ်မှယူဂျီ ဖမ်းနိုင်သည်။ သူတို့ခြေနိုင်လက်နိုင်ဆိုလျှင် သူတို့လုပ်လိမ့်မည်။ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော တိုက်ရည်ခိုက်ရည်ဝနေသော တပ်တတပ်ကို ချေမှုန်းချင်လျှင် သူက ထောက်လှမ်းရေး သတင်းပေးပြီး စစ်တပ်ကိုင်ထားသူ တပ်မှူးကိုသာ တင်ပြရသည်။

ထလရ ဗိုလ်ခင်ညွန့်နှင့် တပ်မှူး ဗိုလ်မောင်အေး ပူးပေါင်းပြီး 'စစ်ဦးစီးမှူး' လီညီမွန်၊ 'ပြည်သူ့အသံ' ကိုရဲအောင်ဦးစီးသည့် အင်အားသုံးလေးရာတပ်ကို တယောက်မကျန်လုပ်ကြံ ချေမှုန်းလိုက်ခြင်း ဖြစ်သည်။ ဗိုလ်ခင်ညွန့်အစအဆုံးသိသည်။ "ငြိမ်းအဖွဲ့" မှလက်နက်ကိုင်တပ်များ ဘယ်ရောက်ပြီး ဘာလုပ်နေသည်ကို အမြဲ ထောက်လှမ်းပြီး ဗိုလ်ခင်ညွန့်သို့ သတင်းပို့နေရခြင်း ဖြစ်သည်။ အချိန်နှင့်တပြေးညီ တင်ပြနေရခြင်း ဖြစ်သည်။

လက်နက်ကိုင်တပ် မပြောနှင့် အတိုက်အခံခေါင်းဆောင်များ၏ လှုပ်ရှားမှုတိုင်းကိုပင် ထောက်လှမ်းသတင်းပို့နေရသည်။ ၁၉၈၈ – ၈၉ က ဗိုလ်အောင်ကြီး၏လှုပ်ရှားမှုကို ထောက်လှမ်းရေးက အစီရင်ခံတင်ပြပုံကို ဥပမာပြမည်။

အောင်ကြီး မေမြို့သို့ ဘယ်ကားစီးပြီး ရောက်လာသည်။ ဘယ်မှာ တည်းသည်။ ဘယ်အချိန် မီးပိတ်ပြီးအိပ်သည် ထင်ရသည်။ မနက်ဘယ်အချိန် ထွက်လာပြီး ဘယ်သွားသည်။ ဘယ်သူ့ကို လက်ပြနှုတ်ဆက်သည်။ ဘယ်အိမ်ဝင်သည် စသဖြင့်ခြေလှမ်းတိုင်း၊ လှုပ်ရှားမှုတိုင်းကို ထောက်လှမ်းရေးဗဟိုသို့ သတင်းပို့နေသည်။

ကျွန်တော်တို့ ရဲဘော် (ဟောင်း) များက လားရှိုးသို့သွားပြီး ဘယ်လိုအာဏာသိမ်းမည်၊ ဘယ်မှာတပ်တွေစုထားသည် ဆိုသည်ကို အသေးစိတ် ထလရသို့ သံတော်ဦးတင်ကြသည်။ ထိုသတင်းကို ဗိုလ်ခင်ညွန့်က သတင်းထိန်ချန်ထားချင်၍ မရပါ။ ဗိုလ်မောင်အေးကို ပေးရသည်။ ဗိုလ်မောင်အေးက တပ်စုစည်းကာ ချေမှုန်းလိုက်ခြင်း ဖြစ်သည်။ လွယ်လှသည်။ လက်နက်ကိုင် တော်လှန်ရေး ကာလက ဤမျှအထိနာသောဆုံးရှုံးမှုမျိုး မရှိခဲ့ဖူးပါ။ ကျွန်တော်တို့က တော်လှန်ရေး သံယောဇဉ်ဖြင့် နာကျည်းကြေကွဲရသည်။

၁၉၆၂ ခုနှစ် အာဏာသိမ်းကတည်းက စစ်အုပ်စုတွင်း ဆက်ဆံရေးနှင့် ပတ်သက်ပြီး နေဝင်းက စနစ်တခု လုပ်ထားသည်။ တယောက်အလုပ် တယောက် ဝင်မစွက်ရ (ဘုရင်က နယ်စားပယ်စား ပေးသလိုမျိုး)၊ ဝင်စွက်လျှင် သူ့ကိုပြော၊ သူကအရေးယူမည်။ သူက ထလရများထားပြီးလည်း သတင်းယူသည်။ နံပါတ်တစ်လုပ်နည်းမှာ ဤအတိုင်း ဖြစ်သည်။

ဗိုလ်စောမြင့်ကို အောင်ကြီးနှင့် နီးစပ်သည်ဟု ထင်သောအခါ အမှုရှာ ထုတ်ပစ်လိုက်သည်။ မည်မျှပင်သန့်ရှင်းသူဖြစ်စေ အမှုရှာလို့ ရသည်ချည်းဖြစ်သည်။ ဒီချုပ်ဗိုလ်တင်ဦးအပေါ် အမှုရှာတာ၊ တခြားသူများအပေါ် အမှုရှာခဲ့တာကြည့်ပါ။

ခွေးအိုတော့ ခွေးမလေး၊ လူအိုတော့ လူမလေး ဖြစ်သွား၍သာ အခုနေဝင်း ခံလိုက်ရခြင်း ဖြစ်သည်။

နေဝင်းနည်းကို ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ လုပ်ချင်လည်း လုပ်မရပါ။ နဝတ – နအဖခေတ်တွင် နယ်စားပယ်စားများသည် တိုင်းပြည်ချင်း ဆက်ဆံသလို မူကြီး (၅) ချက်အရ ဆက်ဆံနေကြသည်။ လီညီမွန်ကိစ္စတွင် ငြိမ်းအဖွဲ့တွေအကြား ဗိုလ်ခင်ညွန့် ဩဇာကျသည်။ မတတ်နိုင်။

ခွဲထွက်များသာမက အမေရိကန်၊ ထိုင်း အိမ်နီးချင်းအားလုံးက ဗိုလ်မောင်အေးသာ (in charge) ဖြစ်သည်ဟု သိသွားသဖြင့် ထိုင်းက ဗိုလ်မောင်အေးကို မရမကဖိတ်သည်။ သူပြန်လာတော့ ဗိုလ်ခင်ညွန့်က ခွဲထွက်များကို

ဝက်အူရစ် တင်းသည်။ သတင်းစာများတွင် UWSA. ဖုန်ကြားစင်း ညွန်ကြားလွှာများ တွေ့လာရသည်။

ရှေ့တွင် ပြောခဲ့ပြီ။ ခွဲထွက် “ခေါင်းဆောင်” များသည် (တက်သည့်အစိုးရ တို့အစိုးရ လုပ်မည်ဟု) တင်ပြပြီးပြီ။ ယခု နောက်ပွင့်မည့် ‘မင်းဘုရား’ ကိုးကွယ်ကြ လိမ့်မည်။

“ခွဲထွက် ခေါင်းဆောင်များ” ဟု သုံးပါသည်။ တဖွဲ့လုံးဟု မသုံးပါ။ ဤနေရာတွင် ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ရမည်။ “ခွဲထွက် အောက်ခြေရဲဘော်များ” အပေါ် ပါတီက တာဝန်မကျေခဲ့ပါ။

အလွန်ပညာဆန်သော မာ့က်စ်ဝါဒ ကွန်မြူနစ်ဝါဒကို နားလည်လိုလျှင် စာတတ် ရသည်။ ကျွန်တော်တို့အနှစ် ၂၀ အတူနေခဲ့ပြီး သူတို့ကို စာတတ်သူများ (ဝစာ၊ ဗမာစာ၊ တရုတ်စာ ဘာစာမဆိုတခုခု) တတ်အောင် မလုပ်နိုင်ခဲ့ပါ။

ကျေးလက်တွင်အခြေခံလျှင် ပါတီ၏ အသွေးအရောင် (သတိမထားလျှင်) ညှိသွား တတ်သည်။ တပ်မှူးက ပဒေသရာဇ် အတွေး အခေါ်ဝင်ပြီး အောက်ခြေက ကျေးစိတ်ကျွန်စိတ် ဝင်တတ်သည်။ စာတခုခုတတ်အောင် သင် ထားလျှင် သူတို့ကျေးစိတ်ကျွန်စိတ် ဝင်ရန် ခဲယဉ်းသည်။ အချို့သော ရဲဘော်ဟောင်းများ မူးယစ်ဆေးစွဲ၊ အေအိုင်ဒီအက်စ်ဖြစ်ဟူသော သတင်းများ ကြားရလေ ယူကျုံးမရ ဖြစ်ရလေ ဖြစ်၏။

ယခုလည်း အခြားနေရာများတွင် ထိုသို့အချင်းချင်း ရန်ငါပင့်ပကွဲဖြစ်အောင်၊ အာဏာသိမ်းအောင် သွေးခွဲနေကြသည်။ သတိရှိသင့်ကြသည်။ ဗမာလူမျိုးကြီးဝါဒ သမားများသည် လက်နက်ဖြင့် အန်တုဖူးသော မည်သည့်လူမျိုးစု တပ်ဖွဲ့ကိုမဆို အာဃာတ ထားသည်။ အခွင့်သာလျှင် တပ်လုံးပြုတ် ချေမှုန်းလိုကြသည်ဟု သတိပေးလိုသည်။

“ငြိမ်းအဖွဲ့”များဖြစ်အောင် စီးပွားရေးမက်လုံးပေးပြီး သိမ်းသွင်းခဲ့ခြင်းဖြစ်ရာ စီးပွားရေးမက်လုံးသည်ပင် စစ်အစိုးရ၏ သွေးခွဲရေးလက်နက် ဖြစ်နေသည်။ မူးယစ်ဆေး – ဘိန်းလုပ်မလား၊ ကုမ္ပဏီထောင်မလား၊ ကျောက်တူးဖော်ရေး လုပ်မလား၊ သစ်ကွက် ကန်ထရိုက် လုပ်မလား၊ သတ္တုတူးလိုင်စင် ယူမလား၊ ကားသင်းထောင်မလား၊ တိုက်ဝယ် မလားအထိ ထလရကို အားကိုးနေကြရသည်။ ထောက်လှမ်းရေးက လွယ်လွယ်သွေးခွဲ၍ ရနေသည်။

အင်္ဂလိပ်ခေတ်၊ ဖဆပလခေတ်က ရှိခဲ့သည့် တောရှေ့နေအလုပ်မျိုး ထလရတပ်ဖွဲ့ တိုင်းက လုပ်သည်။ တောရှေ့နေသည် ဘာ ဥပဒေမှသင်မထား။ ဘာအာဏာမှလည်း မရှိ။ ဘယ်ကိစ္စ ဘယ်ရုံးသွားရမည်၊ လျှောက်လွှာ ဘယ်လိုတင်ရမည် သိသည်။ ဘယ်လိုအမှုမှာ ဘယ်သူအာဏာပိုင်သည်ကို သိသည်။

ထောက်လှမ်းရေးကလည်း တော ရှေ့နေလိုပဲ သိသည်။ အာဏာပိုင်ဝန်ကြီး ဌာနများသို့ သူကပဲ ဦးဆောင်ခေါ်သွားလေ့ ရှိသည်။ လိုသူကိုအားပေး မလိုသူကိုချောက်ချ လုပ်နိုင်သည်။ ဤနည်း ‘မက်လုံးပေးခြင်းနည်း’ ဖြင့် သွေးခွဲနေသည်။

တောရှေ့နေဦးဆောင်ရသည်က ရွာသားအမှုသည် ဖြစ်သည်။ ထလရ ဦးဆောင် ရသည်က ဒေသအာဏာပိုင် ခွဲထွက်များ ဖြစ်သည်။ အာဏာပိုင်သူ ဖြစ်မှလည်း စီးပွား ရေးလုပ်ငန်းလုပ်ရန် အရင်းအနှီးရှိနိုင်သည်။

အရင်းအနှီး စုဆောင်းတာကတော့ ဘိန်း မူးယစ်ဆေးလုပ်ငန်းဖြင့် စုနိုင်သည်။ တိုတိုရှင်းရှင်းပြောလျှင် ‘လော်စစ်ဟန်လမ်းစဉ်’ ဖြစ်သည်။ ကန်ထရိုက်/လိုင်စင်ရှိလျှင် အစုစပ် ဝင်ချင်သူအများကြီး ရှိသည်။

လော်စစ်ဟန်ကို အောင်ကြီးတို့လူစု မွေးစဉ်က လော်စစ်ဟန်မှာ ကိုယ်ပိုင်လက်နက် ကိုင်တပ်ကလေးရှိသည့် သာမန်ဘိန်းသမား ဖြစ်သည်။ စစ်အုပ်စုအဆက်ဆက်နှင့်တွဲရင်း တပည့်ခံရင်း လုပ်ငန်းပေါင်းစုံလုပ်သော လုပ်ငန်းရှင်ကြီး ဖြစ်လာသည်။

“ငြိမ်းအဖွဲ့” ခေါင်းဆောင်များ ကိုလည်း စစ်အုပ်စုက လော်စစ်ဟန်ကို တွဲခေါ် သလို ခေါ်နေခြင်း ဖြစ်သည်။ သို့သော် “ငြိမ်း အဖွဲ့”နှင့် “လော်စစ်ဟန်” အခြေခံချင်း မတူကြပါ။ ကြီးမားသောကွဲလွဲချက် ရှိနေသည်။

ကွဲလွဲချက်ကိုသိရန် သမိုင်းကို လှန် မည်။ တချိန်က လော်စစ်ဟန်ရော ဖုန်ကြားစင်း ပါ ကိုးကန့်စော်ဘွားလက်နက်ကိုင်တပ်မှ ဖြစ်သည်။ နောက်ကျတော့ တယောက်က စစ်အုပ်စုနောက်လိုက် ဖြစ်သွားပြီး တယောက် က ဗကပတပ်ထဲ ရောက်သွားသည်။ ဗကပထဲ ရောက်တာ ခဏမဟုတ်၊ နှစ် ၂၀ ကျော်သည်။

လားရှိုးရောက်သည့်ဗိုလ်များက လော်စစ်ဟန်ကို ကွန်မြူနစ်ဆန့်ကျင်ရေး အမာခံအဖြစ် မြှောက်စားကြသည်။ သူတို့ အကျိုးလည်းရှိ၍ အလွန်မြှောက်စားသည်။ သာမန်ဘိန်းကုန်သည်ကနေ သူဌေးကြီး ဖြစ်သွားသည်။

လော်စစ်ဟန်၏ဆရာက များ သည်။ ဗိုလ်အောင်ကြီးဦးစီးသည့် ဆိုရှယ်လစ် ဗိုလ်များကစပြီး နောက်ဆုံး လားရှိုးတိုင်းမှူး အထိ ဖြစ်သည်။ ထိုတိုင်းမှူးများ ဝန်ကြီးတွေ၊ သမ္မတတွေဖြစ်ကြတော့ လော်စစ်ဟန်၏ စီးပွားရေးအင်ပါယာ ကျယ်ပြန့်လာသည်။ လော်စစ်ဟန်သည် တယောက်တည်း၏ တပည့် မဟုတ်ပါ။ လားရှိုးရောက်သည့် ဗိုလ်တိုင်းက အင်္ဂလိပ်သစ်လုပ်ငန်း မန်နေဂျာ များ ‘ဘိုကတော်’ လွှဲနည်းလွှဲသွားကြ၍ အားလုံး၏တပည့် ဖြစ်သည်။

အင်္ဂလိပ် မန်နေဂျာများသည် ဗမာပြည် စရောက်ရောက်ချင်း တောမယား ယူကြသည်။ လူမျိုးစု အမျိုးသမီးများ ‘ဘိုကတော်’ ဖြစ်ကြသည်။ မန်နေဂျာဟောင်း ဘိလပ်အပြီးပြန်လျှင် နောက်ရောက်သည့် မန်နေဂျာသစ်ကို ‘ဘိုကတော်’ အားလွှဲပေး ခဲ့သည်။ လက်ပြောင်းလက်လွှဲ အများကြီး အလုပ်ခံရသော ‘ဘိုကတော်’ သည် ထိုဒေသ ၏ အကြီးဆုံးသူဌေး ဖြစ်ကျန်ရစ်သည်။ အရွယ် ကျသွား၍ ‘ဘိုကတော်ကျ’ ဖြစ်သွားလျှင် လည်း မပူပင်ရတော့ပါ။

လော်စစ်ဟန်ကိုလည်း စစ်အုပ်စု ဝင်များ ဘိုကတော်လွှဲသလို လွှဲပေးခဲ့ကြ၍ ဗမာပြည်တွင် အကြီးဆုံးသူဌေး ဖြစ်နေသည်။ (ဖုန်ကြားစင်းသည် လော်စစ်ဟန်ကို အားကျသည်၊ အမိုကောင်း ရသွားသူဟု ထင် သည်။ ဖုန်ကြားစင်းခွဲထွက်တော့ လော်စစ်ဟန် သားအဖ လာပြီး စစ်အုပ်စုနှင့် ခင်ညွန့်နှင့် အောင်သွယ်ပေးခဲ့ခြင်း ဖြစ်သည်။)

ဗကပတပ်ထဲရှိစဉ်က ဖုန်ကြားစင်း ကို စစ်အုပ်စုက ‘ဖွတ်ကြားရှင်’ ဟု ခေါ်သည်။ “ငြိမ်းအဖွဲ့” ဖြစ်သောအခါ ‘ဦးဖုန်ကြားရှင်’ ဖြစ်လာသည်။ ဘယ်တော့ ဖွတ်ကြားရှင် ပြန် ခေါ်မည် မပြောတတ်ပါ။

“ငြိမ်းအဖွဲ့” ခေါင်းဆောင်များနှင့် စစ်အုပ်စု တူတာတခု ရှိသည်။ ၎င်းမှာ အာဏာ ကိုင်ပြီး စီးပွားရေးလုပ်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် အာဏာကိုအမိအရ ကိုင်ထားရ သည်။ အာဏာမရှိလျှင် ဘာမှမရှိနိုင် – ရှိထား

တဲ့ စီးပွားရေးအားလုံး ဆုံးရှုံးရမည်ကိုသိ၍ အာဏာရထားသူက အာဏာကို လက်မလွှတ်ရေး၊ အာဏာမရသူကလည်း အာဏာရရေး။ ဤပဋိပက္ခ အမြဲရှိနေမည်။ အာဏာလက်လွှတ်သွားသူက အာဏာပြန်ရရေး (နေဝင်း လုပ်သလို) ပဋိပက္ခလည်း ရှိသည်။

ကိုးကန့်၊ မုံကိုအဖွဲ့မှာ ထလရကို မှီခိုနေရရာ ထလရက သူတို့အတွင်းရေးကို မသိချင်အဆုံး ဖြစ်သည်။ နောက်ဆုံးတွင် အချိန်ကျလာသောအခါ ပဋိပက္ခ ဘက်နှစ်ဘက်စလုံးကို ချေမှုန်းပစ်လိုက်သည်။ ဗကပ ဗဟိုက လုပ်ပေးသလို စေ့စပ်ပေးနေမည်မဟုတ်။

ယခုအထိ မုံကိုမှ လက်နက်ကိုင်လက်ကျန်များက ဗိုလ်ချုပ်ခင်ညွန့်မသိလိုက်လို့ ဖြစ်သွားတာ။ ဗိုလ်ချုပ်မောင်အေးလုပ်လို့ ခံလိုက်ရတာဟု ထင်နေဆဲဖြစ်သည်ဟု ကြားရသည်။

သူတို့သည် ဗမာလူမျိုးကြီးဝါဒီ စစ်အုပ်စုနှင့် ၁၀ နှစ်ပဲ ဆက်ဆံခဲ့ရသူများ ဖြစ်သည်။ တန်းတူရည်တူလည်း ဆက်ဆံခဲ့ရခြင်း မဟုတ်၊ ညွှန်ကြားသူနှင့် ညွှန်ကြားခံ ဆက်ဆံရေး ဖြစ်သည်။ ဗကပ က နှစ် ၆၀ ဆက်ဆံခဲ့သည်။ နှစ် ၆၀ ဟိုဘက်ကလည်း ကျောင်းနေဖက်များ၊ တမြို့တည်းသားများ ဖြစ်သည်။ တချို့ဆိုလျှင် ဆွေမျိုးသားချင်းတောင် တော်ကြသည်။ သူတို့စစ်အုပ်စုအကြောင်း ဗကပလောက်သိသူ မရှိပါ။ ၁၉၄၇ ပင်လုံညီလာခံ ပျက်မလိုလိုဖြစ်တုန်းက အင်္ဂလိပ်က ရှမ်းပြည်ကို သီးခြားတိုင်းပြည်အဖြစ် ဖွဲ့ပေးခဲ့လျှင် တိုက်ပစ်ရမည်ဟု ပြောနေကြသူများဖြစ်သည်။ ရှမ်းပြည်မှ ပြည်ချစ်ပုဂ္ဂိုလ်များကျေးဇူးကြောင့်သာ ပြည်ထောင်စုတခု ပေါ်ခဲ့ခြင်း ဖြစ်သည်။ အခါအခွင့်သင့်တိုင်း ကွန်မြူနစ်များက ထိုပြည်ချစ်ပုဂ္ဂိုလ်များကို ချီးကျူးဂုဏ်ပြုနေမည် ဖြစ်သည်။

စစ်အုပ်စုသည် လူမျိုးစုများအပေါ် အစွဲအလမ်း ရှိသည်။ လက်နက်ကိုင်ပြီး အန်တုခဲ့သူများအပေါ်တွင်ကား အစွဲအလမ်းသာမက ရန်ငြိုးပါ ရှိသည်။ ဤအချက်ကို လူမျိုးစုတိုင်း မမေ့သင့်။

**ဗမာလူမျိုးကြီးဝါဒ၏အစွဲအလမ်းများ**

အကြီးဆုံးအစွဲအလမ်းမှာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား အစွဲအလမ်းဖြစ်သည်။ န၀တ – နအဖ အစိုးရက အမွှမ်းတင်လွန်းသည်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ကို လွန်လွန်ကျူးကျူး အမွှမ်းတင်လွန်းလျှင် ဗမာလူမျိုးက ကျေနပ်နိုင်မည်ဖြစ်သော်လည်း မွန်၊ ရခိုင်တို့က အနာဟောင်းဆွပေးသလို အခံရခက်ကြမည်။

စစ်အုပ်စုက တမင်လုပ်နေခြင်း ဖြစ်သည်ဟု ကွန်မြူနစ်များကထင်သည်။ စစ်အင်အားနဲ့ထိန်းမှ ငြိမ်မည်၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လို လုပ်မည်ဟု လူမျိုးစုများကို တဖက်လှည့် ခြိမ်းခြောက်နေခြင်းဟု မြင်သည်။

ဒီချုပ်ကိုလည်း လူမျိုးစုများအရေးမှာ ပျော့ညံ့ညံ့လုပ်လျှင် ခံရမည်ဟု ပြောလိုဟန် ရှိသည်။

နယ်ချဲ့ဆန့်ကျင်ရေးကို ဇောင်းပေးစဉ် ဘီအိုင်အေခေတ်က ရာဇာဓိရာဇ်ကိုပါ ထည့်ပေးခဲ့သည်။ ဘီအိုင်အေတပ်တွင် မွန်တွေ အများကြီး ပါနေသည် မဟုတ်လော။ ထို့ကြောင့် ဖာဖာထေးထေးလုပ်ခြင်း ဖြစ်သည်။

မည်သို့ပင် ဖာဖာထေးထေး လုပ်သည်ဖြစ်စေ ပြီးခဲ့သောသမိုင်းကို ပြင်နိုင်မည် မဟုတ်ပါ။ သမိုင်းကို ပြန်လှန်နေကြလျှင် အနာဟောင်းများသာ ကြွထလာလိမ့်မည်။ အားလုံးကျေနပ်အောင်လည်း လုပ်၍မရပါ။ ထို့ကြောင့် ပဒေသရာဇ် အစွဲအလမ်းများအားလုံးကို ဖျောက်ရပါမည်။ အစွဲအလမ်းများရှိနေလျှင် သွေးကွဲရေးကိုသာ ဖြစ်စေလိမ့်မည်။

ရှေ့ကတင်ပြခဲ့သလို စစ်အုပ်စုသည် လက်နက်နှင့် အန်တုဖူးသူများကို လက်စားချေချင်နေသည်။ လေးငါးသိန်းရှိသည့် တပ်ကြီးရှိခိုက် အသာစီးမှနေကာ အကြွေးဟူသမျှ ရှင်းချင်နေသည်။

စစ်အုပ်စု ဤသို့လုပ်နေလျှင် ပြည်ထောင်စုပြဿနာ မရှင်းနိုင်ယုံမက သံသရာတပတ်လည်ပြီး ‘သီးခြားတိုင်းပြည်’၊ ‘ခွဲထွက်ရေး’ အယူအဆများ ပြန်၍အားကြီးလာလိမ့်မည်။ ပြည်ထောင်စုပြဿနာလည်း ရှင်း၍ရတော့မည် မဟုတ်ပါ။

နောက်အစွဲအလမ်းတခုက အမျိုးသားရေးနှင့် ပါတီရေးကို ခွဲခြားခြင်း ဖြစ်သည်။

အမျိုးသားရေးဆိုသည့် အတွေးအခေါ်မှာ ခေတ်ပေါ်စမှ ပေါ်သည့် အတွေးအခေါ် ဖြစ်သည်။ ခေတ်တွေးခေါ် မြော်မြင်မှု ဖြစ်သည်။

ပဒေသရာဇ်ခေတ်က ဂျာမဏီပြည်ဟူ၍မရှိပါ။ ဂျာမန်လူမျိုးများ၏ ပဒေသရာဇ်တိုင်းငယ်ပြည်ငယ်ကလေးများ ၃၀၀ ကျော်ရှိသည်ဟု ဆိုကြသည်။ ဟုတ်လိမ့်မည်။ ဗမာပြည်တွင်လည်း ထိုမျှလောက်ပင် ရှိခဲ့သည်ဟု ပြောရမည် ထင်သည်။

စစ်ကိုင်း၊ အင်း၀၊ ပင်းယ တိုင်းပြည်များသည် တခေါ်သာဝေးသည့် တိုင်းပြည်များဖြစ်သည်။ အားလုံးကလည်း ဗမာများဖြစ်သည်။ ပဒေသရာဇ်ချင်းသာမက လူထုချင်းကလည်း ဆွေမျိုးတော်စပ်နေသည်။ သို့သော် တိုက်ချင်လျှင် ထတိုက်ကြသည်။ မိုးညှင်းမှရှမ်း၊ မဏိပူရမှကသည်းတို့နှင့် မဟာမိတ်ပြုပြီး တဖက်တိုင်းပြည်ကို တိုက်ချင်တိုက်သည်။

ယခု ရှမ်းပြည်ဟုခေါ်သော နေရာတွင်လည်း တိုင်းပြည်တွေ အများကြီးရှိသည်။ ဗမာများက မိုးညှင်း၊ မိုးကုတ်၊ မိုးမိတ်၊ မိုးလိုခေါ်သော ‘မိုး’များသည်လည်းကောင်း၊ မိုင်းတုံ၊ မိုင်းလုံ၊ မိုင်းရှူး၊ မိုင်းနောင်ဟုခေါ်သော ‘မိုင်း’များသည်လည်းကောင်း တိုင်းပြည်များဖြစ်သည်။ ၁၉၅၀ ခုနှစ်များအထိ အိမ်ခြေသုံးလေးရာစီမျှရှိသော ကျောက်ဂူနှင့် နောင်လုံမှ လူများက ကျောက်ဂူပြည်၊ နောင်လုံပြည်ဟုခေါ်နေကြဆဲဖြစ်သည်။ လူမျိုးအရတော့ နှစ်နေရာစလုံး ရှမ်းများ၊ ဓနုများ ဖြစ်သည်။ နောင်လုံသားက ကျောက်ဂူသွားလျှင် ကျောက်ဂူပြည်သွားသည်ဟု ပြောကြသည်။ ဗမာ၊ ရှမ်း တွေသာ မဟုတ်၊ မွန်၊ ရခိုင်လည်း ထိုသို့ပင် ဖြစ်သည်။

ပဒေသရာဇ်တိုင်းသည် ထီးဆောင်းမင်းတို့၏ဘုရင် တိုင်းပြည်တရာ၏မင်း ဘွဲ့ခံလိုကြသည်။ တရာမပြည့် ပြည့်အောင် စစ်အင်အားရှိလျှင် နယ်ပယ်ချဲ့မည်။ မရှိလျှင်လည်း တရာပြည့်အောင် စာရင်းချမည် ဖြစ်သည်။

အထက်ဗမာပြည် ကွက်ကွက်ကလေးတွင် မင်းလုပ်သော မင်းတုန်းမင်းကို ‘ရာပြည့်မင်း’ဟု မြှောက်သူက မြှောက်သည်။ မင်းတုန်းမင်းကလည်း ကျေနပ်သည်။ မြှောက်သူရောဘုရင်ပါ စိတ်မသိုးမသန့် မဖြစ်ကြပါ။

ဤမျှရေးနေရခြင်းမှာ ပဒေသရာဇ်ခေတ်က အမျိုးသားရေးစိတ် မရှိကြောင်း တင်ပြလို၍ဖြစ်သည်။ ယခု စစ်အုပ်စုခေတ်တွင် ပါတီရေးနှင့် အမျိုးသားရေးကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက် ဖြစ်လေဟန် ပြောနေကြသည်ကိုလည်း ကွန်မြူနစ်များသဘောမတူပါ။

ပါတီရေးလုပ်လေတိုင်း အမျိုးသားရေးနှင့် ဆန့်ကျင်သည် မဟုတ်ပါ။ ဘာ

လုပ်သလဲဆိုတာက အခရာကျသည်။

နအဖက သူတို့ကို အမျိုးသားရေး ဦးဆောင်မှုအခန်း ပေးရမည်ဟု ပြောနေသည်။ စစ်အုပ်စုလုပ်တာမှန်သမျှ အမျိုးသားရေး၊ ဒီချုပ်လုပ်တာ မှန်သမျှ ပါတီရေးဟု ပြောချင်နေသည်။

ကွန်မြူနစ်တို့အမြင်အရဆိုရလျှင် စစ်အုပ်စုက လုပ်သည်ဖြစ်စေ၊ ဒီချုပ်က လုပ်သည်ဖြစ်စေ ဗမာပြည်၏ အဆင့်နေရာကို နိမ့်ကျအောင်လုပ်လျှင် အမျိုးသားဆန့်ကျင်ရေး ဖြစ်သည်ဟု မြင်သည်။ တိုင်းပြည်အဆင့်နေရာ မြင့်တက်အောင်လုပ်လျှင် မည်သူလုပ်လုပ် အမျိုးသားရေးတာဝန် လုပ်သည်ဟု ယူဆသည်။

## နိဂုံး

အစီရင်ခံခဲ့တာ များလှပြီ။ အောက်ပါအတိုင်း နိဂုံးချုပ်ပါသည်။

ပြည်ထောင်စုစစ်စစ် ထူထောင်ရေး နီးနှောပွဲတွင် ပြည်ထောင်စုမှုကို လက်ခံသူများသာ ပါသင့်သည်။

သားသတ်လိုင်စင်စီ ကဇော်သမားကို ‘ငါးပါးသီလမြဲရေး’ အစည်းအဝေး မဖိတ်သင့်သလို ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေး နီးနှောဖလှယ်ပွဲတွင် စစ်အုပ်စုကို မဖိတ်သင့်ပါ။ စစ်အုပ်စုက ငါတို့လည်းပါချင်သည်ဟု ပြောလျှင် နီးနှောဖလှယ်ပွဲ ဦးစီးကျင်းပသည့် အာဏာပိုင်က သူ့အဖွဲ့ထဲထည့်ပြီး ခေါ်လာလို့ရသည်။ ဦးနုတုန်းက သူ့သန့်ရှင်းအဖွဲ့လည်း မပါ၊ အစိုးရအဖွဲ့ ကိုယ်စားလှယ်လည်း မပါဘဲ ပြည်ထောင်စုအခြေခံဥပဒေ ပြင်ဆင်ရေး နီးနှောဖလှယ်ပွဲ လုပ်ခြင်းသည်မှားသည်။ (သူကလည်း နိုင်ငံရေးကစားချင်၍သာ၊ မဲရရေးမိုခိုခဲ့ရ၍သာ နီးနှောဖလှယ်ပွဲ လုပ်ပေးခြင်း ဖြစ်သည်။ မရိုးသားပါ။ စေတနာကောင်း မရှိခဲ့ပါ။)

ဤတွင် “စစ်အုပ်စု”ဆိုသည်မှာ – နှင့်ပတ်သက်သော ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ချက်ကို တင်ပြပါမည်။

စစ်အုပ်စု ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေး စစ်တပ်အတွင်း တာဝန်ထမ်းဆောင်နေရင်း နိုင်ငံရေးလုပ်နေသူများကို ဆိုလိုခြင်း ဖြစ်သည်။ တော်လှန်ရေးကောင်စီ၊ မဆလ အလုပ်အမှုဆောင်၊ နဝတ နအဖ မည်သည့်နာမည်ယူထားထား တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းက နိုင်ငံရေးလုပ်နေခြင်းကို ဆိုလိုသည်။

စစ်အုပ်စုက အင်အားစုတခုအဖြစ် နီးနှောဖလှယ်ပွဲတွင် ပါနေလျှင် နီးနှောပွဲတက်သော တခြားပါတီများ အင်အားစုများက ရိုက်မစစ်ရဘဲ ဖော်ကောင်လုပ်နေရသလို ဖြစ်လိမ့်မည်။

ဒီမိုကရေစီရှိသည်ထင်ပြီး စွတ်ပြောကြလျှင် ဒုက္ခတွေ့မည်။ စပ်ရွှေသိုက်၊ စပ်ခွန်ချို၊ စပ်ကြာဆိုင်တို့ နမူနာထက် ပိုဆိုးလိမ့်မည်။ သူတို့မကြိုက်တာ ပြောမိလျှင် အာဏာသိမ်းလိမ့်မည်။ သူတို့လုပ်နေသော “အမျိုးသားညီလာခံ” မျိုးဆိုလျှင်လည်း အဓိပ္ပာယ်မရှိ။ ဒီချုပ် သပိတ်မှောက်သလို မှောက်ရလိမ့်မည်။

နောက်ရှင်းစရာက စစ်အုပ်စုဝင်ဟောင်းများပြဿနာ ဖြစ်သည်။ အကျယ်တင်ပြစရာ မရှိပါ။ ဒီချုပ်နှင့် တစညတို့ကိုပဲ ကြည့်ပါ။ သူတို့သည် စစ်တပ်ကထွက်လာပြီး နိုင်ငံရေးလုပ်နေကြခြင်း ဖြစ်သည်။ ကြိုဆိုပါသည်။

နဝတ နအဖ လက်ထက်တွင် စစ်အုပ်စုဝင်ဟောင်းများချည်း နိုင်ငံရေးလုပ်နေကြသည် မဟုတ်လော။ သူများတွေ ထောင်ထဲတွင် အရိုးထုတ်ရမလို ဖြစ်နေခိုက် သူတို့သာ ဘေးကင်းရန်ကင်း ဖြစ်နေသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အလွန်နီးစပ်သော ဗိုလ်တင်ဦးတယောက်သာ ထောင်ထဲရောက်သည်။ ချူရင်ဘာ့ဂ်ဟု အာချောင်မိသော ဗိုလ်ကြည်မောင် စတိသဘော ထောင်ထဲရောက်သည်။ စိတ်မဆိုးဘဲ ကျွဲမြီးတိုသောဗိုလ်ခင်ညွှန့် ပညာပြလိုက်ခြင်း ဖြစ်လိမ့်မည်။ နောက်တော့ ဗိုလ်ကြည်မောင် လေသံပျော့သွားသည်။ သူလည်း ‘သက်တော်ရှည်ဝန်ကြီး’ လက်မှတ် ရလိုက်ဟန် ရှိ၏။

အောင်ကြီး အမေရိကန် ထွက်ပြောတာမျိုး ဒီချုပ်ရောက်ဗိုလ်များ ပြောကြည့်ပါ။ ‘သက်တော်ရှည်’ ဘဝက လျှောကျမည် မလွဲပါ။

တစည သည်လည်း တပ်ထွက် စစ်ဗိုလ်တွေ ဖြစ်သည်။ သူတို့နိုင်ငံရေးလုပ်တာ ကြိုဆိုသည်။ သူတို့အခုလုပ်နေတာ သိပ်အားမရလို့ များများကြေညာချက်ထုတ်ပါ များများပြောပါဟုပင် ဗကပ က အားပေးနေသည်။

နဝတ နအဖ ဗိုလ်ချုပ်ကြီး၊ ဒုဗိုလ်ချုပ်ကြီးများကိုလည်း အထူးတလည် ပန်ကြားလိုပါသည်။ တပ်ကထွက်ပြီး နိုင်ငံရေးလုပ်ကြပါ။ ပြည်ထောင်စုစစ်စစ် ဖော်ထုတ်ရေး နီးနှောဖလှယ်ပွဲတက်ပြီး တိုင်းပြည်အတွက် ပြောကြဆိုကြ အကြံပေးကြပါဟူ၍။

၁၉၄၅ ကတည်းက ဗမာပြည် နိုင်ငံရေးလောက အသွင်ပြောင်းခဲ့ပါသည်။ တော်လှန်ရေးသမားတွေ၊ စစ်ဗိုလ်ဟောင်းတွေပဲ နိုင်ငံရေးလောကတွင် တွင်ကျယ်သည်။ ခေတ်ဟောင်းနိုင်ငံရေးသမားများ ဘေးထိုင်ဘုပြော ဖြစ်သွားသည်။

ယခု နှစ်ပေါင်း ၅၇ နှစ်ရှိသောအခါ ထိုမျိုးဆက်ပြတ်တော့မည်။ မျိုးဆက်သစ်ခေတ်တွင် ဗိုလ်ချုပ်ကြီးများ တပ်ထွက်ပြီး နိုင်ငံရေးလောကသို့ ဝင်သင့်ပါကြောင်း တင်ပြရင်း အစီရင်ခံစာကို နိဂုံးချုပ်ပါသည်။

(အစီရင်ခံစာ ၂ စောင်တွင် ပြဿနာများအားလုံး ပွင့်တိုင်နေအောင် ထည့်ပေးပြီးဖြစ်၍ နောက်ထပ်အစီရင်ခံစာရေး တင်ပြရန် မရှိတော့ပါ။)

# မြစ်ဝကျွန်းပေါ် ကရင် – ဗမာ အရေးအခင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇော၏ ပြောကြားချက်

မြစ်ဝကျွန်းပေါ် ကရင် – ဗမာအရေးအခင်းနှင့်ပတ်သက်ပြီး ၁၉၉၇ ခုနှစ်တွင် ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇောက အောက်ပါအတိုင်း သုံးသပ်ပြခဲ့သည်။

– ရွှေထွန်းကြာတို့ ကရင်သူပုန်အဖွဲ့ကို တိုက်မနိုင်လို့ မြောင်းမြ ဘီအိုင်အေအုပ်ချုပ်ရေးတာဝန်ခံတွေရော၊ စစ်ဘက်တာဝန်ခံတို့ကပါ ကျွန်တော့်ထံ အကူအညီတောင်းကြတယ်။

– ကျွန်တော့်တပ်အားလုံးနီးပါးဟာ ထိုင်းနယ်စပ်ကဖွဲ့လာတဲ့ ထိုင်းရှမ်းနဲ့ ထိုင်းဗမာမျိုးဆက်တွေဖြစ်ပြီး မြန်မာစကား အားလုံးလိုလို မတတ်ကြ၊ တပ်ခွဲမှူးများသာ မြန်မာစကား တတ်ကြတယ်။ တပ်ကူလွှတ်သင့်မသင့် စဉ်းစားနေစဉ် ကျွန်တော့်ကို အကူအညီများ၊ အကြံဉာဏ်များပေးနေတတ်တဲ့ သခင်ဗိုလ်က “ဒီတပ်မျိုးတွေမလွှတ်နဲ့၊ ဒီကိစ္စငြိမ်းချမ်းစွာဖြေရှင်းတာကောင်းတယ်။ ကရင်တွေအပေါ် ဩဇာရှိတဲ့ ရန်ကုန်သရက်တော ကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ ကရင်ဘုန်းကြီး ဦးပဏ္ဍာဝကို ချဉ်းကပ်ကာ ဒီဒေသအတွင်းလှည့်ပြီး ငြိမ်းချမ်းရေးတရား ဟောပြောနားချစေရင် ငြိမ်းချမ်းရေးရနိုင်တယ်။” လို့လည်း အကြံပြုတယ်။

(ပထမပိုင်းတွင် မအောင်မြင်ဘဲ ဆရာတော်ကို လုံခြုံရေးလိုက်လုပ်ပေးနေတဲ့ တပ်သားနှစ်ဦး– နောက်တခါ တဦးအသတ်ခံရသည်) ဆရာတော်က စိတ်မပျက်ဘဲ ဆက်ဟောပြောရာမှ အခြေအနေ အေးချမ်းစပြုလာသည်။

– ဒီအချိန်မှာ မီနာမီကီကန်းမှ ဂျပန်တွေ ဒီကိစ္စသိသွားပြီး ဒီငြိမ်းချမ်းရေးကိစ္စ သူတို့လုပ်မယ်ဆိုပြီး ဆရာတော်မပါတော့ဘဲ၊ ဟိုင်းနန်ကျွန်းမှာ ကျွန်တော်တို့ဆရာမဟုတ်တဲ့ တပ်ရာထူးလက်ဖတင်နင်၊ ဘီအိုင်အေတပ်ရာထူး ဗိုလ်မှူးကြီး(ကာနယ်) ဖြစ်သူ (နာမည်ကောင်းစွာမမှတ်မိ အီဂျီမားလို့ ထင်သည်) ၎င်းကိုယ်တိုင်ခေါင်းဆောင်ပြီး ကျွန်တော့်တပ်စုကလေးနှင့် ငြိမ်းချမ်းရေးတရားဟောဖို့ ဆရာတော်သွားတဲ့ဒေသတွေဆီ ထွက်တယ်။

– မေလဆန်း ညတညမှာ ကျွန်တော်အိပ်နေစဉ် မီနာမီကီကန်းမှ ဗိုလ်မိုးကြိုးလွှတ်လိုက်တဲ့ ဂျပန်နှစ်ယောက် အိမ်ကင်းစောင့်ကို အတင်းဆွဲခေါ်ပြီး ကျွန်တော့်ကို အတင်းနှိုးပြောတာက မြောင်းမြလှည့်သွားနေတဲ့ကာနယ် ကျဆုံးသွားပြီ။ နယူးဒေလီ ရေဒီယိုက ဂျပန်တပ်တခုကို ဗြိတိသျှလိုလားသော ကရင်ပြောက်ကျားတွေက ချုံခိုတိုက်ခိုက်ရာ ဂျပန်ကာနယ် ဗိုလ်မှူးကြီးတဦး ကျဆုံးသွားကြောင်း အသံလွှင့်လို့ တိုကျိုက သက်ဆိုင်ရာကတဆင့် (ဗိုလ်မိုးကြိုး) ကာနယ်စူဇူကီးကို အမြန်ဒီကိစ္စအရေးယူခိုင်းလို့ နက်ဖြန် ဗိုလ်မိုးကြိုး ဒီဒေသသွားမယ်။ ခင်ဗျားပါ လိုက်ရမယ်။ ခင်ဗျားတပ်တွေချက်ချင်း နက်ဖြန်ထွက်နိုင်အောင် လုပ်ရမယ်ဆိုလို့ ကျွန်တော် တပ်ခွဲသုံးခွဲကျော်လောက် တပ်ပြင်ပြီး နောက်နေ့ ဗိုလ်မိုးကြိုးနဲ့လိုက်ရပါတယ်။

– မြောင်းမြတိုက်ပွဲဖြစ်ရာနေရာ သွားကြသည်။ ကျဆုံးသွားသော ဂျပန်ကာနယ်အလောင်းရှာဖွေရယူပြီး မီးသင်္ဂြိုဟ်၊ အရိုးအိုး ယူပါသည်။ ဒီနောက်ဗိုလ်မိုးကြိုးသည် ကရင်သူပုန်အခြေစိုက်ရာဒေသရွာတွေကို နှစ်ပတ်မျှ လက်စားချေတိုက်ခိုက်ရန် ချီတက်ပါသည်။ ထိုအတွင်း ငြိမ်းချမ်းရေးလုပ်နေတဲ့ ကျွန်တော့်တပ်စုကလေးလည်း အတော်အထိနာပြီး ခေါင်းဆောင် လက်ဖတင်နင် ဗိုလ်ကလေးလည်း ကျဆုံးသွားပြီ ထင်ပါတယ်။

– ဗိုလ်မိုးကြိုးက သူပုန်ရှိတယ်ယူဆရတဲ့ရွာတွေကို အတင်းတက်သိမ်းပိုက်ခိုင်းပြီး ခုခံရင် အားလုံးကို တိုက်ခိုက်သတ်ဖြတ်ပစ်ဖို့ ကျွန်တော့်တပ်မှူးတွေကို တိုက်ရိုက်အမိန့်ပေးသည်။ တခါတရံ ကျွန်တော်ကတဆင့် အမိန့်ပေးသည်။

– ဒီလိုနဲ့ တပတ်လောက်ကြာ တိုက်ခိုက်သတ်ဖြတ်ပွဲတွေ ဖြစ်ပါတော့သည်။ ကျွန်တော်က ခုခံတဲ့ရွာသားတိုက်ဖို့၊ မခုခံရင်တရားဟောပြီး လက်နက်တွေအပ်ခိုင်း သိမ်းခဲ့ဖို့တပ်မှူးတွေကို ပြောသည်။

– ဒီလိုနဲ့တိုက်ခိုက်သတ်ဖြတ်မှုတွေဟာ သိပ်များမယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။ နောက်ရန်ကုန်ပြန်ရောက်ပြီး လအချို့ကြာမှ ရွာသားတွေ အတော်သေကျေကြောင်း ကြားရပါတယ်။

–ထိုသို့ဖြစ်ရသည်မှာ ဗိုလ်မိုးကြိုးအမိန့်ကြောင့်ဖြစ်ရသော်လည်း ထိုစဉ်က ကျွန်တော့်တပ်အားလုံးနီးပါး မြန်မာစကားမတတ်ကြတဲ့၊ အတွေ့အကြုံအလေ့အကျင့်လည်း သိပ်မရှိသေးတဲ့ ကျွန်တော့်တပ်ကြောင့်လည်း ပိုဆိုးရတယ် ထင်ပါတယ်။

– ထိုစဉ်က ဗိုလ်မိုးကြိုးက တပ်မှူးကြီးဖြစ်ပြီး ကျွန်တော်ကသူ့ရဲ့စစ်ဦးစီးအဖြစ်မျိုး ဆောင်ရွက်ခဲ့ရတာ ဖြစ်တယ်။ သူဟာ ထိုစဉ်က ဘီအိုင်အေတပ်ရဲ့ စစ်သေနာပတိချုပ်ကြီးလည်း ဖြစ်တယ်။ ကျွန်တော်ဟာ ထိုနှစ် (၅၀) ကျော်ကာလက အသက် (၂၃) နှစ်ရွယ် ကျောင်းသား မျိုးချစ်တော်လှန်ရေးစစ်သားတဦးသာ ဖြစ်တယ်။ စစ်သားအဖြစ် အမိန့်နာခံရေးသာ အဓိကထားခဲ့ပါတယ်။

– သို့သော် ကျွန်တော့်တာဝန် မကင်းပါ။ ထိုစဉ်က ကျွန်တော်သာ နိုင်ငံရေးအသိ တစုံတရာရှိနေပါက ထိုကိစ္စကို ရှောင်နိုင်မည်ဖြစ်သည်။ ခုခံတဲ့ရွာသားတွေကို သတ်ဖြတ်သည်အထိမရောက်စေဘဲ ဗိုလ်မိုးကြိုးကို ကျေနပ်အောင် ရွာအချို့မီးရှို့ဖျက်ဆီးတာတွေ လုပ်ပစ်လျှင် ပြီးနိုင်မည်ဖြစ်သည်။

**ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မည်ဆိုသည့်သတင်းနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ**
**ဗဟိုစည်းရုံးရေးကော်မတီ**
**ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ကြေညာချက်**
**အမှတ် ၄/၂၀၀၂**
**( ၃ – ၅ – ၂၀၀၂ )**

(၁) အသက်ရှင်စဉ်ဆိုးသွမ်း – သေတော့တိုင်းပြည်ဖျက်ခဲ့မည့် နေဝင်းအောင်ကြီးစစ်အုပ်စုကို နအဖ စစ်အုပ်စုက ဖော်ထုတ်လိုက်သည်။

ကောင်းပါသည်။ ဗိုလ်ထွန်းရီ၊ ဗိုလ်တင့်ဆွေအပါအဝင် အငြိမ်းစားစစ်ဗိုလ်များက နေဝင်းကို အလွန်အကျွံ မကိုင်မိရန် နအဖကို သတိ ပေးသည်ဟုကြားရသည်။ ဟုတ်လိမ့်မည်။ နေဝင်းအပေါ်သစ္စာရှိသူများ တပ်တွင်းတပ်ပြင် ရှိနေသည်။ ဗိုလ်အောင်ကြီးတယောက် ဘာလုပ်နေသနည်း။ သတိရှိကြရပါမည်။

(၂) နေဝင်း၏အာဏာလုပ်ကြံမှုကို (နအဖ) မဖော်ထုတ်မီက ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် ကျွန်တော် တို့စိတ်ပူမိခဲ့သည်။ ယခုလည်း အန္တရာယ်စက်ကွင်းက လွတ်သေးသည်မဟုတ်။ လုံခြုံရေးသတိရှိရပါမည်။

ဗိုလ်အောင်ဆန်းကိုလုပ်ကြံဖို့ ဂဠုန်ဦးစော လူဆိုးတွေနှင့်သာ တိုင်ပင်နိုင်ခဲ့သည်။ သို့သော်သူ့အကြံ အောင်ခဲ့သည်။ တိုင်းပြည် ၏ကံကြမ္မာလည်း တဆစ်ချိုးပြောင်းခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးလောကတွင်း ဝင်လာကတည်းက န၀တ၊ နအဖသာမက နေဝင်း အောင်ကြီး စစ်အုပ်စု ဟောင်းကပါ မီးကုန်ယမ်းကုန်အပုပ်ချထားသည်။ သတင်းစာများ၊ အသံလွှင့်ဌာနများမှ နေပြီး သတ်ချင်ဖြတ်ချင်အောင် သွေးထိုးပေးထားသည်။ လက်တွေ့လုပ်ကြံရန်လည်း အကြိမ်ကြိမ်ကြိုးစားဖူး သည်။ သတိရှိသင့်ပါသည်။

(၃) "နိုင်ငံရေးအာဏာ" ကို စစ်အုပ်စုက ကိုင်ထားဆဲ ဖြစ်သည်။ သိန်းနှင့်ချီရှိသော စစ်တပ်ကြီးကို ကိုင်ထားသည်။ မီဒီယာအားလုံး ကိုင်ထားသည်။

"အောင်ပွဲခံရပြီ" ဟု ထင်ယောင်မှားခဲ့မှုကြောင့် ၁၉၈၈ ခုနှစ်က ပြည်သူတို့ တကယ့်အောင်ပွဲကို လက်လွှတ်ခဲ့ရသည်။ ထိုသင်ခန်းစာ မမေ့သင့်ပါ။

ပြည်သူများအောင်ပွဲမရသေး၊ ချီတက်ရမည့်ခရီး ဝေးသေးသည်။ မှီခိုစရာ "လူထုအင်အား"ကလွဲ၍ ဘာမှမရှိ။ ဤအမှန်တရားကို ဘယ်တော့မှ မမေ့သင့်ပါ။ ။

ထုတ်ပြန်ကြေညာချက်

## ပေါ်လစီများ စေ့စပ်ဆွေးနွေးတော့မည်ဟု ပြောခြင်းနှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် အမှတ် ၅/၂၀၀၂ ( ၂၃၊ ၅၊ ၂၀၀၂ )

(၁) ပေါ်လစီဆိုင်ရာကိစ္စများ စေ့စပ်ဆွေးနွေးတော့မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်သည်။ တဆက်တည်း ချမှတ်ထားသော ပေါ်လစီများအတိုင်း ရပ်ခံဆဲဖြစ်ကြောင်း၊ စေ့စပ်ဆွေးနွေးရာတွင် အလျှော့အတင်းပြုမည် ဖြစ်ကြောင်းလည်း ပြောလိုက်သည်။

(၂) စစ်အစိုးရကတော့ အလွန်အမင်းသံတမန်ဆန်သော ထုတ်ပြန်ချက်တခုသာ ထုတ်ပြန်သည်။ သူတို့ခေတ်တွင် နှစ် ၅၀ မရှင်းနိုင်သည့် ပြဿနာအားလုံး ဖြေရှင်းပြီးပြီ။ တပြည်လုံး တမျိုးသားလုံး သွေးစည်းမိပြီဟုလည်း မရဲတရဲ သံတမန်စကားလုံးသုံးပြီး ထုတ်ပြန်သည်။
တိုင်းပြည်စည်းလုံးရေးကို စစ်အင်အားဖြင့် လုပ်နိုင်သည်ဟု ထင်ခြင်းသည် ဗမာပြည်စစ်အုပ်စုတိုင်း၏ ထင်ယောင်မှားမှု ဖြစ်သည်။ လွန်ခဲ့သော နှစ် ၄၀ ကျော်က “ကောက်သင်းကောက်ရန်သာ ကျန်တော့သည်” ဟု ပြောဖူးသည်။ ယခုလည်း သံတမန်စကားလုံးဖြင့် မရဲတရဲပြောနေခြင်းသာ ဖြစ်သည်။
လူထုက ဒီချုပ်ကို “၁၉၉၀ ရွေးကောက်ပွဲ” ဖြင့် အာဏာအပ်ထားပြီးဖြစ်၍ မည်သို့မည်ပုံ ဆက်လက်စခန်းသွားမည်ကို စောင့်ကြည့်နေခြင်း ဖြစ်သည်။ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေးကို မျှော်လင့်နေခြင်း ဖြစ်သည်။
စစ်အစိုးရ၏ထုတ်ပြန်ချက်တွင် ငါတို့သာအာဏာပိုင်၊ ငါတို့ကြိုက်သလိုသာ စေ့စပ်ဆွေးနွေးပွဲကို စီမံခန့်ခွဲမည်ဟု သံတမန်စကားလုံးဖြင့် ပြောနေသည်ကိုလည်း တွေ့ရသည်။ (ဗိုလ်တင်လှိုင်၏ မလေးရှားတွင် ပြောစကားအရဆိုလျှင် “ယုံကြည်မှုတည်ဆောက်ရေးကာလ မပြီးဆုံးသေး” ဟု ပြောသလို ဖြစ်နေသည်။) စာမျက်နှာတဝက်သာ လှန်သေးသည့်သဘော ဖြစ်သည်။

(၃) ဗိုလ်နေဝင်းမိသားစုကို အရေးယူရခြင်း၊ စစ်တပ်များ “ခေတ်ပျက်တွင်တိုက်ဖောက်” သလို လုပ်နေကြခြင်း၊ တနယ်တမင်းဖြစ်နေကြခြင်းသည် တပ်မတော်ပြိုကွဲခြင်းကိုပြသည့် သာဓကများဖြစ်သည်။ ဘိန်းပပျောက်ရေးအတွက် ဘိန်းမျိုးစေ့များပင် လူထုကအပ်နေကြသည်ဟု ဝါဒဖြန့်နေသော်လည်း အဖြစ်မှန်မှာ စစ်တပ်က ဘိန်းမျိုးစေ့လာအပ် မအပ်လျှင်ရွာဖျက်မည်၊ အိမ်ဖျက်မည်ဟုဆိုကာ အကျပ်ကိုင်နေကြသည်။ အကြမ်းကိုင်လျှင် ဘာမဆိုဖြစ်သည်ဟူသော အတွေးအခေါ်မှာ သေရာပါမည့် စစ်အုပ်စု၏အတွေးအခေါ် ဖြစ်သည်။
နယ်စပ်မှောင်ခိုကုန်သွယ်ရေး လုပ်ငန်းများကို စစ်တပ်များလုပ်နေသည်မှာ မမြင်ချင်အဆုံး ဖြစ်နေပြီ။ ဂိတ်ကြေးထက်ပိုပြီး တွက်ခြေကိုက်သောစီးပွားရေးများ – ဆန်ခိုးထုတ်ခြင်း၊ သစ်ခိုးထုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းလို အလုပ်များပင် လုပ်နေကြသည်။
နေဝင်းအလောင်းမြေကျလျှင်တောင် နေဝင်းအလံထူပြီး နအဖကိုစိန်ခေါ်သူများ ရှိနေလိမ့်မည်ဟု အသံများ ကြားနေရသည်။
နအဖ အတွက် (ဒီချုပ်နှင့် စေ့စပ်ဆွေးနွေးကာ) လူထုကဖွင့်ပေးထားသော ထွက်ပေါက်မှ ထွက်ချိန်ရှိသေးသည်။ အချိန်မဆွဲဘဲ အမြန်ထွက်သင့်သည်။

(၄) အချိန်ဆွဲနေခြင်းကို နိုင်ငံတကာ့အခြေအနေက ခွင့်မပြုတော့ကြောင်း၊ ပြည်သူကလည်း ခွင့်မပြုသည့်အချိန်

ရောက်လာတော့မည်ဖြစ်ကြောင်းကို စစ်အုပ်စု အချိန်မနှောင်းမီ သိသင့်ပါသည်။

နိုင်ငံတကာ့အခြေအနေများ အလျင်အမြန်ပြောင်းနေသည်။ မိမိအနီးတွင်ကပ်ပြီး အကြီးအကျယ် တင်းမာနေသည်။ ဗမာပြည်မှာ စစ်အေးခေတ်လို အနေချောင်မည်မဟုတ်။ ယိုးဒယားစစ်အုပ်စုသစ်ကလည်း တစခန်းထချင် နေသည်။ အမေရိကန်က မီးစိမ်းပြလျှင် ထကြွလာကြလိမ့်မည်။

အင်္ဂလိပ်နယ်ချဲ့သမားသည် "၁၃၀၀ ပြည့်အရေးတော်ပုံ" ကို နှိမ်နင်းအပြီးတွင် အကြီးအကျယ် သူ့ကိုယ်သူ အထင်ကြီးခဲ့ဖူးသည်။ နိုင်ငံတကာ့အခြေအနေ ပြောင်းသောအခါ ခွေးပြေးဝက်ပြေး ပြေးရသည်။ ဤသင်ခန်းစာကို ယူသင့်သည်။ ဤသင်ခန်းစာမျိုး စစ်အုပ်စုမရစေချင်ပါ။ အဘယ့်ကြောင့်ဆိုသော် စစ်အုပ်စုသည် နိုင်ငံခြားအင်အားစုမဟုတ်ဘဲ မိမိအမျိုးသားအင်အားစု ဖြစ်နေ၍ပါ။

(၅) တိုင်းပြည် တစည်းတလုံးတည်းရှိရေးကို စစ်အင်အားဖြင့် မတည်ဆောက်နိုင်ပါ။ အမျိုးသားညီညွတ်ရေးအင်အားဖြင့်သာ တည်ဆောက်နိုင်ပါသည်။ ဒီချုပ်နှင့်စေ့စပ်ရေးအောင်မြင်လျှင် အမျိုးသားညီညွတ်ရေးအတွက် အခြေခံအုတ်မြစ်ချပြီးသလို ဖြစ်ပါလိမ့်မည်။

စစ်အင်အားဖြင့် တိုင်းပြည်တစည်းတလုံးတည်းရှိရေးကို လုပ်ဖူးလှပါပြီ။ ရှေးကလည်း မတည်ဆောက်နိုင်၊ ယခုလည်း မတည်ဆောက်နိုင်ကြောင်းကို စစ်အုပ်စုသိချိန်တန်ပါပြီ။

ကံကြမ္မာ၏လှည့်စားမှုဟုသာ ဆိုရတော့မည်။ ဗမာပြည် တစည်းတလုံးတည်းရှိရေးကို အင်္ဂလိပ်နယ်ချဲ့သမားရောက်မှ ရေရှည်ရခဲ့သည်။ ရာစုနှစ်တခုနီးပါး တည်တံ့ခဲ့သည်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်ဘုရားတို့ကို စစ်အုပ်စုက အမြဲစံပြုလေ့ရှိသည်။ သူတို့တည်ဆောက်ခဲ့သော စည်းလုံးမှုသည် သူတို့မရှိသည့်နောက် ဆယ်စုနှစ်တခု ခံခဲ့ပါ၏လော။

အင်္ဂလိပ်နယ်ချဲ့ကလည်း တစည်းတလုံးတည်းသောကိုလိုနီကို အလိုရှိချိန် ဖြစ်နေ၍ စည်းလုံးရေးကို သူတို့နည်းနှင့်သူတို့ လုပ်၏။ ယခုခေတ်မှာ ထိုသို့မဟုတ်တော့။ တိုင်းပြည်ငယ်ကလေးများကို တမင်ဖန်တီးပေးသည့်ခေတ်ဖြစ်၏ ဘေားပတ်ဝန်းကျင်ကို လှည့်ကြည့်ပါ။ မည်သို့ဖြစ်ပျက်ကြ၊ လှုပ်ရှားနေကြသည်ကို တွေ့ပါလိမ့်မည်။

(၆) ဗမာပြည်ကွန်မြူနစ်ပါတီသည် အမျိုးသားညီညွတ်ရေး၊ တိုင်းပြည်တစည်းတလုံးတည်းရှိရေးကို ဒီမိုကရေစီအခြေခံပေါ်တွင်သာ တည်ဆောက်နိုင်သည်ဟု ယုံကြည်သည်။ ခွဲရေးကိုဆန့်ကျင် စည်းလုံးရေးကို တွန်းဆော်သည်။ စစ်အင်အားဖြင့် စည်းလုံးရေးလုပ်၍ မရ၊ ဒီမိုကရေစီဖြင့်သာ အစွန်နှံ့ရှည်သော စည်းလုံးရေးကို တည်ဆောက်နိုင်သည်ဟု ယုံကြည်သည်။

ထို့ကြောင့် ဒီချုပ် – နအဖ စေ့စပ်ဆွေးနွေးပွဲကို အစစ်အမှန်ဆွေးနွေးပွဲဖြစ်စေလိုသည်။ အောင်မြင်သည့်စေ့စပ်ပွဲလည်း ဖြစ်စေချင်သည်။ သွားရမည့်ခရီး ဝေးသည်။ ဒီချုပ် – နအဖ စေ့စပ်ဆွေးနွေးပြီးလျှင် စေ့စပ်ဆွေးနွေးပွဲများတသီကြီး ဆက်တိုက်လုပ်ရဦးမည်။ အချိန်မဆွဲကြပါနဲ့ဟု တိုက်တွန်းလိုသည်။ ယခုအချိန်တွင် ပင်မနိုင်ငံရေးအင်အားစုများအားလုံး ပြည်ထောင်စုစစ်စစ် လိုလားနေချိန်ဖြစ်သည်။ အချိန်ဆွဲကြလျှင် အခွင့်အရေးတွေ လက်လွှတ်လိမ့်မည်။

(၇) မပြောလျှင်မပြီး၍ ပြောရဦးမည်။ နအဖ စစ်အုပ်စုသည် တိုင်းပြည်စည်းလုံးရေးကို ဘာသာရေးခုတုံးလုပ်ပြီး တည်ဆောက်နေသည်။ နယ်စပ်တလျှောက်လုံး ဘုရားတည်နေသည်။ ဇေဒင်ကိန်းခန်းသဘောလည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် အလွန်အမြင်တိုသည့် လုပ်နည်း ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ၏ဒေသတွင် ကချင် "ခွဲထွက်အဖွဲ့" များကို ဖိအားပေး၍ ဘုရားတည်စေပါသည်။ ဗကပ၏ (၁၀၁) ဒေသဟောင်းတွင် တဆူ၊ KIA ၏ဒေသတွင်တဆူ တည်ခဲ့ပါသည်။ အိန္ဒိယမှ ဟိန္ဒူနှင့် မူဆလင်တို့၏ မပြီးဆုံးနိုင်သော ပဋိပက္ခမျိုးဖြစ်အောင် အဘယ့်ကြောင့်လုပ်ချင်ပါသနည်း။ ဗုဒ္ဓဘာသာ ကိုးကွယ်ရာ ဒေသများ ဗကပ (၈၁၅) ဒေသဟောင်း၊ ဝ’တောင်ခရိုင်ဒေသဟောင်း၊ SSPP ဒေသ၊ အင်းလေးဒေသ၊ ပအိုဝ်းဒေသတို့တွင် ဘုရားတည်သည်ကို ကျွန်တော်တို့ မပြောလိုပါ။ လူထုက ခရစ်ယာန်ဘာသာ ကိုးကွယ်ရာသေတွင်ကား မတည်သင့်ပါ။ စီးပွားရပေါက်ရလမ်းပွင့်ဖို့ဆိုလျှင် "ခွဲထွက်များ" က စစ်အုပ်စုခိုင်းသမျှ လုပ်ပါလိမ့်မည်။ ဗုဒ္ဓဘာသာထုံးစံများနှင့် မနီးစပ်သူများဖြစ်၍ ပြောမှားဆိုမှား လုပ်မှားကိုင်မှား ဖြစ်မှာလည်း တဖက်က ကြောက်ကြပါသည်။ လူထုကတော့ စစ်အုပ်စု၏ ကျေးဇူးခံ ကျေးဇူးစားများ မဟုတ်ပါ။ မဖြစ်သင့်တာတွေမဖြစ်ရန် စစ်အုပ်စုက ရှောင်ကြဉ်သင့်ပါသည်။

ဦးနု၏အမှားကြောင့် KIO သူပုန်များအတွက် ပြောစရာတကွက် ရသွားခဲ့သည်။ ထိုခေတ်က စစ်အေးခေတ်ဖြစ်၍ နိုင်ငံတကာက ဝင်မစွက်နိုင်ပါ။ ယခုစစ်အေးလွန်ခေတ် ဖြစ်နေသည်။ ဝင်ရှုပ်နေကြပြီဆိုသည်ကို စစ်အုပ်စုမသိသလော။ အမေရိကန်သမ္မတသာမက အခြားခရစ်ယာန် အာဏာပိုင်များကလည်း ခရူးဆိတ် (Crusade) ပြောနေချိန်တွင် မည်သည့်ရည်ရွယ်ချက်ဖြင့် နအဖ လုပ်သနည်း။ အမြင်တိုမှုသက်သက်ပဲ ဖြစ်ပါစေဟု ဆုတောင်းရတော့သည်။ အပြစ်ရှိသမျှ ဆေးကြောလိုလျှင်၊ ဘာသာတရား ကိုင်းရှိုင်းလွန်းလျှင် အာသောက (Asoka) မင်းလို စစ်လုပ်ငန်းစွန့်၊ သားသမီး သာသနာ့ဘောင်သွတ်သွင်းပြီး သာသနာပြုပါဟု တိုက်တွန်းလိုသည်။

စစ်အုပ်စုက "ငါတတ်၊ ငါသိ " အလွန်လုပ်လေ့ရှိသည်။ သင်တို့မသိတာတွေ အများကြီးရှိကြောင်းဝန်ခံပါ။ မည်သူမျှ "ငါတတ် ငါသိ " မရှိနိုင်ပါ။ ဗုဒ္ဓဘာသာဆန့်ကျင်ရေး လက်ကမ်းစာစောင်များ ပလူပျံနေသည်ကို သင်တို့သိပါစ။ ယနေ့လို နိုင်ငံတကာ့အခြေအနေတွင် ဓားခုတ်ရာလက်လျှို မလုပ်မိပါစေနှင့်ဟု သတိပေးလိုပါသည်။ ။

## ထုတ်ပြန်ကြေညာချက်

### ဗကပ ခွဲထွက်များနှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက် ၆/၂၀၀၂ (၂၆၊ ၅၊ ၂၀၀၂)

(၁) ဒေါ်အောင်ဆန်းစုကြည်က စစ်ရပ်စဲရေးယူထားသောအဖွဲ့များ "ငြိမ်းအဖွဲ့များ" ဟုခေါ်သော အဖွဲ့များနှင့် ပတ်သက်ပြီး သဘောထား ဖော်ပြလိုက်သည်ကို ကြားရပါသည်။ ထိုသဘောထားကို ကျွန်တော်တို့ သဘောတူပါသည်။

ထိုအဖွဲ့များမှာ ဗကပ၏ တခါကရဲဘော်များဖြစ်ပြီး ယခုမိတ်ဆွေအဖွဲ့အစည်းများ ဖြစ်နေသည်။ အခြားအဖွဲ့အစည်းများမှာကား ယခင်ရောယခုပါ တောက်လျှောက် မိတ်ဆွေအဖွဲ့အစည်းများ ဖြစ်ပါသည်။

ဒီချုပ်နှင့် နအဖ ဆွေးနွေးနေပြီဆိုကတည်းက စေ့စပ်ဆွေးနွေးပွဲကြီးတခုလုံးကို ခြေလှမ်း (၃) လှမ်း ခွဲပြီး လုပ်သင့်သည်ဟု တင်ပြခဲ့ပါသည်။ ဒုတိယခြေလှမ်းတွင် "ငြိမ်းအဖွဲ့" များနှင့် စေ့စပ်ဆွေးနွေးရေးဟု တင်ပြထားပါသည်။ သူတို့သည် ယခု (၁၀) နှစ်ကျော်သည် အထိ နိုင်ငံရေးဆွေးနွေးပွဲထဲ ပါခွင့်မရသေးပါ။

သူတို့အားလုံးမှာ လူမျိုးရေးအခြေခံသော နိုင်ငံရေးအင်အားစုများ ဖြစ်သည်။ စစ်အစိုးရက "နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးတာကို နိုင်ငံရေးအစိုးရနဲ့ကျမှ လုပ်ကြ – အခုတော့ ဒေသဖွံ့ဖြိုးရေးပဲ လုပ်ကြ" ဟု ပြောကာ စီးပွားရေးလုပ်ခိုင်းထားသည်။ သူတို့က နိုင်ငံခြားထွက်သွားမည့်သူများ မဟုတ်ပါ။ တိုင်းရင်းသားများ ဖြစ်ပါသည်။

(၂) စစ်အစိုးရက "စီးပွားရေး" လုပ်ခိုင်းသောအခါ ပါတီထဲရှိစဉ်ကတည်းက မူးယစ်ဆေးလုပ်ငန်း လုပ်နေသူများကတော့ အကြိုက်တွေ့သွားသည်။ အနှစ် ၂၀ ချော့တခါခြောက်တလှည့်ဖြင့် မူးယစ်ဆေး (ဘိန်း) လုပ်ငန်း မလုပ်ဖို့ (ဗကပ) က တားထားခဲ့ရသူများကို စစ်အစိုးရက "စီးပွားရေးလုပ်ကြ" ဟု အာပတ်လွှတ် ဖွင့်ပေးလိုက်သောအခါ ရေတံခါးချိုးပေးလိုက်သလို မူးယစ်ဆေးလုပ်ငန်း ဒလဟော လုပ်ကြသည်။ အချင်းချင်းလည်း ဘိန်းစစ်ပွဲ တခြိမ်းခြိမ်းဖြစ်ကြသည်။

(၃) ၁၉၈၅ ခုနှစ် တတိယကွန်ဂရက်က "ပါတီသန့်ရှင်းရေး" လုပ်ရန် ဆုံးဖြတ်ထားသည်။ ထိုဆုံးဖြတ်ချက်အရ သန့်ရှင်းရေးအလုပ်ခံရမည့်သူများ စာရင်းတွင် လူမျိုးဗီဇအမျိုးမျိုးရှိသော ကေဒါကြီးများ ပါနေသည်။ ဗမာ၊ တရုတ်၊ ဝ၊ ကချင် စသည်ဖြင့် ပါနေသည်။

၁၉၈၉ ခွဲထွက်ရေးများ ဖြစ်လာသောအခါ သူတို့ခေါင်းဆောင်ကာ ခွဲထွက်ကြသည်။ တရုတ်ကေဒါ တယောက်ကဆိုလျှင် "ဗဟိုက သန့်ရှင်းရေးလုပ်စရာ မလိုတော့ပါ၊ ကျွန်တော်တို့ ခွဲထွက်ကြပါပြီ "ဟု ဗဟိုကို ခနဲ့တဲ့တဲ့စော်ကားသွားသည်။ ယခုတော့ "ငြိမ်းအဖွဲ့" တွင်ပင် သူမရှိတော့။ စကော်ပူလိုလို၊ ဟောင်ကောင်လိုလို၊ ထိုင်ဝမ်လိုလို ရောက်နေသည်ဟု ကြားရသည်။ နိုင်ငံတကာ့ မူးယစ်ဂိုဏ်းနှင့် အဆက်အစပ်ရသွားခြင်း ဖြစ်သည်။

ဤကိစ္စကိုရေးခြင်းမှာ မူးယစ်ဆေးလုပ်ငန်းတွင်း ကျွံကျနစ်မြုပ်သွားသူတချို့ရှိကြောင်း၊ သူတို့ကို နိုင်ငံရေး အဆင့်နေရာပေးစရာ မလိုကြောင်း တင်ပြလို၍ ဖြစ်သည်။

အများတကာ့အများစု ခေါင်းဆောင်များမှာ နိုင်ငံရေးအခြေခံ မပျောက်ကြပါ။ မိမိလူမျိုးကိုချစ်သော မျိုးချစ်စိတ်ရှိကြသည်။ မူးယစ်ဆေးနှင့်ပတ်သက်လျှင်လည်း ကျွံကျနစ်မြုပ်သွားသူများ မဟုတ်ကြပါ။

အလယ်အလတ်နှင့် အောက်ခြေထုများကား ဘိန်းစိုက်တောင်သူများလို မစားသာသည့်အခန်းက ပါဝင်ရသူများ ဖြစ်သည်။ ညွှန်ကြားရာကို နာခံရသူများ ဖြစ်သည်။ နိုင်ငံရေးအတွေးအခေါ် ပျက်ပြားသွားသူများ မဟုတ်ကြပါ။

ပြည်ထောင်စုအသစ်တခုကို တည်ဆောက်ရာတွင် သူတို့တတွေ မုချပါကြရမည်။ ဘေးဖယ်ထား၍ မဖြစ်ပါ။ ထို့ကြောင့် ဒုတိယခြေလှမ်းတွင် ထည့်ထားခြင်းဖြစ်ပါသည်။

(၄) "ဘိန်းလုံးဝ ပပျောက်ရေး" ပြောသံကြားရသည်။ မက်သာဖက်တမင်းစိတ်ကြွဆေးမှာ ဘိန်းပင်စိုက်ပျိုးရေးတွင် အခြေခံခြင်းမဟုတ်ဟုဆိုကြသည်။ စိုက်ပျိုးရေးကုန်ကြမ်းအခြေမခံဘဲ စက်မှုဓာတုကုန်ကြမ်း အခြေခံသည်ဟု ဆိုသည်။ ထို့ကြောင့် ဘိန်းပင်ပပျောက်ရေးကို ရဲရဲကြီးအာမခံနေကြခြင်း ဖြစ်သည်ဟု ဆိုသည်။

ဗကပ ခွဲထွက်များသည် ဘိန်းဖြူစောစောကတည်းက ချက်တတ်သည်။ စိတ်ကြွဆေး မလုပ်တတ်ပါ။ ပါတီဗဟိုကို ခနဲ့သွားသော တရုတ်ကေဒါက မုံးပေါ် ပန်ဆိုင်းစစ်ဆင်ရေးတွင် ရန်သူက စိတ်ကြွဆေးကျွေးပြီး စစ်တိုက်ခိုင်းကြောင်း အစီရင်ခံဖူးသည်။ ဘယ်လိုစိတ်ကြွဆေးလဲဟု ဗဟိုကို မေးဖူးသည်။ ၁၉၈၈ လူထုအုံကြွမှုဖြစ်စဉ်ကလည်း စစ်ထောက်လှမ်းရေးက စိတ်ကြွဆေးကျွေးပြီး အုံကြွမှုကို ဖျက်ဆီးရေးလုပ်သည်ဟု ကြားရသည်။ ဤ (၂) ချက်အရ ခွဲထွက်များကို ဘိန်းဖြူမှ စိတ်ကြွဆေးသို့ရောက်အောင် လုပ်ပေးသူများမှာ စစ်အစိုးရပဲဟု အတတ်ပြောနိုင်သည်။

(၅) "ငြိမ်းအဖွဲ့များ" ကိစ္စသည် ထောက်လှမ်ရေး၏ အပိုင်စားနယ်ပယ် ဖြစ်သည်။ ဗိုလ်ခင်ညွှန့်၏နယ်ဟု ဆိုရမည်။ ထိုနယ်အတွင်းသို့ ဗိုလ်မောင်အေး ဝင်တိုးနေသည်မှာကြာပြီ။ မုံးကိုးဘက်တွင် ကျွန်တော်တို့တပ် စစ်ဦးစီးမှူး (ဟောင်း) လီညီမင်နှင့် ပြည်သူ့အသံ (ဟောင်း) ကိုရဲအောင်အပါ လူရာချီပြီး တပ်လုံးပြုတ်သတ်သွားသူမှာ ဗိုလ်မောင်အေးဖြစ်၍ တပ်လုံးပြုတ်သတ်နိုင်အောင် သတင်းပေးသူမှာ ဗိုလ်ခင်ညွှန့်ဖြစ်သည်။ တပ်မှူး (CO) နဲ့ ထောက်လှမ်းရေးအရာရှိ (IO) အပေးအယူရှိရှိ ခြေလှမ်းညီညီလုပ်သွားခြင်း ဖြစ်သည်။

အခုတော့ ဝ ကို ယိုးဒယားနဲ့ထိပ်တိုက်တွေ့စေပြီး ထိုးကျွေးနေကြပြန်သည်။

၁၉၈၉ တုန်းက ခွဲထွက်ရေးလုပ်တော့ ဗကပကိုအလဲထိုးဖို့ ခွဲထွက်တွေကို "စီးပွားရေး" လုပ်ခိုင်းသည်။ ၂၀ ရာစုရောက်တော့ ဘိန်းဂိုဏ်းအဖြစ်ပုံဖော်ပြီး အမေရိကန်နဲ့ ယိုးဒယားသို့ ထိုးကျွေးကာ ခွဲထွက်တွေကို အမြစ်ဖြုတ်ချင်နေကြပြန်သည်။

အမြစ်ဖြုတ်၍မရကြောင်း၊ တနပ်စားကြံ၍မရကြောင်း စစ်အုပ်စုကို သတိပေးလိုသည်။

နိုင်ငံရေးကို စစ်ရေးအမြင်၊ စစ်ရေးတွက်ကိန်းဖြင့် လုပ်နေကြလျှင် တိုင်းပြည်နာလိမ့်မည်။ တိုင်းရင်းသား လူမျိုးများက ဗမာအပေါ် စိတ်နာကြလိမ့်မည်။ ဗမာစစ်အုပ်စုဟု မြင်ကြမည်မဟုတ်။ ဗမာများဟုသာ မြင်ကြမည်။ ရောယောင်၍အနာမခံနိုင်ပါ။

အင်္ဂလိပ်ခေတ်က ရှမ်းပြည်ရောက် ဗမာများမှာ ဝရမ်းပြေးနှင့် သစ်လုပ်ငန်းလုပ်သည့် ဆင်ဦးစီးများ ဖြစ်သည်။ ဆင်ဦးစီးက တောထဲတောင်ထဲအနေများ၍ ရွာခံလူထုနှင့် အဆက်အဆံမရှိ၊ ဝရမ်းပြေးက အဆက်အဆံရှိသည်။ ဝရမ်းပြေးကျင့် ဝရမ်းပြေးကြံကြံလေ့ရှိသည်။ လူလည်ကျသည်။ တရွာတကျီဆောက် မိန်းမယူလေ့ရှိသည်၊ နောက် ပစ်ပြေးသည်၊ သစ္စာမရှိ။ ထို့ကြောင့် ရှမ်းပြည်လူထုက ဗမာဆိုလျှင် လည်သည်၊ မိုက်သည်၊ သစ္စာမရှိဟု သတ်မှတ်ထားသည်။ စစ်အုပ်စု ဦးစီးသည့်ဗမာ့တပ်မတော်ကိုလည်း ထိုအတိုင်းပင် သတ်မှတ်ကြသည်။

စစ်အုပ်စုက တနပ်စားကြံပြီး ဝ တွေ၊ အခါတွေ၊ ရှမ်းတွေကို ထိုးကျွေးလျှင် ရာဇဝင်ထပ်ပြီးရိုင်းပေတော့မည်။

ထို့ကြောင့် ဗကပ ခွဲထွက်များနှင့်ပတ်သက်ပြီး ကောင်း၏ဆိုး၏မပြောဘဲ (၁၀) နှစ်ကျော် နေခဲ့ရာမှ ယခုထွက်၍ ပြောပါသည်။ တခါကရဲဘော်များ၊ ယခု မိတ်ဆွေများဖြစ်နေသော အင်အားစုများနစ်နာသည်ကို ဗကပ က မမြင်လို၍လည်း ပြောပါသည်။

ဗကပသည် သူတို့နှင့် ဗမာစစ်အုပ်စုလောင်းလျာများ ဘဝကတည်းက ဆက်ဆံခဲ့သဖြင့် ဆက်ဆံခဲ့တာ နှစ် (၆၀) ရှိပြီ။ အချို့ဆိုလျှင် ကျောင်းကတည်းက သူငယ်ချင်းများ ဖြစ်သည်။ သူတို့ဘယ်လိုတွေးပြီး ဘယ်လို လုပ်တတ်သည်ကို သိသည်။ သိလျက်နှင့် မပြောလျှင် မိမိရဲဘော် (ဟောင်း) များ၊ မိတ်ဆွေများအပေါ် တာဝန်မကျေရာကျမည်စိုးသည်။

(၆) ဒေါ်အောင်ဆန်းစုကြည်က အစဖော်ပေးသဖြင့်လည်း ကျွန်တော်တို့ ဝင်ပြောရန်အချိန်ရောက်ပြီဟု ဆုံးဖြတ်ချက် ချသွားခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ တခါကရဲဘော်များ၊ ယခု မိတ်ဆွေများမှာ မူးယစ်ဂိုဏ်းခေါင်းဆောင်များ မဟုတ်။ သက်ဆိုင်ရာလူမျိုးစု၏ နိုင်ငံရေးခေါင်းဆောင်များ ဖြစ်သည်။ သူတို့အနေဖြင့် နိုင်ငံရေးစကား မပြောရသေး၊ မဆွေးနွေးရသေး စောင့်ရတာ ကြာလှပြီ။ သူတို့ကို ဒီမိုကရေစီအခွင့်အရေး ပေးရမည်။ အနည်းစုကလေး အကျင့်ပျက်သွားရုံဖြင့် သူတို့တဖွဲ့လုံး အကျင့်ပျက်သည် မဟုတ်ပါ။

ပြည်ထောင်စုသစ် တည်ဆောက်ရေးသည် ၁၉၄၇ ကထက် ခက်ပါလိမ့်မည်။ လွတ်လပ်ရေး နှစ် (၅၀) ကျော် သမိုင်းတွင် ဖြစ်ခဲ့ပျက်ခဲ့သည်များ များလှပါသည်။ အကောင်းကနည်းပြီး အဆိုးကများပါသည်။

တစစီဖြစ်နေသော အစတိုင်းကို ကောက်ကိုင်ကာ ပြည်ထောင်စုသစ် တည်ဆောက်ရမည့်အချိန်တွင် ကွန်မြူနစ်များက အပြုသဘောဖြင့် ပါဝင်သွားမည် ဖြစ်ပါကြောင်း။ ။

# ထုတ်ပြန်ကြေညာချက်

**ထိုင်း ဗမာ စကားစစ်ထိုးပွဲနှင့် ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ**
**ပြောရေးဆိုခွင့်ရှိသူ၏**
**ထုတ်ပြန်ချက် ၇/၂၀၀၂**
**(၅ – ၆ – ၂၀၀၂)**

(၁) ပါးစပ်စစ် တိုက်ကြပြန်ပြီ။ ဤတချီတွင် အဆင့်နည်းနည်းမြင့်လာသည်။ မြင့်ရလိမ့်မည်။ နှစ်ဘက်စစ်အုပ်စုများ၏ လိုအပ်မှုက ပိုမြင့်လာသည်ပဲ။

(၂) ဗမာစစ်အုပ်စုအကြောင်းမှာ မိမိတို့အတွင်းသိ အစင်းသိဖြစ်၍ သူ့အကြောင်းများများ ပြောရလိမ့်မည်။ သူ့လိုအပ်မှုကို မြင့်လာစေသည့် အချက်ကြီး (၃) ခု ရှိသည်။ အားလုံးက ပြည်တွင်းရေး လိုအပ်ချက်များ ဖြစ်သည်။ ပြည်ပရေး မဟုတ်ပါ။ သို့သော် ပြည်ပရေးဇန်းပြမှ ဖြစ်မည်ဆိုပြီး ပြနေရခြင်း ဖြစ်သည်။ ပြည်ပရေးပြစရာက သိပ်မရှိ။ မူးယစ်ဆေးဝါးကိစ္စက အသစ်အဆန်းမဟုတ်သလို ထိုင်းနယ်စပ်အခြေခံသည့် လက်နက်ကိုင်တပ်များကိစ္စကလည်း ပဝေသဏီကကိစ္စ ဖြစ်သည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိစ္စ ပြောရအောင်ကလည်း မဖြစ်။ အိမ်နီးချင်းအားလုံးက ဤကိစ္စမှာ သူတို့ကိစ္စမဟုတ်ဟု သဘောထားခဲ့ကြသည်မှာ ကြာလှပြီ။

'နအဖ'၏ လိုအပ်မှုကို မြင့်စေသည့် အချက်ကြီး (၃) ခုမှာ...

(က) လူငယ်ခြေတက်စစ်ဗိုလ် – စတုတ္ထစစ်အုပ်စု လောင်းလျာများ၏ စိန်ခေါ်မှုကို တားဆီးရန်။

(ခ) စတုတ္ထ စစ်အုပ်စုကို မွေးပေးချင်နေသည့် နေဝင်းနှင့်အပေါင်းပါများကို နိုင်ငံရေးအရ အသေသတ်ပစ်ရန်။

(ဂ) ဒီမိုကရေစီရေး ပါတီများနှင့် လူထုကို အစွမ်းတုံးသွားစေရန် ဖြစ်သည်။

တခုချင်းစီကို ရှင်းလင်းတင်ပြပါမည်။

(က) စစ်အုပ်စုသစ် လောင်းလျာများသည် တပ်ကိုတကယ် ကိုင်ထားသူများ ဖြစ်သည်။ ဒေသန္တရ စစ်ဘုရင်များ ဖြစ်နေသည်မှာ ကြာလှပြီ။ နအဖထိပ်သီးများက ဗဟိုအာဏာကို ကိုင်ထားပြီး အပြန်ပြန်အလှန်လှန် ကုလားဖန်ထိုးသော်လည်း ဂေန်းသေ ငွေပေါ်တာပဲ။ ပျောက်မသွားပါ။ ပျောက်စေချင်သည့်ဆန္ဒလည်း မရှိပါ။

စစ်အစိုးရ၏ ဒေသန္တရစစ်ဘုရင်များအပြင် သူတို့နောက်ပါးတွင် 'ငြိမ်းအဖွဲ့' စစ်ဘုရင်တချို့လည်း ရှိနေသည်။

သူတို့က အပြောင်းအလဲ မကြိုက်။ 'ပို' နေမြဲ 'ကျား' နေမြဲပဲ ကြိုက်သည်။

ဗဟိုတွင် ဒုဗိုလ်ချုပ်ကြီးတွေ အသုတ်လိုက် ပျောက်ကုန်ပြီး '၃' ချောင်းထောက် စစ်အုပ်စုပဲ ကျန်တော့သောအခါ သူတို့ ကမ်းတက်ကြသည်။ '၃' ချောင်းထောက် အခြေမခိုင်မှန်း သူတို့ လောက်သိသူ မည်သူမျှမရှိ။ မကြာခင် သူတို့ခေတ် ရောက်တော့မည်ဟု သိနေကြသည်။

'၃' ချောင်းထောက်ကလည်း သူတို့ကိုပဲ ကြောက်သည်။ ချော့သည်။ ကုလားဖန်ထိုးသည်။ ဒေသန္တရစစ်ဘုရင်များ အုပ်စုသစ် မဖွဲ့နိုင်အောင်လုပ်သည်။ အကြောင်းမရှိ အကြောင်းရှာကာ 'အရေးပေါ်အခြေအနေ' ခဏခဏ ကြေညာသည်။

လောက်လေးခွနှင့် ဂျင်ဂလိ ကိုင်ထားသူကိုပင်ကြောက်သော ဗီဇရှိသည့် စစ်အုပ်စုသည် လူငယ် ခြေတက် စစ်ဗိုလ်များအပေါ် အကြောက်ပိုမည်မှာ သေချာသည်။ ထို့ကြောင့် အကြောင်းမဲ့ ရန်ကုန်သို့ ဗိုလ်များ မလာစေရ။ ဘယ်နေ့ ဘာကိစ္စအတွက်လာပြီး ဘယ်မှာ တည်းမည်ဆိုသည်ကို ကြိုတင်သတင်းပို့ခိုင်းသည်။ ခွင့်ပြုမှ လာခွင့်ရသည်။ ဤသို့လုပ်သည်မှာ မဆန်းပါ။ ၁၉၅၈ က

ဗမာပြည်မြောက်ဖျားတွင် စစ်ဆင်ရေးလုပ်နေသောတပ်က ရန်ကုန်ဆင်းပြီး အာဏာသိမ်းဖူးသည်။ ဆိုရှယ်လစ်စစ်ဗိုလ်များ၏ ကျိတ်ဝိုင်း ဆွေးနွေးပွဲများ ရတနာပုံရိပ်သာတွင် အကြိမ်ကြိမ်လုပ်ပြီး အာဏာသိမ်းစီမံကိန်း ချဖူးသည်။

ထို့ကြောင့် ဇာရပ်ပေါ်က ဒုက္ခိတလို ဖြစ်နေသော ဗိုလ်နေဝင်းကို တက်ထောင်းပြလိုက်ခြင်း ဖြစ်သည်။

(ခ) နေဝင်း – အောင်ကြီး စစ်အုပ်စုက စတုတ္ထမျိုးဆက်ကို မွေးပေးချင်သည်မှာ ကြာပြီ။ အောင်ကြီး အမေရိကန်ထွက်ပြီး 'တပ်ပြိုကွဲနေပြီ' ဟု ပြောခြင်းသည် အကြောင်းမဲ့ မဟုတ်။ ရည်ရွယ်ချက်ဖြင့်ပြောခြင်း ဖြစ်သည်။ ရည်ရွယ်ချက်ကိုလည်း ဖုံးကွယ်မထား။ အာဏာဟူသမျှ ဗိုလ်နေဝင်းအပ်မှ တပ်ပြိုကွဲမှု ရပ်မည်ဟု ပြောသည်။

ဘယ်အာဏာပိုင်ကလွှတ်လို့ သွားသလဲ။ ပြန်လာတော့ ဘာကြောင့် အရေးမယူသလဲ။ မေးခွန်းတွေတသီကြီး ရှိသည်။ '၃' ချောင်းထောက် သိလိမ့်မည်။

ဗမာပြည် စစ်အုပ်စုတွင် ထူးခြားချက်တခု ရှိသည်။ န – တင်၊ ဆွေ – ငြိမ်းတို့ အကွဲအပြဲက သင်ခန်းစာယူထားတာ ဖြစ်မည်။ စစ်အုပ်စု အတွင်းရေးကို ဘယ်တော့မှ ဖွင့်မပြောကြ။ ဗိုလ်မောင်မောင်သည်လည်းကောင်း၊ ဗိုလ်အောင်ကြီးသည်လည်းကောင်း ဗိုလ် (ဟောင်း) အားလုံးသည် သေသည်အထိ နှုတ်ပိတ်ရေငုံနေလေ့ ရှိသည်။ ညောင်မြစ်တူးလျှင် ပုတ်သင်ဥတွေ တင်းတောင်းနှင့် အပြည့် ပေါ်မည်ကိုသိ၍ ဖြစ်လိမ့်မည်။ သူ့ဥသာမက ကိုယ့်ဥပါ ပေါ်လိမ့်မည်။

နေဝင်းမှာ ၁၉၈၈ ကတည်းက တန်ခိုးတ္တဒ္ဓိပါဒ်တွေ ကုန်သွားပြီ။ လူထုတိုက်ပွဲ မီးပြင်းတိုက်ခံလိုက်ရသောကြောင့် ဖြစ်သည်။ ဟိုတုန်းက အောင်ကြီးက ခဏတော့ လွတ်သွားသည်။ သိပ်မကြာလိုက် သူလည်းသူ့ကိုယ်သူ "မြောင်း" ထဲရောက်ပြီဟု သိလိုက်သည်။ အမေရိကန် ထွက်စဉ်ကလည်း မအောင်မြင်လိုက်။ ကလင်တန်လက်ထက်လည်းဖြစ်၊ ဒီမို/လူ့အခွင့်အရေးအလံကလည်း မြင့်မြင့်လွှင့်ထားဆဲ ဖြစ်နေ၍ မအောင်မြင်၊

'၉လ ၁၁ ရက်' အဖြစ်အပျက်၏ နောက်ပိုင်းဆိုလျှင် အောင်မြင်စရာရှိသည်။ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး။ မူးယစ်ဆေး ပပျောက်ရေး ခေတ်ဆိုလျှင် နေဝင်း အောင်ကြီး စီမံကိန်း အောင်မြင်နိုင်သည်။

နေဝင်း အောင်ကြီး အာဏာယူရန် မဟုတ်။ စတုတ္ထစစ်အုပ်စုကို အာဏာအမွေ ပေးခဲ့ရန် လှုပ်ရှားခြင်း ဖြစ်သည်။ အာဏာဟူသမျှ ဗိုလ်နေဝင်း အပ်ခိုင်းခြင်းသည် သေခါနီး မသာလောင်းကို ဘိသိက်မြှောက်ရန် မဟုတ်။ ထီးမွေနန်းမွေ လွှဲပေးခွင့်ရရန် ဖြစ်သည်။

'၃ချောင်းထောက်'က နေဝင်းကိုထောင်ပြီး ဖမ်းလိုက်သည်။ ဖြောင်တရားခွင် တင်မည်ဟုပြောပြီး ထောင်တွင်းခုံရုံး တင်သည်။ (သူတို့ အတွက်တော့ ရောမပြောင်ကျမှု။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးသည့် ရောမဒီမိုကရေစီ အပြောင်းအလဲလိုပင် ဖြစ်၏) တရားခံက ဆက်သား၊ တရားလိုပြ သက်သေက ဗိုလ်အငယ်စားနှင့် အခါပေး ဗေဒင်ဆရာတို့ကို ခုံရုံးတင် စစ်ဆေးနေသည်။ စီရင်ချက်က ကျပြီးနေပြီ ဖြစ်သည်။ လူတွေ စိတ်မဝင်စားပါ။

ဗမာပြည် အာဏာရနိုင်ငံရေးလောကတွင် မိသားစုဗေဒင်ဆရာ ရှိသည်မှာ မဆန်း။ မိသားစုဆရာဝန်သာ မရှိလျှင်နေမည်။ မိသားစု ဗေဒင်ဆရာ အကြားအမြင်ဆရာ ရှိကြသည်ချည်း ဖြစ်၏။

ဖဆပလ အကွဲ မီလိုက်သူများ ပျဉ်းမနားဦးသန်းမောင်၊ လျှပ်စစ်ဗေဒင်ဦးအုံးသင် (ထင်သည်) စသည့် ဗေဒင်ဆရာများကို ကြားဖူးကြလိမ့်မည်။

ဆက်သားကို တရားခံလုပ် ဗေဒင်ဆရာနှင့် အောက်ခြေတပ်မှူးငယ်ကို သက်သေထားပြီး ခုံရုံးမည်ကာမတ္တကိုသာ နအဖ လုပ်နေသည်မှာ စတုတ္ထစစ်အုပ်စု လောင်းလျာများနှင့် နေဝင်းနှင့်အပေါင်းပါများ (စစ်အုပ်စုဝင်ဟောင်း၊ သမ္မတဟောင်း၊ ဝန်ကြီးချုပ်ဟောင်း၊ နိုင်ငံတော် ကောင်စီဟောင်း၊ မဆလ အလုပ်အမှုဆောင်ဟောင်းများ) က ဟန့်သောကြောင့် ဖြစ်၏။

(ဂ) ဒီမိုကရေစီ ပါတီများနှင့် လူထုကိုကား နအဖ မကြောက်တော့ပါ။ ကြာပါပြီ။ ၁၃ နှစ် အကဲစမ်းပြီး ဖြစ်သည်။ လူထုကလည်း တို့က ၁၉၈၈ – ၉၀ မှာ အသေခံ အနာခံပြီး တင်ပေးခဲ့ပါလျက် ဘာမှထူးထူးခြားခြား မဖြစ်ရလေခြင်းဟူသောအတွေး ဝင်နေသည်။ တို့ဖက်က တာဝန်ကျေပါလျက် ခေါင်းဆောင်တွေ တာဝန်မကျေလေခြင်းဟု ဒေါမနဿ ဖြစ်နေသည်။ မှန်၏။ လူထုတာဝန်ကျေခဲ့ပါလျက် နိုင်ငံရေး ခေါင်းဆောင်များ တာဝန်မကျေခဲ့ပါ။ ပြတ်သားသော ခေါင်းဆောင်မှုကို လူထုက တောင့်တနေသည်။

ဗိုလ်ကြည်မောင်တယောက် ပြန်လည်နိုးထလာသည်ကို တွေ့ရသည်။ သူ့လမ်းစဉ်အောင်မြင်ပြီဟု ထင်ဟန်ရှိသည်။ နအဖ က ခါတိုင်းဆုတ်ဖြဲပစ်နေကျ အမေရိကန်မဂ္ဂဇင်းတွင် ဗိုလ်ကြည်မောင့်အာဘော် သိစေချင်၍ထင်သည် ဤတချီ အဆုတ်ဖြဲ မခံရဘဲ ပါလာသည်။ ဒေါ်အောင်ဆန်းစုကြည်လမ်းစဉ်ကို ဝေဖန်သည့်စကားလုံး mellow ဟူသော အင်္ဂလိပ်ဝေါဟာရကို ဗိုလ်ကြည်မောင် သုံးလိုက်သည်။ ထိုဝေါဟာရမှာ နိုင်ငံရေးအရ ကောင်းသည့်စကားလုံး မဟုတ်ပါ။ တခါက ဖူးဖူးမှုတ် ပြရုပ်ထား မဲတောင်းခဲ့ရသော ခေါင်းဆောင်ကြီးဖြစ်လို့ ပိုပြီးမပြောသင့်ပါ။ စစ်အစိုးရ ကျေနပ်အောင် တခြားကိစ္စပြောလဲ ဖြစ်ပါသည်။

ဗိုလ်ကြည်မောင်သည် ပြောရဲဆိုရဲရှိသူအဖြစ် နာမည်ရသည်။ အပြောကြောင့် နေဝင်းနှင့် ခွာပြဲဖူးသည်။ နျူရင်းဘတ်ခုံရုံး စကားတလုံးကြောင့် ထောင်ကျဖူးသည်။ သံတမန်စကား ပြောရမည့်နေရာ သံတမန်စကား မပြော၍ ခွကျဖူးသည်။ ယခုလည်း လာပြန်ပြီ။ ဒေါ်အောင်ဆန်းစုကြည်တယောက် အတွေ့အကြုံနဲ့အသက်အရွယ်ကြောင့် ရင့်ကျက်လာပါပြီတဲ့။

ဗိုလ်ကြည်မောင်တယောက်လည်း အတွေ့အကြုံနဲ့ အသက်အရွယ်ကြောင့် နအဖ က ဘေးမဲ့ပေးသူတယောက် ဖြစ်နေပါပြီကော။

'၃ချောင်းထောက်' အကြောက်ဆုံးမှာ (က) အမျိုးအစား စတုတ္ထစစ်အုပ်စုလောင်းလျာ လူငယ်ခြေတက်များ ဖြစ်သည်။ (ခ) ကို

ကြောက်သည့်မှာလည်း (က) ကို မြှောက်ပေးသွားမှာ ကြောက်၍သာ ဖြစ်သည်။

ဒီမိုကရေစီပါတီများနှင့် လူထုကိုကား သူတို့၏သက်နေနှင့် အဝေးကြီးဖြစ်လို့ မကြောက်ပါ။ ဒီမိုကရေစီပါတီနှင့် လူထုကို မကြောက်ဘဲ နေနိုင်သေးသမျှ ဒီမိုကရေစီနှင့် ဝေးနေဦးမည် ဖြစ်၏။

၃။ မတော်တဆသွားပြီး တိုက်ဆိုင်နေသည်မှာ ထိုင်းအစိုးရကလည်း လူငယ်ခြေတက် စစ်အုပ်စုသစ်ကို ကြောက်နေရခြင်း ဖြစ်သည်။

ဗမာပြည်မှာက သိမ်းထားသည့် အာဏာကို လူငယ်များက အမွေရချင်ခြင်း ဖြစ်၏။ ထိုင်းတွင်ကား လူငယ်ခြေတက်များက နိုင်ငံရေးအာဏာ ပို၍ရလိုခြင်း ဖြစ်၏။ မတူကြပါ။

ထိုင်းရှိ "ဒီမိုကရေစီ" အစိုးရတိုင်း စစ်အုပ်စုကို အာဏာဝေစု ခွဲပေးရသည်။ အာဏာကျ ချွမ်လိပိုင်အစိုးရဖြစ်ဖြစ် အာဏာရှိ တက်ဆင်အစိုးရ ဖြစ်ဖြစ် စစ်အုပ်စုတစုစုကို ကျောထောက်နောက်ခံ ထားရသည်။

ထိုင်းကိစ္စမှာ အာဏာကျပါတီက လူငယ်ခြေတက်များကို အသုံးချနေခြင်း ဖြစ်သည်။ လက်ရှိအာဏာရပါတီ ရှောရှောရှူရှူ မလည်ပတ်နိုင်စေရန် ပဒေါင်းထဲ သဲထည့်ပေးနေခြင်း ဖြစ်သည်။

ပထမတချီက အစိုးရအဖွဲ့တွင်းရှိ စစ်အုပ်စုဟောင်းက (ချာဗလစ်အုပ်စုက) ဟန့်လိုက်ရုံနှင့် ပြီးသည်။ ယခု မပြီးတော့၊ နိုင်ငံတကာ့ ရာသီဥတုကြောင့် ဖြစ်လိမ့်မည်။

၄။ နောက်အကြောင်းတခုမှာ နားလည်မှုလွဲခြင်း ဖြစ်သည်။ သံတမန်စကားလုံး 'နားလည်မှုလွဲခြင်း' သည် စစ်ဖြစ်သည်အထိ ကြီးကျယ်သွား တတ်သလို အချိန်က ကုစား၍ ပြေလည်သွားသည်လည်း ရှိတတ်သည်။

ဗိုလ်မောင်အေးမှာ နံပါတ်တစ်အသစ်အဖြစ် တစ်ပြေးနေသည်။ ထို့ကြောင့် မရအရ ဖိတ်သည်။ သွားသည်။ စကားတွေ အများကြီး ပြောဖြစ်ကြဟန် တူသည်။

ဗိုလ်ခင်ညွန့်က ဗကပ ခွဲထွက်များကို နိုင်ငံရေးသာ မလုပ်ပါက စီးပွားရေးလုပ်ခွင့် (ဘာမဆို လုပ်ခွင့်) ပေးထားသည်ကို ဗိုလ်မောင်အေး ကြိုက်ဟန်မတူ။

ထိုစဉ်က အရှေ့ပိုင်းတိုင်းမှူး ဒေသန္တရစစ်ဘုရင် မောင်အေးသည် ဗဟိုမှ တွင်း (၁) ၏ ပေါ်လစီကို ဘဝင်မကျခဲ့ပါ။

ဒေသန္တရစစ်ဘုရင်ဘဝမှ ဗဟိုတွင်ဒုဥက္ကဋ္ဌ ဖြစ်လာသောအခါ "လက်နက်နဲ့ ငြိမ်းချမ်းရေးလဲရေး" ပေါ်လစီသစ် ချလိုက်သည်။ စံနမူနာပြ အဖြစ်လည်း ခြံထဲကကြက် ရိုက်သတ်သည့်အလုပ် လုပ်ပြသည်။ ခွန်ဆာတို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲကြသည်။

နအဖ တွင် ပေါ်လစီ (၂) ခု စဉ်ပြိုင် ဖြစ်နေသည်။ ဗိုလ်ခင်ညွန့်ပေါ်လစီ (နဝတ ပေါ်လစီဟောင်း) နှင့် ဗိုလ်မောင်အေးပေါ်လစီ။ နေဝင်းကို ထောင်ပြီး ဖမ်းမိသောအခါ ဗိုလ်ခင်ညွန့်ပေါ်လစီ နောက်ဆုတ်နေရသည်။

ထိုင်းအစိုးရ (စစ်အုပ်စုဟောင်းရော အသစ်ပါ) က မောင်အေးပေါ်လစီကို ကြိုက်သည်။ ခင်ညွန့်ပေါ်လစီကို မကြိုက်။ ခင်ညွန့်ပေါ်လစီက မူးယစ်ဆေး အားပေးသည့်ပေါ်လစီ ဖြစ်နေသည်။ ထိုင်းက ဘိန်းဖြူ (အမေရိကန်၊ ဥရောပ သူဌေးသုံး) ကို မကြောက်ပါ။ ကြောက်သည်က ဆင်းရဲသားသုံး "ယာဘ" စိတ်ကြွဆေး ဖြစ်၏။ ဘိန်းလုံးဝပပျောက်ရေး ပြောလေလေ စိတ်ကြွဆေး တိုးလေလေ ဖြစ်နေသည်က လက်တွေ့ ဖြစ်နေသည်။

ဗိုလ်မောင်အေး ထိုင်းသွားသည်။ ဗိုလ်ကျော်သိန်း အမေရိကန်သွားသည်။ အားလုံးအဆင်ပြေနေခဲ့သည်။ သူတို့၏ ရင်ကြားစေ့ရေးက လွယ်သည်။ ရှည်ရှည်ဝေးဝေး ဆွေးနွေးစရာ မလိုပါ။

လူငယ်ခြေတက်စစ်ဗိုလ်များကို ထိန်းချုပ်ရန်အကြံအစည် ကိုယ်စီရှိကြသည့် ထိုင်းအစိုးရနှင့် နအဖအစိုးရ ပူးပေါင်းပြီး မူးယစ်ဆေးကို တိုက်ကြသည်။ ထိုင်းက ဗမာနယ်စပ်က ပြဿနာများကို "ကူညီဖြေရှင်းပေးရန်" သဘောတူခဲ့သည်။

ဗိုလ်မောင်အေး ပြန်ရောက်ရောက်ချင်း ဘိန်းလုံးဝပပျောက်ရေး မူးယစ်ဆေးတိုက်ဖျက်ရေးကို ဗိုလ်ခင်ညွန့်က လူသိရှင်ကြား ပြောသည်။ မူးယစ်ဆေးနှင့် ပတ်သက်သူများကို ဆင့်ခေါ်၍ ဝက်အူရစ်တင်းသည်။ ဝသဖ (UWSA) နှင့် ဖုန်ကြားစင်းတို့၏ သတင်းစာမျက်နှာပြည့် ညွှန်ကြားချက်များ ထွက်သည်။

ဘိန်းမျိုးစေ့များ လာအပ်ကြခြင်းဟု ဝါဒဖြန့်ကာ ဗိုလ်ခင်ညွန့်ဓာတ်ပုံ အရိုက်ခံသည်။ ဘိန်းမျိုးစေ့ လာအပ်လျှင်အပ် မအပ်လျှင် အိမ်ဖျက်မည်၊ ရွာဖျက်မည်ဟု ခြိမ်းခြောက်အအပ်ခိုင်းသည်ကိုတော့ ဖုံးထားသည်။

အိမ်ဖျက်မည် ရွာဖျက်မည်ဆိုသည်မှာ စစ်အစိုးရက အခြေအနေအရ အလွန်လိုက်လျောလိုက်ခြင်း ဖြစ်သည်။ မီးရှို့လျှင် တိုင်းသိ ပြည်သိ ကမ္ဘာသိ ဖြစ်မည်စိုး၍ ဒုက္ခခံကာဖျက်ခြင်း (ဖျက်ခိုင်းခြင်း) ဖြစ်၏။

ထိုအချိန်အထိ ဗိုလ်မောင်အေး ပြည်တော်ပြန်လုကာ ရှောရှောရှူရှူ ဖြစ်နေသည်။

သို့သော် အဖျက်သမား ပေါ်လာသည်။ ဗိုလ်ခင်ညွန့်မဟုတ်။ ထိုင်း ဗမာ စတုတ္ထစစ်အုပ်စု လောင်းလျာများ ဖြစ်၏။ နေဝင်း အာဏာသိမ်း လုပ်ကြံမှုတွင် အရေးယူခံရသူများတွင် တိုင်းမှူးအဆင့် အရေးယူခံရသူများမှာ ထိုင်းနယ်စပ်မှချည်း ဖြစ်သည်။ ပထမ အကျပ်အတည်းကို သူတို့ပဲ ဖန်တီးခဲ့သည်။ ယခုလည်း ထိုင်းနယ်စပ်မှပင် ဖန်တီးကြသည်။

စတင်ဖန်တီးသူက ထိုင်းလူငယ်ခြေတက် စစ်ဗိုလ်များ ဖြစ်သည်။ ဝန်ကြီးချုပ် ထပ်ဆင်ရော ဒုဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး ချာဗလစ်တို့ကိုပါ "ယုံကြည်မှု ဖောက်ဖျက်သူ" များဖြစ်အောင် လုပ်ပေးလိုက်သည်။

ဗိုလ်မောင်အေးအား 'ဝ' စခန်းတွေကို အထူးထိုးစစ်တရပ် ဆင်နွှဲတော့မည်ဟု အသိပေးခဲ့ပြီး ဖြစ်သည်။ ဗိုလ်မောင်အေးက ငြင်းဆိုမှု

မပြုခဲ့ဟုဆိုကာ ဗမာပြည်ဘက်က စခန်းတွေကို ဝင်တိုက်သည်။

ပိုပြီးဒေါပွသွားသည်မှာ ထိုင်းစစ်တပ်က SURA ရှမ်းတပ်များကို လက်ကိုင်တုတ်လုပ်သုံးပြီးတိုက်ခြင်း ဖြစ်သည်။ ဒေါပွစေရန် တမင်လုပ်လိုက်ခြင်း ဖြစ်၏။

ပွဲပျက်သွားခဲ့ပြီ။ ထိုင်းအစိုးရက 'နားလည်မှု လွဲတာပါ၊ ခဏနဲ့ ပြေလည်သွားမှာပါ' ဟု လေပြေထိုးသော်လည်း ဗိုလ်မောင်အေးတို့က မကျေနပ်။ ပွဲပျက်တာထက် လူမိတာ နာတာကို အခဲမကျေ။ ဤသို့ဖြင့် အားလုံးသိကြသည့်အတိုင်း နယ်စပ်တရားဝင် တံခါးတွေ ပိတ်ပစ်လိုက်သည်။

မဆလ ခေတ်က တံခါးပိတ်လျှင် နယ်စပ်မှောင်ခိုလုပ်ငန်း ထွန်းကားၐ။ ပိတ်လေ ထွန်းကားလေ။ ထွန်းကားလေ ဂိတ်ကြေးများများရလေ ဖြစ်၏။ ဤတချိတွင်ကား ဂိတ်ကြေးကောက်သူများမှာ အစိုးရတပ်ရင်း တပ်မများ ထောက်လှမ်းရေးများ ဖြစ်မည်။ ဗမာ လူငယ်ခြေတက် စစ်ဗိုလ်များကို စားပေါက်စားလမ်း ဖွင့်ပေးသလို ဖြစ်မည်။

ဗမာဘက်က နားလည်မှုလွဲခြင်းဟု လက်မခံ။ လက်ခံလိုက်လျှင် ဝ'နှင့် ကမ္ဘာရန် ဖြစ်တော့မည်။ ခဏနှင့် မပြီးနိုင်၊ ဗိုလ်မောင်အေးသြဇာကို အဖတ်ဆယ်ရလိမ့်မည်။ ဗိုလ်ခင်ညွန့်တယောက်ကတော့ ကျိတ်ပြီးဝမ်းသာနေလိမ့်မည်။

၅။ ဗိုလ်မောင်အေးပေါ်လစီ ဗိုလ်ခင်ညွန့်ပေါ်လစီ တိုက်ပွဲတွင် အရေးပါဆုံးကိစ္စမှာ 'ဘိန်းဖြူနဲ့ယာဘ' ကိစ္စ မဟုတ်ပါ။ 'ငြိမ်း' တွေကို ဘယ်လို လက်နက်ဖြုတ် တပ်ဖျက်မလဲဆိုသည့်ကိစ္စ ဖြစ်၏။

နဝတ ခေတ်က ပေါ်လစီမှာ "အထူးပုလိပ်တပ်ဖွဲ့" များအဖြစ် ပြောင်းပစ်ပြီး မျိုယူရန် ဖြစ်သည်။ ဗကပ (၁၀၁) တပ်ဖွဲ့ဟောင်းလို အင်အားနည်းသည့် အဖွဲ့ဆိုလျှင် ပြဿနာ မရှိ။ မျိုယူရန် လွယ်သည်။ ရဲဗိုလ်မှူးကြီး တယောက်နှင့်ရဲအရာရှိ တချို့ခန့်၊ ရဲတပ်ရင်းတရင်း ဖွဲ့ပေးလျှင် ရပြီ။ ဝ' တပ်ဖွဲ့လို အင်အားကြီးသည့် တပ်မျိုးကျတော့ မျိုရခက်သည်။ ရဲဗိုလ်ချုပ်ကြီးလောက်အထိ ထားရမည်။ ရဲတပ်ရင်း ရဲတပ်မဟာ ရဲတပ်မတွေ ဖွဲ့ပေးရမည်။

ဗကပ ထားခဲ့ရသည့်လက်နက် မည်မျှရှိသည်ကို ကျွန်တော်တို့သိသည်။ အကူအညီရထားသည့် လက်နက်ချည်း ရှိသည်မဟုတ်။ တိုက်ယူထားသော လက်နက်ကလည်း အလွန်များသည်။ တိုက်ပွဲမှရသော လက်နက်မှာ သွေးနှင့်ရင်း၍ရသောလက်နက် ဖြစ်၏။ အကူအညီလက်နက်မှာ ၁၉၄၈ မှ ၁၉၆၈ နှစ် ၂၀ အတွင်း ကျခဲ့သောသွေးများမှ ရသည့်အသီးအပွင့် ဖြစ်၏။ လွယ်လွယ်နှင့် စွန့်နိုင်သည့်အရာများ မဟုတ်ပါ။

ဗိုလ်ခင်ညွန့်က ဗကပ ခွဲထွက်များကို သိမ်းသွင်းနိုင်သူအဖြစ် ရင်ကော့လက်မထောင်လေ့ ရှိ၏။ တပ်မတွေ အများကြီးသုံးကာ စစ်ဆင်ရေးကြီးတွေ လုပ်တုန်းက မရခဲ့သည့် 'အောင်ပွဲ' ကို သူ၏ 'ပရိယာယ်ကြောင့်' သွေးတစက်မကျဘဲ ရသည်ဟု ဝင့်ကြွားလေ့ ရှိသည်။ ထိုသို့ဝင့်ကြွားလေ တပ်တွေကိုင်ပြီး စစ်ဆင်ရေးကြီးတွေလုပ်ခဲ့သည့် ဗိုလ်မောင်အေးတို့လို ဗိုလ်များက အခံရခက်လေ ဖြစ်နေ သည်မှာ ကြာခဲ့ပြီ။

လက်နက်ကိုင် တော်လှန်ရေးတရပ် ပြီးဆုံးလျှင် တပ်ပြဿနာသည် အရေးအကြီးဆုံး ဖြေရှင်းရသည့်ပြဿနာ ဖြစ်၏။

ဗိုလ်အောင်ဆန်း သခင်သန်းထွန်းခေါင်းဆောင်သည့်အဖွဲ့နှင့် မောင့်ဘက်တန်တို့ ဆွေးနွေးဖြေရှင်းသည့် ကန္ဒီဖြေရှင်းနည်း ရှိဖူး၏။

ယူအမ်ပီ စစ်ရဲများကို မျိုသည့်နည်း၊ ရဲဘော်ဖြူတပ်ဖွဲ့များကို မျိုသည့်နည်း၊ ဆိုရှယ်လစ် လဲဗီးတပ်များကို မျိုသည့်နည်း၊ ပြူစောထီးတပ်ကို မျိုသည့်နည်း၊ ကာကွယ်ရေးတွေကို မျိုသည့်နည်း၊ နည်းမျိုးစုံ ရှိဖူး၏။

ဖဆပလ အစိုးရက ဖွဲ့ထားသည့်တပ်များကို မျိုရခြင်းဖြစ်၍ လွယ်သည်။ ဖဆပလ အကွဲတွင်လည်းကောင်း စစ်အစိုးရ လက်ထက်တွင်လည်းကောင်း မျိုခဲ့သည့်နည်း ဖြစ်သည်။ ရှောရှောရှူရှူ ဖြစ်ခဲ့သည်။

ယခုပြဿနာက ဆန်းကျယ်သည်။ နှစ်ပေါင်း ၂၀-၃၀-၄၀ တိုက်ခဲ့ရသည့် တပ်များကို မျိုရမည့်ကိစ္စ ဖြစ်သည်။ မထွေးနိုင် မမျိုနိုင် ကိစ္စ ဖြစ်သည်။

ခွန်ဆာ၏တပ်လို အရှေ့ပိုင်းတိုင်းမှူးအဆက်ဆက် (ဗိုလ်မောင်အေးတယောက်တည်း မဟုတ်) က တောထဲတွင် မွေးထားသည့် တပ်မျိုးကို ဖျက်ရခြင်း မဟုတ်။ နိုင်ငံရေးရပ်တည်ချက်၊ နိုင်ငံရေးအမြင်၊ နိုင်ငံရေးဖွဲ့စည်းပုံဖြင့် နှစ်ပေါင်း ၂၀ – ၃၀ – ၄၀ ဖွဲ့ထားသောတပ်များကို ဖျက်ရမည့်ကိစ္စ ဖြစ်သည်။

လက်နက်ဖြုတ်ရုံနှင့်မပြီး လက်နက်ဖြုတ်ဖို့ကလည်း မလွယ်။ ဖုန်ညီအစ်ကိုများနှင့် ယန်ညီအစ်ကိုများလို အပြန်ပြန်အလှန်လှန် အာဏာသိမ်းပွဲ (ဘိန်းစစ်ပွဲ) မျိုး ဖြစ်နေလျှင်ကား ရန်တိုက်ပေးကာ အမြတ်ထုတ်၍ ရသည်။ (ကိုးကန့်မှာ တပ်ပျက်သလောက် ဖြစ်နေပြီ)

ဝ'နီ ဝ'ဖြူ ဆိုပြီး ရန်တိုက်ပေးသည့် ဖြေရှင်းနည်းတမျိုးကို စီအိုင်အေ (CIA) လက်သင်များက ဖော်နည်းကားတခု ပေးနေသည်။ ပအို့ဝ် အနီ အဖြူဆိုပြီး ရန်တိုက်ပေးသောနည်း ဖြစ်၏။ ဝ'ဖြူ ဆိုသည်မှာ မပြောလောက်သည့် နှစ်ယောက်တပိုင်း အင်အားသာ ဖြစ်၏။ ဗကပ ခွဲထွက် (UWSA) နှင့် မယှဉ်နိုင်ပါ။

ဗိုလ်မောင်အေး၏ ထိုင်းခရီးစဉ်တွင် အတော်များများ ကျိတ်ပြီးပြောခဲ့ပုံရသည်။ သို့သော် ၂ ဘက် လူငယ်ခြေတက် စစ်ဗိုလ်များက ဝိုင်းဖျက်သဖြင့် ပျက်သွားပြီ။

ဗိုလ်မောင်အေးတို့မှာ လူမိတာ နာသကွာ ဖြစ်နေသည်။ ပြဿနာ မည်သို့အဆုံးသတ်မည် မသိပါ။

နိုင်ငံတကာအသိုင်းအဝိုင်းက အိန္ဒိယ ပါကစ္စတန် ပဋိပက္ခပဲ စိတ်ဝင်စားသည်။ ဝိုင်းပြီးဖြေရှင်းပေးနေသည်။ ကမ္ဘာမီးလောင်နေချိန်ဖြစ်၍ ထိုင်း ဗမာ ဆီမီးခွက်မီးကို ဂရုမပြုပါ။

အာဆီယမ် (ASEAN) ကလည်း ထိုင်း ဗမာ ပြဿနာကို ဗုဒ္ဓဘာသာနိုင်ငံချင်း၏ ပြဿနာဟု သဘောထားသည်။ မူဆလင်နိုင်ငံ ခရစ်ယာန်နိုင်ငံ ပြဿနာလောက် အလေးမထားကြ။ စကားစစ်ထိုးနေသည်ကို ကြည့်နေကြသည်။ အလိုလို ပြီးသွားမည့် ပြဿနာဟု ယူဆကြသည်။ မှန်သည် အရှက်ပြေသွားလျှင် အမျက်လည်း ပြေကြလိမ့်မည် ထင်ရသည်။

ထိုင်း ဗမာ ပြဿနာ ကြီးလာလျှင်လည်း ထိုင်း ဗမာ ပြည်သူများကသာ ရှင်းကြရမည်။ မည်သူမျှ ဝင်ရှင်းပေးမည် မဟုတ်။

၆။ ထိုင်းရော ဗမာပြည်ပါ နိုင်ငံရေးတည်ငြိမ်မှု မရှိကြပါ။ ဗမာပြည်၏ပြဿနာမှာ ဒီမိုကရေစီပြဿနာ၊ ပြည်တွင်းစစ်ပြဿနာပါ ရောစွက်နေသည်။ အာဏာရနေသည့် စစ်အုပ်စုကလည်း မျက်လုံးနီနေသည်။ သမ္မတဘုရှ် ပြည်နယ်အုပ်ချုပ်ရေးမှူး လုပ်တုန်းက အသုံးပြုဖူးတဲ့ DCI ကုမ္ပဏီကို ဗမာပြည်အတွက် လော်ဘီ (lobby) လုပ်ပေးဖို့ ငှားခဲ့ရသည်။ ထိုင်း၏ပြဿနာက စစ်အုပ်စုအာဏာရနေခြင်း မဟုတ်သော်လည်း စစ်အုပ်စုက နိုင်ငံရေးနယ်တွင်း တွင်ကျယ်နေသည်။ ထိုင်းစစ်အုပ်စုများက ဗမာနှင့်စာလျှင် ဝါရင့်သည်။ ဗမာပြည်ဆိုတာ မရှိခင် ကုလားပြည်၏ ပြည်နယ်ကလေး ဖြစ်နေချိန်ကပင် ရှိခဲ့သည့် စစ်အုပ်စု ဖြစ်သည်။ သူမပါလျှင် မပြီး။ ပါလျှင်လည်း ခြေရှုပ်သည့်စစ်အုပ်စု ဖြစ်သည်။ အမေရိကန်တိုက်သမျှ အာရှစစ်ပွဲများတွင် စစ်အစိုးရများအဖြစ်လည်း ဝင်ပါဖူးသည်။ စစ်အစိုးရအဖွဲ့ မဖွဲ့နိုင်သောအခါ စစ်အုပ်စုက လက်နက်ကိုင်ပြီး ‘ပွဲကြပ်’ သည်။ အခါအခွင့်သင့်လျှင် (အမေရိကန်က အချက်ပြလျှင်) အာဏာသိမ်းကြလိမ့်မည်။

ထိုင်းရော ဗမာမှာပါ စစ်အုပ်စုများ အာဏာရနေကြလျှင် သူတို့အထက်က ဒိုင်လူကြီး ရှိရှိမရှိရှိ ပဋိပက္ခက တိုးပွားသွားလိမ့်မည်။ ကမ္ဘာ့အခြေအနေ မကောင်းပါ။

**၁၉ ရာစုက အဖြစ်မျိုး ၂၁ ရာစုတွင် မကြုံချင်တော့ပါ – အမျိုးသားညီညွတ်ရေး အမြန်တည်ဆောက်ကြရပါမည်။ စစ်အုပ်စုကို ယခုအတိုင်း လွှတ်မထားသင့်ပါ**ဟူသော စာပိုဒ်ဖြင့် နိဂုံးချုပ်လိုက်ပါသည်။

**စိန်ခေါ်မှုများနှင့် ပြည့်လျှမ်းနေသော (၂၁) ရာစုနှစ်တွင်**
**ပြည်တွင်းပြဿနာများကို**
**ဆောလျင်စွာ ဖြေရှင်းထားရေးသည် အရင်းခံကျသောလုပ်ငန်း ဖြစ်သည်။**

# ထုတ်ပြန်ကြေညာချက်

**နအဖအစိုးရထုတ်ပြန်သည့် *“တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ”* ဆိုသည်နှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ကြေညာချက် ၈/ ၂၀၀၂**

**(၂၀၀၂ခုနှစ်၊ ဇွန် ၂၅)**

၁။ ဤဥပဒေနှင့်ပတ်သက်၍ ထုတ်ပြန်သောအချိန်မှစကာ ပြောစရာများ ရှိနေသည်။ ဗမာပြည်တွင် ငွေမည်းကို ငွေဖြူလုပ်ပစ်သော ပြဿနာမှာ ယခုမှတည်ရှိသည်မဟုတ်၊ စစ်အစိုးရသက်တမ်းတလျှောက်လုံး တည်ရှိနေသောပြဿနာ ဖြစ်သည်။ ယခင်က စစ်ဗိုလ်များသည် မှောင်ခိုစီးပွားရေးမှ ရသောငွေများကို သူများ ပေါက်သောထီလက်မှတ်ကို ဝယ်ယူခြင်းမျိုးဖြင့် ဖြေရှင်းခြင်းများ ရှိခဲ့သည်။ အခြားနည်းလမ်းများဖြင့်လည်း မြေဝယ်၊ တိုက်ဆောက်၊ အငှားချစား စသည်များ လုပ်ကြသည်။ ဗမာပြည်တွင် ငွေမည်းများကို ငွေဖြူပြုလုပ်ရာ၌ ခွန်ဆာတို့တတွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသည့် (စစ်အစိုးရက ထိုအသုံးအနှုန်းမျိုးကို ရှောင်ပါသည်) အချိန်တွင် ပမာဏအများဆုံးဟု ဆိုနိုင်ပါသည်။ နောက်ဆုံး ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ၊ ဗိုလ်မြင့်အောင်စသူတို့ကို အရေးယူရာမှာ စစ်အစိုးရက စီးပွားရေးသောင်းကျန်းလို့ဟု အကြောင်းပြခဲ့သည်။ သူတို့အိမ်များထဲမှ ရွှေဘယ်နှစ်ပိဿာ သိမ်းဆည်းရမိတယ်ဆိုသည့် သူတို့သာသိနိုင်သည့် သတင်းမျိုးတွေကို လူထုထဲ တီးတိုးဖြန့်ပေးသည်။ ထိုစဉ်ကာလများက ဤဥပဒေကို ဘာကြောင့် မထုတ်ပြန်ခဲ့သလဲ စဉ်းစားစရာ ကောင်းပါသည်။

၂။ သမိုင်းတွင် တည်ကြည်မှုမရှိသော အစိုးရများသည် သူများအာရုံစိုက်တတ်သော ဥပဒေသစ်များ ထုတ်ပြန်ခြင်းဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းကို လှည့်စားဖို့ ကြိုးစားလေ့ရှိကြသည်၊ ၁၉၆၂ခုနှစ်၊ အာဏာသိမ်းမှုနှင့် ကျောင်းသားသတ်မှုတို့ကြောင့် ကမ္ဘာ့အလယ် မျက်နှာမပြဖွံ့ ဖြစ်နေသော “တော်လှန်ရေးကောင်စီ” အစိုးရသည် “စေ့စပ်ဆွေးနွေးပွဲ” ခေါ်ခြင်းဖြင့် ပြည်တွင်းပြည်ပကို လှည့်စားဖူးပေပြီ။ ဤသည်မှာ အစောပိုင်းခေတ်က သာဓကတခုသာ ဖြစ်သည်။

၃။ ယခုရက်ပိုင်းများအတွင်း ပြည်တွင်းပြည်ပ သတင်းလောကတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အများဆုံး ဖတ်နေရသော သတင်းလေးပုဒ် ရှိသည်။ ယင်းတို့မှာ–

(က) ထိုင်း – မြန်မာနယ်စပ်တိုက်ပွဲများ။

(ခ) အေးဇော်ဝင်းတို့ အမှု။

(ဂ) ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်ခြင်း။

(ဃ) ငွေဖြူငွေမည်း ပြောင်းလဲမှုဆိုင်ရာ ဥပဒေ။

ပြည်သူများဖတ်ချင်သော သတင်းတပုဒ်မှာ ပျောက်ခြင်းမလှပျောက်နေသည်။ အခြားမဟုတ်။ နအဖ အစိုးရနှင့် ဒီချုပ်အဖွဲ့တို့အကြားမှ ဆွေးနွေးပွဲပင် ဖြစ်သည်။ တမင်မျက်ခြည်ဖြတ်ထားသလော။

၄။ စဉ်းစားသင့်သည့်အချက်အချို့ကို တပါတည်း တင်ပြပါသည်။

(က) ယခုတလောနအဖ လုပ်ကိုင်နေသည်များမှာ နိုင်ငံတကာအဝန်းအဝိုင်း၊ အထူးသဖြင့်အမေရိကန်နှင့် အနောက်အုပ်စုကို မျက်စပစ်၍ ပိုးပန်းနေသည့် သဘောရှိသည်။ ဒီကာလ နအဖက အမေရိကန် သဘောကျအောင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဝါဒဖြန့်လုပ်ကိုင်နေခြင်းများနှင့် ဆက်စပ်ကြည့်သင့်သည်။ သူတို့သည်“ငြိမ်း”အဖွဲ့များအပေါ် ဖိအားပေးဟန် ပြနေလေသလား။

(ခ) သို့တည်းမဟုတ် “ငြိမ်း”အဖွဲ့များကို တကယ်သတိပေးနေခြင်းလော။ “ငြိမ်း”အဖွဲ့များအဖို့ နအဖသည် ယုံကြည်အားထားထိုက်သည့် မိတ်ဆွေမဟုတ်ကြောင်း ဗကပမှ အကြိမ်တော်တော်များများ ထောက်ပြခဲ့ဖူးပြီ။ “ငြိမ်း”အဖွဲ့များနာမည်ခံပြီး လုပ်နေကြသော စီးပွားရေး လုပ်ငန်းများထဲတွင် ငွေမည်း အမြောက်အမြား ပါရှိနေသည်မှာလည်း အထူးပြောစရာမလိုသောကိစ္စ ဖြစ်၍။

(၈) ဦးနေဝင်းမိသားစုအားအရေးယူ ကိုင်တွယ်ခဲ့သည့်အချိန်မှစပြီး နအဖ စစ်တပ်အတွင်း မငြိမ်မသက်ရှိကြောင်း အားလုံးအသိပင်ဖြစ်သည်။ ယခုလုပ်ရပ်များသည် သူတို့တွင်းတိုက်ပွဲများအား ရည်စူးခြင်းမဟုတ်ဟု မည်သူပြောနိုင်သနည်း။ လက်ရှိသုံးချောင်းထောက်စစ်အုပ်စုအား လောလောဆယ် အန္တရာယ်အပေးနိုင်ဆုံးဟု ယူဆနိုင်သည့် ဒေသန္တရစစ်ဘုရင်များအားလုံးတွင် ငွေမည်းအမြောက်အမြားစုဆောင်းမိနေပြီဖြစ်ကြောင်း လူတိုင်းသိသည်။ နအဖသည် ဦးနေဝင်းမိသားစုပိုင်ဆိုင်သော ဥစ္စာပစ္စည်းများအား မားကို့စ်တို့အပေါ် ဖိလိပိုင်တရားရုံးက လုပ်သလိုမျိုး မလုပ်ပါဟု အာမခံထားသည်ကို ထည့်စဉ်းစားသင့်သည်။

ငွေမည်းဆိုသည်မှာ မူးယစ်ဆေးဝါးမှသာ စုဆောင်းရရှိနိုင်သည်မဟုတ်။ မားကို့စ်၊ ဆူဟာတို၊ ကင်ဒေးဂျုံ စသူတို့တတွေ မသမာငွေမည်းများဖြင့်ချမ်းသာကြသည်မှာ မူးယစ်ဆေးဝါးကြောင့် မဟုတ်ပါ။ ဤဥပဒေအတိုင်းသာ တကယ်တမ်း အတိအကျဆောင်ရွက်မည်ဆိုပါက ‘ထိ’ ကုန်မည့် လူတွေ များလွန်းလှသည်။

မည်သို့ပင်ဆိုစေ နအဖစစ်အစိုးရသည် ဤဥပဒေအားထုတ်ပြန်ခြင်းအားဖြင့် သူတို့ရိုက်ချင်သူအား ရိုက်နိုင်ရန် တင်းပုတ်ကြီးတခုကို ကောက်ကိုင် ထားလိုက်ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ။

**“နိုင်ငံရေးအာဏာ” ကို စစ်အုပ်စုက ကိုင်ထားဆဲ ဖြစ်သည်။**
**သိန်းနှင့်ချီရှိသော စစ်တပ်ကြီးကို ကိုင်ထားသည်။**
**မီဒီယာအားလုံးကို ကိုင်ထားသည်။**

# ထုတ်ပြန်ကြေညာချက်

**တကိုယ်တော်ဆန္ဒပြပွဲများနှင့် ပတ်သက်၍**
**ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်**
**အမှတ် ၉/၂၀၀၂**
**၂၂ – ၈ – ၂၀၀၂**

၁။ ပါမောက္ခချုပ်တဦး တကိုယ်တော်ဆန္ဒပြအပြီး ကျောင်းသားအချို့ ဆန္ဒပြလာတာကို ထောက်ခံတယ်။ အားပေးတယ်။ ချီးကျူးတယ်။ စစ်အာဏာရှင်စနစ်တကယ်ပဲ နောက်ဆုတ်တော့မှာလား ဆိုတာကို ရဲရင့်သူတွေက ဒီလိုပဲ စမ်းကြည့်နေရမှာပါ။ စစ်အုပ်စု ပြောတာ မကြည့်ဘဲ လုပ်တာကိုကြည့်ဖို့ လိုပါတယ်။

၂။ ပြည်တွင်းကဖိအား မပေးနိုင်ရင် ဒီမိုကရေစီရေးရဖို့မလွယ်၊ ပြည်တွင်းဖိအားကို တိုးပေးရပါမယ်။ ဒီမိုကရေစီမရှိရင် လူထု စားဝတ်နေရေး အာမခံချက်ရှိမှာ မဟုတ်ပါ။ ၁၉၆၇ – ၁၉၇၄ တခေတ်ကြီးက လူထုကို အမြဲခြောက်လှန့်နေပါတယ်။

၁၉၇၄ အလုပ်သမားအုံကြွမှုဟာ "ဝတ်ရင်းအသေမခံ တိုက်ရင်းအသက်ရှင်မယ်" ဆိုတဲ့ ဘဝတိုက်ပွဲဖြစ်တယ်။

၃။ စစ်အာဏာရှင်စနစ်ရှိနေရင် ဒီမိုကရေစီအကျပ်အတည်းတွေ တခုပြီးတခု ပေါ်နေမှာပဲ။ တခုချင်းပေါ်ရာက အချိန်တခုရောက်ရင် အထွေထွေအကျပ်အတည်းကြီး ဖြစ်လာမှာ ဖြစ်တယ်။ ဒီတခါ အထွေထွေအကျပ်အတည်းဟာ ၁၉၈၈ ထက် ကြီးလိမ့်မယ်။ ပြည်တွင်းက ပါဝင်ပတ်သက်သူတွေ သိပ်များလိမ့်မယ်။ တပ်မတော်တွင်းကပါ ပါဝင်ပတ်သက်လာလိမ့်မယ်။ ပြည်ပကလဲ ပါဝင်ပတ်သက်မှု ပိုများလာလိမ့်မယ်။

၄။ အခု အခွင့်သာတုန်း၊ အခွင့်အရေးပေးတုန်းမှာ နအဖ က ပြတ်ပြတ်သားသား ဆုံးဖြတ်ရမယ်။ စစ်အာဏာရှင်စနစ် ရုပ်သိမ်းပြီး ဒီမိုကရေစီစနစ်ကို ဘယ်လိုကူးပြောင်းမလဲ ဆိုတာကို ဒီ/ချုပ် နဲ့ အမြန်ဆုံး ဆွေးနွေးရလိမ့်မယ်။

# ထုတ်ပြန်ကြေညာချက်

**ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခြင်း**
**ထုတ်ပြန်ချက် အမှတ် ၁၀/၂၀၀၂**
**(၁၈၊ ၉၊ ၂၀၀၂)**

၁။ ဦးအောင်မေသုသည် ဒီမိုကရေစီရေးအတွက် အလံမလှဲစတမ်း တိုက်ပွဲဝင်ရင်းကျဆုံးခဲ့ပြီ။ "ရှင်စဉ်တွင် ကြီးမြတ်၍ သေလျှင်ဂုဏ်ရောင်ပြောင် " သော ဘဝကား အားကျစရာပင် ဖြစ်သည်။

၂။ ၁၉၉၄ ခုနှစ် ပြည်လုံးကျွတ်ကွန်ဖရင့်က ဆုံးဖြတ်ထားသောဆုံးဖြတ်ချက်ကို အလျဉ်းသင့်သဖြင့် ထုတ်ပြန်လိုပါသည်။

"၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ၂၆ နှစ်ကာလတွင် 'တောတွင်း၌ ဗကပ၊ မြို့ပေါ်တွင် မဆလ' သာ ရှိခဲ့သည်။ စစ်အစိုးရကို ဆန့်ကျင်လိုလျှင်၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်လိုလျှင် ဗကပနှင့်သာ ဆက်စပ်စရာ ရှိခဲ့သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်ကား စစ်အစိုးရဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော ပါတီများနှင့် အဖွဲ့အစည်းများ အများအပြားရှိနေပြီ ဖြစ်သည်။

ရဲဘော်များသည် မိမိတို့ကြိုက်နှစ်သက်ရာအဖွဲ့အစည်းများအတွင်းသို့ မိမိတို့အခြေအနေအရ ဝင်ရောက်နိုင်ကြပြီ ဖြစ်သည်။ ဗကပမှနုတ်ထွက်၍ အခြားဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေသော အဖွဲ့အစည်းများအတွင်းသို့ ဝင်ရောက်ကြလျှင် ပါတီကကြည်ကြည်သာသာ ခွင့်ပြုရမည်"

ကာယကံရှင်ရဲဘော်၏ဆန္ဒကို လေးစားရမည်။

၃။ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်၊ စစ်အုပ်စုကို တပါတီ၊ တဖွဲ့စည်း၏အင်အားဖြင့်တိုက်၍မပြိုပျက်နိုင်၊ စုပေါင်းတိုက်ဖျက်မှ ပြိုပျက်မည် ဖြစ်သည်။

တိုက်ပွဲသဏ္ဍာန်တခုတည်းဖြင့်လည်း တိုက်ဖျက်၍မရ၊ တိုက်ပွဲသဏ္ဍာန်ပေါင်းစုံဖြင့် တိုက်ပွဲဝင်ရမည်ဖြစ်ရာ အားလုံးဝိုင်းဝန်း လုပ်ဆောင်ကြရမည်ဟု ယူဆပါကြောင်း။

ဗဟိုစည်းရုံးရေးဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ

# ထုတ်ပြန်ကြေညာချက်

**လက်ရှိအခြေအနေနှင့်ပတ်သက်၍ သုံးသပ်ချက် – ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက် အမှတ် ၁၁/၂၀၀၂**
**(၂၂၊ ၉၊ ၂၀၀၂)**

၁။ ဗိုလ်သန်းရွှေသည် ၁၉၆၃ – ၆၅ ကာလက နေဝင်းကြုံခဲ့သည့် အကျပ်အတည်းမျိုး ကြုံနေသည်။

နေဝင်းက သူ၏ခေါင်းကိုင်ဖခင်ကြီး ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့နှင့်လမ်းခွဲရန်ကြိုးပမ်းရင်း အကျပ်ကြုံခဲ့သလို ဗိုလ်သန်းရွှေက နေဝင်းနှင့်လမ်းခွဲရန်ကြိုးပမ်းရင်း အကျပ်ကြုံနေခြင်း ဖြစ်သည်။

၂။ ခေါင်းကိုင်ဖခင်ကြီးဘက်သား အမာခံများကို လက်ဦးမှုယူပြီး ရှင်းပစ်ရေးသည် "နံပါတ်တစ်" ဦးစားပေးလုပ်ငန်း ဖြစ်သည်။

နည်း (၂) နည်း သုံးလေ့ရှိသည်။ နေဝင်းတုန်းက ဗိုလ်အောင်ကြီးကို တပ်မှထုတ်၊ ဗိုလ်တင်ဖေ၊ ဗိုလ်စန်းယု စသူတို့ကို နေရာပေး လုပ်ခဲ့သည်။

ဗိုလ်သန်းရွှေက ယခုမှခြေလှမ်းပြင်နေရသည်။ နေဝင်းလို မလုပ်ဝံ့။ အကျပ်အတည်းချင်း မတူ၍ ဖြစ်သည်။ နေဝင်းတုန်းက သူ့ကို နိုင်ငံရေးအရ အန္တရာယ်ပေးနိုင်သူက တောထဲမှာပဲ ရှိနေသည်။ ဗိုလ်သန်းရွှေ အန္တရာယ်ကတော့ အနီးကပ်မြို့ပေါ်တွင် ရှိသည်။ ယခင်က နေဝင်းဘာလုပ်လုပ် နိုင်ငံတကာက ဝင်မပြော၊ ယခုပြောကြလိမ့်မည်။ ဖိအားပေးကြလိမ့်မည်။

တပ်တတပ်လုံးကို ငြိမ်အောင်ကိုင်ရေးကလည်း ပြဿနာတရပ် ဖြစ်သည်။ နေဝင်းကိုင်ရသည့်ဗိုလ်များက အခြေခံအားဖြင့် နိုင်ငံရေးမှ လာကြသည်။ နိုင်ငံရေးပါတီသစ်တခုလည်း ဖွဲ့ထားသည်။ တချို့ကိုတပ်မှ အနားယူစေပြီး မဆလပါတီထဲ ထိုးထည့်၍ ရသည်။ ဗိုလ်သန်းရွှေတွင် နိုင်ငံရေးအရင်းအနှီးမရှိ၊ ပါတီမရှိ၊ တစည်းမှာ နေဝင်း၏ဘက်သား ဖြစ်နေသည်။

ဗိုလ်များကို ငြိမ်အောင်ကိုင်ဖို့ တနည်းသာ ရှိသည်။ တပ်တွင်းရာထူးကြီးများ ဖန်တီးပြီးပေးရန် ဖြစ်သည်။ ထို့ကြောင့် ဗိုလ်သန်းရွှေက "မာရှယ်ကြီး" ဖြစ်လာသည်။ ပဒေသရာဇ်ခေတ်ဆိုလျှင် 'ဆင်ဖြူရှင်' ဟုပင် ကိုယ့်ကိုယ်ကို ပေးလိမ့်မည်။

ကိုယ့်ပခုံးကတံဆိပ် ပြောင်းတပ်ခြင်းသည် အောက်ခြေစစ်ဗိုလ်ကြီးများ၏ပခုံးမှ တံဆိပ်များကို တိုးပေးချင်၍သာ ဖြစ်သည်။ ထို့ထက် မပိုပါ။

၃။ ယခင်က ဗိုလ်အောင်ကြီး၊ ဗိုလ်ကြည်မောင်တို့က တန်ပြန်အာဏာသိမ်းရန် ကြိုးစားခဲ့ဖူးသည်။ တပ်တွင်း၌ ဗိုလ်အတော်များများကို စည်းရုံးနိုင်ခဲ့သည်။ သို့သော် မြို့တော်အာဏာသိမ်းပွဲတွင် အဓိကအကျဆုံး မပါမဖြစ်သည့် တင့်ကားတပ်မှူးကို မစည်းရုံးနိုင်ခဲ့။

နေဝင်း အတော်တုန်လှုပ်သွားသည်အထိတော့ အကျပ်တွေ့လိုက်သည်။ နေဝင်းက "အလစ်မိလို့ အာဏာအသိမ်းခံရလျှင် တောခိုပြီး ပြန်တိုက်မည်" ဟုပင် ပြောလာရသည်။ တပ်တွင်းအခြေအနေ တင်းမာခဲ့သည်။ နေဝင်းက ထလရတပ်ကို ပိုင်ပိုင်နိုင်နိုင် ကိုင်လိုက်သည်။

ဤတွင် အောင်ကြီးပျာယာခတ်သွားသည်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကလည်း အာဏာသိမ်းပြီး လာအပ်မှ မလွှဲသာ၍လက်ခံမည့်သဘော (လာပြီး'ကပ်'မှ 'ဘုဉ်း'ပေးမည့်သဘော) ဖြစ်နေသည်။ သူတို့က ထောင်ထဲရောက်နေသော်လည်း အခြေအနေများ ကို အချိန်နှင့်တပြေးညီ သိနေသည်။ သိလေကြောက်လေ ဖြစ်နေသည်။ သူတို့မစွန့်စားရဲကြ။ နိုင်ငံရေးသံဝေဂများ တဖွားဖွားရ နေသည်။

အောင်ကြီးသည် ကြံ့ရာမရဖြစ်ကာ သူနှင့်တနယ်တည်းသား ဗကပ ဗိုလ်အောင်မြင့်ထံ လူယုံတဦးလွှတ်၍

ချဉ်းကပ်သည်။ သူတို့အကြံမအောင်လျှင် တောခိုမည်။ အခြေခံဒေသတခု အင်းလေးတောင်ပိုင်းနှင့် ဘီလူးချောင်းတဝိုက် ရချင်သည်။ ကူညီပါဟု ပြောလာသည်။

ဗကပ က ကူညီခဲ့ပါသည်။ (ဗိုလ်အောင်မြင့်မှာ ထိုစဉ်က လိပ်ခေါင်းရောဂါ အမြင့်ဆုံးအဆင့်ရောက်ကာ မှောက်နေရသည့် အခြေအနေ ဖြစ်သည်။ ဗိုလ်အောင်ကြီးတို့ကြောင့် ပေါ်သွားကာ ရန်သူက စခန်းဝိုင်းပစ်သတ်တာ ခံသွားရသည်)

ဗိုလ်အောင်ကြီးပျာယာခတ်သဖြင့် ထလရကသိသွားသည်။ ဖော်ထုတ်နိုင်သူဗိုလ်ဘနီ ရာထူးတွေ တက်သွားသည်။ ဗိုလ်အောင်ကြီး၊ ဗိုလ်ကြည်မောင်တို့ အဖမ်းခံရတော့ အချင်းချင်းဖော်လိုက်သည်မှာ မည်သူမျှမကျန်အောင် ဖြစ်သည်။ လိပ်ခေါင်းရောဂါ ကုပေးခဲ့သည့် ဗိန္ဒော်ဆရာပါ အဖမ်းခံရသည်။

သင်ခန်းစာကား တန်ပြန်အာဏာသိမ်းမည်ဆိုလျှင် နိုင်ငံရေးအာဏာယူမည့်သူများက နိုင်ငံရေးအရ ပြတ်သားရမည်။ စွန့်ရဲရမည်။ လက်တွေ့လုပ်သူများကလည်း အပျော်တမ်း မဆန်ရ။

၄။ မာရှယ်တယောက်၊ ဒုဗိုလ်ချုပ်မှူးကြီးတယောက်၊ ဗိုလ်ချုပ်ကြီးတယောက် ဖြစ်လာခြင်းသည် အစသာ ဖြစ်သည်။ ဒုဗိုလ်ချုပ်ကြီးများ တလှေကြီး လာနေပြီ။ ရှေ့လူတလှမ်းတက်လျှင် နောက်လူတလှမ်းတက်မည်။ ရှောရှောရှူရှူ ချောချောမွေ့မွေ့ဖြစ်ဖို့ကား မလွယ်ပါ။ ဗိုလ်သန်းရွှေတွင် နေဝင်းလို ကစားကွက် မကျယ်လှပါ။ ကျဆုံးအဏ်ရာရသူများမည့်၊ သေနတ်သံမကြားရသည့် တိုက်ပွဲအစသာ ဖြစ်သည်။ တပ်ကိုငြိမ်အောင် သူတို့လုပ်ရဦးမည်။

ကျွန်တော်တို့ဘက်က 'နတ်ကရာ ကြည့်မော' နေ၍မဖြစ်၊ လုပ်စရာရှိသည်များအတွက် ထောင့်စေ့အောင် ပြင်ရမည့်အချိန် ဖြစ်သည်။

နေဝင်းတွင် ဖဆပလနှစ်ခြမ်း၊ ပမညတ၊ မဆလ စသဖြင့် ကစားကွက်တွေ များခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးမှ ပေါက်ဖွားလာသော နိုင်ငံတော်စစ်တပ်မှ ဗိုလ်များကိုကိုင်၍ ကစားရခြင်း ဖြစ်သည်။

ဗိုလ်သန်းရွှေ ကစားရသည့်စစ်တပ်မှ စစ်ဗိုလ်များမှာတမျိုး ဖြစ်သည်။ နိုင်ငံရေးမှလာသော စစ်ဗိုလ်များ မဟုတ်။ မျိုးချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စစ်ထဲဝင်လာသူများ မဟုတ်။ သက်မွေးကြောင်း အလုပ်တခုအဖြစ် စစ်ထဲဝင်လာကြသူချည်း ဖြစ်သည်။

တွင်း (၂) ဗိုလ်တင်ဦး (ကွယ်လွန်) ၏ နောက်လိုက်များငြိမ်အောင် စာအုပ်ထုတ်သည်။ သေသွားသူအတွက် ထိုမျှလုပ်လျှင် ရပြီ။ တစညဗိုလ် (အငြိမ်းစား) များနှင့် နဝတ၊ နအဖ ခေတ်က ဘေးရောက်သွားသောဗိုလ် (အငြိမ်းစား) များ၏ အဆက်အနွယ်များကိုကား ငြိမ်အောင်အလုပ်ရခက်မည်။

ဗိုလ်တွေကို ငြိမ်အောင်လုပ်ဖို့ထက် ဒီချုပ်ကို တခဲနက်မဲပေးခဲ့သော ဗိုလ် အကြပ် တပ်သားများကို ငြိမ်အောင်လုပ်ဖို့က ပိုခက်လိမ့်မည်။

ဤအခြေအနေတွင် စေ့စပ်ဆွေးနွေးပွဲအမြန်လုပ်ဖို့ ဝိုင်းဝန်းကာ ပြည်တွင်းဖိအားပေးသင့်သည်။ ဖိအားရှိမှ အစစ်အမှန် စေ့စပ်ဆွေးနွေးပွဲ လုပ်ဖြစ်မည်။ ဖိအားဆက်တိုက် မပေးနိုင်လျှင် စစ်တပ်ကိုငြိမ်အောင် လုပ်သွားနိုင်သည်။ ငြိမ်လျှင် 'အမျိုးသားညီလာခံ' ဖဲချပ်ကို သူတို့ ပြန်ကိုင်နိုင်သည်။ ဒီချုပ်ကို 'အမျိုးသားညီလာခံ'ထဲ ပြန်လာပါ၊ အဲဒီထဲကျမှ စေ့စပ်ဆွေးနွေးကြမယ်ဟု အထက်စီးက လုပ်လာနိုင်သည်။

နိုင်ငံတကာကလည်း ကိုယ့်အရေးနှင့်ကိုယ်မို့ ဗမာပြည်ကိစ္စတွင် ကြာရှည်စွာ စိတ်ဝင်တစား ရှိကြမည် မဟုတ်ပါ။ အချိန်ရှိခိုက် အခွင့်သာခိုက် ကိုယ့်ဘာသာလုံးပန်းကြရပါမည်။ ။

**"စစ်အုပ်စု" ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေး စစ်တပ်အတွင်း**
**တာဝန်ထမ်းဆောင်ရင်း**
**နိုင်ငံရေးလုပ်နေသူများကို ဆိုလိုခြင်း ဖြစ်သည်။**

# ထုတ်ပြန်ကြေညာချက်

**ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏**
**ထုတ်ပြန်ကြေညာချက် ၁၂/၂၀၀၂**
**(၃၀၊ ၉၊ ၂၀၀၂)**

၁။ ပါမောက္ခနှင့်ကျောင်းသား တဦးချင်းဖမ်းရာမှ တဆင့်တက်ပြီး စစ်အုပ်စုက အုပ်စုလိုက်ဖမ်းလာသည်။ အကြမ်းကိုင်လိုက်၊ ချော့မြှူလိုက် တလှည့်စီလုပ်နေသည်မှာ ကြာပြီ။ ယခုအကြမ်းကိုင်ရေးကို ဇောက်ချလုပ်တော့မည့် အလားအလာပြနေသည်။

၂။ စစ်အုပ်စုသည် သူတို့နှင့်ဒီချုပ်ကြားတွင် တတိယအင်အားစုတခု ပေါ်စေချင်သည်မှာကြာပြီ။ ဝါရင့်နိုင်ငံရေးအင်အားစုများ ပေါ်လာသော်လည်း သူတို့ကြားမနေ။ စေ့စပ်ဆွေးနွေးရေးအမြန်လုပ်မှ တိုင်းပြည်အတွက်ကောင်းမည်ဟု တလျှောက်လုံး ပြောသည်။

လူထုဘက်ကတော့ အထူးပြောစရာမလို၊ အကြီးဆုံးဖိအားပေးသူများ ဖြစ်သည်။ ကုန်ဈေးနှုန်းတွေ တရှိန်ထိုးတက်လေလေ စေ့စပ်ဆွေးနွေးပွဲကို မျှော်လေလေဖြစ်၏။ ဤထွက်ပေါက်သာ တခုတည်းရှိသည်ကို သူတို့သိကြသည်။ နိုင်ငံရေးသမားက နိုင်ငံရေးတွက်ကိန်းရှိမည်ဖြစ်သော်လည်း လူထုကတော့ စားဝတ်နေရေးကို အဓိကထားသည်။ ယခုတော့ ငါ့ဝမ်းပူဆာမနေသာ ဖြစ်လာပြီ။ လူထုက မဆလ ၂၆ နှစ်ဒဏ်ကို ခါးစည်းခံခဲ့ပြီးပြီ။ နဝတ – နအဖ ၏ဒဏ်ကိုလည်း ၁၄ နှစ်ခံခဲ့ရပြီးပြီ။ သည်းမခံနိုင်ကြတော့ပါ။ အမြန်စေ့စပ်မှ ဝမ်းမီးအေးမည်ကို သိနေကြသည်။ စေ့စပ်ဆွေးနွေးပွဲကို အားကိုးတကြီးမျှော်နေကြသည်။

၃။ စစ်အုပ်စုလည်း အကျပ်တွေ့နေသည်။ နေဝင်းနှင့်သံမဏိလမ်းခွဲကို လူထုစိတ်မဝင်စား၊ စားခွက်လုပွဲအဖြစ်သာ မြင်သည်။ ဗိုလ်ကြီး အုန်းကျော်မြင့်တို့၏ စွန့်စားခန်းတုန်းကလောက် စိတ်ဝင်စားမှုမရှိကြ။ ဗိုလ်ကြီး အုန်းကျော်မြင့်တို့ စွန့်စားခန်းအောင်မြင်လျှင် တခုခုတော့တိုင်းပြည်အတွက် ထူးလာမည်၊ ကောင်းလာမည်ဟု ယူဆခဲ့ကြသည်။

ယခုတော့ စားခွက်ရထားသူနှင့် စားခွက်လွတ်သွားသူတို့၏ စားခွက်လုပွဲအဖြစ်သာ အမှန်အတိုင်း လူထုက မြင်သည်။ စိတ်မဝင်စားကြပါ။ လူထု၏အာရုံကို ပြောင်းလဲသွားအောင် မလုပ်နိုင်ပါ။ တစည်ကို တထောင့်က ထပွက်လာအောင် လုပ်မိတာပဲ အဖတ်တင်သည်။ တပ်မတော်၏ မွေးစားဖခင်ကြီးကို မထိနဲ့၊ “ကလေးတွေ” ကို သေဒဏ်မချနဲ့ဟု (တစည) က မရဲတရဲ ပြောနေသည်။

၄။ အသက် ၉၀ တန်း၊ ၁၀၀ တန်း ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီးများက ရဲသည်၊ ပြတ်သည်၊ စေ့စပ်ဆွေးနွေးပွဲကို အမြန်လုပ်မှ တိုင်းပြည်အေးမည်ဟု ပြောနေသည်။

သက်ကြီးရွယ်အိုများကို ဖမ်းပြီးထောင်ချလျှင် ထောင်တွင်းကျဆုံးသော အာဇာနည်စာရင်း တိုးလိမ့်မည်။ နေဝင်းကိုတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ဝါရင့်များကိုဖမ်းလျှင် မိုးမီးလောင်လိမ့်မည်။

ထို့ကြောင့် စေ့စပ်ဆွေးနွေးပွဲအမြန်လုပ်ဟု ပြောနေကြသော သက်လတ်နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းပြပြီး နိုင်ငံရေးလောကတခုလုံးကို ခြောက်လှန့်လိုက်ခြင်း ဖြစ်သည်။ ခြောက်တိုင်းကြောက်လျှင် ဗမာပြည်၌ နိုင်ငံရေးသမား ရှိတော့မည်မဟုတ်။ ဘောင်းဘီဝတ် အာဏာသိမ်းနိုင်ငံရေးသမားသာ ရှိလိမ့်မည်။

နှစ် ၄၀ လုံးလုံး မကြောက်ကြ၍သာ လူတိုင်းနိုင်ငံရေးသမား ဖြစ်လာနေခြင်း ဖြစ်သည်။ စေ့စပ်ဆွေးနွေးပွဲ အမြန်လုပ်ရေးကို ပြောနေသူများမှာ လူထုဖြစ်သည်။ လူထုက နိုင်ငံရေးဝင်လုပ်နေခြင်း ဖြစ်သည်။

စေ့စပ်ဆွေးနွေးပွဲအမြန်လုပ်ဟု ပြောသူတိုင်းကိုဖမ်းလျှင် လူထုကို ဖမ်းရလိမ့်မည်။

၅။ စေ့စပ်ဆွေးနွေးပွဲလည်း မလုပ်ဝံ့၊ “အမျိုးသားညီလာခံ” ဆိုတာကြီးကိုလည်း ပြန်မကိုင်ဝံ့ ဖြစ်နေသဖြင့် အကြံကုန်ဂဠုန်ဆားချက်လိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသမျှ ဆိုးကျိုးတိုင်းကို စစ်အုပ်စုက တာဝန်ခံရလိမ့်မည်။

# အိတ်ဖွင့်ပေးစာ

## နအဖသို့ ဗကပ၏အိတ်ဖွင့်ပေးစာ

သို့
နိုင်ငံတော်အေးချမ်းသာသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မှ
ဗမာပြည်ကွန်မြူနစ်ပါတီ

(၁) တိုင်းပြည်၏ အနာဂတ်ရေးကို ဦးထိပ်ထားကာ ရိုးသားပွင့်လင်းစွာဖြင့် ဤစာကို ရေးပါသည်။ ကျွန်တော်တို့ မည်သို့စဉ်းစား မြော်မြင်သနည်းဆိုသည်ကို အားလုံးသိရှိဆင်ချင်နိုင်ကြစေရန်အတွက် အိတ်ဖွင့်ပေးစာ ပုံသဏ္ဍာန်ကို သုံးပါသည်။

အားလုံးဆိုရာ၌ တပ်မတော်တွင်းရှိ တာဝန်ထမ်းဆောင်ဆဲ တပ်မှူး၊ တပ်သားများလည်း အကြုံးဝင်ပါသည်။ ရိုးရိုး တိုက်ရိုက်ပေးစာပို့လျှင် နအဖခေါင်းဆောင်စုက ချောင်ထိုးထားလိုက်မှာ သေချာပါသည်။ ထို့ကြောင့် အိတ်ဖွင့်ပေးစာ ပုံသဏ္ဍာန်သုံးခြင်းဖြစ်ကြောင်း ဦးစွာရှင်းလင်းထားလိုပါသည်။

(၂) ဒေါ်အောင်ဆန်းစုကြည် ဤတကြိမ်လွတ်လာခြင်းသည် ယခင်တခါလွတ်လာသည်နှင့် မတူပါ။ နအဖ က လမ်းမှန်ပေါ်သို့ တက်လှမ်းလာခြင်းဟု ကျွန်တော်တို့ ယူဆခဲ့ပါသည်။ ထုတ်ပြန်ချက် အမှတ် ၁/၂၀၀၂ နှင့် ၂/၂၀၀၂ ကို ထုတ်ပြန်ကာ ကြိုဆိုခဲ့ပါသည်။ မျှော်လင့်ချက်လည်း ထားခဲ့ပါသည်။

နိုင်ငံခြားထွက်ပြီး ပြောကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ပြောကြားချက်များက မျှော်လင့်ချက်ကို ပျက်ပြားစေပါသည်။ သို့သော် ထိုဝန်ကြီးများမှာ နိုင်ငံရေးအာဏာပိုင် နအဖအဖွဲ့ဝင်များမဟုတ်၊ နအဖကိုယ်စား ပြောရေးဆိုခွင့်ရှိသူများလည်း မဟုတ်သဖြင့် အလေးအနက်မထားပါ။

(၃) နဝတကို ဖျက်သိမ်းစဉ်က 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်' ဖြစ်ထွန်းပြီး "အေးချမ်းသာယာ – ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး" တည်ထောင်နိုင်ရန်ဟု ဆိုပါသည်။

ယခု (၅) နှစ်နီးပါး ရှိလာပါပြီ။ မည်မျှ ခရီးပေါက်ခဲ့ပါသနည်း။ ခရီးမပေါက်ကြောင်း ပြည်သူများ သိပါသည်။ နအဖလည်း သိပါလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်ကို အိမ်ချုပ်မှ လွှတ်ပေးခြင်း၊ ဗိုလ်ပမပြန်ခိုင်းတော့ဘဲ နိုင်ငံရေးအဆင့်နေရာ တစုံတရာပေးခြင်းတို့သည် မှန်ကန်သည့်ခြေလှမ်း ဖြစ်ပါသည်။ သို့သော် သွားရမည့်ခရီး ဝေးပါသည်။ ပထမခြေလှမ်းမျှသာ ဖြစ်ပါသေးသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က သူတို့ချမှတ်ထားသော "မူ" များကို အလျှော့အတင်း အပေးအယူလုပ်မည်ဟု တိတိလင်းလင်း ကြေညာလိုက်ပါသည်။ ကောင်းသော အစပျိုးမှုဟု ယူဆပါသည်။ သို့သော် NLD က ကြေညာသကဲ့သို့ အဘယ့်ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) က မကြေညာနိုင်ပါသနည်း။

ဗိုလ်နေဝင်းမိသားစုထဲမှ 'သမက်တယောက်၊ မြေး (၃) ယောက်' ကို အရေးယူခဲ့ပြီးသည့် နောက်တွင်လည်း စေ့စပ်ဆွေးနွေးပွဲ အဘယ့်ကြောင့် တဆင့်မတက်နိုင်ပါသနည်း။ မည်သည့်အခက်အခဲ အတားအဆီးများ ရှိနေပါသနည်း။ ပြည်သူနှင့်အတူ ကျွန်တော်တို့ သိလိုပါသည်။

အာဏာမပိုင်သည့်သူများကို ‘ထမင်းရည်ပူ လျှာလွှဲ’ စကားများ ပြောနေစေခြင်းဖြင့် နိုင်ငံတကာ့အသိုင်းအဝိုင်းကို လှည့်စားနေခြင်းသည် အမြော်အမြင်မဲ့ရာ ကျပါသည်။ ကိုယ့်ကို့ကြွကိုယ်ရှာသလို ဖြစ်လာပါလိမ့်မည်။

မျက်မှောက်ခေတ်တွင် – ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာ့ကိစ္စဖြစ်အောင် လုပ်ခြင်းသည် အမြော်အမြင်မဲ့မှုသာမက ‘မိုက်မဲမှု’ ဖြစ်ပါသည်။ ဗမာပြည်ကိစ္စ ASEAN ရောက်၊ ARF ရောက် ရောက်နေခြင်းသည် တိုင်းပြည်အတွက် အကျိုးမဲ့စေပါသည်။ ကိုယ့်ပြည်တွင်းကိစ္စ ကိုယ့်ဘာသာ ဖြေရှင်းသင့်ပါသည်။

ကိုယ့်ပြည်သူပြည်သားချင်း ဖြေရှင်းနိုင်ပါလျက် အဘယ့်ကြောင့် ပြဿနာကို ကျယ်ပြန့်အောင် လုပ်နေပါသနည်း။ မလုပ်သင့်ပါ။ အမြန်ဆုံး ရပ်ပစ်သင့်ပါသည်။

(၄) ထိပ်တိုက်တွေ့နေကြစဉ်က NLD သည်လည်းကောင်း SPDC သည်လည်းကောင်း ‘မူ’များ ချမှတ်ခဲ့ကြပါသည်။ ထိပ်တိုက်တွေ့နေသည့် ‘မူ’ များချည်း ဖြစ်ပါသည်။

NLD က ‘မူ’ ကို အပေးအယူ အလျှော့အတင်း လုပ်မည်ဟု ပြောနေပါသည်။ SPDC ကပါ ထိုအတိုင်း လုပ်မည်ဟု အမြန်ကြေညာသင့်ပါသည်။ SPDC က ဤသို့ မကြေညာရဲသည်မှာ

(၁) လွန်သွားလေကုန်ပြီးသော စစ်အုပ်စုဟောင်းများကို ကြောက်နေခြင်း။

(၂) အကြံကြီးသော လူငယ်ခြေတက် စစ်ဗိုလ်များက ‘တို့တက်လမ်း’ ပိတ်ခဲ့သည် စွပ်စွဲမှာ ကြောက်နေခြင်းဟု သုံးသပ်မိပါသည်။

ဤကြောက်စရာ (၂) ခု ကြားတွင် သန်းအေးညွန့် စစ်အုပ်စု ယောင်ဝါးဝါး ဖြစ်နေသည်။ ဘာဆက်လုပ်ရမည်ကိုပင် မသိသလို ဖြစ်နေသည်။

စေ့စပ်ဆွေးနွေးပွဲ လုပ်ဖို့က အသင့်မဖြစ်သလို ‘အမျိုးသား ညီလာခံ’ ဆိုတာကြီးကို ဆက်လုပ်လို့ကလည်း မဖြစ်။ ဤသို့ဖြင့် ငုတ်တုတ်ထိုင်နေတော့သည်။

နအဖ ချမှတ်ထားသော ‘မူ’ များ အားလုံးသည် ထိုအကြံကြီးသူများအတွက် ချမှတ်ထားသော ‘မူ’ များ ဖြစ်နေသည်။

ထို့ကြောင့် ‘မူ’ တွေကို အလျှော့အတင်း အပေးအယူ လုပ်ပါမည်ဟု သန်းအေးညွန့်တို့ မကြေညာဝံ့ခြင်း ဖြစ်၏။ ထိပ်သီး (၃) ဦးကလည်း တယောက်ခြေတယောက် ကြည့်နေကြသဖြင့် မည်သူကမျှ ရဲရဲဝံ့ဝံ့ အကြံသစ်ဉာဏ်သစ် မထုတ်ဝံ့ ဖြစ်နေသည်။ ဤသို့ဖြင့် အကြံကုန်ဉာဏ်ကုန်ဖြစ်ကာ ပြည်ပအရေး ထိုင်းနှင့် စကားစစ်ထိုးပွဲ (ဆောင်းပါးချင်းလည်း တိုက်ကြသည်) လုပ်နေတော့သည်။

(၅) ပုဂ္ဂလိကအရေးထက် တိုင်းပြည်အရေးကို ဦးထိပ်ထားသော တပ်မတော် တပ်မှူးတပ်သားများ အများအပြားရှိသည်ဟု ယုံကြည်ပါသည်။ ထိုမျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များက ရဲဝံ့ပြတ်သားသော အကြံသစ်ဉာဏ်သစ် ထုတ်ရပါမည်။

ခေတ်အဆက်ဆက်တွင် ဤလိုပုဂ္ဂိုလ်များ ရှိဖူးပါသည်။ ပေါ်လစီချမှတ်နိုင်သည့် အဆင့်နေရာမရှိ၍သာ သူတို့အနေဖြင့် တိုင်းပြည်အတွက် ကောင်းမှုမပြုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သန်းအေးညွန့် စစ်အုပ်စုက NLD နှင့် အကျေအလည် မဆွေးနွေးဘဲ နောက်စစ်အုပ်စုတစုကို အာဏာလွှဲပေးသွားမည်ကို ခွင့်မပြုနိုင်ပါ။ နဝတ က နအဖသို့ ပြောင်းသလိုမျိုး ပြောင်းပေးသွားမည်ကို စိုးရိမ်ပါသည်။ ‘နိုင်ငံတော်’ ဖြင့် စပြီး ‘ကောင်စီ’ ဖြင့် ဆုံးမည့် နောက်အဖွဲ့တဖွဲ့ မလိုချင်တော့ပါ။

မလိုချင်တာ ဖြစ်လာလျှင် ကျွန်တော်တို့ငုံ့ခံနေမည် မဟုတ်။ ပြည်သူတွေကလည်း ငုံ့ခံနေမည် မဟုတ်ပါ။

တပ်မတော်တွင်း တပ်မတော်ပ မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်များက NLD SPDC ဆွေးနွေးပွဲ တဆင့်တက်ရေးကို တွန်းအားပေး စေလိုပါသည်။

ယခုလုပ်နေသည့် တခါတွန်းမှ တချီရွေ့သည့်ပေါ်လစီကို ပြည်သူက ခွင့်မပြု၊ နိုင်ငံတကာအခြေအနေက ခွင့်မပြုနိုင်တော့ပါ။ ဤနှုန်းဖြင့် သွားနေလျှင် နောက်ထပ် (၁၀) နှစ် ကြာလိမ့်မည်။ မစောင့်နိုင်ပါ။

အရာရာ အစီအစဉ်အတိုင်း သွားနေသည်ဟုထင်လျှင် မှားပါလိမ့်မည်။ မဆလသည်လည်း ထင်ဖူးပါသည်။ ၁၉၈၈ မတ်လ၊ ဇွန်လအထိ ထင်ခဲ့ပါသည်။ ဩဂုတ်လ အုံကြွမှုကြီး ပေါ်လာမှ ဒီအတိုင်း စခန်းသွားလို့ မဖြစ်ကြောင်း သိသွားပါသည်။ နောက်ကျသဖြင့် နာကျင်မှု ကြီးခဲ့ပါသည်။

ဤသင်ခန်းစာကို နအဖ စစ်အုပ်စု မမေ့သင့်ပါ။ ပေါ်လစီချမှတ်နိုင်သည့် အဆင့်နေရာရှိသူများနှင့် နအဖ၏ ပေါ်လစီကို ပြောင်းလဲအောင် လုပ်နိုင်သည့် အဆင့်နေရာရှိသော ဗမာ့တပ်မတော် တပ်မှူးအကြပ်တပ်သားများကို NLD SPDC ဆွေးနွေးပွဲ အမြန်လုပ်ရေး၊ အပေးအယူ အလျှော့အတင်းလုပ်ရေးကို တွန်းဆော်ကြပါရန် ပန်ကြားပါသည်။

အခွင့်အလမ်းဆိုသည်မှာ ထာဝရမရှိပါ။ တဒင်္ဂပေါ်လာသည့် အခွင့်အလမ်းကို ဖမ်းယူဆုပ်ကိုင်နိုင်မှ တိုင်းပြည်အနာဂတ် လှပါလိမ့်မည်။

လွတ်လပ်ရေးမရမီ အကြိုကာလက တဒင်္ဂအခွင့်အလမ်း ပေါ်ဖူးပါသည်။ ကျွန်တော်တို့ လက်လွတ်ခဲ့ပါသည်။ ပြည်တွင်းစစ် ဖြစ်ခဲ့ပါသည်။

ယခုလည်း အခွင့်အလမ်း မကွယ်ပျောက်မီ အမိဖမ်းဆုပ်ကိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# ဂန္ဒီနှင့် ဗိုလ်အောင်ဆန်း


silchata apasmen ber rakhna', meani
teach us to bear ill will towards on
enough to be friendly to one's frie
the one who regards himself as
quintessence of true religion. The ot

ဂန္ဒီက လုပ်ကြံခံရနိုင်တယ်ဆိုတာ သိခဲ့ပုံ ပေါ်တယ်။ အိန္ဒိယထုတ် Mainstream ပြည်ထောင်စုနေ့ အထူးထုတ်က သူ့စာကို ဖော်ပြလိုက်တယ်။

ဗိုလ်အောင်ဆန်းကတော့ မသိဘူး၊ ငါးကျပ်တန် ဝရမ်းပြေးကနေ သုံးလေးနှစ်အတွင်း အမျိုးသားသူရဲကောင်း ဖြစ်လာတယ်။ လယ်သမားတို့ရဲ့ အသဲစွဲ ဖြစ်လာတယ်။ သူက တော်လှန်ရေးသမား ဖြစ်တယ်။ သူ့ကို လုပ်ကြံသူ ပေါ်မယ်လို့ ထင်ခဲ့ပုံမပေါ်ဘူး၊ နိုင်ငံရေး ရန်ဘက်တွေရှိတာ သူသိတယ်။ နိုင်ငံရေးလောက ဝင်ကတည်းက နိုင်ငံရေးရန်ဘက်တွေ အများကြီး ကြုံဖူးတာပဲ။

ဒါပေမဲ့ အင်္ဂလိပ်က "တရားဥပဒေစိုးမိုးရေး"အလေးထားနေတဲ့ခေတ် မင်းလောင်းမောင်သန့် ဆရာစံသူပုန် အရေးတုန်းက စိတ်ရှိလက်ရှိ သတ်ထားရလို့ အာသာပြေနေတဲ့ ခေတ် ငြိမ်ဝပ်ပိပြားရေးကို နိုင်နိုင်နင်းနင်း လုပ်ထားနိုင်တဲ့ခေတ် ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အပြီးကျတော့ အင်္ဂလိပ်က သူထွက်မသွားမီ ပြည်တွင်းစစ် ဖန်တီးထားခဲ့ချင်တဲ့ခေတ် ဖြစ်နေပြီ။ (အိန္ဒိယမှာတော့ ဘာသာရေးစစ် ဖန်တီးတဲ့ခေတ်)

ယူဂန်ဒါထောင်ပြန် 'ဂဠုန်စော' ဟာ ဗိုလ်အောင်ဆန်းကို သဲကြီးမဲကြီး ပြိုင်တယ်။ ဒါကို ဗိုလ်အောင်ဆန်းသိတယ်။ မသိတာက နိုင်ငံရေးပြိုင်ဘက်အဖြစ်ထက် ပုဂ္ဂိုလ်ရေးမုန်းတီးမှုက ကဲနေတယ်ဆိုတာကို မသိဘူး။

ဗိုလ်အောင်ဆန်းလုပ်ကြံခံရတာမှာ နေဝင်းတိုက်ရိုက်ပါနေသလို ပြောကြရေးကြတယ်။ ကွန်မြူနစ်များရထားတဲ့ အထောက်အထားအရ အဲဒီလို မဟုတ်ဘူး။ နေဝင်းတိုက်ရိုက်မပါဘူး။ ပါတယ်ဆိုရင် ကွန်မြူနစ်ပြည်သူ့ရဲဘော် ဆိုရှယ်လစ်တွေ တပ်ထဲက မျိုးချစ်တွေ သိမှာပဲ။ ဘယ်မှာ ဒီအတိုင်း ကြည့်နေမလဲ။ အမှုန့်ချေပစ်ကြမှာပေါ့။ အဲဒီတုန်းက နေဝင်းက တကယ့်ကို တကောင်ကြွက် အထီးကျန် ဖြစ်နေတာပဲ။ တော်လှန်ရေး အသိုင်းအဝိုင်းထဲ မျက်နှာချိုသွေး ဝင်ရောနေရတဲ့ဘဝပဲ။

ဂဠုန်စောကို သတ်ချင်အောင် သွယ်ဝိုက်ပြီး ဆွပေးတာမှာတော့ နေဝင်းဟာ အဓိကပုဂ္ဂိုလ်ပဲ၊ အထောက်အထား အပြည့်အစုံ ကွန်မြူနစ်တွေမှာ ရှိပါတယ်။

သူ့ကိုယ်သူ မင်းမဲ့ဝါဒီပါလို့ပြောတဲ့ မင်းမဲ့ဝါဒီတပိုင်း ဆိုရှယ်လစ်စစ်အုပ်စုအမာခံ ရန်ကုန်ဘဆွေက မသေခင်မှာ ဂဠုန်စောကို လုပ်ကြံတာ သူပဲလို့ ဝန်ခံသွားတယ်။ နေဝင်း အာဏာရှင်ဖြစ်နေတဲ့ခေတ်မို့ ဝန်ခံဝံ့တာ ဖြစ်တယ်။ ဒါပေမဲ့ ဂဠုန်စောကို လုပ်ကြံဖို့ ဘယ်သူမြှောက်ပေးတယ် ဆိုတာကိုတော့ ဖုံးဖိသွားတယ်။ သူ့အစီအစဉ်နဲ့ သူလုပ်တာလို့ ရေးတယ်။ ဗိုလ်မောင်မောင်ကိုသွားပြီး ကယ်ခဲ့တာမှာလို သူများချပေးတဲ့ အစီအစဉ်မှာ သူက ဝင် ကရတာပါလို့ ဝန်ခံမသွားဘူး။

တကယ့်အဖြစ်က ဒီလို။

ဂဠုန်စော ယူဂန်ဒါ ထောင်က လွတ်ပြီး ဗမာပြည်ရောက်ကတည်းက ဖ.ဆ.ပ.လ ဆန့်ကျင်ရေးလုပ်တယ်။ ဖ.ဆ.ပ.လ ထဲရောက်နေတဲ့ သူ့လူတွေကို ပြန်ခေါ်တယ်။ အားလုံးလောက်ပဲ၊ "မျိုးချစ်ပါတီ" ပြန်ဝင်ကြတယ်။ အင်္ဂလိပ် ဘုရင်ခံက အားပေးတယ်။ အင်္ဂလိပ်အားပေးတာက စစ်မဖြစ်မီကလို မဟုတ်ဘူး။ တရားဥပဒေစိုးမိုးမှု ပျက်စီးရေးကို အားပေးတယ်။ လက်နက်တွေ ထုတ်ပေးတယ်။ ကွန်မြူနစ် ဆိုရှယ်လစ် ပဋိပက္ခကို ဆွပေးတယ်။ ၁၉၄၆ ခုနှစ် နောက်ပိုင်းကစပြီး ကွန်မြူနစ်ပါတီဝင်တွေ အများကြီး လုပ်ကြံအသတ်ခံ ရတယ်။ ဆိုရှယ်လစ် "လက်နက်ကိုင် ပုလိပ်တွေ" သတ်တာမှန်း အင်္ဂလိပ်သိတယ်။ ကွန်မြူနစ်လဲ သိတယ်။ အမှုဖွင့်လို့ မရဘူး။ ပုလိပ်သွားတိုင်ရင် FIR (ပဏာမ စစ်ဆေးမှု) တောင် မဖွင့်ဘူး။ ကိုယ့်ကိစ္စ ကိုယ့်ဖာသာ ရှင်းကြလို့ ဖွင့်မပြောရုံတမယ်ပြောတယ်။

ဂဠုန်စောကိုတော့ ကိုယ်ပိုင် လက်နက်ကိုင်တပ် ဖွဲ့နိုင်အောင် လက်နက် ထုတ်ပေးတယ်။ ကိုင်မယ့်လူ စုမရလို့သာ ဂဠုန်

လက်နက်ကိုင်တပ် မပေါ်တာပဲ။ လူစုလို့ရရင် ပြည်သူ့ရဲဘော်နဲ့ ဂဠုန်တပ် ပြည်တွင်းစစ် ဖြစ်မှာပဲ။

ဂဠုန်စောကို အင်္ဂလိပ်က ပင်းနေမှန်း သိနေတဲ့ နေဝင်းဟာ သိပ်ကိုမခံမရပ်နိုင်ဖြစ်နေတယ်။ သူတို့ ၂ ယောက်က လူမိုက်ဂိုဏ်းခေါင်းဆောင် စရိုက်ရှိကြတာဖြစ်တော့ မကျေမချမ်း သိပ်ဖြစ်တယ်။

တနေ့မှာ (ဖ.ဆ.ပ.လ ကွန်မြူနစ်မကွဲသေးခင်) နေဝင်းက ပြည်သူ့ရဲဘော်ဌာနချုပ်လာတယ်။ သူ့ထုံးစံအတိုင်း တောင်စဉ်ရေမရပြောရင်း ဂဠုန်စော သိပ်ချိုကြွနေတယ်။ ဆုံးမမယ့်လူ မရှိတော့ဘူးလား ... ဆိုတဲ့စကားပြောသွားတယ်။

အဲဒီမှာ ဂဠုန်စော လုပ်ကြံရေး ပေါ်တာပဲ။ လုပ်ကြံတာ အောင်မြင်ရင် တတောရှင်းတာ ဖြစ်နိုင်ပေမယ့် ဂဠုန်စောက မသေဘူး။ ဆေးရုံတက်နေတဲ့ ဂဠုန်စောကို ဗိုလ်အောင်ဆန်းက လူနာသွားမေးမိတယ်။ ဗမာပြည်နိုင်ငံရေးမှာ လောကဝတ်လုပ်တာ အဆန်းမဟုတ်ဘူး။

ဒါပေမဲ့ ဂဠုန်စောက သူပဲသတ်ခိုင်းပြီး သူကပဲ လူနာလာမေးတယ်လို့ ထင်သွားတယ်။ ဒါသက်သက် စော်ကားတာပဲလို့ ယူဆတယ်။ ဗိုလ်အောင်ဆန်းက သူ့လူတွေလုပ်မှန်းသိပုံ မရဘူး။ ရိုးရိုးတန်းတန်းပဲ လောကဝတ်အရ သွားတာဖြစ်တယ်။

ဒီလိုနဲ့ ‘ဇူလိုင် ၁၉’ ဖြစ်တာပဲ။

အခုမှ ဘာကြောင့် ချေးခြောက်ရေနှုးလုပ်ပြီး ကွန်မြူနစ်က ဖွင့်ပြောသလဲ။ သမိုင်းသင်ခန်းစာ မယူရင် ထပ်တကျော့ပြန်တတ်လို့ပဲ။

“နေဝင်း အာဏာသိမ်း လုပ်ကြံမှု” ကို သံတမန် အသိုင်းအဝိုင်းတွေက မယုံဘူး။ အလေးအနက် မထားဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အကျိုးနဲ့ မကိုက်လို့။ သူတို့ဖော်ထုတ်ထားတဲ့ ‘ပုံသေနည်း’ (ခေါင်းမာနဲ့ အလယ်အလတ်သမား) နဲ့ မကိုက်လို့။ နေဝင်းကလဲ တကယ့် အိုမင်းမစွမ်း (ခွေးအိုတော့ ခွေးမလေး၊ လူအိုတော့ လူမလေး ဘဝ) ရောက်နေတယ်။ ဒီကြားထဲမှာ သူက နိုင်ငံရေး လူမှုရေးအပယ်ခံ ဖြစ်နေတော့ – သမက်နဲ့ မြေးတွေကို သုံးလိုက်ရတယ်။ အချိန်ဆွဲနေလို့ မရဘူး။ ဒါဟာ နေဝင်း လုပ်နေကျနည်း မဟုတ်ဘူး။ ခြွေရံသင်းပင်းတွေ ပေါများတဲ့ကာလကဆိုရင် ဒီနည်း ဘယ်တော့မှ မလုပ်ဘူး။ အခုတော့ ဘာအတွေ့အကြုံ ဘာဂုဏ်သိက္ခာမှမရှိတဲ့ သမက်နဲ့ မြေးတွေ ခိုင်းရတယ်။ သိပ်ပြီး အပျော်တမ်းဆန်သွားတယ်။ ကရော်ကမယ် လုပ်သလို ဖြစ်သွားတယ်။

ဗမာပြည်ရဲ့ နိုင်ငံရေးနဲ့ စစ်အုပ်စုစိတ်နေစိတ်ထား လုံးလုံးမသိတဲ့ သံတမန် အသိုင်းအဝိုင်းက အဲဒါတွေကြောင့် မယုံတာပဲ။

ကွန်မြူနစ်ကတော့ ယုံတယ်။ ဒါကြောင့် သတိပေးသင့်သူကို အစောကြီးကတည်းက သတိပေးခဲ့တယ်။

နေဝင်းဟာ ဂဠုန်စောနဲ့ စရိုက်ခြင်းတူတယ်လို့ ရှေ့မှာ ပြောခဲ့ပြီးပြီ။ သူဟာ န.အ.ဖ စစ်ခေါင်းဆောင်တွေကို သက်ညှာမှာ ဖြစ်ပေမယ့် ဒီ/ချုပ် ကို ညှာမှာ မဟုတ်ဘူး။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်တင်ဦးတို့ကို အာဃာတတွေ အထပ်ထပ်နဲ့ အပြတ်ရှင်းလိမ့်မယ်။

ဒါကြောင့် နေဝင်း လှုပ်လှုပ်ရှားရှားဖြစ်လာတာ တွေ့စကတည်းက န.အ.ဖ က ‘နေဝင်းလုပ်ကြံမှု’ ကို မဖော်ထုတ်မီ ကတည်းက ပြည်ပရောက် ဒီ/ချုပ် ခေါင်းဆောင်တွေကို သတိပေးခဲ့ပါတယ်။

သမိုင်းဆိုတာ တထပ်တည်း ပြန်မဖြစ်တတ်ပေမယ့် တကျော့ပြန်တတ်ကြောင်း အားလုံး မမေ့မလျော့ မပေါ့ကြဖို့ လိုအပ်ပါကြောင်း။ ။

**စစ်အင်အားဖြင့် တိုင်းပြည်တစည်းတလုံးတည်းရှိရေးကို လုပ်ဖူးလှပါပြီ။**
**ရှေးကလည်း မတည်ဆောက်နိုင်၊ ယခုလည်းမတည်ဆောက်နိုင်ကြောင်းကို**
**စစ်အုပ်စုသိချိန်တန်ပါပြီ။**

# ပါတီစည်းရုံးရေးကဏ္ဍ
# ပုဒ်မ ၃၃

(၁)

ဗမာပြည်ကွန်မြူနစ်ပါတီ၏ စည်းမျဉ်းတွင် တမူထူးသော မည်သည့်ညီအစ်ကို ပါတီ၏ စည်းမျဉ်းတွင်မျှ မရှိသော ပုဒ်မတခု ရေးထားသည်။ ပုဒ်မ–၃၃ ဖြစ်သည်။ ၁၉၇၇ ခုနှစ် နှစ်စပိုင်းက ရေး၍ ၁၉၇၉ တွင် နိုင်ငံရေး ဦးဆောင်အဖွဲ့က ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် တင်ပြအတည်ပြုကာ တပါတီလုံးသို့ ထုတ်ပြန်ခဲ့သည်။

ပုဒ်မ–၃၃ အပြည့်အစုံမှာ

“ပြည်လုံးကျွတ် ပါတီကွန်ဂရက် ခေါ်ဆိုနိုင်သည့် အခြေအနေလည်း မရှိ၊ ပါတီဗဟိုကော်မတီကို တိုးချဲ့ဖွဲ့စည်းရန် အပူတပြင်း တောင်းဆိုနေသော အရေးတကြီးအခြေအနေမျိုးတွင် ဗဟိုကော်မတီသည် တိုးချဲ့ ဗဟိုကော်မတီအစည်းအဝေး ခေါ်ဆိုပြီး ဗဟိုကော်မတီ တိုးချဲ့ဖွဲ့စည်းခြင်းကို ခြွင်းချက်အနေဖြင့် ပြုလုပ်နိုင်သည်”။

‘အပူတပြင်း တောင်းဆိုနေသော အရေးတကြီး အခြေအနေ’ ‘ခြွင်းချက်အနေဖြင့်’ ဟု တမင်ရေးထားပါသည်။ ထိုအခြေအနေမျိုး မပေါ်ရန် အစွမ်းကုန်ကြိုးစားကြမည်ဟု သန္နိဋ္ဌာန် ပြုသည့်သဘော ဖြစ်သည်။

၁၉၈၉ အဖြစ်အပျက်မျိုး ဖြစ်နိုင်သည်ဟု ၁၂ နှစ်ကြိုပြီး ဗဟိုက မြင်ခဲ့သည်။ တပါတီလုံးလည်း ဗဟိုကို အကြွင်းမဲ့ နာခံကာ ကြိုးစားခဲ့ကြသည်။ ၁၂ နှစ်တိုင်တိုင် ကြိုးစားခဲ့၏။

သို့သော်

မဖြစ်ချင်တာ ၁၉၈၉ တွင် ဖြစ်ခဲ့သည်။ ပါတီဝင်ထုကြီးတရပ်လုံး ထိခိုက်နာကျင်မှုများ ဖြစ်ခဲ့ရသည်။ ဗဟိုတွင် တာဝန်ရှိကြောင်း ဝန်ခံထားသည်။ နိဂုံးချုပ်စာတမ်း ရေးပြီးတပါတီလုံးသို့ တင်ပြပြီး ဖြစ်သည်။

နိဂုံးချုပ်စာတမ်း ရေးရာတွင် ‘ဘယ်သူမပြု မိမိမှု’ ဟု သဘောထားကာ မိမိ အတွင်းပိုင်း အကြောင်းကို အဓိကထား၏။ ပြင်ပ အကြောင်းများ အရေးမကြီး၍မဟုတ် တစုံတရာ အရေးကြီးပါသည်။ သို့သော် အဓိက မဟုတ်ပါ။

(၂)

တပါတီလုံး ထိခိုက်နာကျင်မှု ရှိရာတွင် အဓိက နာကျင်ရမှုမှာ မျိုးဆက်ဟောင်း ခေါင်းဆောင်များ အနားယူရခြင်း ဖြစ်သည်။ ပါတီသည် ၁၉၄၈ ခုနှစ်မှ စ၍ ၁၉၈၉ အထိ လက်နက်ကိုင်တိုက်ပွဲကို အဓိက တိုက်ပွဲသဏ္ဍာန်အဖြစ် ထားရာမှ တဆစ်ချိုး လှည့်ပြောင်းကာ မြေအောက်တိုက်ပွဲသဏ္ဍာန်ကို အဓိကထားလာရသဖြင့် အသက်အရွယ်ကြီးရင့် လူသိများသော ခေါင်းဆောင်များကို အနားယူစေခြင်း ဖြစ်သည်။

သူတို့သာ နစ်နာသလော၊ မဟုတ်ပါ၊ ပါတီဝင်မြောက်မြားစွာ နစ်နာပါသည်။ မြေအောက်လုပ်ငန်း မလုပ်သင့် မလုပ်နိုင်သူများကို ရာထောင်ချီ၍ ချိန်ပြည့်ပါတီဝင်မှ ချိန်ပိုင်းပါတီဝင်အဖြစ် ပြောင်းစေရသည်။ လက်နက်ကိုင် တိုက်ပွဲ ကာလက လုပ်ခဲ့သော စည်းရုံးရေးသဏ္ဍာန် မှန်သမျှကို စွန့်ပယ်ရသည်။ နာကျင်မှု ကြီးပါသည်။

မြေအောက်တိုက်ပွဲ လုပ်ငန်းနှင့် လက်နက်ကိုင်တိုက်ပွဲ လုပ်ငန်းမှာ အခြေခံချင်း လုပ်ဟန်ချင်း ခြားနားသည်။ လက်နက်ကိုင်တိုက်ပွဲက အင်အားများလေ ကောင်းလေ၊ မြေအောက်လုပ်ငန်းက နည်းနည်းနှင့် ကြဲကြဲဝိုင်း။

လက်နက်ကိုင်တိုက်ပွဲကာလတွင် ဗဟိုကော်မတီ ဖွဲ့စည်းခြင်း တိုးချဲ့ခြင်းကို လူသိများအောင် လုပ်ရသည်။ ဥက္ကဋ္ဌ၊ ဒု – ဥက္ကဋ္ဌ၊ နိုင်/ဦး အဖွဲ့ ဗဟိုကော်မတီ အပြည့်အစုံစသဖြင့် အသံလွှင့်ကြေညာသည်။ စာရွက်စာတမ်း ရိုက်သည်၊ တပါတီလုံး သာမက တတပ်လုံး တတိုင်းပြည်လုံးသိအောင် လုပ်သည်။

မြေအောက်တိုက်ပွဲ ကာလတွင် မည်သို့မျှ မကြေညာပါ။ ပါတီဝင်များကိုလည်း “မစပ်စုနဲ့ – မတော်တဆသိသွားရင် မေ့ပစ်” ဟု ပညာပေးသည်။ ပြားလိုက် မဆက်နဲ့၊ ဒေါင်လိုက်ဆက်ဟု ညွှန်ကြားသည်။

စစ်တိုက်လျှင် မိမိတာဝန်၊ ဘေးနံတပ်များ၏တာဝန်၊ အဆင့်ဆင့် အမိန့်ပေး ကွပ်ကဲမှုစနစ်အားလုံးကို အသိပေးရသည်။ သို့မှသာ စစ်ကောင်းကောင်း တိုက်နိုင်မည်။

မြေအောက်လုပ်ငန်းကား ၎င်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

မျိုးဆက်ဟောင်းဗဟိုကော်မတီက မျိုးဆက်သစ် ဗဟိုစည်းရုံးရေးကော်မတီသို့ ပါတီအလံ လွှဲရာတွင် မြေအောက်နည်းဖြင့် လွှဲခဲ့သည်။ အုတ်အော်သောင်းတင်း မလုပ်ပါ။

ပါတီအလံကို ဗဟိုစည်းရုံးရေး ကော်မတီက သယ်ဆောင်ခဲ့သည်မှာ ၁၀ နှစ်

ရှိပြီ။

ဗဟိုကော်မတီဟောင်းက ဗဟို စည်းရုံးရေးကော်မတီသစ်သို့ မြေအောက်နည်းနှင့် လွှဲခဲ့၍ အချို့က ဗကပ သစ် ဗကပ ဟောင်းဟု ထင်ကြသည်။ မဟုတ်ပါ။ ၁၉၃၉ က သယ်ဆောင်ခဲ့သော ဗကပ အလံကို စဉ်ဆက်မပြတ် သယ်ဆောင်နေခြင်း ဖြစ်သည်။

၁၉၃၉ မှ ၁၉၄၅ အထိ လုပ်ခဲ့သော မြေအောက်လုပ်နည်းကို ၁၉၈၉ မှစ၍ လုပ်နေခြင်း ဖြစ်သည်။

၁၉၃၉ – ၄၅ ကို ပထမ မြေအောက်ကာလ။ ၁၉၈၉ မှ ... ကို ဒုတိယ မြေအောက်ကာလဟု ဆိုရမည်။ ပထမ မြေအောက်ကာလက ပါတီကို အထွေထွေအတွင်းရေးမှူးက ခေါင်းဆောင်သလို ယခု ဒုတိယမြေအောက်ကာလတွင် အထွေထွေအတွင်းရေးမှူးက ခေါင်းဆောင်သည်။ လက်နက်ကိုင်တိုက်ပွဲကာလကလို ဥက္ကဌက ခေါင်းမဆောင်ပါ။

(၃)

ဗကပ သည် မြေအောက်ပါတီဘဝတွင်သာ ရပ်နေမည်မဟုတ်၊ မုချ ကူးပြောင်းရလိမ့်မည်။ ၁၉၄၅ ကူးပြောင်းနည်းလော။ ၁၉၄၈ ကူးပြောင်းနည်းလော။ မပြောနိုင်ပါ။ အဆုံးအဖြတ်ပေးမည့်သူမှာ ကျွန်တော်တို့ မဟုတ်ပါ။

စစ်အုပ်စုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စေ့စပ်ဆွေးနွေးပွဲ အောင်မြင် မအောင်မြင် ဆိုသည်က အဆုံးအဖြတ် ပေးလိမ့်မည်။

၁၉၄၅ တွင် ဥပဒေတွင်း ပါတီအဖြစ်သို့ ကူးပြောင်းနိုင်ခြင်းမှာ ဒီမိုကရေစီရှိနေ၍ ကူးပြောင်းနိုင်ခြင်း ဖြစ်သည်။

၁၉၃၉ ခုနှစ် ဗကပ ထောင်စဉ်က မြေအောက်ပါတီအဖြစ် ထူထောင်ရခြင်းမှာ အင်္ဂလိပ်က မတရားသင်း ကြေညာထား၍ ဖြစ်သည်။ ဗမာပြည်တွင် ကြေညာခြင်းကား မဟုတ်။ အိန္ဒိယပြည်တွင် ကြေညာထားသည်။ အိန္ဒိယပြည်၏ ပြည်နယ်ဖြစ်နေသော ဗမာပြည်တွင်ပါ ထိုဥပဒေ အကျိုးဝင်နေသည်။ ၁၉၃၇ ခုနှစ်တွင် အိန္ဒိယပြည်၏ ပြည်နယ်ဘဝမှ လွတ်မြောက်ခဲ့သော်လည်း အင်္ဂလိပ်ဥပဒေဘောင်မှ မလွတ်မြောက်ခဲ့ပေ။ ထို့ကြောင့် မြေအောက်ပါတီ ဘဝဖြင့် စခဲ့ရသည်။ ဗကပ ထောင်စဉ်က မည်သူတွေ ပါခဲ့၍ မည်သူ ခေါင်းဆောင်ခဲ့သည်ကို ၁၉၄၅ ခုနှစ်ကျမှ (ဒီမိုကရေစီရှိမှ) ထုတ်ပြောနိုင်ခြင်း ဖြစ်သည်။

၁၉၄၅ တွင် ဗကပ မြေပေါ်တက်လာသည်မှာလည်း တမူထူးသည်။ ဗကပ ဗဟို မြေပေါ်မရောက်ခင်က မန္တလေး၊ စစ်ကိုင်း၊ ခရိုင်ပါတီများက မြေပေါ်ရောက်သည်။ ဖက်ဆစ်တော်လှန်ရေးကျေးဇူး ဖြစ်သည်။ မြေပေါ်တက်လာစဉ်က **CAS (B)** ဗမာပြည် အုပ်ချုပ်ရေးတပ်ဖွဲ့ မရောက်သေး။ စစ်မြေပြင်လုံခြုံရေးတပ်ဖွဲ့ **(F.S.S)** ကမြို့ကို အုပ်ချုပ်နေသည်။ ဖဆပလ၊ ဗကပ ဆိုင်းဘုတ် တင်တာလည်း သူတို့ကိစ္စမဟုတ်၍ ဘာမှမပြော ကြည့်နေသည်။ လူထုအစည်းအဝေးခေါ်လည်း ဂရုမစိုက်၊ သူတို့အရေးမဟုတ်၊ အိန္ဒိယပြည်ကွန်မြူနစ်ပါတီလည်း တရားဝင်ပါတီ ဖြစ်နေပြီဖြစ်၍ သူတို့အတွက် မဆန်း။

ဂျပန်အပြေးတွင် လက်နက်များ ပြန့်ကြဲကျန်နေ၍ ဖဆပလ အဖွဲ့က စုစည်းပြီးသွားအပ်တော့တောင် သူတို့အရေး မဟုတ်၍ မည်သည့်တပ်ဖွဲ့ကမျှ လက်မခံ၊ သူတို့တပ်ဝိုင်းထဲ ပုံထားခဲ့ရသည်။

ဗကပ ဆိုင်းဘုတ်ကိုကူပြီး တင်ပေးသူများကလည်း အင်္ဂလိပ်တပ်တွင်း ပါလာသည့် ဗြိတိသျှ ကွန်မြူနစ်များနှင့် အိန္ဒိယကွန်မြူနစ်များ ဖြစ်သည်။ ဤသည်မှာလည်း ထူးခြားချက်တရပ် ဖြစ်သည်။

ဗကပ သည် မြေပေါ်တွင် (၃) နှစ်သာ နေရသည်။ လက်နက်ကိုင် တိုက်ပွဲတိုက်ရသည်။ မည်သည့်ဒေသ မည်သူဦးဆောင်နေသည် ဆိုသည်မှာ လျှို့ဝှက်ချက် မဟုတ်။ ပါတီဝင်များ သိသည်။ လူထုသိသည်။ ရန်သူသိသည်။ သိလည်းအရေးမကြီးပါ။ မြေအောက်လုပ်ငန်းမဟုတ်၍ အသိခံဝံ့သည်၊ မြေအောက်လုပ်ငန်း၏ အသက်မှာ လျှို့ဝှက်ရေး၊ လက်နက်ကိုင်တိုက်ပွဲ၏ အသက်မှာ လူထုမှီခိုရေး။ သဘာဝချင်းပင် မတူကြပါ။

မြေပေါ်ပါတီဘဝမှ လက်နက်ကိုင်တိုက်သည့် ပါတီဘဝသို့ ကူးပြောင်းခြင်းမှာ ဖဆပလ ကွန်မြူနစ်ညီညွတ်ရေး ဆွေးနွေးပွဲ ပျက်၍ ဖြစ်သည်။ ဗိုလ်အောင်ဆန်းနှင့် စခဲ့သော ဆွေးနွေးပွဲမှာ ဆိုရှယ်လစ်ပါတီကြောင့် ပျက်သွားသဖြင့် ကူးပြောင်းရခြင်း ဖြစ်သည်။

ယခုလည်း မည်သို့ဖြစ်မည် မပြောတတ်ပါ။ မြေပေါ်ရောက်မည်လော၊ လက်နက်ပြန်ကိုင်ရမည်လော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆွေးနွေးပွဲ အဖြေက အဆုံးအဖြတ်ပေးလိမ့်မည်။

ယုံကြည်မှုတည်ဆောက်သည့်ကာလ တနှစ်ခွဲ (ယုံကြည်မှုက ရာနှုန်းပြည့် ရသေးဟန်မတူ၊ နိုင်ငံရေးအကျဉ်းသားများ ထောင်ထဲတွင် ရှိနေဆဲ)

ပေါ်လစီဆွေးနွေးပွဲ စတော့မည်ဟု အဖွဲ့ချုပ်က ပြောသည်။ နအဖ ကတော့ မပီမသ ပြောသည်။

ဘယ်လောက် အချိန်ယူကြမည်နည်း။

ငယ်သူကြီး၍၊ ကြီးသူအိုကာ အိုသူသေတော့မှ ပြီးမည်လော။ ကာယကံရှင်များ အပေါ် တည်နေသည်။ အထူးသဖြင့် နိုင်ငံတော်အာဏာ ကိုင်ထားသည့် စစ်အစိုးရအပေါ် တည်နေသည်။

ဗကပ က မြေအောက်ပါတီအဖြစ် လှုပ်ရှားရင်း အဖြေကို စောင့်နေသည်။

စောင့်သည် ဆိုရာ၌ မတက်မကြွ စောင့်နေခြင်းမျိုး စောင့်မည်မဟုတ်။ အတွေးအခေါ်အရ စည်းရုံးရေးအရ ပြင်ဆင်ရင်း စောင့်နေသည်။ ။

**အလွန်ပညာဆန်သော မာ့က်စ်ဝါဒ ကွန်မြူနစ်ဝါဒကို နားလည်လိုလျှင် စာတတ်ရသည်။**

# ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏

## ဖက်ဆစ်တော်လှန်ရေးနေ့ကို ပြန်ပြောင်းသတိရချက်။

ယနေ့-၂၀၀၂ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့သည် ဗမာပြည်ရှိ ဗမာပြည်သူ တမျိုးသားလုံးတို့၏ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သော ဖက်ဆစ်တော်လှန်ရေး၏ (၅၇) နှစ်မြောက်နေ့ ဖြစ်သည်။

ထိုနေ့နံက် ရေဒီယိုမှ မြန်မာပြည် ဖက်ဆစ်တော်လှန်ရေး အကြောင်းတွေ ထုတ်လွှင့်သည်ကို မိမိကြားရသည်။ မိမိမှာ ထို ဖက်ဆစ်တော်လှန်ရေးကြီးအတွင်း တာဝန်ခံ တဦးအဖြစ် ပါဝင်ခဲ့သူ ဖြစ်သဖြင့်၊ ထိုအကြောင်း များကို ပြန်လည်မစဉ်းစားဘဲ မနေနိုင်အောင် ပြန်ပြောင်းသတိရမိသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာပြည်သူတရပ်လုံးက ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အား စတင်တော်လှန်ပုန်ကန်ကြသည်။ ထိုတော်လှန်ရေးကြီးတွင် မိမိကို ဗမာပြည် စစ်တိုင်း (၁၀) ခု ခွဲထားသည့်အနက် စစ်တိုင်းကြီး (၄) ကို စစ်ရေးတာဝန်ခံ ခေါင်းဆောင်အဖြစ် တော်လှန်ရေးကောင်စီက တာဝန်လွှဲအပ်ခြင်း ခံရသည်။ စစ်တိုင်း (၄) ၏ နိုင်ငံရေးခေါင်းဆောင်မှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်ချစ် ဖြစ်သည်။ စစ်တိုင်း (၄) တွင် သထုံခရိုင်၊ ပဲခူးခရိုင်နှင့် တောင်ငူ တောင်ပိုင်းတို့ ပါဝင်သည်။

စတင်တော်လှန်သည့် မတ်လ (၂၇) ရက် ညဦး ည (၇) နာရီလောက်တွင် ပဲခူးမြို့ စစ်ရေးပြကွင်းတွင် တော်လှန်ရေး ထွက်ကြမည့် ပဲခူးဒေသမှ တပ်ဖွဲ့အသီးသီးသည် တပ်ထွက်ရန် တန်းစီစုဝေးနေကြသည်။ မိမိသည် ထိုတပ်ဖွဲ့ကြီးကို တော်လှန်ရေးကောင်စီမှ ဗိုလ်ချုပ်အောင်ဆန်း၏ ဂျပန်ကို စစ်ကြေညာသည့် ကြေညာချက်ကို ဖတ်ပြပြီး၊ ဂျပန်ကို ထိုနေ့ ထိုအချိန် တပြည်လုံး တော်လှန်တော့မည့် အကြောင်းကို မိန့်ခွန်းတိုပေးပြီး တပ်ဖွဲ့အသီးသီး မိမိတာဝန်ကျရာ တော်လှန်သည့် နယ်မြေသို့ စတင်ချီတက်ကြသည်ကို မြင်ယောင်မိသည်။

မိမိသည် တိုင်း (၄) စစ်ဌာနချုပ် တပ်ဖွဲ့နှင့်အတူ ပဲခူးခရိုင် "ဝေါ" မြို့နယ်ဘက်သို့ ချီတက်ကြသည်၊ လရောင်နည်းနည်း လင်းနေသည့်အောက်တွင် တပ်ဖွဲ့များ ချီတက်ကြရာ မိမိသည် မြင်းပေါ်တွင် ထိုင်လိုက်လာပြီး များစွာ စိတ်ကြည်နူး ရွှင်လန်းမိသည်ကို သတိရမိသည်။

မိမိတို့သည် ယခင်တလော၊ ကာလ တခုလုံး ဂျပန်တော်လှန်ရေး ကိစ္စကြီး ပေါက်ကြားပြီး၊ ဂျပန်၏ လက်ဦးမှုခံရမှာကို အမြဲ အလွန်စိုးရိမ်ပြီး သောကတွေ ဝေခဲ့ရသည်။ အမြဲထိတ်လန့်နေရသည်။ ယခုမူ ဖက်ဆစ်တော်လှန်ရေးတွင် မိမိတို့က လုံးဝလက်ဦးမှု ရပြီး ပေါက်ကြားမှု မဖြစ်ဘဲ စတင်တော်လှန်နိုင်ကြပြီဖြစ်၍ များစွာဝမ်းသာ ကြည်နူးမိသည်။

ယခု ဖက်ဆစ်တော်လှန်ရေးမှာ မြန်မာသမိုင်းတွင် အလွန်ထူးခြား ပြောင်းမြောက်ပြီး၊ ဗမာပြည်သမိုင်းကို များစွာအကျိုးပြုခဲ့သည့် တော်လှန်ရေးကြီး ဖြစ်သည်။ ယင်း တော်လှန်ရေးကြီး၏ အောင်ပွဲကြောင့် ဗမာပြည်သည် နောက် (၃) နှစ်အကြာ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးကြီး ရခဲ့ရပေသည်။

ထိုတော်လှန်သော မတ်လ (၂၇) ရက်နေ့ကို သတ်မှတ်သူများမှာ စစ်တိုင်း (၄) ၏ တိုင်းစစ်ကော်မတီဝင်များ ဖြစ်ကြသည်။ မိမိမှတ်မိသလောက် ထိုစစ်ကော်မတီဝင်များမှာ မိမိအပါအဝင် သခင်ချစ်၊ ဗိုလ်သိန်းဒန်၊ ဗိုလ်ဗတင် (သခင်ဗတင်)၊ ဗိုလ်အောင်ရွှေ (ယခု NLD) စသည်တို့ ဖြစ်ကြသည်။

ပဋမ တော်လှန်ရေးကောင်စီမှ ဗိုလ်ချုပ်အောင်ဆန်းက ဧပြီလ (၂) ရက်နေ့တွင် တော်လှန်ရေးစရန် ညွှန်ကြားထားသည်။ သို့သော် ရန်ကုန်မြို့တွင်း၌ ထိုကာလတွင် ဂျပန်ကို တော်လှန်တော့မည့် သတင်းများ တိုးတိုးတိတ်တိတ် အနည်းငယ် ပျံ့လွှင့်နေသည်။ ထို့ကြောင့် တိုင်း (၄) စစ်ကော်မတီက အစည်းအဝေးထိုင်ပြီး၊ ထိုရက် (ဧပြီလ ၂ ရက်) အထိစောင့်လျှင်၊ ဂျပန်ထံ သတင်းပေါက်ကြားပြီး တော်လှန်ရေးကြီးကို ထိခိုက်နိုင်သည်ဟု တွက်ချက်ကြသည်။ အနည်းဆုံး ရန်ကုန်နှင့် ရန်ကုန်အနီး ပဲခူးဒေသတပ်ဖွဲ့များ လက်နက်ဖြုတ်၊ အရေးယူခံရမည်ဟု တွက်မိကြကာ မတ်လ (၂၇) ရက်နေ့ကို တော်လှန်ရေးနေ့ဟု သတ်မှတ်လိုက်ကြပြီး ဆက်သားများနှင့် တိုင်းအသီးသီးနှင့် ဗိုလ်ချုပ်အောင်ဆန်းထံ အမြန်အကြောင်းကြားသည်။

ထိုမှစ၍ မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကြီး စတင်တော့သည်။ တော်လှန်ရေးကြီး ပြီးဆုံးလို့ ရန်ကုန်တွင် လူအတော်စုံသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးရဲ့ (၂၇) ရက်နေ့ဟာ အားလုံး အံကိုက်ဖြစ်သွားသည်လို့ မိမိကိုပြောသဖြင့် ရက်ရွှေ့ရခြင်းအတွက် မိမိ ဝမ်းမြောက်ခဲ့

ရသည်။

ထိုတော်လှန်ရေးတွင် ဂျပန် (၂) သောင်းခန့်ကို ထိခိုက်သုတ်သင်နိုင်ခဲ့ပြီး ဗမာ့တော်လှန်ရေးကြီးကို ထူးခြားပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

ထိုတော်လှန်ရေးကြီးကြောင့် ဗမာ့လွတ်လပ်ရေးမှာ လျင်မြန်ခဲ့ပြီး မြန်မာပြည်သည် ကမ္ဘာတွင် ထင်ရှားကျော်ကြားလာခဲ့သည်။ မြန်မာ့သမိုင်းကို လျင်မြန်ကြီးကျယ်စွာ ပြောင်းလဲစေသော တော်လှန်ရေးကြီး ဖြစ်သည်။ ယင်းတော်လှန်ရေးသည် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးကြီး၏ အစိတ်အပိုင်းကြီး ဖြစ်ခဲ့ပြီး ဗမာ့ဖက်ဆစ်တော်လှန်ရေးကို ကမ္ဘာက အံ့သြချီးကျူးရသော တော်လှန်ရေးကြီး ဖြစ်တော့သည်။

ယင်းသမိုင်းဝင် မြန်မာ့ ဖက်ဆစ်တော်လှန်ရေးနေ့ကြီးကို ဗမာ့တပ်မတော်က ၁၉၅၄ ခုနှစ်တွင် "တပ်မတော်နေ့" ဟု အမည်ပြောင်းလဲလိုက်သည်။ ထိုကာလတွင် တပ်တွင်း ဆိုရှယ်လစ်များ ဖြစ်ကြသော ဗိုလ်အောင်ကြီး ဗိုလ်မောင်မောင်တို့က ဗိုလ်နေဝင်းကို တပ်တွင်း ဆိုရှယ်လစ်ခေါင်းဆောင်အဖြစ်တင်ပြီး တပ်မတော်ကို လွှမ်းမိုးနေသောကာလ ဖြစ်သည်။ ယင်းသို့ အမည်ပြောင်းခြင်းသည် တတိုင်းပြည်လုံး၏ တော်လှန်ရေးကို တပ်မတော်တဦးတည်းကသာဝင်၍ တာဝန်ယူသလိုဖြစ်၍ တော်လှန်ရေးကို ကျဉ်းမြောင်းစေခဲ့သည်။ နောက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခန်းကိုလည်း မှေးမှိန်ပပျောက်စေခဲ့သည်။ ယင်းသည် သမိုင်းအမှန်ကို မှေးမှိန်စေသည်။ နောက်တကြောင်းမှာ ထိုအချိန်က ဆိုရှယ်လစ်တပ်မှူးများက ဂျပန်အကူအညီနှင့် စစ်လျော်ကြေးများကို မျှော်ကိုးပြီး ဂျပန်၏ နိုင်ငံရေး စီးပွားရေး သြဇာများကို လက်ခံယူရန် ဂျပန်တော်လှန်ရေးနေ့ကို တပ်မတော်နေ့ဟု အမည်ပြောင်းလိုက်ခြင်းလဲ ဖြစ်သည်။ အဓိကအကြောင်းမှာ ဆိုရှယ်လစ်တပ်မှူးများက တပ်မတော်ကို ဗမာပြည်တွင် နိုင်ငံရေးပါတီအင်အားစုကြီး တရပ်အသွင် ဖြစ်လာရန် လုပ်ဆောင်ခြင်း ဖြစ်သည်။

အမှန် တပ်မတော်နေ့မှာ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့က ၁၉၄၁ ခု ဒီဇင်ဘာ (၂၆) ရက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖွဲ့စည်းခဲ့သည့်နေ့သာ ဖြစ်သင့်ပေသည်။ သို့သော် ထိုနေ့တွင် အထက်ပါ ဆိုရှယ်လစ်တပ်မှူးများ မပါခဲ့ကြပေ။ ထို့ကြောင့် ထိုနေ့အစစ်အမှန်ကို တပ်မတော်နေ့ လုပ်ချင်ပုံ မရကြပေ။

ထိုသို့ တပ်မတော်နေ့ဟု အမည်ပြောင်းလိုက်သည့် ၁၉၅၄ ခုနှစ် ကာလများကစလို့ တပ်မတော်သည် ဖက်ဆစ် – စစ်အာဏာရှင်လမ်းကို လျှောက်လှမ်းခဲ့ကြပေသည်။ ။

လွတ်လပ်ရေးရဖို့ –
တို့ပဲ တပ်မတော်ကို ထူထောင်ခဲ့တယ်။
လွတ်လပ်ရေး မဆုံးရှုံးအောင် –
တို့ပဲ ကာကွယ်ရမယ်။

# ဇာတ်ရည်လည်သွားသော
# **ဇာတ်လမ်းတပုဒ်**

(၁)

နိုင်ငံရေးပါတီကွဲလျှင် ‘ဘာဖြစ်ကြတာလဲ’ ဟု ဘေးလူက ဦးဏှောက်ခြောက်ခံပြီး တွက်မနေရပါ။ သူတို့တတွေက အပြန်အလှန် စွပ်စွဲကြမည်။ အပုပ်ချကြမည်။ ဟုတ်တာရော မဟုတ်တာရော ပြောကြမည်။

နိုင်ငံရေးပါတီတိုင်းသည် လူထုကို အားထားရသည်ချည်းဖြစ်၍ “ကျွန်တော်က လူကောင်း၊ သူကညစ်ပတ်တယ် ” ဟု လူထုကို တိုင်တည်ကြစမြဲ။

အသက် ၇၀ – ၈၀ တန်းများက ကွန်မြူနစ် – အလံနီ အကွဲအပြဲ၊ ဖဆပလ – ကွန်မြူနစ် အကွဲအပြဲ ကြုံဖူးသည်။ လူထုကို တိုင်တန်းကြသည်ကို ကြားဖူးကြသည်။ အသက် ၆၀ ဝန်းကျင်က တည်မြဲ သန့်ရှင်း အကွဲအပြဲတွင် ဝအီအောင် ကြားခဲ့ကြသည်။ ၁၀ နှစ် ကျော် အာဏာရပါတီကြီး၏ အကွဲအပြဲ ဖြစ်၍ ပို၍ စိတ်ဝင်စားစရာ ကောင်းသည်။ “သူက သိန်း ၄၀ ဘိုးပါတယ်။ သူက သိန်း ၆၀ ဖြောင် ပါတယ်” ဟု ကြားခဲ့ရသည်။

စစ်အုပ်စုကွဲလျှင်ကား လူထုကို တိုင်ကြတောကြမည်မဟုတ်။ သူတို့က လူထုထံမှ မဲတောင်းကြမည့် နိုင်ငံရေးသမားများ မဟုတ်။ လူထုကို အထင်သေးသည်။ လူထုက သမိုင်းဖန်တီးသည်ဟုမယုံ။ လှေနဲ့မြင်းလို စီးရာကို ပါတတ်သူများ၊ အာဏာရှိသူ၏ ခိုင်းဖတ်များဟု သတ်မှတ်သည်။

ထို့ကြောင့်အာဏာရှိသူ စစ်ဗိုလ်က အာဏာကို အမိအရ ဖက်တွယ်သည်။ အာဏာမရှိသူ စစ်ဗိုလ်က အာဏာရရန် ခြေပုန်းခုတ်သည်။ အောက်ခြေတပ်ထုကိုတော့ “တပ်မတော်သည်အဖ၊ တပ်မတော်သည် အမိ” “ဘေးပြောတာ မယုံနဲ့ သွေးပြောတာ ယုံ” ဟု ပြောကြသည်။

တပ်အောက်ခြေထုကလည်း ယုံကြည်ရာကို မပြောဝံ့ မလုပ်ဝံ့၊ တခါတရံသာ အထက်က မသိနိုင်ဟုထင်လျှင် စွန့်ပြီးလုပ်သည်။ ဥပမာ – သန့်ရှင်းဖဆပလ၊ ဒီချုပ်တို့ကို မဲပေးခြင်းမျိုး။ ယုံကြည်ရာကို လက်လွတ်စပယ် ပြောမိလျှင်လည်း သူတို့ခမြာ မသက်သာပါ။ အလုပ်ပြုတ်မည်၊ ထောင်တန်းကျမည်၊ မိသားစု စားရမဲ့သောက်ရမဲ့ ဖြစ်မည်။ ထို့ကြောင့် ရေလိုက်ငါးလိုက်ပဲနေကြသည်။

ဤအထာကိုသိသော စစ်အုပ်စုသည် ဂျပန်ခေတ်သန္တေသားလောင်းဘဝမှစ၍ ယခုအိုမင်းရင့်ရော်သည့် နအဖအထိ ထိပ်ပိုင်း အတွင်းကျိတ် အာဏာလုပွဲများသာ လုပ်လေ့ရှိသည်။ နောက်ဆုံးကျမှ ဒဖြ ကောင် ထီဖွင့်သလို ပေါက်ကောင်ထွက်သည်။

ဘယ်သူတွေပြုတ်သွားပြီ၊ ဘယ်သူတွေတက်လာပြီဆိုသည်ကို လူထုက ထိုအခါမှ သိရစမြဲ။

(၂)

ဗိုလ်အောင်ကြီးသည် ဗိုလ်နေဝင်းထက် လူထုတွင်း တိုးနိုင်သည်။ နယ်ကျောင်းသားသမဂ္ဂ လုပ်ဖူးသည်။ ယူဂျီ လုပ်ဖူးသည်။ ဗမာပြည်ဆိုရှယ်လစ်ပါတီ၏ တွဲဘက် အထွေထွေအတွင်းရေးမှူး လုပ်ဖူးသည်။ လဲမီးဗိုလ်ချုပ်လုပ်ဖူး၊ BEDC ကို အုပ်စီးဖူး၊ ကြာရီဝါလား လုပ်ဖူး၊ ‘ကျွန်တော်အညာသားပါ ခင်ဗျား’ လို ဆောင်းပါးရေးဖူးသူ၊ ဘဝစုံသည်။

နေဝင်းက ဘဝမစုံ၊ လုပ်လည်း မလုပ်တတ်။ သို့သော် ကောက်ကျစ်ယုတ်မာမှုတွင် ကျွမ်းသည်။ မြှောက်စားလျှင်ရဲရဲ၊ နှိပ်ကွပ်လျှင် ပြတ်ပြတ်လုပ်သည်။ သူကားနိုင်ငံရေး သမား ဘယ်တုန်းကမှ မဖြစ်ခဲ့။ အာဏာ နိုင်ငံရေးသာ လုပ်တတ်သူ။

၁၉၅၈ ဖဆပလ ကွဲစဉ်က မောင်မောင်၊ အောင်ကြီးစသည့် ဆိုရှယ်လစ် ဗိုလ်များ စစ်တပ်ဖြင့် အာဏာသိမ်းသင့် မသိမ်းသင့် ကျိတ်ပြီးစဉ်းစားကြသည်။

ဦးနုက မြေပေါ်ကွန်မြူနစ် (ပမညတ) အကူအညီဖြင့် လွှတ်တော်တွင် မဲအသာရကာ အာဏာကို ဆက်ရနေလျှင် အာဏာသိမ်းရမည်ဟု သဘောတူကြသည်။ သူတို့က သခင်ကျော်ဒွန်းကို ကြည့်မရ၊ ကိုကျော်ငြိမ်းက ကညွတ်ရိုး၊ ကျော်ဒွန်းက တောထဲက ဇရစ်ဟု ပြောကြသည်။

အာဏာသိမ်းလျှင် ၂၄ နာရီ အတွင်း ကိစ္စပြတ်မည်ဟုလည်း တွက်သည်။ ထိုသို့အာဏာသိမ်းလျှင် ဘယ်နာမည်နဲ့ သိမ်းမလဲ – စဉ်းစားကြသည်။ အာဏာသိမ်းပြီး တည်မြဲကို အပ်ချင်သော်လည်း မအပ်ဝံ့ကြ။ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကလည်း လက်မခံဝံ့။ သူတို့သာ နိုင်ငံရေးအရ အဖတ်ဆယ်မရအောင် နာလိမ့်မည်။ လူထု အော့ကြောလန်ဘဝက လူထုချဉ်ဖတ်ဘဝ ရောက်မည်ကို သိသည်။ နိုင်ငံရေးအရ သူတို့ကိုယ်ကို သတ်သေသလို ဖြစ်မည်။

နောက်ဆုံးတော့ ကြွက်လင်မယားသမက်ရှာသလို ကြွက်နှင့်ပဲ ပေးစားလိုက်ရသည်။ ဗိုလ်နေဝင်းကိုပဲ နံပါတ်တစ် အာဏာသိမ်းခေါင်းဆောင် ရွေးရသည်။

“တို့ဗိုလ်ချုပ်က စာတိုက်စာရေးက

လာတာဆိုတော့ တံဆိပ်တုံးထုတဲ့အကျင့် ပါနေတယ်။ စကားပြောရင် လက်က တံဆိပ်တုံး ထုသလိုပဲ” ဟု ရယ်သွမ်းသွေးကြသော်လည်း သူ့ကိုပဲ နံပါတ်တစ်တင်ရသည်။ ဗိုလ်နေဝင်းကို ဖယ်လို့မဖြစ်။

ဦးသိန်းဖေမြင့်က ဗိုလ်နေဝင်းကို အာဏာသိမ်း “လက်ဝဲခေါင်းဆောင်ကြီး” အဖြစ် ရွေးခဲ့သည်။ ဦးဘဖေက “လက်ယာခေါင်းဆောင်ကြီး” အဖြစ် အာဏာသိမ်း ခိုင်းသည်။ ယခု ဆိုရှယ်လစ်ဗိုလ်များက နေဝင်းကို အိမ်စောင့် အစိုးရခေါင်းဆောင် တင်ရသည်။ ခူးပြီးခပ်ပြီး အသင့်ဖြစ်မှ (ဦးနုကို အကျပ်ကိုင်ပြီးမှ) နေဝင်းကို အာဏာအပ် ကြသည်။ ဒါက ၁၉၅၈ က ဇာတ်လမ်း။

ယခု ၁၉၉၀ နှစ်များရောက်တော့ အောင်ကြီးက ဒီချုပ်ကို အာဏာမရစေရန် အကွက်ဆင်ပြန်သည်။ ဒီချုပ်ကို အမေရိကန်က မထောက်ခံအောင်လုပ်ရမည်ကို အောင်ကြီး သိသည်။ နေဝင်းအာဏာရဖို့ အမေရိကန် ထောက်ခံမှုလိုသည်။ ဒါကြောင့် အမေရိကန် ခရီး ထွက်ဖြစ်သည်။

ဒေးဗစ်စတိုင်းဘာ့ဂ် (David Steinberg) ကို ယိုးဒယားဘုရင်က “အောင်ဆန်းစုကြည်က နိုင်ငံခြားသားပဲ၊ ဗြိတိန်ပြန်ပေါ့၊ စစ်အစိုးရက ဒီမိုကရေစီနိုင်ငံ ဖြစ်အောင် လုပ်နေတာပဲ” ဟုပြောကြောင်း စတိုင်းဘာ့ဂ်၏ အင်တာနက်တင်သော ၁၉၉၉ ဩဂုတ်လ ဟောပြောချက်တွင် တွေ့ရသည်။

ယိုးဒယားဘုရင် ထောက်ခံချက် ရရုံနှင့် ဗမာပြည်တွင် အပြောင်းအလဲ မဖြစ်နိုင်။ အမေရိကန်ထောက်ခံမှုရမှ ဖြစ်မည်ဆိုပြီး အောင်ကြီး အမေရိကန်ထွက်သည်။ အမေရိကန်တွင် အခြေချနေသော မောင်မောင်တို့ လူသိုက်နှင့် တွေ့သည်။

သူတို့ ၁၉၅၈ က ဇာတ်လမ်းကို ပြန်ကချင်ကြသည်။ ဟိုတုန်းက ဦးနုကိုဖယ်ဖို့ လွယ်သည်။ အခု နအဖဗိုလ်ချုပ်တွေကို ဖယ်ဖို့လုပ်သည်။ “ဗိုလ်နေဝင်းကို အာဏာကုန်အပ်၊ ဗိုလ်နေဝင်းက ဒီမိုကရေစီထူထောင် ” ဟု အမေရိကန်လက်ခံအောင် “အောင်ကြီး” သွားပြောသည်။ နအဖဗိုလ်ချုပ်တွေ ဖယ်ဖို့က အမေရိကန်အတွက် ပြဿနာမဟုတ်။ ဒီချုပ်ကိုဖယ်ပြီး နေဝင်းကိုတင်ဖို့က ပြဿနာ ဖြစ်သည်။ ဗြိတိန်က ကြိုက်မည်မဟုတ်။ ထို့ကြောင့် အမေရိကန်က လက်မခံခဲ့ပါ။

အမေရိကန်က နောက်ဆုတ်ချင် လျှင် အချိန်ယူရမည်။ ယိုးဒယားဘုရင်လို ပြောလို့ မဖြစ်။ သိုင်းကာဝိုင်းကာ လုပ်ရမည်။ ဗြိတိန်နှင့် အနောက်အုပ်စု (ဂျပန်အပါ) နားချရဦးမည်။ ဒီမိုကရက်သမ္မတက ဒါမျိုးမလုပ်ဝံ့ပါ။

(၁၉၇၁ – ၇၂ တုန်းက တရုတ်ပြည်နှင့် ဆက်ဆံရေး ဒီဂရီ ၁၈၀ လှည့်ပစ်ခဲ့သည်မှာ ရီပတ်ဘလစ်သမ္မတ ဖြစ်သည် )

ဗိုလ်အောင်ကြီး၏မစ်ရှင် မအောင်မြင်ခဲ့ပါ။

(၃)

ယခု အမေရိကန်တွင် ရီပတ်ဘလစ်သမ္မတ (ဘုရှ်အငယ်) တက်နေသည်။ ၉/၁၁ အဖြစ်အပျက် ဖြစ်သည်။ အာဖဂန် ကျူးကျော်စစ် ဖြစ်ခဲ့သည်။ အာဖဂန်နန်းကျဘုရင် ဖုတ်သက်ပြန်ဝင်ခဲ့သည်။ နန်းကျဘုရင်က သူ့လူ ကာဇိုင်း (Kazai) ကို အာဏာအမွေ ပေးနေသည်။

ဒီသတင်းတွေ အဆက်မပြတ်ဖြစ်လာသောအခါ နေဝင်းသည် အခါတော်ရောက်ပြီဟု ထင်လာသည်။ ဒီတခါ အောင်ကြီးကို အားကိုး၍မဖြစ်၊ မောင်မောင်လည်းသေပြီ။ ထို့ကြောင့် သမီး၊ သမက်နှင့် မြေးတွေကို အားကိုးသည်။ အာဏာလုပ်ကြံပွဲ ကြံစည်သည်။

ဤတွင် ကိုယ်မွေးသည့်မျောက်က ပြန်ခြောက်တာ ခံလိုက်ရသည်။

အောင်ကြီး အမေရိကန် ခရီးထွက်စဉ်က ဘာလဲ၊ ဘယ်လဲ အတော်စဉ်းစားခဲ့ရသည်။ အမေရိကန်ကို “နေဝင်းသာ စိတ်အချရဆုံး” ဟု အချက်ပြတာကတော့ ရှင်းသည်။ သို့သော် ဘယ်သူကလွှတ်တာလဲ၊ ဘာ့ကြောင့် နအဖက အောင်ကြီးကို အရေးမယူဝံ့တာလဲ၊ ဘာဖြစ်နေကြတာလဲ မသိခဲ့ရ။

နေဝင်း၏လုပ်ကြံမှု ပေါ်သောအခါကျမှ ဇာတ်ရည်လည်တော့သည်။ နအဖ “သုံးချောင်းထောက် စစ်အုပ်စု” ကို ကျေးဇူးတင်ရမည်။

အမှုစစ်သောအခါ ပိုပြီးဇာတ်ရည်လည်မည်ဟု မျှော်လင့်သည်။ ထိုအခါကျမှ ထပ်၍ကျေးဇူးတင်ရဦးမည်။

**ဗမာလူမျိုးကြီးဝါဒသမားများသည် လက်နက်ဖြင့်အန်တုဖူးသော မည်သည့်လူမျိုးစု တပ်ဖွဲ့ကိုမဆို အာဃာတထားသည်။**

# ငြိမ်းအဖွဲ့များသတိ

## ဗိုလ်ကျော်သိန်းပြန်ရောက်လျှင်

ပွဲကြမ်းလိမ်မြို့မ ညီ

(၁)

ဗိုလ်ကျော်သိန်း၏ အမေရိကန်ခရီးသည် အရေးကြီးပါသည်။ သူက စစ်မြေပြင်မှ ဗိုလ်မှူးကြီး မဟုတ်ပါ။ နအဖ၏အတွင်းလူ "ဗိုလ်မှူးကြီး" ဖြစ်သည်။ နအဖစဉ်းစားပုံနှင့် ခြေလှမ်းကို အတွင်းကျကျသိသူ ဖြစ်သည်။

ဗိုလ်အောင်ကြီး အမေရိကန်သွားသည်နှင့် မတူပါ။ ဗိုလ်အောင်ကြီးက အပြင်လူ အဖြစ်သွားခြင်း ဖြစ်သည်။ ဗိုလ်နေဝင်း၏ အစီအစဉ်ဖြင့်သွားသည်ကို နအဖက ခွင့်ပြုခြင်း ဖြစ်သည်။ ယခု ဗိုလ်ကျော်သိန်းမှာ နအဖ အစီအစဉ်ဖြင့် နအဖကိုယ်တိုင်ကလွှတ်ခြင်း ဖြစ်သည်။

နောက်အရေးကြီးဆုံး အချက်မှာ အချိန်ကာလ မတူတာ ဖြစ်သည်။ ဗိုလ်အောင်ကြီး သွားစဉ်က အမေရိကန်က "ဒီမိုကရေစီနှင့် လူ့အခွင့်အရေး" ကို ဦးစားပေးချိန် ဖြစ်သည်။ ယခုတော့ ဗမာပြည်လို တိုင်းပြည်မျိုးအတွက်သာမက တကမ္ဘာလုံးအတွက်ပါ "အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးပပျောက်ရေး" ကို ထိပ်တန်းထားသည်။ ကွန်မြူနစ်များ အာဏာရနေသော တိုင်းပြည်များအတွက်သာ "ဒီမိုကရေစီနှင့် လူ့အခွင့်အရေး" ကို ပြောတော့သည်။

ပါကစ္စတန်မှ မူရှာရက်ဖ် (Musharraf ) မဟာမိတ် ဖြစ်သွားသည်။ ဗင်နီဇွဲလားမှ ဒီမိုကရေစီစနစ်ဖြင့် အာဏာရနေသူ ချာဗက်စ် ( Chavaz ) ကို စစ်အုပ်စုက ဖြုတ်ချအာဏာသိမ်းပွဲလုပ်အောင် မြှောက်ပေးသည်။ တခဏ အာဏာသိမ်းမိတော့ အပြေးအလွှား ထောက်ခံသည်။

အမေရိကန်၏ "အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး"ကို နအဖက ပစ်ပြီးထောက်ခံနိုင်သည်။ "မူးယစ်ဆေးပပျောက်ရေး"မှာသာ မထွေးနိုင်မမျိုနိုင် ဖြစ်နေခြင်း ဖြစ်သည်။

(၂)

၁၉၈၉ တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို အပြုတ်ချပစ်ဖို့ ခွဲထွက်များကို စီးပွားရေးလုပ်ငန်း လုပ်ချင်ရာလုပ်ခွင့် ပေးခဲ့သည်။ ခွဲထွက်ကြ၍ ဗမာပြည်ကွန်မြူနစ်ပါတီ အထိနာပါသည်။

(က) မျိုးဆက်ဟောင်း ဝါရင့်ခေါင်းဆောင်ကြီးများ အနားယူကြရသည်။ ပါတီ၏အခြေခံစည်းမျဉ်း (ပုဒ်မ ၃၃) အရ မျိုးဆက်သစ်ခေါင်းဆောင်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ရသည်။

(ခ) ပါတီကို လက်နက်ကိုင်တိုက်ပွဲ တိုက်နေသော ပါတီအဖြစ်မှ မြေအောက်ပါတီအဖြစ်သို့ ကူးပြောင်းလိုက်ရသည်။ မြေအောက်ပါတီဘဝမှာ ဗကပအတွက် အသစ်အဆန်း မဟုတ်။ ၁၉၃၉ မှ ၁၉၄၅ အထိ သခင်အောင်ဆန်း၊ သခင်စိုးတို့၏ ခေါင်းဆောင်မှုဖြင့် လုပ်ခဲ့ဖူးသည်။ နည်းနည်းနှင့်ကျဲကျဲ ဝိုင်းရသည်။ ထို့ကြောင့် ရာထောင်ချီသော ချိန်ပြည့်ပါတီဝင်များကို ချိန်ပိုင်းပါတီဝင်များအဖြစ်သို့ ပြောင်းလဲပစ်ရသည်။

အကူးအပြောင်းကာလ နာကျင်မှုများကို ခံစားလိုက်ရပြီးနောက် ပါတီသည် မြေအောက်ပါတီအဖြစ် ပုံမှန်လည်ပတ်နေသည်။ မြေအောက်ပါတီဘဝတွင် အသားကျနေခဲ့ပြီ။

(၃)

ခွဲထွက်သွားသော ရဲဘော်များက "ငြိမ်းအဖွဲ့" များ ဖြစ်သွားသည်။ လက်နက်ကိုင်တပ်နှင့် ဒေသကို ဆက်လက်တည်ရှိခွင့် ပေးထားသည်။ စီးပွားရေးလုပ်ရေးကို အားပေးသည်။ နိုင်ငံရေး လုံးဝမလုပ်ရ။ နိုင်ငံရေးဆန်သော လုပ်ငန်းပင် လုပ်ခွင့်မပေး။

လိုင်စင်များ၊ ဂရန်များ၊ ကန်ထရိုက်များ ဖောဖောသီသီချပေးသည်။ မိမိတို့ရဲဘော်များအကြောင်း ဗကပသိပါသည်။

သူတို့ နိုင်ငံရေး၊ စစ်ရေး ကျွမ်းကျင်ပါသည်။ စီးပွားရေးလုပ်ငန်းအတွက် အလေ့အကျင့် မရှိခဲ့ပါ။ ဤသို့ဖြင့် နာမည်ခံ ကုမ္ပဏီပိုင်ရှင်များ ဖြစ်လာကြသည်။

ဖဆပလ အာဏာရကာလကို ပြန်ပြီးသတိရမိသည်။ ထိုစဉ်ကလည်း စီးပွားရေးလောကထဲသို့ နိုင်ငံရေးသမားများ၊ စစ်ဗိုလ်များ တိုးဝင်ဖူးသည်။ မလုပ်တတ်ကြပါ။ လိုင်စင်ရောင်းစားကာ သူဌေးဖြစ်ကြသည်။

အခုတော့ လိုင်စင်ရောင်းစားသလား၊ နာမည်ခံထားပြီး "လုပ်တတ်သူ" ကို လွှဲထားသလားဆိုတာကို ကျွန်တော်တို့ သိသလို နအဖသိပါသည်။

တချို့က "တရုတ်တွေ လွှမ်းကုန်ပြီ"ဟု အလန့်တကြား ပြောကြသည်။ ဗမာပြည်အရေး "ကျွမ်းကျင်သူ" တယောက်ကတော့ မန္တလေးတွင် တရုတ် (၂၀၀,၀၀၀) ရှိသည်ဟုဆိုသည်။ မည်သူ့စာရင်း ကိုးကားသလဲ မသိပါ။ ရမ်းတုတ်လိုက်ခြင်း ဖြစ်ပုံရသည်။

သာမန် စဉ်းစားဉာဏ်ရှိလျှင် မဖြစ်နိုင်ကြောင်း သိနိုင်သည်။ ကျွန်တော်တို့လည်း ခိုင်လုံသည့်စာရင်းဇယား မပြနိုင်ပါ။ သို့သော် သာမန်စဉ်းစားဉာဏ်ဖြင့် ပြောမည်။

စစ်ကြီးမဖြစ်မီက ရန်ကုန် ကုလားမြို့ ဖြစ်သွားသည်မှာ အိန္ဒိယ၏ပြည်နယ် ဖြစ်ခြင်း

ကြောင့်ချည်း မဟုတ်၊ လခကောင်း၊ လုပ်ခကောင်း၍ ကုလားအလုပ်သမားများ ဒလဟောရောက်လာခြင်းကြောင့် ဖြစ်သည်။ လန်ခြားဆွဲ၊ ချယ်ဂါရီတွန်း၊ မြင်းလှည်းမောင်း၊ ကုန်တင်ကုန်ချကူလီ သူတို့လာပြီး လုပ်ကြသည်။ ဆံပင်ညှပ်ဆိုင်၊ ကွမ်းယာဆိုင်အလုပ် ကုလားများသာ လုပ်သည်။ ၁၉၃၀ အထိ တိုင်းရင်းသား မလုပ်ကြသေးပါ။ သဘော်သားအလုပ် သူတို့ချည်း လုပ်သည်။ စာရေးစာချီအလုပ် လုပ်ကြသူလည်း များသည်။ မီးရထားဝန်ထမ်း၊ ငွေစာရင်းဌာန သူတို့ကလွှမ်းသည်။ ကုလားသူဌေးတွေ ရောက်လာ၍ ကုလားမြို့ မဖြစ်နိုင်၊ ကုလားအလုပ်သမား၊ လက်လုပ်လက်စား၊ ကိုယ်ပိုင်လုပ်ငန်းရှင်ကလေးများ ရောက်လာ၍ ကုလားမြို့ဖြစ်ရခြင်း ဖြစ်သည်။

မန္တလေးသို့ တရုတ်သူဌေးများ ရောက်သည်။ အလုပ်သမားရောက်သည်ဟု မကြားပါ။ ဗမာပြည်တွင် လခလုပ်ခ မကောင်းပါ။ နယ်စပ်တွင် ဘိန်းစိုက်ရန်လာသူများ မန္တလေးတွင် အခြေမချပါ။ ရွှေကျင်သူများလည်း တိုင်းရင်းသားလုပ်သားများသာ ဖြစ်သည်။ လောပန်းသာ တရုတ်ဖြစ်သည်။ သူတို့လည်း မန္တလေးအခြေချသည်ဟု မကြားရပါ။ ဗမာငွေတသောင်းသည် တရုတ်ငွေတရာ ဖြစ်ရာ မည်သူမျှ မမက်ကြပါ။

တရုတ် (၂၀၀,၀၀၀) ဆိုသည်မှာ "တရုတ်ဆန့်ကျင်ရေး" အတွက် လွှင့်လိုက်ဟန်ရှိသည်။

စစ်အုပ်စုသမိုင်းကလည်း "ဆွေမျိုးပေါက်ဖော် " ပြောနေရင်းက "တရုတ်နီ" ဆန့်ကျင်ရေးလုပ်သည့် အစဉ်အလာရှိသည်။ ဒါကို သွေးထိုးပေးလိုဟန်ရှိသည်။ စစ်အုပ်စုက "မူးယစ်ဆေးတိုက်ဖျက်ရေးပဲ ကောက်ကိုင်လိုက်သည်။" အမေရိကန်ကြိုက်၊ တရုတ်ကြိုက် အားလုံးကြိုက်သည့်ကိစ္စ ကောက်ကိုင်ခြင်း ဖြစ်သည်။

နအဖသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ရင်ကြားစေ့ချင်တာထက် အမေရိကန်နှင့် ရင်ကြားစေ့ချင်တာများသည်။ မလေးရှား မဟာသီယာကတော့ အမေရိကန်ရောက်ပြီး "ရင်ကြားစေ့" နေပြီ။ နအဖမှာ ဗိုလ်မှူးကြီးကျော်သိန်းကိုပဲ လွှတ်နိုင်သေးသည်။ တြိဂံဗိုလ်ချုပ်ကြီးများက ယိုးဒယားပဲ သွားနိုင်သည်။ ယိုးဒယားသွားပြောလျှင်လည်း အမေရိကန်ကြားမည်ကို သိသည်။ ယိုးဒယား၏ အောင်သွယ်ပေးမှုဖြင့် ဗိုလ်ကျော်သိန်း ရောက်သွားသည်။

ဗိုလ်မောင်အေးယိုးဒယားက ပြန်လာပြီးနောက် ဗိုလ်ခင်ညွန့်က "ငြိမ်းအဖွဲ့"များ "မူးယစ်ဆေး" မလုပ်နဲ့ဟု ဝက်အူထပ်တင်းသည်။ ဝသပ (UWSA) နှင့် ဖုန်ကြားစင်း၏ ညွှန်ကြားချက်တွေ ထွက်လာသည်။

နအဖက အမေရိကန်နှင့် အမြန်ဆုံး ရင်ကြားစေ့ရေးလမ်း "မူးယစ်ဆေးပပျောက်ရေး" လုပ်ခြင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် "ရင်ကြားစေ့" ရတာထက် လွယ်သည်။ ဒီချုပ်နှင့်ရင်ကြားစေ့ဖို့က "ဒီမိုကရေစီ " အပေါ် အခြေခံရမည်။ ထို့ကြောင့် အလွယ်လမ်း အမေရိကန်နှင့် "ရင်ကြားစေ့" ရေးပဲ ဇောက်ချလုပ်သည်။ ဂျပန်နှင့်က "ရင်ကြားစေ့" လုနီးနီး ဖြစ်နေပြီ။ ဒီမိုကရေစီ မလုပ်လည်း ရင်ကြားစေ့၍ရကြောင်း သူတို့သိသွားပြီ။

(၄)

ဗိုလ်ကျော်သိန်းပြန်လာလျှင် ပွဲကြမ်းတော့မည်။

၁၉၈၉ တုန်းက ဗကပ အပြုတ်ချရေးအတွက် ခွဲထွက်များကို ပေးခဲ့သော "စီးပွားရေးအခွင့်အလမ်းများ" သည် နအဖကို ဒုက္ခပေးနေတာကြာပြီ။ နအဖ နာမည်ပျက်လှပြီ။

၁၉၈၉ တုန်းက နအဖအတွက် မိုးပေါ်ကကျလာသော မဟာဆုလာဘ်ကြီးသည် သက္ကရာဇ် ၂၀၀၂ တွင် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပြီ။ ထိုအထုပ်အပိုးကို ခါချတော့မည်။

တခါက ရဲဘော်များ၊ ယခုမိတ်ဆွေများ သတိရှိကြလော့ ၊ သင်တို့ကို (နအဖ)က ချကျွေးတော့မည်။

(၅)

မူးယစ်ဆေး အကြောင်းပြပြီး ဗမာပြည်ကို ဖိအားပေးသူထဲတွင် ထိုင်း ပါသည်။ အမေရိကန်၊ ထိုင်း နိုင်ငံရေးစနစ်က ထိုးလည်းထိုး၊ ဆွဲလည်းဆွဲ လုပ်လို့ရသည့်စနစ် ဖြစ်သည်။ လွှတ်တော်တွင်း တချို့က ဝသပ ( UWSA ) ကို အမေရိကန်က ဝင်တိုက်သင့်ပြီဟု ပြောလိုက်သည်။ အစိုးရကတော့ နှစ်နိုင်ငံချစ်ကြည်ရေး လုပ်သည်။ ထိုးလည်းထိုး၊ ဆွဲလည်းဆွဲလုပ်ရင်း နအဖကို ဆွဲဆောင်ကြသည်။

"ငြိမ်းအဖွဲ့" အများတကာ့အများစုကြီးသည် ဗကပ၏ရဲဘော်ဟောင်း မိတ်ဆွေဟောင်းများ ဖြစ်သည်။ နအဖ – အမေရိကန် "ရင်ကြားစေ့ရေး" ကြားတွင် ညပ်ပြီး နစ်နာမည်ကို ဗကပ က မလိုလားပါ။

(၆)

**<u>ငြိမ်းအဖွဲ့များကို လက်နက်ကိုင်တိုက်ပွဲတိုက်ရန် မတိုက်တွန်း။ နိုင်ငံရေးလုပ်ရန် တိုက်တွန်းပါသည်။</u>**

၁၀ နှစ်ကျော် နအဖကြိုးဆွဲရာကနေခြင်းကို အဆုံးသတ်ဖို့၊ စီးပွားရေးလုပ်ခွင့်များ အစွန့်ရှည်တည်တံ့လိမ့်မည်ထင်ကာ နိုင်ငံရေးလုပ်ငန်းကို လုံးဝပစ်ထားခြင်းကို အဆုံးသတ်ဖို့ တိုက်တွန်းနေခြင်း ဖြစ်သည်။

ဒီမိုကရေစီရှိရေး၊ ဒီချုပ်နှင့်စစ်အစိုးရ စေ့စပ်ဆွေးနွေးမှု အောင်မြင်ရေးတွင် တတပ်တအား ပါဝင်စေလိုသည်။ နိုင်ငံရေးကိုပစ်ပြီး စီးပွားရေးချည်း လိုက်ခဲ့၍ သင်တို့ဒုက္ခတွေ့ရတော့မည်။

နိုင်ငံရေးအဆင့်နေရာ မရှိလျှင် ရထားသော စီးပွားရေးအခွင့်အလမ်းများ တမုဟုတ်ချင်း ကွယ်ပျောက်လိမ့်မည်။

ဒီချုပ်က ပေါ်လစီရေးရာများ ဆွေးနွေးတော့မည်ဟု ဆိုသည်။ နအဖ က ဝေ့လည်လည်လုပ်နေသည်။ သူတို့၏ ကြေညာချက်တွင် ဆက်လက်စေ့စပ်ဆွေးနွေးမည်ဟု မပြော။ နိုင်ငံတော်အာဏာ သူတို့လက်ထဲမှာရှိကြောင်း သွယ်ဝိုက်၍ အထပ်ထပ်ပြောသည်။ အမေရိကန်ကြိုက် "အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး၊ မူးယစ်ဆေးပပျောက်ရေး" လုပ်မည်ဟု ပြောသည်။ ဒီမိုကရေစီရေးဟုပြောလျှင် ဆက်လက်စေ့စပ်ဆွေးနွေးရေး ပါလာမည်ဖြစ်၍ တမင်ရှောင်ထားသည်။

ဗိုလ်ကျော်သိန်းနှင့် အဆင်ပြေလျှင် အမေရိကန်အစိုးရက ဗိုလ်မှူးကြီး ခြွင်းချက်ပေးရာက – ဝန်ကြီးခြွင်းချက်ပေးတာ မလုပ်ဟု မပြောနိုင်။ ဗိုလ်ချုပ်ကြီး (၃) ဦးပဲ ပိတ်ပင်တာဟု လုပ်နိုင်သည်။ နောက်ဆုံးတော့ အပြီးအပိုင် ရင်ကြားစေ့သွားနိုင်သည်။

အမေရိကန် လိုချင်သည်မှာ ဒီမိုကရေစီမဟုတ်။ သစ္စာခံအစိုးရ လိုချင်ခြင်းသာ ဖြစ်သည်။ စစ်အုပ်စုက သစ္စာခံရန် ဝန်လေးနေမည် မဟုတ်ပေ။

# “တိုနီဘလဲရဲ့ဗြိတိန်” က “နယ်ချဲ့စနစ်သစ်”ကို ကျင့်သုံးဖို့ ပြောင်ပြောင်တင်းတင်း လှုံ့ဆော်နေပြီ

အဦးဆုံးအနေနဲ့ သတင်းဝေဖန်ရေး သမားတွေရဲ့ အဝန်းအဝိုင်းအတွင်း လှုပ်လှုပ်ရွရွ ဖြစ်သွားရတဲ့ တိုနီဘလဲအစိုးရအကြောင်း သတင်းတပုဒ်ကို ပြောပြပါမယ်။

တိုနီဘလဲရဲ့ ဗြိတိန်ဟာ မကြာသေးမီက စာစောင်တခု ထုတ်ဝေလိုက်တယ်။ ဒီစာစောင်ကို ရေးသူက တိုနီဘလဲအစိုးရရဲ့ နိုင်ငံခြားရေးရာ ထိပ်တန်းအကြံပေးအရာရှိ တဦး။ သူ့နာမည်က Robert Cooper လို့ ခေါ်ပါတယ်။ ဒီစာစောင်ရဲ့ အမှာစာကို ရေးသားပေးသူက ဗြိတန်ဝန်ကြီးချုပ်တိုနီဘလဲ ကိုယ်တိုင်။

Robert Cooper ဟာ အာဖဂန်နစ္စတန် နိုင်ငံအတွက် Hamid Karzai (ဟာမစ်ကာဇိုင်း) ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးလိုက်တဲ့ ဂျာမဏီပြည် ဘွန်းမြို့က အစည်းအဝေးမှာ ဗြိတိန်နိုင်ငံကို ကိုယ်စားပြုတက်ရောက်ခဲ့သူ ဖြစ်ပါတယ်။ ပြောချင်တာက Cooper ဟာ အဲသလို အရေးပါတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တယ် ဆိုတာကိုပါ။ ဒါကို ကြည့်ရင်ကိုပဲ သူဟာ ဗြိတိန်ဝန်ကြီးချုပ်ရဲ့ နိုင်ငံခြားရေး ပေါ်လစီဆိုင်ရာ စဉ်းစားတွေးခေါ်မှု နယ်ပယ်မှာ ဘယ်လောက်ဩဇာကြီးသလဲ ဆိုတာ တွေ့ရမယ်။

သူရေးလိုက်တဲ့ ဒီစာစောင်ငယ်ဟာ တုန်လှုပ်စရာပါ။ ဗြိတိန်နိုင်ငံရဲ့ နိုင်ငံရေးလောက အတွင်း ပွက်ပွက်ရိုက်သွားအောင် မီးမွှေးပေးလိုက်တယ်လို့ ဆိုနိုင်ပါတယ်။

ဘာလို့လဲ။

ဒီစာစောင်ငယ်ရဲ့ အနှစ်ချုပ် သဘောက ဒီလိုပါ။

မတည်မငြိမ်ဖြစ်နေတဲ့ ကမ္ဘာကြီးမှာ နိုင်ငံတကာ အခင်းအကျင်းသစ်တရပ်ကို ဖော်ဆောင်ဖို့ ကိုလိုနီစနစ်သစ်ပုံစံတခု လိုအပ်ပါသတဲ့။

သူ့ရဲ့ ခွဲခြမ်းစိတ်ဖြာချက်အရဆိုရင် ကမ္ဘာ့နိုင်ငံတွေဟာ မတူညီတဲ့ ခေတ်ကာလ (၂) ခုမှာ နေထိုင်လျက် ရှိကြပါတယ်။ ဗြိတိန်နဲ့ ဥရောပနိုင်ငံတွေ ရောက်ရှိနေကြတာက မော်ဒန်လွန်ခေတ်။ ဗြိတိသျှတို့ ရင်ဆိုင်ဆက်ဆံနေရတဲ့ နိုင်ငံတွေကတော့ မော်ဒန်ကြို ခေတ်ကာလမှာ နေထိုင်နေကြဆဲ။ တနည်းပြောရရင် (၁၉) ရာစုခေတ်ထဲမှာပဲ ရှိနေသေးတယ်ပေါ့။

(၁၉) ရာစုနှစ်အတွင်း ကျန်ရစ်နေကြတဲ့ အဲဒီနိုင်ငံတွေဟာ ခေတ်ဟောင်းအင်ပါယာ နိုင်ငံတွေလိုပဲ အကြမ်းဖက်အင်အားကို သုံးလေ့ရှိတယ်။ လက်ဦးမှုယူပြီး တိုက်ခိုက်တတ်တယ်။ ပရိယာယ်ဝေ့စ် များတယ်။ အရင်ကထက် ပိုမိုကြမ်းတမ်းတဲ့ နည်းလမ်းတွေကို သုံးလေ့ရှိကြပါသတဲ့။ ဒီနိုင်ငံမျိုးတွေနဲ့ ရင်ဆိုင်ဖို့ ဘာတွေလိုအပ်ပါသလဲ။ လိုအပ်တာမှန်သမျှ သုံးရမှာပဲ – လို့ Cooper က ဆိုပါတယ်။

ဘာတွေ လိုအပ်တယ်ဆိုတာကိုလဲ သူက စဉ်းစားပြီးသား။

ဗြိတိန် အပါအဝင် အနောက်တိုင်းနိုင်ငံတွေဟာ စံ (၂) မျိုးကို သုံးရလိမ့်မယ်လို့ ဆိုပါတယ်။ မော်ဒန်လွန် အနောက်တိုင်းနိုင်ငံတွေအပေါ် ထားရှိရမယ့်စံက တမျိုး။ မော်ဒန်ခေတ်ကြို ကျန်ကမ္ဘာ့နိုင်ငံများအပေါ် ထားရှိရမယ့်စံက နောက်တမျိုး ဖြစ်ပါသတဲ့။ (အံ့ဖွယ်သုတပါပဲ။) တနည်းပြောရရင် အသားအရောင် ခွဲခြားတဲ့ စနစ်မျိုးလို ခွဲခြားမှုစနစ်ပုံစံတမျိုးကို ကျင့်သုံးဖို့ပါပဲ။

နောက်ထပ် လိုအပ်ချက်ကတော့ ဗြိတိန်နိုင်ငံနဲ့ ဥရောပသမဂ္ဂတို့က “ခုခံကာကွယ်ရေး နယ်ချဲ့စနစ်သစ်” ကို ကျင့်သုံးရေး ဖြစ်ပါတယ်။ “ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒရဲ့ ခြိမ်းခြောက်မှုကြောင့် အနောက်တိုင်း နိုင်ငံများအနေနဲ့ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရေးအတွက် “ကာကွယ်ရေး နယ်ချဲ့စနစ်” နဲ့ တုံ့ပြန်ဖို့ ဖြစ်လာစေပါတယ်” တဲ့။

ရောမအင်ပါယာနဲ့ ဥရောပ လူ့အဖွဲ့အစည်းတို့မှာ ကျင့်သုံးခဲ့တဲ့ ကိုလိုနီစနစ်မျိုးဟာ နိုင်ငံသားတွေကို ၎င်းရဲ့ဥပဒေတွေ၊ ငွေဒင်္ဂါးတွေနဲ့ မင်းလမ်းမကြီးတွေကို ပေးအပ်နိုင်တဲ့ စံနမူနာကို ဖော်ဆောင်ခဲ့ကြကြောင်း သူက အမွှန်းတင်ပါသေးတယ်။

Robert Cooper က နာမည်ခံရေးသားထားတာ ဆိုပေမယ့် ဒီစာစောင်ဟာ တိုနီဘလဲအစိုးရရဲ့ သဘောထားကို ဖော်ပြနေတယ်လို့ ပြောရမှာပါ။ ဒီစာအုပ်ကို ထုတ်ဝေတာက ဗြိတိသျှနိုင်ငံခြားရေး ပေါ်လစီရေးရာဌာန။ အမှာစာရေးပြီး ကမကထလုပ်ပေးသူက ဝန်ကြီးချုပ်။

လွန်ခဲ့တဲ့ (၃) လလောက်ကပဲ မိန့်ခွန်းပြောပွဲ အခမ်းအနားတခုကို တခုတ်တရ ကြီးကြီးကျယ်ကျယ် စီစဉ်ပြီး တိုနီဘလဲက “ကမ္ဘာပေါ်မှာ ဗြိတိန်နိုင်ငံဟာ ကောင်းမွန်မှုရဲ့ အင်အားတရပ်ဖြစ်ရေး” ဆိုတဲ့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဗြိတိန်အစိုးရထဲမှာ တိုနီဘလဲရဲ့ နာမည်နဲ့အတူ Straw, တို့ Hoon တို့ကလဲ

နာမည်ဆိုးနဲ့ ကျော်ကြားနေတာပါ။ အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီး အိုစမာဘင်လာဒင် (ဒါမှမဟုတ်) အယ်လ်ကိုက်ဒါ ထိပ်သီးခေါင်းဆောင်တဦးဦးကို ရအောင် မလုပ်နိုင်ဘဲနဲ့ "ထူးခြားတဲ့ အောင်မြင်မှုများ" ရရှိတယ်လို့ ပြည်သူတွေကို လိမ်ညာနေကြတာလဲ ဒီသုံးဦးပါပဲ။

ဒီစာစောင်ငယ် မထွက်ရှိမီ (၄၈) နာရီ လောက်တုန်းက ဗြိတိသျှ နိုင်ငံခြားရေးဌာန ဝန်ကြီး Jack Straw က "UK ဟာ မဟာအင်အားလွန် နိုင်ငံကြီး (စူပါ ပါဝါ) မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ အရေးပါတဲ့ အခန်းကဏ္ဍက ရှိနေကြောင်း နဂါးမှန်းသိအောင် ဆက်လက် အမောက်ထောင်ပြရဦးမယ်။ ကျွန်တော်တို့ဟာ သူများနဲ့မတူ တမူထူးခြားတာတွေ လုပ်နိုင်တယ်။ လုပ်လဲ လုပ်နေတယ်။" လို့ ပြောခဲ့ပါတယ်။

Straw ရဲ့ ပြောကြားချက် မတိုင်မီကလဲ ကာကွယ်ရေး ဝန်ကြီး Geoff Hoon က "UK အနေနဲ့ ဘဂ္ဂဒက်ကိစ္စမှာ အနုမြူဗုံးချင်း ယှဉ်ပြိုင်ရမယ်ဆိုရင်တောင်မှ ခေါင်းရှောင်နေမှာ မဟုတ်ဘူး" လို့ သတိပေးသလိုလိုနဲ့ ခပ်မာမာ ခြိမ်းခြောက်ခဲ့ပါသေးတယ်။

## တုံ့ပြန်မှုများ။

တိုနီဘလဲရဲ့ဗြိတိန်မှာ ဒီလို "နယ်ချဲ့စနစ်သစ်" ရည်ရွယ်ချက် ရှိနေတာကို ကြားသိရတော့ သတင်းလောကမှ ဝေဖန်ရေးဆရာတွေ ထိတ်လန့်အံ့သြ ဖြစ်ကုန်ကြတယ်။ တိုနီဘလဲရဲ့ ပါတီထဲက အစိတ်အပိုင်းတချို့ကတော့ – ဝန်ကြီးချုပ်ရဲ့ နိုင်ငံခြားရေး အကြံပေးအရာရှိကို စိတ်မနှံ့သူလို့ ထင်သွားကြတယ်။

လေဘာပါတီရဲ့ အမတ်တွေဟာ အံ့သြတကြီးဖြစ်ခြင်းနဲ့အတူ ဒေါသတကြီးဖြစ်သွားကြတယ်။ သူတို့က "ကိုလိုနီစနစ်ဆိုတာ သူတပါးကို ကျူးကျော်တိုက်ခိုက်တာ၊ တခြားနိုင်ငံ ပြည်သူတွေရဲ့ ဥစ္စာခနေနဲ့ ပိုင်ဆိုင်မှုကို သိမ်းပိုက်တာ၊ ခားပြတိုက်လုယက်တာ" လို့ ကိုလိုနီစနစ်သစ်လုပ်ရေးကို ကန့်ကွက်ပြောဆိုကြပါတယ်။

ဗြိတိသျှ လွှတ်တော် ဝန်ကြီးတွေက သူတို့အများစု အနေနဲ့ စစ်မီးကျယ်ပြန့်အောင် အီရတ်ကို တိုက်ခိုက်တဲ့ စစ်ပွဲအတွင်း ဗြိတိန်အစိုးရ ပါဝင်တိုက်ခိုက်မှာကို ဆန့်ကျင်ဖို့ အသင့်ဖြစ်နေကြကြောင်း ပြောကြားခဲ့ကြပါတယ်။ တုတ်ထိုးအိုးပေါက် ပြောတတ်တဲ့ ဝန်ကြီးတဦးကတော့ "ဒီအရူးက ဝန်ကြီးချုပ်ကို အကြံပေးတဲ့ စကားတွေထက် ရပ်စ်ပြူတင်က ဇာဘုရင့်မိဖုရားကြီးကိုပေးတဲ့ အကြံပေးစကားတွေကမှ ပိုကောင်းလိမ့်ဦးမယ်" လို့ ဆိုခဲ့ပါတယ်။ (နန်းတွင်းရောဂါအနာကု ပျောက်စေသမားတော် –မိဖုရားကြီးရဲ့ လက်သုံးတော် ရပ်စ်ပြူတင် (၁၈၇၁–၁၉၁၆) ဟာ ရုရှားနန်းတွင်းအရှုပ်တော်ပုံရဲ့ အဓိကဇာတ်ကောင်နဲ့ စိတ်မနှံ့သူအဖြစ် ကမ္ဘာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တာကိုတော့ သိရှိကြပြီး ဖြစ်လိမ့်မယ် ထင်ပါတယ်။)

ဗြိတိသျှနိုင်ငံခြားရေး ပေါ်လစီရေးရာဌာနက ပြောရေးဆိုခွင့်ရှိသူတဦးကတော့ ဒီစာစောင်မှာ အနောက်တိုင်းနယ်ချဲ့စနစ်ကို လှုံ့ဆော်ထားတယ်ဆိုတာ အဖတ်အမှတ်လွဲလို့ ဖြစ်မှာပါလို့ ထင်ကြေးပေးနေပါသေးတယ်။

သူတို့ပါတီတွင်းက မဟုတ်တဲ့ ပြင်ပဝေဖန်သူများအနက် တချို့က တိုနီဘလဲအနေနဲ့ အကြမ်းဖက်ဝါဒရဲ့ ခြိမ်းခြောက်မှုကို ဒါလောက်ကြောက်နေရင် ဖလော်ရီဒါကမ်းခြေကို ဝင်စီးပါလားလို့ သရော်ကြပါတယ်။ (အမေရိကရဲ့ ဖလော်ရီဒါမှာ တကယ့်အကြမ်းဖက်သမားတွေ၊ ညှင်းပန်းနှိပ်စက်ရေးသမားတွေ၊ ရက်စက်စွာ အကြမ်းဖက် အုပ်စိုးခဲ့သူတွေ ခိုလှုံနေကြပါတယ်။)

"ကိုလိုနီစနစ်သစ်" လိုအပ်တယ်လို့ ကြေညာလိုက်တာဟာ ဝိတိုရိယ ဘုရင်မကြီးရဲ့ နေမဝင်တဲ့ ကိုလိုနီအင်ပါယာ ဘုန်းမီးနေလ တောက်ပခဲ့တာကို ပြန်လည်တမ်းတပြီး စိတ်ကူးယဉ် အိပ်မက် မက်ကြတာ ဖြစ်မှာပေါ့။ ရွှေထီးဆောင်းခဲ့ရတဲ့ နယ်ချဲ့ခေတ်ကို ပြန်လည်အသက်သွင်းချင်လို့ နေမှာပေါ့။" လို့ ဝေဖန်ကြပါတယ်။

## တိုနီဘလဲရဲ့ ဗြိတိန် အစိုးရကို ထိုးနှက်လိုက်တဲ့ မေးခွန်းများ။

Jared Israel မေးလိုက်တဲ့ မေးခွန်းတွေဟာ တိုနီဘလဲ၊ Straw နဲ့ Hoon တို့အစိုးရရဲ့အရှိက်ကို ထိုးလိုက်တဲ့အပြင် ၎င်းတို့ရဲ့ ဇာတိရုပ်ကို ပြတ်ပြတ်ထင်ထင် သရုပ်ဖော်နိုင်တဲ့အတွက် ဖော်ပြပေးလိုက်ပါတယ်။ စဉ်းစားကြည့်ကြပါ။

- '၁၉ ရာစု အင်ပါယာ ဟောင်း' လို့ Cooper ရည်ညွှန်းတာဟာ အနောက်တိုင်းနိုင်ငံတွေအနေနဲ့ တိုင်းတပါးနိုင်ငံက ရိုင်းရိုင်းစိုင်းစိုင်း ကျူးကျော်တိုက်ခိုက်တာကို ရင်ဆိုင်နေခဲ့ရတယ်လို့ ဆိုလိုတာလား။ လျှာအရိုးမရှိ ပြောလိုက်တဲ့ နှစ်ခွအဓိပ္ပာယ် စကားဟာ ဘယ်လောက်အံ့သြစရာ ကောင်းလိုက်ပါသလဲ။
- ၁၉ ရာစုနှစ်တုန်းက အကြောင်းတွေ ပြန်ကောက်တယ်ဆိုရင်လဲ ကောက်ပါ။ အဲဒီတုန်းက တရုတ်ပြည်ဟာ ဗြိတိန်ကို ကျူးကျော်ပြီး ဗြိတိသျှ ပြည်သူတွေ အဆိပ်သင့်စေမယ့် ဘိန်းတွေကို သွင်းကုန်အဖြစ် လက်ခံဖို့ ဗြိတိသျှအစိုးရကို ဖိအားပေးခဲ့ပါသလား။ (ဗြိတိန်ဟာ တရုတ်ပြည် ဘိန်းစစ်ပွဲမှာ အနိုင်ရပြီးတဲ့နောက် ဗြိတိသျှကုန်သည်ကြီးတွေ ချမ်းသာကြွယ်ဝစေဖို့ ဘိန်းသွင်းကုန်ကို လက်ခံဖို့ ဖိအားပေးခဲ့တာကို ဆိုလိုတာပါ။ အမေရိကန်နဲ့ ပြင်သစ်တို့ကလဲ ဒီနည်းအတိုင်းလုပ်ပြီး ကြီးကျယ်တဲ့ ကြွယ်ဝချမ်းသာမှုကို ရယူခဲ့ကြတာ ဖြစ်ပါတယ်။)
- ဘယ်လ်ဂျီယံနိုင်ငံရဲ့ ပိုင်နက်နယ်မြေကို သိမ်းယူပြီး လူထု ၁၀ သန်းလောက်ကို ရက်စက်စွာ သတ်ဖြတ်ခဲ့တာဟာ ကွန်ဂိုနိုင်ငံလား။ (တကယ့် အကြောင်းရင်းကတော့ ကွန်ဂိုနိုင်ငံက ဆင်စွယ်နဲ့ ရာဘာတွေကို ခိုးယူချင်လို့ ဗြိတိသျှတို့က ပြစ်မှုကျူးလွန်ခဲ့ခြင်း ဖြစ်ပါတယ်။)
- "အမေရိက" ကို စပိန်လက်ထဲက ကယ်တင်ဖို့ အမေရိကန်တို့အား အနိုင်တိုက်ခဲ့တာဟာ ဖိလစ်ပိုင်တွေလား။ (အမေရိကန် စစ်တပ်ကသာ ဖိလစ်ပိုင်ကို ဝင်ရောက်ခြေချပြီး သတ်ခဲ့ဖြတ်ခဲ့တာပါ။) – ဒါမှမဟုတ် လူဖြူအများစုကို သတ်ဖြတ်ပြီး မသေဘဲကျန်နေသူတွေကို ရေရိုင်းမြေရိုင်းတွေဘက်ဆီ မောင်းထုတ်ခဲ့သူဟာ လူနီ (အမေရိကန် အင်ဒီးယန်း) တွေလား။ (အမေရိကန် ဇာတိသား လူနီများမှာ အမေရိကန်တို့၏ လူမျိုးတုံးနီးပါးမျှ သန့်စင်သတ်ဖြတ်ခြင်းကို ခံခဲ့ရသူများ ဖြစ်ပါတယ်။)
- အာဖဂန်နစ္စတန်က ဗြိတိသျှတို့အပေါ် ကိုလိုနီစစ်ပွဲ သုံးကြိမ်တိုင်တိုင်ဆင်နွှဲ။

ဗြိတိသျှပိုင် ကျွန်းတွေကို "ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲမဟာ" ဆိုပြီး သေနင်္ဂဗျူဟာ အရ သိမ်းယူ။ ဥရောပကို သေနင်္ဂဗျူဟာ အခြေခံစခန်း လုပ်ခဲ့တာလား။ (သမိုင်းလက်တွေ့ကို ပြောင်းပြန်စကား ဆိုထားတာပါ။)

မျက်မှောက်ကာလအကြောင်း ပြောပါဦးမယ်။ လက်ဦးမှုယူတတ်တယ်။ ပရိယာယ်ဝေဝုစ်နဲ့ လိမ်ညာလှည့်ဖြားတတ်တယ်။ အကြမ်းဖက်အင်အားကို သုံးလေ့ရှိတယ်လို့ စွပ်စွဲပြောဆိုတဲ့ ဗြိတိန်အစိုးရကို မေးစမ်းပါရစေ။

* ဗြိတိန်အစိုးရဟာ ဆလိုဗေးနီးယား (Slovenia) ယူဂိုဆလားဗီးယားကနေ အကြမ်းဖက်ခွဲထွက်တာကို ဆန့်ကျင်ကြောင်း ပြည်သူလူထုအတွင်း ကြေညာခဲ့ပါတယ်။ တချိန်ထဲမှာ (၁၉၉၁ ခုနှစ်အတွင်း ဆလိုဗေးနီးယားတို့ ခွဲမထွက်မီ ၈ ရက် အလို) ခွဲထွက်သူတွေအတွက် ပေါင် ၅ သန်း တန်ဖိုးရှိတဲ့ စစ်လက်နက် ပစ္စည်းတွေကို သင်္ဘောနဲ့ တိတ်တဆိတ် တင်ပို့ပေးခဲ့တာဟာ "ပရိယာယ်ဝေဝုစ်နဲ့ လိမ်ညာလှည့်ဖျားတာ" မဟုတ်ရင် ဘာလဲ။

* ပြီးခဲ့တဲ့ ဆယ်စုနှစ်ကာလတွေတုန်းက အီရတ်နိုင်ငံအပေါ် ဗုံးကြဲမှုတွေ စီးပွားရေးအရ လည်မျိုညှစ်သတ်မှုတွေကို အမေရိကန်နဲ့ ဗြိတိန်တို့ လုပ်ခဲ့ကြတာ ကကော "လက်ဦးမှုယူတိုက်ခိုက်တာ" မဟုတ်ဘူးလား။

* ယူဂိုဆလားဗီးယားဟာ နိုင်ငံတကာ့ ဥပဒေဆိုတာကို ခုတုံးလုပ်ပြီး အမေရိကန်၊ ဗြိတိန်နဲ့ ဂျာမဏီပိုင်နက် နယ်မြေတွေအပေါ် ကျူးကျော်စစ်ဆင်တာ – အကြီးမားဆုံး ရာဇဝတ်ပြစ်မှုတွေကို ကျူးလွန်တာ – စသဖြင့် လုပ်ခဲ့ပါသလား။ ယူဂိုဆလပ်လေယာဉ်တွေက 'ဘာလင်မြို့'က စာသင်ကျောင်းတွေ၊ 'နယူးဂျာစီ' က ရေနံချက်စက်ရုံတွေ၊ 'လန်ဒန်'က ဆေးရုံတွေနဲ့ ဒက်ထရိုက်မြို့က အရပ်သားပိုင် စက်ရုံ အလုပ်ရုံတွေကို ဗုံးကြဲခဲ့ပါသလား။ အဲသလိုနည်းနဲ့ ယူဂိုဆလားဗီးယားဟာ သူတပါးတိုင်းပြည်ကို ကျူးကျော်တိုက်ခိုက်တာလား။ ဒီအလုပ်ဟာ သူလုပ်နေကျ အလုပ်လား။

* အာဖဂန်နစ္စတန်ဟာ အမေရိကန်အပါအဝင် တခြားတိုင်းပြည်တွေနဲ့ ပူးပေါင်းပြီး လန်ဒန်အပါအဝင် အင်္ဂလန်ကို ဗုံးကြဲ တာတွေ၊ ကျူးကျော်စစ်ဆင်တာတွေ လုပ်ခဲ့ တာလား။ ဒီလို မတရားတဲ့ တိုက်ခိုက်မှု လုပ်ခဲ့ ပြီးတဲ့နောက်မှာ အာဖဂန်နစ္စတန်ဘုရင်ရဲ့ အကြံပေးအမတ်ကြီး Robert Cooper က လန်ဒန် "လွတ်လပ်သော" ဗြိတိသျှအစိုးရသစ် ဖွဲ့စည်းရေးအတွက် ကြိုးပမ်းပေးတာလား။

နောက်ပြီးသူက ဗြိတိသျှ လွှတ်တော် ဝန်ကြီးတွေအတွက်လဲ မေးခွန်းတခု မေးလိုက်ပါသေးတယ်။

- Cooper ရဲ့ရေးသားချက်တွေကို လွှတ်တော်ဝန်ကြီးအဖွဲ့ အားလုံးနီးပါးက တကယ်ပဲ သဘောမတူကြဘူးလား။ ဒါမှမဟုတ် "လက်တွေ့မှာ ဘယ်လိုပဲ နယ်ချဲ့စနစ် ကျင့်သုံးနေပါစေ ပါးစပ်ကတော့ နယ်ချဲ့ ဆန့်ကျင်ရေးလေသံ ပစ်ဖောက်ပေးနေရမယ်" ဆိုတဲ့ နည်းပရိယာယ်ကို Cooper က ချိုးဖောက်လိုက်တဲ့အတွက် သဘောမကျဖြစ်နေကြတာလား။

ဒီမေးခွန်းတွေနဲ့ ဆက်စပ်စဉ်းစားရင်ကိုပဲ တိုနီဘလဲဦးဆောင်တဲ့ ဗြိတိန်အစိုးရရဲ့ ဇာတိရုပ် ပေါ်တန်သလောက်ပေါ်ပြီ ထင်ပါတယ်။ စူပါပါဝါ အမေရိကန်နဲ့အတူ "သူရှေ့က ထမ်းရင် ကိုယ်နောက်က ထမ်းမယ်" ဆိုပြီး ဗိုလ်ကျလွှမ်းမိုးရေး စစ်ပွဲအတွင်း နေရာဝင်ယူရုံမက 'အမြီးစားဘက် ခေါင်းစားဘက်' အဖြစ် ဝေစုခွဲချင်နေတဲ့ ဗြိတိန်ဟာ အခုအခါမှာတော့ "နယ်ချဲ့စနစ်သစ်" ကို ပြောင်ပြောင်တင်းတင်း မအောင့်နိုင် မအည်းနိုင် ပြောချလိုက်ပါပြီ။

ဒီနေရာမှာ 'ဂျူးလီးယက်ဖူးချစ်' ရဲ့ စကားကိုယူပြီး အသုံးပြုလိုပါတယ်။

ကမ္ဘာ့ပြည်သူအပေါင်းတို့ ...
နိုးနိုးကြားကြား ရှိကြလော့။

**"တောင်တန်းသားမိတ်ဆွေ" အဟောင်းဖြစ်စေ၊ အသစ်ဖြစ်စေ၊**
**"ပြည်ထောင်စုပြဿနာ" ကို**
**ကူညီဖြေရှင်းပေးနိုင်သူများ မဟုတ်ကြ။**

စာတည်းအဖွဲ့ထံပေးစာ

# ဆိုင်ကလုန်းမုန်တိုင်း

# စစ်ဆင်ရေး

'ပြည်သူ့အာဏာ' က နယ်ချဲ့စနစ် အကြောင်း စေ့စေ့ငုငု ရှာဖွေတင်ပြပြီး ဗမာပြည် ပြည်သူများအား နယ်ချဲ့အန္တရာယ်ကို သတိပေး နေကြောင်း နားလည်မိပါသည်။

နယ်ချဲ့အန္တရာယ်အပေါ် စိတ်မအေး ဖြစ်ရသူ တဦးအနေဖြင့် ကျွန်တော်လည်း ကျွန်တော့်ရှုဒေါင့်မှနေ၍ ပါဝင်ဆွေးနွေးလိုပါ သည်။

ယခုနှစ် ဇန်နဝါရီ လလယ်လောက်က အချက်အလက်တခုကို ဦးစွာတင်ပြပါမည်။ အမေရိကန်၏ နှစ်စဉ် စစ်သုံးစရိတ် လျာထား ချက်မှာ မျက်လုံးပြူးစရာပါ။ ဒေါ်လာဘီလီယံ ၃၇၉ သန်းအထိ တိုးမြှင့်လိုက်သည်ဟု ကြားသိ ရပါသည်။ သူ့စစ်သုံးစရိတ် ဒါလောက်မြင့်မား တာ ဘယ်တုန်းကမှ မရှိခဲ့ပါ။ ထိုအထဲမှ ဘီလီယံ ၅၀ ကို "အကြမ်းဖက်မှုအား စစ်ဆင်ရေး" အတွက် သုံးဖို့လျာထားပါသည်။ အစုလိုက် အပြုံလိုက် သေစေတဲ့ လက်နက်တွေ လုပ်ဖို့နဲ့ ရှိပြီးလက်နက်တွေကို အရည်အချင်း မြှင့်ဖို့ အထူးရန်ပုံငွေတရပ်လဲ ဖွင့်ထားပါသေး သည်။ ဒီလက်နက်တွေနဲ့ တပါးတိုင်းပြည်များ အား စစ်ဆင်ဖို့ပါ။ သူ့ရဲ့စစ်ရေးစီမံကိန်း ဘတ်ဂျက်ငွေဟာ ကမ္ဘာပေါ်မှာ ဆင်းရဲတော်ပြတ် မှု ဖြစ်စေတဲ့ အရင်းခံအကြောင်းရင်းအားလုံးကို ဖယ်ရှားပစ်နိုင်လောက်တဲ့ ငွေကြေးပမာဏ ဖြစ်နေပါသည်။

ဒါဟာ (စက်တင်ဘာ ၁၁ ရက်နေ့) နောက်ပိုင်း တုန်လှုပ်စရာအကောင်းဆုံး သတင်းပါ။

အမေရိကန်က သူ့ ရှေ့ခြေလှမ်းများ ကိုလဲ ဖွင့်ပြောထားပြီး ဖြစ်ပါသည်။ အမေရိကန် ဒုသမ္မတ Dick-Cheney က အမေရိကန် အနေဖြင့် တိုင်းပြည်လေးဆယ် ငါးဆယ် လောက်ကို စစ်ရေးနည်းအရ (သို့မဟုတ်) တခြားနည်းလမ်းများအရ အရေးယူသွားမည် ဟု သတိပေးထားပါသည်။ သူက "စစ်ပွဲ" ဆိုသည်ကို ပိုမိုအလေးတင်းပါသည်။ ထို စစ်ပွဲ သစ်သည် အနှစ် ၅၀ လောက် ကြာချင်ကြာ မည်။ ထို့ထက်မက ပိုမိုကြာချင်လဲ ကြာနိုင် ပါသတဲ့။

သမ္မတဘုရှ်ရဲ့ အကြံပေးအရာရှိ တဦး ဖြစ်သူ Richard Perle က "ဒီစစ်ပွဲမှာ ဘာ အဆင့်မှ ခွဲနေမှာ မဟုတ်ဘူး။ ... ရန်သူ အမျိုးမျိုးနဲ့ တိုက်ရလိမ့်မယ်။ ကျွန်တော်တို့ရဲ့ ကမ္ဘာစိုးမိုးရေး အမြင်ကို လုံးဝလက်ခံပြီး လုပ်ကြမယ်ဆိုရင်၊ အလိမ္မာသုံးရတဲ့ သံတမန် ပရိယာယ်တွေ လုပ်နေစရာ မလိုဘူး။ အကြွင်းမဲ့ စစ်ပွဲအပေါ်မှာသာ ပုံအောရမယ်။ နောင်လာ နောက်သားတွေက ကျွန်တော်တို့ကို တခမ်း တနား ဂုဏ်ပြုချီးကျူးထောပနာ ပြုကြမှာပါ။" ဟူ၍ ခပ်ရမ်းရမ်းပြောခဲ့ပါသည်။

ဒီအမေရိကန် ခေါင်းဆောင်တွေ၏ စကားနှင့် ထပ်တူသဘောမျိုး အကြောင်းအရာ များ ပါရှိသည့် ဝတ္ထုတပုဒ် ရှိပါသည်။ အနာဂတ် အကြောင်း "George Orwell" က တခမ်း တနား ဖွဲ့သီထားတဲ့ (တထောင့်ကိုးရာ ရှစ်ဆယ့်လေး) ဆိုသည့် ဝတ္ထုပါ။ ထို ဝတ္ထုထဲမှာ လူ့အဖွဲ့အစည်းကို လွှမ်းမိုးချုပ်ကိုင်ထားသော ကြွေးကြော်သံ (၃) ရပ်ကို ဖော်ပြထားပါသည်။

* "စစ်ပွဲဟူသည်က ငြိမ်းချမ်း ရေး"
* "လွတ်မြောက်ရေးဆိုသည် က ကျွန်ပြုမှု"
* "ဘာမှမသိ နားမလည်ခြင်း က အင်အား" ဆိုပဲ။

မျက်မှောက်အမေရိကန်တို့ ထုတ် ပြန်ထားသော ကြွေးကြော်သံမှာ "အကြမ်း ဖက်မှုဆိုင်ရာ စစ်ပွဲ" တဲ့။ ၎င်းကို ပြောင်းပြန် လှန်လိုက်လျှင် "စစ်ပွဲဟာ အကြမ်းဖက်မှု" ဟူ၍ အလွန်မှန်ကန်သည့် အဓိပ္ပာယ်ကို ရပါ လိမ့်မည်။

စက်တင်ဘာ ၁၁ ရက် အရေး အခင်းသည် နယ်ချဲ့သမားတို့အတွက် "လက် ညှိုးထိုးစရာ ရန်သူ " ကို တွေ့ရှိသွားသည့် အခွင့်အလမ်းကောင်းတရပ် ဖြစ်ခဲ့ရပါသည်။

၁၉၅၀ ခုနှစ် များတုန်းက "အနီ ရောင်ခြိမ်းခြောက်မှု" ဆိုတာ အမေရိကန်မှာ ပေါ်ခဲ့ပါသည်။ "ပေါ်ခဲ့သည်" ဆိုတာထက် သူတို့ "လုပ်ကြံဖန်တီးခဲ့ကြသည်။" ဆိုမှ ပိုမှန်ပါလိမ့်မည်။ ၎င်းကို အကြောင်းပြချက် အဖြစ် အသုံးချပြီး အမေရိကန်အစိုးရသည် စစ်ပွဲဆိုင်ရာ စက်မှုလုပ်ငန်းများကို ကြီးထွား ဖွံ့ဖြိုးစေခဲ့ပါသည်။ ပြည်သူလူထု၏ ဒီမိုကရေစီ အခွင့်အရေးများကိုတော့ ကန့်သတ်ပိတ်ပင် လိုက်သည်။ အတိုက်အခံများကို လေသံတိတ် စေခဲ့ပါသည်။ ကမ္ဘာကျော် အိုင်စတိုင်းကိုပင် FBI က စုံစမ်းထောက်လှမ်းနေခဲ့ပါသည်။

အခု "အကြမ်းဖက်ဝါဒ၏ ခြိမ်း ခြောက်မှု" ဆိုတာလဲ ဒါမျိုးပါပဲ။ တကယ့် အဖြစ်မှန်တချို့ ပါရှိပေမယ့် အများစုက လိမ်ညာထားတာတွေပါ။ အနီရောင် ခြိမ်း ခြောက်မှု "အသစ်" တမျိုးသာ ဖြစ်ပါသည်။ စက်တင်ဘာ ၁၁ ရက် အရေးအခင်းကြောင့်

ဘယ်သူတွေ အမြတ်ထွက်ပါသလဲ။

စက်တင်ဘာ ၁၁ ရက် မတိုင်ခင်က သမ္မတ ဘုရှ်ရဲ့လူကြိုက်များမှုဟာ **(၃၇)** ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း အရေးအခင်း၏ နောက်ပိုင်းတွင်မူ **(၉၀)** ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ပါသည်။

အမြှောမျှော်စဉ် အဆောက်အဦ ဖျက်ဆီးခံရပြီးသည့်နောက် စတော့ဈေးကွက် ပြန်လည်ဖွင့်လှစ်သည့်နေ့တွင် ရှယ်ယာတန်ဖိုး ထောင်တက်သွားသော ကုမ္ပဏီများမှာ Alliant Tech Systems, Northrop Gruman, Raytheon နှင့် Lockheed Martin ကုမ္ပဏီတို့ ဖြစ်ကြပါသည်။ အားလုံးမှာ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကန်ထရိုက်တာကြီးတွေပါပဲ။ အမေရိကန်အား စစ်လက်နက် ထောက်ပံ့ပေးနေသည့် ကုမ္ပဏီတွေထဲက အကြီးဆုံးကုမ္ပဏီဖြစ်သော Lockheed Martin ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးသည် အံ့အားသင့်လောက်အောင် ၃၀ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ပါသည်။ ဒီကုမ္ပဏီရဲ့ အဓိကစက်ရုံဟာ ဂျော့ဘုရှ်၏ဇာတိ Texas ပြည်နယ်မှာ ရှိနေတာပါ။ ဒီကုမ္ပဏီသည် တိုက်လေယာဉ်သစ်များ ထုတ်လုပ်ဖို့ ဒေါ်လာဘီလီယံ ၂၀၀ ဖိုး ရှိတဲ့ ကန်ထရိုက် ရရှိသွားခဲ့ပါသည်။ ၎င်းမှာစစ်ဖက်ဆိုင်ရာ ထုတ်လုပ်ရောင်းချပေးရေး မှာကြားချက်များအနက် သမိုင်းတလျှောက် အမြင့်ဆုံး မှာကြားချက်တခုပါ။

အမေရိကန် ထိပ်သီးအရင်းရှင်ကြီးများ၏ စီးပွားရေးအခွင့်အလမ်းများ ဤနည်းဤပုံ ပွင့်လင်းလာခဲ့သော်လည်း အမေရိကန် လူထုမှာမူ ဒီမိုကရေစီရပိုင်ခွင့် ပိတ်ပင်ခံခဲ့ရပါသည်။ အတိုက်အခံတို့၏ လေသံ အရေးပါမှု မရှိတော့ပါ။

စက်တင်ဘာ ၁၁ ရက်အရေးအခင်းမှ အမြတ်ထွက်မှုအကြောင်း ပြောပြီးနောက် အရေးအခင်း ဖြစ်ပေါ်ရခြင်းအကြောင်း ဇာစ်မြစ်များအနက် လူသိသိပ်မများသေးသော အကြောင်းရင်းဇာစ်မြစ်တခု အကြောင်း ပြောပါဦးမည်။ Zbigniew Brzezinski ရေးသော "Total War" စာအုပ်ကို ဖတ်ကြည့်လျှင် အပြည့်အစုံ ပိုပြီး သိရှိနိုင်ပါသည်။ ထိုစာရေးသူမှာ သမ္မတ 'ကာတာ' ၏ အမျိုးသားလုံခြုံရေး အကြံပေးတဦး ဖြစ်ခဲ့ပြီး အခုအထိလဲ ဝါရှင်တန်မှာ သြဇာအာဏာ ကြီးသူပါ။

Brzezinski သည် သိပ်မကြာမီကပဲ အမေရိကန်လူထုနှင့် အမေရိကန်ကွန်ဂရက်တို့က မသိရှိကြသေးသည့် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့က ကိစ္စတရပ် အကြောင်း ထုတ်ဖော်လိုက်ပါသည်။ သမ္မတဂျင်မီကာတာသည် နိုင်ငံတကာ့ အကြမ်းဖက်လှုပ်ရှားမှုတရပ် ဖန်တီးရေးအတွက် ဒေါ်လာသန်း ၅၀၀ သုံးစွဲဖို့ လျှို့ဝှက်အမိန့် ချမှတ်ပေးခဲ့ပါသည်။ ၎င်းအကြမ်းဖက် လှုပ်ရှားမှုမှာ အလယ်အာရှဒေသတွင် အစ္စလာမ် အခြေခံဝါဒ ပြန့်ပွားရေးနှင့် သက်ဆိုင်ပြီး၊ ဆိုဗီယက်ယူနီယံအား "လုပ်ကြံဖျက်ဆီးရေး" လည်း ပါဝင်ပါသည်။ ဤစီမံကိန်းကို "ဆိုင်ကလုန်းစစ်ဆင်ရေး" ဟူ၍ စီအိုင်အေက အမည်တပ်ပေးခဲ့သည်။ နောက်တနှစ်တွင် ဒေါ်လာ (၄) ဘီလီယံ သုံးစွဲကာ ပါကစ္စတန်တွင် အစ္စလာမ် သင်တန်းကျောင်းတကျောင်း ဖွင့်လှစ်ပေးခဲ့ပါသည်။ ('တာလီဘန်' ဆိုတာရဲ့ အဓိပ္ပာယ်က "ကျောင်းသား" ပါတဲ့။) လူငယ်တက်ကြွသူများကို ရွေးခြယ်ကာ ဗာဂျီးနီးယားမှာ စီအိုင်အေ သူလျှိုသင်တန်းတက်ဖို့ စေလွှတ်ပေးခဲ့ပါတယ်။ ၎င်းတို့အား "လျှို့ဝှက်ဖျက်ဆီးရေး ကျွမ်းကျင်မှုပညာ" (တနည်းအားဖြင့်) "အကြမ်းဖက်ဝါဒ" ကို သင်တန်းပို့ချပေးခဲ့ခြင်း ဖြစ်သည်။

၎င်းအပြင် အမြှောမျှော်စင်ကို လှမ်းမြင်နေရသည့် ဘရွတ်ကလင်းအရပ်တွင် အစ္စလာမ် သင်တန်းကျောင်း ဖွင့်လှစ်ပေးခဲ့ပါသေးသည်။ ပါကစ္စတန်မှာဆိုလျှင် ထိုသို့သော သင်တန်းကျောင်းများကို ဗြိတိသျှ အမ်အိုင် ၆ (ထောက်လှမ်းရေး) အရာရှိတွေက ကွပ်ကဲညွှန်ကြားပြီး ဗြိတိသျှအထူးလေကြောင်းတပ်ဖွဲ့ (SAS) က သင်တန်းပို့ချပေးခဲ့တာပါ။ ၎င်းသင်တန်းကျောင်းများရဲ့ ရလဒ်အဖြစ် "သွေးကြွနေတဲ့ မူဆလင်များ" (သို့မဟုတ်) တာလီဘန်များ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန် (၁၉၇၀) ခုနှစ်များ အနှောင်းပိုင်းတုန်းက အမေရိကန်တို့၏ ရည်မှန်းချက်မှာ အာဖဂန်နစ္စတန်မှ တိုးတက်သော အစိုးရကို ဖြုတ်ချရေးပါ။ ယင်းအစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စာပေ သင်ကြားပေးရေး၊ အမျိုးသမီးများအတွက် တန်းတူအခွင့်အရေး ရရှိရေးတို့ကို အာမခံသည့်အပြင် ပဒေသရာဇ်စနစ် တိုက်ဖျက်ရေးကိုလည်း ကြိုးပမ်းနေသည့်အစိုးရ ဖြစ်ပါသည်။

(၁၉၉၆) ခုနှစ် အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ အာဏာရရှိလာသောအခါ ယခင်သမ္မတလုပ်ခဲ့သူကို ကဘူးလ်မြို့ ခေတ်တိုင်တတိုင်တွင် ကြိုးဆွဲချသတ်ခဲ့ပါသည်။

ကလင်တန်အစိုးရအဖွဲ့နှင့် ရေနံကုမ္ပဏီ အမှုဆောင်လူကြီးများက ဝါရှင်တန်နှင့် တက္ကဆက်ပြည်နယ် ဟူစတန်မြို့တို့မှာ တာလီဘန်ခေါင်းဆောင်များအား ညှော့ခံပွဲ ကျင်းပပေးနေသည့်အချိန်တွင် အာဖဂန်နစ္စတန်မှာတော့ သမ္မတဟောင်းရဲ့ အလောင်းကို လူမြင်ကွင်းမှာ ချိတ်ဆွဲထားဆဲပါ။

"ငြိမ်းချမ်းရေးကို အအောင်မြင်ဆုံး ဖော်ဆောင်ပေးမှာကတော့ တာလီဘန်တွေပါ။ ဒါ့အပြင် သူတို့ဟာ အလယ်အာရှက ကြီးမားကျယ်ပြန့်တဲ့ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ သယံဇာတတွေကို တင်ပို့ပေးနိုင်အောင် ဒီတိုင်းပြည်မှာ ပို့ဆောင်ရေးလမ်းကြောင်းတရပ် ဖွင့်လှစ်ရေးအတွက် အာမခံချက်ပေးနိုင်တဲ့ အရေးကြီးပုဂ္ဂိုလ်တွေပါ။" ဟု Wall Street ဝေါစထရိဂျာနယ်က အမွှန်းတင် ရေးခဲ့ပါသည်။

ဒါလောက် ဆိုလျှင် တာလီဘန်တွေ ဒါမှမဟုတ် အကြမ်းဖက်သမားတွေကို ဘယ်သူတွေက မွေးမြူပေးခဲ့တယ်ဆိုတာ သိလောက်ပါပြီ။ အမေရိကန်အုပ်စိုးသူတို့၏ အဖြစ်က "ကိုယ်မွေးတဲ့မြောက်က ကိုယ့်ကိုပြန်ခြောက်တာ ခံနေကြရတာလား" ဒါမှမဟုတ် "သူခိုးက လူ့,လူ့ ဟစ်နေတာလား" မပြောတတ်ပါ။ သေချာတာကတော့ အကြမ်းဖက်ဝါဒ ချေမှုန်းရေးကို အကြောင်းပြုပြီး အာဖဂန်နစ္စတန်နိုင်ငံကို ဝင်တိုက်ပြီးခဲ့ပါပြီ။ အမေရိကန်နှင့် ဗြိတိန်တို့က "ထူးခြားအရေးပါသည့် အောင်မြင်မှုများ" ရရှိခဲ့သည်ဟူ၍ ဝါကြွားပါသည်။ သို့ရာတွင် အိုစမာဘင်လာဒင်ကိုလဲ မမိ။ အယ်လ်ကိုက်ဒါ ကွန်ယက်ထဲက အရေးပါသည့် ဘယ်ခေါင်းဆောင်တဦး တယောက်ကိုမျှလဲ မမိ။ အပြစ်မဲ့ အာဖဂန်နစ္စတန် ပြည်သူ ၅၀၀၀ လောက် သေကြေခဲ့ရမှုသာ အဖတ်တင်ပါသည်။ တိုင်းပြည်တခုလုံး ဒုက္ခတွင်းထဲ ကျခဲ့ပါသည်။

စစ်ပွဲမပြီးသေးဟု သူတို့က ပြောနေပါသည်။ နောက်ထပ် သူတို့ ဘယ်နိုင်ငံကို ဝင်တိုက်ဦးမလဲ။ အီရတ် ဖြစ်မလား၊ အီရန်၊ မြောက်ကိုရီးယား ဖြစ်မလား။ ရင်တမမ စောင့်ကြည့်နေကြရပါသည်။

ဆိုမာလီယာနိုင်ငံလည်း ဖြစ်နိုင်သည်ဟူသော တွက်ကိန်းတခုမှာ စိတ်ဝင်စားစရာ ကောင်းပါသည်။ ဆိုမာလီယာ နိုင်ငံသည် အာဖရိကတိုက်၏ ဦးချိုဒေသတွင်ရှိပြီး အလွန့်ကို ဆင်းရဲပါသည်။ အဲဒီမှာ အယ်လ်ကိုက်ဒါ အကြမ်းဖက်သမားများ ရှိနေသည်ဟူ၍ အမေရိကန်က ကြေညာထားသည်။ သေချာသလောက်နီးနီးဟု ပြောရမည့်အကြောင်း တခုမှာ 'ဆိုမာလီယာ'၏ အနိုင်ကျင့်တတ်သည့် အိမ်နီးချင်း"အီသီယိုပီးယား" နိုင်ငံက သူနှင့် ဝါရှင်တန်တို့ ပိုမို အစေးကပ်စွာ ဆက်ဆံနိုင်ရေးအတွက် မမှန်သတင်းပေးကာ ဆိုမာလီယာနိုင်ငံအား ချောက်တွန်းထားခြင်း ပါပဲ။ လုံးဝသေချာသည့် အကြောင်းရင်းတခုကတော့ ဆိုမာလီယာတွင် ကြီးမားကျယ်ပြန့်သော ကမ်းလွန်ရေနံနယ်မြေ ရှိနေခြင်း ဖြစ်ပါသည်။ (အမေရိကန်သည် ရေနံစသော လောင်စာ သယံဇာတများကို သူ့စိတ်တိုင်းကျ ဖန်တီးခွင့် မပေးလျှင် တိုက်ပါသည်။ အာဖဂန်နစ္စတန် နိုင်ငံဆိုလျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းကန်ထရိုက် အမေရိကန် ကုမ္ပဏီ "ယူနိုကော"ကို မပေးဘဲ အာဂျင်တီးနားမှ Bridas Oil ကုမ္ပဏီအား တာလီဘန်တို့က ပေးလိုက်သဖြင့် အမေရိကန်၏ ပြိုငြင်မှု ခံရပါသည်။ "ပစ်မှတ်" အဖြစ် ရည်မှန်းထားမှု ခံရပါသည်။)

'ဆိုမာလီယာ' အပေါ် အမေရိကန်တို့ အခဲမကျေပါ။ လက်စားချေချင်နေပါသည်။

အဖြစ်က ဒီလိုပါ။ ၁၉၉၃ ခုနှစ်။ ဘုရှ်အကြီးက မရိန်းတပ်ဖွဲ့များနဲ့ ဆိုမာလီယာ နိုင်ငံကို ဝင်ရောက်ကျူးကျော်ခဲ့သည်။ ဆိုမာလီယာ လူထု အဝိုင်းခံရတဲ့ အမေရိကန် စစ်သား (၁၈) ယောက် အသတ်ခံရသည်။ ဒီအဖြစ်အပျက်ကို စိတ်ဝင်စားဖွယ် ရိုက်ကူးပြီး ခုတလော ပြသနေသော ရုပ်ရှင်ကားတကား ရှိသည်။ "သိမ်းနက် မြေကျခန်း" (Black Hawk Down) ရုပ်ရှင်။ အမေရိကန် အာဏာပိုင်တို့အား "နောက်နောင် ဒီလိုပုံစံ ဒီလိုနည်းလမ်းမျိုးနဲ့ သွားမတိုက်လေနဲ့၊ ကွဲသွားလိမ့်မယ်၊ ခံရလိမ့်မယ်။" ဟု သတိပေးလိုသည့် သဘောမျိုး ဒါရိုက်တာက ပညာပေးလိုပုံ ရသည်။ အမေရိကန် ကျူးကျော်ရေးသမားတွေက ဆိုမာလီယာ ပြည်သူ ၇၀၀၀ နဲ့ တသောင်းအကြား သတ်ဖြတ်ချေမှုန်းခဲ့သည်။ "ဆိုမာလီယာ" နိုင်ငံအား ဒဏ်ရာ အနာတရဖြစ်အောင်လုပ်ခဲ့သည်ကိုတော့ ဒီရုပ်ရှင်ကားက ရိုက်မပြ၊ ထိမ်ချန်ထားသည်။

အာဖဂန်နစ္စတန်၊ အီရတ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ အခြားသော ကံဆိုးမိုးမှောင် ကျခဲ့ရသည့် နိုင်ငံအများ အမေရိကန် ဗုံးဒဏ် ခံခဲ့ကြရသည့်နည်းတူ ဆိုမာလီယာလည်း ခံခဲ့ရသည်။ ဤသေကြေဆုံးရှုံးမှုကို အနောက်နိုင်ငံ ဘယ်နိုင်ငံရေး အဖွဲ့အစည်း ဘယ်မီဒီယာကမှ အရေးတယူ ဖော်ပြတာ မရှိပါ။

အမှန်တရားကို ဖုံးကွယ်ကာ အမေရိကန် နယ်ချဲ့သမားက "အကြမ်းဖက်သမားတွေ ရှိတဲ့နေရာမှန်သမျှ ခြေရာခံပြီး လိုက်လံဖမ်းဆီးကြ။" ဟူ၍ လှုံ့ဆော်နေပါသည်။ အမေရိကန်ကိုယ်တိုင်၏ မှတ်တမ်းကကောကောင်းပါ၏လော။ သူ့မှတ်တမ်းကလည်း အကြမ်းဖက်မှတ်တမ်း ဖြစ်ပါသည်။ "အမေရိက" ကိုယ်တိုင်က အကြမ်းဖက်သမားတို့၏ နိဗ္ဗာန်ဘုံ ဖြစ်နေတာပါ။

ကြည့်ပါ။

သမ္မတဘုရှ်၏ညီ (Jeb Bush) ဂျက်ဘုရှ်က ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး လုပ်နေပါသည်။ အဲဒီမှာ အကြမ်းဖက်သမားတွေကို ခိုလှုံခွင့် ပြုထားပါသည်။ ၎င်းအကြမ်းဖက်သမားတွေ ဆိုတာကလဲ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက် ဂိုဏ်းသားတွေလိုပါပဲ။ သေနတ်တွေ ဓားတွေ ဆွဲကိုင်ပြီး လေယာဉ်တွေကို ပြန်ပေးဆွဲကြသူတွေပါ။ သူတို့အများစုဟာ ဘယ်တုန်းကမှ ရုံးတင်တရားစွဲတာ မခံခဲ့ကြရပါဘူး။ ဘာကြောင့်လဲ။ သူတို့အားလုံး ကက်စထရိုဆန့်ကျင်ရေး ကျူးဘားများ ဖြစ်နေလို့ပါ။

ဂွာတီမာလာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း Gramajo Morales – သူက အရပ်သားတွေအပေါ် အကြမ်းဖက် ခဲ့သူ။ အဲဒီအကြမ်းဖက်မှုများထဲမှာ အမေရိကန် သီလရှင်တပါးကို ညှင်းပန်းနှိပ်စက်ခဲ့ခြင်းနှင့် မိသားစုတခုအတွင်းမှ လူ (၈) ဦးကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းတို့လည်း ပါဝင်သည်။ သူက ယခု အမေရိကန်၏ ပညာသင်ထောက်ပံ့ကြေးဖြင့် ဟားဗတ်တက္ကသိုလ်မှာ ပညာသင်လျက် ရှိနေသည်။

၁၉၈၀ ခုနှစ်များတုန်းက အယ်လ်ဆာဗေဒိုမှာ လူတွေ ထောင်ချီ အသတ်ခံရသည်။ နိုင်ငံရေး လုပ်ကြံသတ်ဖြတ်မှုပါ။ ထိုသတ်ဖြတ်မှုအတွက် တာဝန်ရှိသူမှာ ယခုအခါ ဖလော်ရီဒါတွင် စည်းစိမ်ရှိရှိ နေထိုင်လျက် ရှိပါသည်။

ဟေတီက အာဏာရှင်ဟောင်း ဗိုလ်ချုပ်ကြီး Prosper Avril ဆိုလျှင်လည်း သူ့နှိပ်စက်မှုကြောင့် သွေးသံရဲရဲ ဖြစ်ကြရသူများအကြောင်း ရုပ်မြင်သံကြားမှ ပြသတာကို ကြည့်ပြီး သဘောခွေ့နေတတ်သူပါ။ သူအာဏာကျသွားတော့ သူ့ကို အမေရိကန် အစိုးရက လေယာဉ်ပျံနှင့် ခေါ်လာပြီး နိုင်ငံရေး ခိုလှုံခွင့် ပေးထားပါသည်။

ဗိုလ်ချုပ်ကြီး ပီနိုရှေး Pinochet အုပ်စိုးစဉ်က သတ်ဖြတ်နှိပ်စက်ပွဲများအတွက် အထူးတာဝန်ရှိသူ စစ်တပ်ခေါင်းဆောင် တဦးသည် ယခုအခါ မီယာမီမှာ နေထိုင်လျက် ရှိပါသည်။ နာမည်ဆိုးနှင့် ကျော်ကြားသော အကျဉ်းထောင်များကို ဦးစီးအုပ်ချုပ်ခဲ့သူ အီရန် ဗိုလ်ချုပ်တဦးသည်လည်း အမေရိကတွင် ရောက်ရှိနေပါသည်။ ချမ်းသာကြွယ်ဝစွာ နေထိုင်လျက်ပါ။

အထက်ပါ ပုဂ္ဂိုလ်များ၏ အကြမ်းဖက် သမိုင်းကြောင်းနှင့် လုပ်ပုံကိုင်ပုံ လမ်းကြောင်းတွေသာ ကွဲလွဲချင် ကွဲလွဲမည်။ တူညီချက်တခုကတော့ သူတို့အားလုံးသည် အမေရိကန်အစိုးရအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အလုပ်,လုပ် ပေးရသူများ ဖြစ်၏။

အယ်လ်ကိုက်ဒါ လေ့ကျင့်ရေးစခန်းတွေ ဆိုတာကလဲ ဂျော်ဂျီယာပြည်နယ် Fort Benning မှာ ရှိတဲ့ ကမ္ဘာ့ရှေ့ဆောင် အကြမ်းဖက် တက္ကသိုလ်ကြီးနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် မူကြိုကျောင်းအဆင့်လောက်သာ ရှိတာပါ။ အဲဒီကျောင်းကို 'School of the Americas' လို့ ခေါ်ခဲ့ပါသည်။ အဲဒီကျောင်းထွက်တွေထဲတွင်...

* ဂွာတီမာလာနိုင်ငံ လူမျိုးတုံးသတ်ဖြတ်သန့်စင်ပစ်ရေး အစိုးရလက်ထက် အာဏာရဝန်ကြီးအဖွဲ့ရဲ့ တဝက်နီးပါး။

* ကုလသမဂ္ဂရဲ့ အဆိုအရ အယ်လ်ဆာဗာဒိုနိုင်ငံ၏ ပြည်တွင်းစစ်အတွင်း အဆိုးဝါးဆုံး ပြစ်မှုများကို ကျူးလွန်ခဲ့ကြသူ စစ်အရာရှိများ၏ သုံးပုံနှစ်ပုံခန့်။

* ချီလီနိုင်ငံ အကျဉ်းစခန်းများကို ကွပ်ကဲအုပ်ချုပ်ခဲ့သူ ပီနိုရှေး၏ လျှို့ဝှက် ပုလိပ်တပ်ဖွဲ့အကြီးအကဲ။ ...စသည့် သူများ ပါသည်။

ရှင်းနေပါသည်။ အကြမ်းဖက်သမားများအား ခိုလှုံခွင့်ပေးထားသော အကြီးဆုံး နိုင်ငံမှာ "အမေရိက" ပါပဲ။

အမေရိကန်တို့၏ အကြမ်းဖက်မှု ဆန့်ကျင်ရေး စစ်ပွဲ၏ ရည်မှန်းချက်မှာ အကြမ်းဖက်ဝါဒ ချေမှုန်းရေး မဟုတ်ပါ။ ကမ္ဘာကြီးကို လွှမ်းမိုးဗိုလ်ကျရေးသာ ဖြစ်ပါသည်။

ကမ္ဘာ့ပြည်သူများနှင့်အတူ ဗမာ ပြည် ပြည်သူများသည် အမေရိကန်ဦးဆောင်သည့် နယ်ချဲ့စနစ်သစ်ကို မျက်ခြည်မပြတ် သတိပြုစောင့်ကြည့်သွားရန်လိုမည် ထင်ပါသည်။ အကြမ်းဖက်ဝါဒ အကြောင်းပြပြီး သူတို့ စစ်တိုက်မည့်နိုင်ငံ လေးဆယ် ငါးဆယ်ထဲတွင် ဗမာပြည်လည်း ပါဝင်နေပါသည်။ ဗမာပြည်၏ ခြံစည်းရိုးကလည်း မလုံပါ။ မူးယစ်ဆေးဝါးကို အကြောင်းပြ၍လည်းကောင်း၊ နိုင်ငံတော်အကြမ်းဖက်ဝါဒကို အကြောင်းပြ၍လည်းကောင်း ကိုယ့်ခြံတွင်းသို့ စစ်မီး ကျရောက်နိုင်ပါသည်။

နယ်ချဲ့စနစ်သည် ဗမာပြည်အတွက် ကောင်းကျိုးမပေး ဆိုးကျိုးသာ ပေးပါလိမ့်မည်။

ဗမာပြည်အနေဖြင့် 'အနေတတ်' မှ အနာဂတ် လှပါလိမ့်မည်၊

နအဖ ကိုတော့ 'အနေတတ်' သည်ဟူ၍ လုံးဝထင်မထားပါကြောင်း။

(စာဖတ်ပရိသတ်တဦး)

မှတ်ချက်။ ။ ဤပေးစာပါ အချက်အလက်များကို John Pilger ၏ War on Terror ဆောင်းပါးမှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။

**ထိုင်းရော ဗမာပြည်ပါ နိုင်ငံရေးတည်ငြိမ်မှု မရှိကြပါ။**
**ဗမာပြည်၏ ပြဿနာမှာ ဒီမိုကရေစီပြဿနာ၊**
**ပြည်တွင်းစစ်ပြဿနာပါ ရောစွက်နေသည်။**

# ကိုမင်ဖောင်သို့ တင်သွင်းသည့် နိုင်ငံတကာ့အခြေအနေအစီရင်ခံစာ
# အန်ဒရေဇဒါးနော့ဗ်၊ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်။

## အမှာ

*ဦးနုက တို့ဗိုလ်ချုပ်အောင်ဆန်း ဦး ပြုံနေသလောက် ရှိတယ်လို့ သူ့စာအုပ်မှာ ဘလန်းရေးခဲ့တယ်။*

*– ဗိုလ်အောင်ဆန်းက ၁၉ ဇူလိုင်၊ ၁၉၄၇ မှာ ကျဆုံးတယ်။ ဇဒါးနော့ဗ်အစီရင်ခံစာက ၂၂၊ စက်တင်ဘာ၊ ၁၉၄၇ ကျမှထွက်တာ ဖြစ်တယ်။ စစ်အေးကာလကြေညာစာတမ်း ဖြစ်တယ်။ ကွဲကူးရေပါ အိန္ဒိယပြည်အကြောင်းပါတာ ဖြစ်တယ်။ ကိုလိုနီနိုင်ငံတွေအကြောင်းပါတာ ဖြစ်တယ်။*

*– စစ်အေးခေတ်အစမှာ ဖဆပလအစိုးရက အမေရိကန်ဘက် ယိမ်းနေချိန်ဖြစ်လို့ မဆီမဆိုင် ဗမာပြည်ပြည်တွင်းစစ် (ကွန်မြူနစ်ဆန့်ကျင်ရေးစစ်) နဲ့ ဆွဲစပ်လိုက်တာ ဖြစ်တယ်။*

*– ဇဒါးနော့ဗ်အစီရင်ခံစာ ကောက်နုတ်ချက်ကို ဘာသာပြန်ပေးလိုက်တယ်။*

*တိုင်းပြည်ပေါင်း ၁၀၀ ကျော် လွတ်လပ်လာစေတဲ့ အတွေးအခေါ်ရေးတွန်းအားဖြစ်တဲ့ အစီရင်ခံစာကို ရဲဘော်တိုင်း လေ့လာသင့်ပါတယ်။*

နိုင်ငံတကာရှုခင်းနှင့် နိုင်ငံတနိုင်ငံချင်းစီ၏အနေအထားများအတွင်း စစ်ကြောင့်ဖြစ်ပေါ်လာသည့် အခြေခံအပြောင်းအလဲများက ကမ္ဘာ့နိုင်ငံရေး ရှုမြင်ကွင်းကြီးကို လုံးဝဥဿုံပြောင်းလဲသွားစေပေပြီ။ နိုင်ငံရေးအင်အားစုများ၏ စုဖွဲ့မှုအသစ်များ ပေါ်ပေါက်လာနေသည်။ စစ်ကအတိတ်ကာလအတွင်း ကျန်ရစ်လေလေ၊ စစ်ပြီးခေတ်နိုင်ငံတကာရေးရာ မူဝါဒအတွင်းရှိ အဓိကတိမ်းညွတ်မှုကြီးနှစ်ခုသည် ပို၍ထင်ရှားကွဲပြားလာလေဖြစ်သည်။ နိုင်ငံတကာပြိုင်ကွင်းကြီးအတွင်း လှုပ်ရှားနေသော နိုင်ငံရေးအင်အားစုများ အုပ်စုကြီးနှစ်ခုအဖြစ် ကွဲသွားပြီးနောက် ထိုတိမ်းညွတ်မှုကြီး ၂ ခု ပေါ်ထွက်လာခြင်းဖြစ်သည်။ အုပ်စုကြီးတခုမှာ နယ်ချဲ့ရေးနှင့် ဒီမိုကရေစီဆန့်ကျင်ရေးဖြစ်ပြီး ကျန်တခုမှာ နယ်ချဲ့ဆန့်ကျင်သော ဒီမိုကရေစီရေး အုပ်စုကြီးဖြစ်သည်။ နယ်ချဲ့အုပ်စုကြီး၏ အဓိကမောင်းနှင်ရေးအားမှာ အမေရိကန်ပြည်ထောင်စု ဖြစ်သည်။ ယင်းနှင့် မဟာမိတ်ပြုထားသူတို့မှာ ဂရိတ်ဗြိတိန်နှင့် ပြင်သစ်တို့ ဖြစ်သည်။ နယ်ချဲ့စခန်းကို ဘယ်လ်ဂျီယမ်နှင့် ဟော်လန်တို့ကဲ့သို့သော ကိုလိုနီပိုင်နိုင်ငံများ၊ တူရကီနှင့် ဂရိတို့ကဲ့သို့ ဒီမိုကရေစီဆန့်ကျင်သော ဖောက်ပြန်သောအစိုးရများနှင့် အရှေ့အနီးနှင့် တောင်အမေရိကနိုင်ငံများအပြင် တရုတ်ပြည်တို့ကဲ့သို့ အမေရိကန်နိုင်ငံအပေါ် နိုင်ငံရေးအရ စီးပွားရေးအရ မှီခိုနေရသော နိုင်ငံများကလည်း ထောက်ခံကြသည်။ နယ်ချဲ့အုပ်စု၏ အဓိကရည်ရွယ်ချက်မှာ နယ်ချဲ့စနစ်အင်အားတောင့်တင်းရေး၊ နယ်ချဲ့စစ်သစ်မွေးဖွားရေး၊ ဆိုရှယ်လစ်စနစ်နှင့် ဒီမိုကရေစီကို တိုက်ခိုက်ရေးနှင့် ဖောက်ပြန်သော၊ ဒီမိုကရေစီဆန့်ကျင်သော၊ ဖက်ဆစ်လိုလားသော အစိုးရများနှင့် လှုပ်ရှားမှုများကို မည်သည့်နေရာတွင်မဆို ထောက်ခံအားပေးရေး ဖြစ်သည်။ ဤရည်မှန်းချက်များ ဖော်ဆောင်ရန်အတွက် နယ်ချဲ့စခန်းသည် နိုင်ငံတိုင်းမှ ဖောက်ပြန်သော ဒီမိုကရေစီဆန့်ကျင်သည့် အင်အားစုများအပေါ် အားထားရန်နှင့် စစ်ကာလမဟာမိတ်များကို ဆန့်ကျင်ရန်အတွက် စစ်အတွင်းမှ ရန်သူဟောင်းများကို ထောက်ခံအားပေးရန် ပြင်ဆင်ထားပေသည်။

ဒုတိယအုပ်စုတွင် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ ပါဝင်ပေသည်။ ဤစခန်းသည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဒီမိုကရေစီသစ်နိုင်ငံများပေါ်တွင် အခြေပြုထားသည်။ ယင်းတွင် ရူမေနီးယား၊ ဟန်ဂေရီနှင့် ဖင်လန်ကဲ့သို့ နယ်ချဲ့စနစ်နှင့် ကွဲထွက်လာပြီး ဒီမိုကရေစီတိုးတက်ရေး လမ်းကြောင်းပေါ် ခိုင်မြဲစွာ ခြေချထားသော နိုင်ငံများလည်း ပါဝင်လေသည်။ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့လည်း ယင်းစခန်းနှင့် ပူးပေါင်းထားကြသည်။ အိန္ဒိယ၊ အီဂျစ်နှင့် ဆီးရီးယားတို့၏ အားပေးထောက်ခံမှုကိုလည်း ရရှိနေသည်။ အလုပ်သမားနှင့် ဒီမိုကရေစီလှုပ်ရှားမှု၊ နိုင်ငံအားလုံးမှ ညီအစ်ကိုကွန်မြူနစ်ပါတီများ၊ ကိုလိုနီနှင့် မှီခိုနိုင်ငံများမှ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်သူများနှင့် နိုင်ငံတိုင်းမှ တိုးတက်သော ဒီမိုကရေစီအင်အားစုများကလည်း နယ်ချဲ့ဆန့်ကျင်ရေး အုပ်စုကို ထောက်ခံကြသည်။ ဤစခန်း၏ ရည်ရွယ်ချက်မှာ စစ်ပွဲသစ် အန္တရာယ်နှင့် နယ်ချဲ့တို့၏ ချဲ့ထွင်မှုကို ခုခံတားဆီးရေး၊ ဒီမိုကရေစီအင်အား တောင့်တင်းရေးနှင့် ဖက်ဆစ်စနစ်အကြွင်းအကျန်မှန်သမျှကို သုတ်သင်ဖယ်ရှားပစ်ရေးတို့ပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်တွင် လွတ်လပ်မှုကို ချစ်မြတ်နိုးသော နိုင်ငံတိုင်းသည် အခြေခံအကျဆုံးသော လုပ်ငန်းတာဝန်ကြီးတရပ်ဖြင့် ရင်ဆိုင်နေရသည်။ ယင်းမှာ ဖက်ဆစ်တို့အပေါ် အောင်ပွဲခံမှုကို ခိုင်မာစေရန်အတွက်

ရေရှည်တည်တံ့သော ဒီမိုကရေစီရှိသည့် ငြိမ်းချမ်းရေးကို အသေအချာကာကွယ်ထားရေးပင် ဖြစ်သည်။ စစ်ပြီးကာလ၏ ဤအခြေခံလုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်နိုင်ရေးတွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ယင်း၏နိုင်ငံခြားရေး ပေါ်လစီသည် ဦးဆောင်မှုအခန်းမှ ပါဝင်ပေသည်။ ကျူးကျော်ရေးနှင့်သွေးစုပ်ရေး ရည်မှန်းချက်များနှင့် လုံးဝဖီလာဆန့်ကျင်ဖြစ်ပြီး ကွန်မြူနစ်လူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အသင့်လျော်ဆုံးသော အခြေအနေများကို ဖန်တီးရေးတွင် စိတ်ဝင်စားသော ဆိုဗီယက်ဆိုရှယ်လစ်နိုင်ငံ၏ တကယ့်သဘာဝမှ ယင်းနိုင်ငံခြားရေးပေါ်လစီသည် အစချီလာခြင်းဖြစ်သည်။ ထိုအခြေအနေများထဲမှ တခုမှာ ပတ်ဝန်းကျင်ငြိမ်းချမ်းရေး ဖြစ်သည်။ သစ်လွင်သာလွန်ကောင်းမွန်သော လူမှုစနစ်၏ သရုပ်အဖြစ် ဆိုဗီယက်ပြည်ထောင်စုသည် ယင်း၏နိုင်ငံခြားရေးပေါ်လစီတွင် တိုးတက်သော လူသားတို့၏ ပြင်းပြသောဆန္ဒကို ထင်ဟပ်ထားပေသည်။ ထိုဆန္ဒမှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် အရင်းရှင်စနစ်က မွေးဖွားမည့် စစ်ပွဲသစ်မှ မည်သည့်အကျိုးအမြတ်မှ မရရှိနိုင်ခြင်းတို့ ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုသည် နိုင်ငံတိုင်း၏ လွတ်လပ်မှုနှင့် လွတ်လပ်ရေးတို့ကို ခိုင်မြဲစွာကာကွယ်ပေးသူဖြစ်ပြီး နိုင်ငံအရ၊ လူမျိုးရေးအရ မည်သည့်ပုံသဏ္ဌာန်နှင့်ဖြစ်စေ ဖိနှိပ်မှုနှင့် ကိုလိုနီသွေးစုပ်မှုတို့၏ ရန်ဘက်ဖြစ်သည်။ အရင်းရှင်ကမ္ဘာနှင့် ဆိုရှယ်လစ်ကမ္ဘာမှ အထွေထွေစုဖွဲ့မှုအတွင်း စစ်ကြောင့်ဖြစ်ပေါ်လာသော အပြောင်းအလဲက ဆိုဗီယက်နိုင်ငံတော်၏ နိုင်ငံခြားရေး ပေါ်လစီ၏ အရေးပါမှုကို ဆက်လက်၍ပိုမိုတိုးပွားစေခဲ့သည်။ နိုင်ငံတကာပြိုင်ကွင်းကြီးအတွင်း ယင်း၏လုပ်ရှားမှုဘောင်ကိုလည်း ပို၍ကျယ်ပြန့်စေခဲ့ သည်။

ဒီမိုကရေစီစခန်း၏ အောင်မြင်မှုများနှင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာ ကြီးထွားလာနေခြင်းတို့ကို နယ်ချဲ့သမားတို့က မနှစ်မြို့ခဲ့ကြပေ။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေဆဲကာလကတည်းကပင် ဂရိတ်ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုရှိ ဖောက်ပြန်ရေးအင်အားစုတို့သည် မဟာမိတ်အင်အားတို့၏ စုပေါင်းလှုပ်ရှားမှုကို ဟန့်တားရေး၊ စစ်ပွဲရှည်ကြာရေး၊ ဆိုဗီယက်ပြည်ထောင်စု သွေးမြေပိုကျရေး၊ ဖက်ဆစ်ကျူးကျော်သူများ လုံးလုံးလျားလျားရှုံးနိမ့်မသွားစေရေးတို့အတွက် တိုး၍တိုး၍ လှုပ်ရှားလုံးပန်းခဲ့ကြသည်။ ဒုတိယစစ်မျက်နှာအပေါ် ချာချီဦးဆောင်သော အင်္ဂလိုဆက်ဆွန်နယ်ချဲ့သမားတို့၏ အဖျက်အမှောင့် လုပ်ရပ်တို့မှာ ဤတိမ်းညွတ်မှု၏ ထင်ရှားသော ပြယုဂ်ပင် ဖြစ်သည်။ ယင်းမှာ အမုန်အားဖြင့် ပြောင်းလဲနေသော အခြေအနေသစ်များတွင် မြူးနစ်ပေါ်လစီကို ဆက်လက်ကျင့်သုံးခြင်းသာ ဖြစ်သည်။ သို့ရာတွင် စစ်ပွဲကြီး ဖြစ်ပွားနေစဉ်တွင် ဗြိတိသျှနှင့် အမေရိကန် ဖောက်ပြန်ရေး အဝန်းအဝိုင်းတို့သည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံများကို တကမ္ဘာလုံးမှ လူထုတို့က တစိုက်မတ်မတ် အားပေးထောက်ခံနေကြောင်း သိကြသဖြင့် ပြောင်အတိအလင်း မဆန့်ကျင်ရဲကြပေ။

သို့ရာတွင် စစ်ပွဲ၏ နောက်ဆုံးလများတွင်မူ အခြေအနေမှာ စတင်ပြောင်းလဲလာခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ပို့စ်ဒန်သုံးပွင့်ဆိုင် ကွန်ဖရင့်တွင် ဗြိတိသျှနှင့် အမေရိကန် နယ်ချဲ့သမားတို့သည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံများ၏ တရားဝင်အကျိုးစီးပွားများကို အလေးထားဂရုပြုရန် ဆန္ဒရှိကြောင်း ဖော်ထုတ်ပြသခဲ့ပြီး ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံတို့၏ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားရေးပေါ်လစီမှာ စစ်ပြီးခေတ် သဘောတူညီချက်တွင် ပါရှိသော ဒီမိုကရေစီမူများကို စောင့်ထိန်းလိုက်နာရန် စိုက်လိုက်မတ်တတ် လုပ်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ဤမူများမှ ဆံချည်တမျှင်မျှ မသွေဖီဘဲ အကောင်အထည်ဖော်ရေးအတွက် နယ်ချဲ့ဆန့်ကျင်ရေးစခန်းမှ နိုင်ငံများသည် သစ္စာရှိစွာဖြင့် တောက်လျှောက်လုံးပန်းခဲ့ကြပါသည်။ သို့ဖြစ်၍ ဒီမိုကရေစီရှိသော ငြိမ်းချမ်းရေး၊ ဖက်ဆစ်စနစ်၏ အကြွင်းအကျန်မှန်သမျှ ဖျက်သိမ်းပစ်ရေး၊ နိုင်ငံတို့၏ တန်းတူမှုနှင့် ယင်း၏အချုပ်အခြာအာဏာပိုင်မှုကို လေးစားရေးဆိုသည့်မှုကို အသိအမှတ်ပြုရေး၊ လက်နက်အားလုံး အထွေထွေ လျှော့ချပစ်ရေးနှင့် အရပ်သားလူထုကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန် ရည်ရွယ်သော အဖျက်စွမ်းအားအကြီးဆုံး လက်နက်များကို တရားမဝင် ပြုလုပ်ရေးတို့မှာ ဒီမိုကရေစီနိုင်ငံများ၏ စစ်ပြီးခေတ်နိုင်ငံခြားရေး ပေါ်လစီ၏ အဓိကရည်မှန်းချက်ပင် ဖြစ်ပေသည်။ လက်နက်များ လျှော့ချပစ်ရေးနှင့် အနုမြူဗုံးစသည့် အဖျက်စွမ်းအားအကြီးဆုံး လက်နက်များကို တရားမဝင်ပြုလုပ်ရေးအတွက် ဆိုဗီယက်ပြည်ထောင်စုနှင့် ဒီမိုကရေစီနိုင်ငံတို့ သံတမန်ရေးအရ ပူးပေါင်းလုံးပန်းရေးမှာ အလွန်အရေးကြီးပေသည်။

ဆိုဗီယက်နိုင်ငံခြားရေးပေါ်လစီသည် အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်ဆိုသည့် စနစ်ကြီးနှစ်ခု ကာလကြာရှည်စွာ အတူတကွတည်ရှိနေခြင်းဆိုသည့်အချက်မှ အစပြုပေသည်။ သို့ဖြစ်၍ အပြန်အလှန်အပေးအယူရှိသည့်မှုကို လိုက်နာပြီး ကိုယ့်တာဝန်ကိုယ်စောင့်ထိန်းမည်ဆိုပါက ဆိုဗီယက်ပြည်ထောင်စုနှင့် အခြားစနစ်ကျင့်သုံးသော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမှာ ဖြစ်နိုင်ပေသည်။ ဆိုဗီယက်ပြည်ထောင်စုသည် တာဝန်ယူထားသည်များကို အစဉ်အမြဲစောင့်ထိန်း လိုက်နာကြောင်း လူတိုင်းအသိပင် ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဆန္ဒရှိကြောင်းကို ဖော်ပြခဲ့ပြီ ဖြစ်သည်။



# နိုင်ငံတကာကွန်မြူနစ်တို့၏

## ၂၁ ရာစုအမြင်များ

## နိုင်ငံတကာ ကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများအစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်

**(၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၁ –၂၃ ရက် အေသင်မြို့)**

ကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများသည် ၂၀၀၂ ခုနှစ်၊ ဇွန်လ၂၁ ရက်မှ ၂၃ ရက်နေ့အထိ အေသင်မြို့တွင် တွေ့ဆုံခဲ့ကြပါသည်။

“၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း ကမ္ဘာ့အခြေအနေသစ်” ဟု ခေါင်းစည်းတပ်ထားသော ဤအစည်းအဝေးပွဲတွင် အောက်၌စာရင်းဖော်ပြထားသော ပါတီပေါင်း ၆၂ ပါတီ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အချို့သောပါတီများမှာ တက်ရောက်ရန် ဆန္ဒရှိကြသော်လည်း မိမိတို့တိုင်းပြည်၏ အခြေအနေကြောင့် ပါဝင်တက်ရောက်နိုင်ခဲ့ခြင်းမရှိပါ။

နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများကို အကဲဖြတ်ရာတွင် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကို အစည်းအဝေးတက်ရောက်သူများက ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ၎င်းတို့က အန္တရာယ်ရှိသော အမေရိကန်နှင့် နေတိုး (NATO) တို့၏ ရန်စကျူးကျော်မှု အရှိန်တိုးမြှင့်လာခြင်းနှင့်၊ တဆက်တည်း ပါလာသော နိုင်ငံတော်အကြမ်းဖက်ဝါဒ လုပ်ဆောင်ခြင်းတို့ကိုလည်း ပြတ်ပြတ်သားသား ရှုတ်ချခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု အဓိကအင်အားအဖြစ် ပါဝင်သော လက်ဝါးကြီးအုပ်အရင်းအနှီး၏ တကမ္ဘာလုံး လွှမ်းမိုးချုပ်ကိုင်လာမည့် အန္တရာယ်က ပြည်သူတရပ်လုံးနှင့် ၎င်းတို့၏ လူထုလှုပ်ရှားမှုများကို ခြိမ်းခြောက်နေသည်ဟု အစည်းအဝေးတက်ရောက်သူများက သုံးသပ်ခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက် အဖြစ်အပျက်သည်လည်း အကြမ်းဖက်ဝါဒကို တိုက်သည်ဟု ကြေညာပြီး ပြည်သူများ၏ လွတ်လပ်မှုနှင့် အခွင့်အရေးများကို အကြီးအကျယ် စတင်တိုက်ခိုက်ရန်အတွက် ယိုးမယ်ဖွဲ့မှုသာဖြစ်သည်ဟု ဤပါတီများက သဘောထားကြသည်။

အရင်းရှင်စနစ် ကမ္ဘာလွှမ်းခြုံရေး (capitalist globalization) ကို ဆန့်ကျင်တိုက်ခိုက်သော – (နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF, ကမ္ဘာ့ဘဏ် World Bank, ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO, ဥရောပသမဂ္ဂ EU စသည်တို့ကဲ့သို့သော) နိုင်ငံတကာ အဖွဲ့အစည်းများက ပြည်သူလူထုအကျိုးစီးပွားနှင့် ဆန့်ကျင်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်များကို ဆန့်ကျင်တိုက်ခိုက်သော –ခုခံတွန်းလှန်ရေး လှုပ်ရှားမှုများကိုလည်းကောင်း၊ နယ်ချဲ့ဝင်ရောက်စွက်ဖက်မှုများနဲ့ တိုက်ခိုက်မှုများကိုဆန့်ကျင်သော –နေတိုးကိုဆန့်ကျင်သော – နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကိုလည်းကောင်း၊ ထို့အပြင် မည်သည့်လူမှုရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုမဆိုနှင့် အာဏာရှင်စနစ်နဲ့ ဖက်ဆစ်အုပ်စိုးမှုဆန့်ကျင်ရေး တိုက်ပွဲများကိုလည်းကောင်း အားလုံးကို နယ်ချဲ့သမားများက အကြမ်းဖက်သမားအဖြစ် တံဆိပ်ကပ်ကြသည်။

လူမှုလွတ်မြောက်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် ပြည်သူတို့၏ကြိုးပမ်းမှုနှင့် လှုပ်ရှားမှုများသည် အကြမ်းဖက်သမားတို့၏ နည်းလမ်းများနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်းကို ပေါ်လွင်ထင်ရှားအောင် အစည်းအဝေးတက်ရောက်သူများက ထောက်ပြခဲ့ပါသည်။ နယ်ချဲ့သမားများနှင့် ဖောက်ပြန်ရေးအင်အားစုများက ဤလှုပ်ရှားမှုများအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသည့် လုပ်နည်းလုပ်ဟန်ကို ကွန်မြူနစ်များက သူတို့၏ရှည်ကြာသော အတွေ့အကြုံများအရ ပို၍ကောင်းစွာ သိရှိကြပါသည်။

အစည်းအဝေး တက်ရောက်သူများသည် အကြမ်းဖက်ဝါဒကို ပြစ်တင်ရှုတ်ချခဲ့ကြပါသည်။ ပြည်သူလူထုကို ရန်လိုသော အဖောက်ပြန်ဆုံး၊ လူမဆန်ဆုံး၊ လူမျိုးရေးဝါဒီ နယ်ချဲ့အင်အားစုများသာ အကြမ်းဖက်မှုမှ အကျိုးအမြတ် ရရှိကြသည်။

တချိန်တည်းတွင် ပြည်သူတို့၏ လူမှုအခွင့်အရေးနှင့် အမျိုးသားလွတ်လပ်ရေးအတွက် တိုက်ပွဲများကို အပြည့်အဝထောက်ခံကြောင်း အစည်းအဝေးတက်ရောက်သူများက ကြေညာခဲ့ကြသည်။

အာဖဂန်နစ္စတန်ကို တိုက်သည့်စစ်ပွဲ၊ စစ်ကိုတိုးချဲ့ရန် ခြိမ်းခြောက်မှု၊ သမ္မတဘုရှ် (Bush) ၏ “မိစ္ဆာဝင်ရိုးတန်း” ဆိုသည့် ပြောကြားချက်၊ နျူကလီယာလက်နက် အသုံးပြုမည် ခြိမ်းခြောက်မှု၊ လက်နက်ကြီးတပ်ဆင်ရေး အစီအစဉ်များ အရှိန်တိုးမြှင့်လာမှုနှင့် အမျိုးသားဒုံးလက်နက်အန္တရာယ် ကာကွယ်ရေးစနစ် စသည်များကို အစည်းအဝေးတက်ရောက်သူများက ရှုတ်ချခဲ့ကြသည်။

နိုင်ငံတကာ့ ဆက်ဆံရေး စစ်ရေးအသွင် ဆောင်လာခြင်းသည် ပို၍ပင် အန္တရာယ် ရှိလာသည့်လက္ခဏာ ဖြစ်သည်။ ပြိုင်ဆိုင်မှု များနှင့် ဝင်ရောက်စွက်ဖက်မှုများ၏ အရှိန် ဩဇာကြောင့် ရန်ပွဲအသစ်များ ဖြစ်ပေါ်မည့် အန္တရာယ်သည် တိုးများလာလျက် ရှိသည်။

နေတိုးအဖွဲ့သည် ၎င်း၏မူဝါဒ သစ်နှင့် တိုးချဲ့ဖွဲ့စည်းမှု အသစ်များနှင့်အညီ အမေရိကန်နယ်ချဲ့စနစ်၏ ဗိုလ်ကျလွှမ်းမိုးမှု အောက်တွင် ကိုယ့်ကိုယ်ကို ကမ္ဘာ့ပုလိပ်ကြီး အဖြစ် ပြောင်းလဲလျက် ရှိသည်။

ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာ အဆင့် အစည်းအဝေးပွဲများနှင့် နယ်ပယ် အလိုက်၊ ဒေသအလိုက် ကျင်းပသော အကျိုး စီးပွား ပြဿနာဆိုင်ရာ အစည်းအဝေးပွဲများကို အလေးထားရန်လိုအပ်သည်နှင့် တချိန်တည်း တွင် ကွန်မြူနစ်ပါတီများနှင့် အလုပ်သမား ပါတီများ၏ ယခုအစည်းအဝေးမျိုးများကို မပြတ်ကျင်းပရန်နှင့် အကြိမ်များများ ကျင်းပ ရန် လိုအပ်ကြောင်း အစည်းအဝေးတက် ရောက်သူများက ဖော်ပြခဲ့ကြသည်။

ထို့အပြင်လည်း နိုင်ငံတကာ့ အရေး အခင်းကြီးများနှင့် ပတ်သက်၍ ကျယ်ကျယ် ပြန့်ပြန့် စုပေါင်းသုံးသပ်ထားသော အဆိုပြု ချက်များနှင့် အများစုလက်ခံနိုင်မည့် ရှုဒေါင့် အမြင်နှင့်သဘောထားများ ရရှိရန်အတွက် ကျွန်တော်တို့ပါတီများ၏ အစည်းအဝေးများ ကျင်းပသွားရန်ကြိုးပမ်းသည့် ရည်ရွယ်ချက်ကို အလေးထား ဖော်ပြခဲ့ကြသည်။

ကျွန်တော်တို့ပါတီများ၏ နိုင်ငံ တကာ့ဝါဒသွေးစည်းညီညွတ်မှုကို – နှိပ်ကွပ် ခြင်း၊ ဖမ်းဆီးထောင်ချခြင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို တားမြစ်ပိတ်ပင်ခြင်းများ ခံနေကြရသော – ကွန်မြူနစ်များ၊ တိုးတက် သော ပြည်သူများ၊ ပါတီများဖြင့် တိုး၍ အားဖြည့်သွားရန် လိုအပ်ကြောင်းကိုလည်း အစည်းအဝေးတက်ရောက်သူများက ဖော်ပြခဲ့ကြသည်။ ။

(၂၀၀၂ ခုနှစ်၊ ဇွန်လ အေသင်မြို့ တွင် ကျင်းပသော နိုင်ငံတကာကွန်မြူနစ် ပါတီများနှင့် အလုပ်သမားပါတီများ အစည်း အဝေး၏ ထုတ်ပြန်ကြေညာချက်မှ ကောက် နုတ်ဘာသာပြန် ဖော်ပြလိုက်ပါသည်။)

အစည်းအဝေး တက်ရောက်သော ပါတီများ

အယ်လ်ဘေးနီးယား – အယ်လ်ဘေးနီးယား ကွန်မြူနစ်ပါတီ

အယ်လ်ဂျီးရီးယား – အယ်လ်ဂျီးရီးယား ဒီမိုကရေစီနှင့် ဆိုရှယ်လစ်ပါတီ

အာဂျင်တီးနား – အာဂျင်တီးနား ကွန်မြူနစ်ပါတီ

အာမေးနီးယား – အာမေးနီးယား ကွန်မြူနစ်ပါတီ

ဩစတြေးလျ – ဩစတြေးလျကွန်မြူနစ်ပါတီ

ဩစတြီးယား – ဩစတြီးယားကွန်မြူနစ်ပါတီ

ဘင်္ဂလားဒေ့ရှ် – ဘင်္ဂလားဒေ့ရှ်ကွန်မြူနစ်ပါတီ

ဘယ်လာရုစ် – ဘယ်လာရုစ် ကွန်မြူနစ် ပါတီ

ဘယ်လ်ဂျီယံ – ဘယ်လ်ဂျီယံအလုပ်သမား ပါတီ

ဘရာဇီးလ် – ဘရာဇီးလ် ကွန်မြူနစ်ပါတီ

ဘူလ်ဂေးရီယား – ဘူလ်ဂေးရီယားကွန်မြူနစ် ပါတီ (ဂျော်ဂျီဒီမီထရော့ဗ်) Bulgarian Communist Party <Georgi Dimitrov>

ဘူလ်ဂေးရီးယားကွန်မြူနစ်ပါတီ Communist Party of Bulgaria

ကနေဒါ – ကနေဒါ ကွန်မြူနစ်ပါတီ

ကိုလံဘီယာ – ကိုလံဘီယာ ကွန်မြူနစ်ပါတီ Colombian Communist Party

ကိုလံဘီယာ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့ FARC- EP, Colombia

ကျူးဘား – ကျူးဘားကွန်မြူနစ်ပါတီ

ဆိုက်ပရပ်စ် – တိုးတက်သောလုပ်သား ပြည်သူ့ပါတီ – AKEL

ချက်သမ္မတနိုင်ငံ – ဘိုဟီးမီးယား မော်ရေး ဗီးယားကွန်မြူနစ်ပါတီ

ဒိန်းမတ် – ဒိန်းမတ်ကွန်မြူနစ်ပါတီ Communist Party in Denmark

ဒိန်းမတ်ကွန်မြူနစ်ပါတီ Communist Party of Denmark

ဒိုမီနီကန်သမ္မတနိုင်ငံ – ဒိုမီနီကန်သမ္မတ နိုင်ငံတော်လှန်ရေးအင်အားစု

အီဂျစ် – အီဂျစ် ကွန်မြူနစ်ပါတီ

ဖင်လန် – ဖင်လန် ကွန်မြူနစ်ပါတီ

ဂျာမဏီ – ဂျာမန်ကွန်မြူနစ်ပါတီ

ဂရိစ် – ဂရိစ် ကွန်မြူနစ်ပါတီ

ဟန်ဂေရီ – ဟန်ဂေရီအလုပ်သမားများပါတီ

အီရန် – အီရန်တူဒေးပါတီ

အီရတ် – အီရာကီ ကွန်မြူနစ်ပါတီ

အိုင်ယာလန် – အိုင်ယာလန်အလုပ်သမား များ ပါတီ

အစ္စရေးလ် – အစ္စရေးလ် ကွန်မြူနစ်ပါတီ

အီတလီ – ကွန်မြူနစ်ပြန်လည်ထူထောင်ရေး ပါတီ

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ – ကိုရီးယားအလုပ်သမားများပါတီ

လတ်ဗီးယား– လတ်ဗီးယားဆိုရှယ်လစ်ပါတီ

လီဘနွန် – လီဘနွန် ကွန်မြူနစ်ပါတီ

လူဇင်ဘတ် – လူဇင်ဘတ် ကွန်မြူနစ်ပါတီ

မက္ကဆီကို – ပေါ်ပြူလာဆိုရှယ်လစ်ပါတီ၊ မက္ကဆီကို – ကွန်မြူနစ်ပါတီ၊ မက္ကဆီကို

မော်လ်ဒိုဗာ – မော်လ်ဒိုဗာ သမ္မတနိုင်ငံ ကွန်မြူနစ်များပါတီ

နယ်သာလန် – နယ်သာလန် ကွန်မြူနစ်ပါတီ သစ်

နော်ဝေ – နော်ဝေ ကွန်မြူနစ်ပါတီ

ပါလက်စတိုင်း – ပါလက်စတိုင်းပြည်သူ့ပါတီ

ပိုလန် – ပိုလန်ကွန်မြူနစ်ပါတီ

ရိုမေးနီးယား – ရိုမေနီယား ကွန်မြူနစ်ပါတီ

ရိုမေနီယားလေဘာပါတီ

ရုရှား – ရုရှားဖက်ဒရေးရှင်းကွန်မြူနစ်ပါတီ

ရုရှားကွန်မြူနစ်အလုပ်သမားများပါတီ

–တော်လှန်သောကွန်မြူနစ်များပါတီ

ကွန်မြူနစ်ပါတီပေါင်းစု – ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ( UCP - CPSU )

ကွန်မြူနစ်ပါတီပေါင်းစု – ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ( UCP - CPSU )

ဆလိုဗေးကီးယား – ဆလိုဗေးကီးယား ကွန်မြူနစ်ပါတီ

စပိန် – စပိန်လက်ဝဲညီညွတ်ရေး

စပိန်ကွန်မြူနစ်ပါတီ

စပိန်ပြည်သူ့ ကွန်မြူနစ်ပါတီ

ဆူဒန် – ဆူဒန် ကွန်မြူနစ်ပါတီ

ဆီးရီးယား – ဆီးရီးယားကွန်မြူနစ်ပါတီ

ဆီးရီးယားကွန်မြူနစ်ပါတီ

တူရကီ – တူရကီ ကွန်မြူနစ်ပါတီ

ယူကရိန်း – ယူကရိန်းကွန်မြူနစ်ပါတီ

ယူကရိန်းကွန်မြူနစ်များအစည်းအရုံး ( Union of Communists of Ukraine)

အမေရိကန်ပြည်ထောင်စု – ကွန်မြူနစ်ပါတီ USA

ဗင်နီဇွဲလား – ဗင်နီဇွဲလားကွန်မြူနစ်ပါတီ

ဗီယက်နမ် – ဗီယက်နမ် ကွန်မြူနစ်ပါတီ

ယူဂိုဆလားဗီးယား – ယူဂိုဆလားဗီးယား ကွန်မြူနစ်ပါတီသစ်

လေ့လာသူ – တရုတ်ပြည်သူ့သမ္မတနိုင်ငံ – တရုတ်ပြည်ကွန်မြူနစ်ပါတီ

### စာတမ်းတင်သွင်းသောပါတီများ

ချီလီ ကွန်မြူနစ်ပါတီ
အိန္ဒိယကွန်မြူနစ်ပါတီ
ပေါ်ပြူလာဆိုရှယ်လစ်ပါတီ၊ မက္ကဆီကို
ပါလက်စတိုင်းကွန်မြူနစ်ပါတီ
ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ (PKP- 1930)
ပေါ်တူဂီ ကွန်မြူနစ်ပါတီ
ရိုမေနီးယားလေဘာဆိုရှယ်လစ်ပါတီ
ဗြိတိန် ကွန်မြူနစ်ပါတီ

### နှုတ်ခွန်းဆက်သဝဏ်လွှာပေးပို့သော ပါတီများ

ဘာရိန်းအမျိုးသားလွတ်မြောက်ရေးတပ်ဦး
ကွန်မြူနစ်ပါတီ၊ ဘယ်လ်ဂျီယံ
ဗြိတိန် ကွန်မြူနစ်ပါတီ
ပြင်သစ် ကွန်မြူနစ်ပါတီ
အိန္ဒိယ ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)
အီတလီကွန်မြူနစ်များပါတီ
နီပေါ ကွန်မြူနစ်ပါတီ (UML)
သီရိလင်္ကာ ကွန်မြူနစ်ပါတီ
လေဘာပါတီ -EMEP, တူရကီ

ကမ္ဘာ့ပြည်သူအပေါင်းတို့
နိုးနိုးကြားကြား ရှိကြလော့။

ဂျူးလီးယက် ဖူးချစ်



# ကဗျာဘာသာပြန်

## ကိုယ်ရေးအတ္ထုပ္ပတ္တိ

- ၁၉၀၂ – မှာ
  မွေးဖွားလာ။
- မွေးမြေသို့ ခါတခေါက်
  ဘယ်တုန်းကမှ
  ကျနော် ပြန်မရောက်။
- နောက်ကြောင်းကို
  ပြန်မလှည့်လို။
- အာလပိုမှာ
  ၃နှစ်သားတုန်းက
  ပါရှာရဲ့ မြေးလုပ်ခဲ့ရ။
- ကျနော် ၁၉ နှစ်ကျတော့
  မော်စကို
  ကွန်မြူနစ် တက္ကသိုလ်မှာပေါ့။
- ၄၉–နှစ်အရွယ်
  ကျနော်ဟာ ချက်ကာပါတီရဲ့ ဧည့်သည်
  မော်စကိုသို့ တခေါက်
  ပြန်ရောက်တယ်။
- ၁၄ နှစ်သားမှ အစ
  ကဗျာဆရာ ဖြစ်လာရ။
- တချို့ကအပင်တွေကိုသိ
  တချို့က ငါးတွေကိုသိ
  တချို့က ကြယ်ပွင့်တွေ နံမည်
  အလွတ် ရကြတယ်။
  ကျနော်ကတော့ နတ္ထိကတရားကို
  ရွတ်တယ်။
- ကျနော်ကတော့
  အကျဉ်းခန်းမှာရော၊ ဟိုတယ်မှာပါ
  အိပ်ဖူးပြီပေါ့။
- ငတ်မွတ်ခြင်းသာမက
  အစာငတ်ခံခြင်း အကြောင်းကိုတောင်
  သိတယ်။
- ကျနော် မစားဖူးတဲ့ အစားအစာ
  မရှိသလောက်ပါပဲ။
- အသက် ၃၀ မှာ သူတို့က
  ကျနော့်ကို ကြိုးပေးချင်ကြ။
- ၄၈ နှစ်အရွယ်တွင်
  ငြိမ်းချမ်းရေး ဆုပေးချင်။
- ၃၆ နှစ်အရွယ်မှာ
  စတုရန်း လေးမီတာ
  သမံတလင်း အလွှာ
  နှစ်ဝက် ဖြတ်သန်းလာခဲ့။
- ၅၉ နှစ်သက်တမ်း
  ပရာ့ဂ် ကနေ ဟာဗနာ ခရီးလမ်း
  ၁၈ နာရီနဲ့ ဖြတ်သန်းခဲ့။
- ကျနော်ဟာ
  လီနင်ကို တခါမှ မတွေ့ဖူးပါ။
- ၂၄ နှစ် ကျနော့်အသက်
  သူ့ဂူဗိမာန်ရှေ့ ရပ်ကြည့်လျက်။
- ကျနော် ၆၁ နှစ်မှာ
  ကျနော် ရောက်ခဲ့ သူ့ဂူဗိမာန်ဟာ
  သူ့ရဲ့ စာအုပ်တွေပါ။
- သူတို့ဟာ ကျနော့်ကို ပါတီနဲ့ ခွဲပစ်ချင်။
  ဒါပေမဲ့
  သူတို့ မအောင်မြင်။
- ကျနော်ဟာ
  အကိုးကွယ်ခံရသူတွေ
  ကျဆုံးလေတော့
  သူတို့အောက်မှာ
  ပိမနေခဲ့ပါ။
- ၅၁ နှစ်အရွယ်
  ငယ်ရွယ်သူ မိတ်ဆွေနဲ့အတူ
  သေမင်းခံတွင်းလမ်း
  ရှက်လွှင့် ဖြတ်သန်း။
- ၅၂ နှစ် အရွယ် ရောက်ရှိ
  အသဲကွဲ ပက်လက်လန်
  သေဖို့ပဲ စောင့်နေမိ။

- ကိုယ်ချစ်တဲ့ မိန်းမတွေကို
ကျနော်က မနာလို။
- ချာလီ ချက်ပလင်ကို ကျနော်က
နည်းနည်းမှ အားမကျ။
- ကျနော်က
မိန်းမတွေကို လိမ်ညာ
မိတ်ဆွေတွေကိုတော့ ဘယ်တော့မှ
အတင်းမပြောသူပ။
- ကျနော် သေရည် သောက်ကျူး
ဒါပေမဲ့
နေ့တိုင်းမဟုတ်ဘူး။
- ကျနော့် ဝမ်းစာ အသပြာ
ရိုးရိုးသားသား ဖွေရှာ။
- သူတပါး မထိခိုက်တဲ့
ပျော်ရွှင်မှုအတွက်သာ
ကျနော် လိမ်ညာခဲ့။
- ဘယ်သူ့မှ မထိခိုက်တာမျိုးကိုသာ
ကျနော် လိမ်ညာ။
- ဒါပေမဲ့
ဘာအကြောင်းမှ လုံးဝ မရှိဘဲနဲ့လဲ
ကျနော် လိမ်ညာခဲ့။
- သူများတကာ
ဒီအခွင့်အရေးမျိုး မရဖူးရှာကြ။
အော်ပရာပွဲသို့ ကျနော် သွားခဲ့ရ။
- လူများစုကတော့
အော်ပရာပွဲဆိုတာ
ကြားတောင် မကြားဖူးပါ။
- ၂၁ နှစ်သားအရွယ်ကအစ
လူများတကာ
သွားလာနေကျ နေရာ
မူဆလင် ဝတ်ပြုကျောင်း
ဂျူးတို့ရဲ့ဘုရားကျောင်းနဲ့
နတ်ဝင်သည်တို့ရဲ့ နေရာ
ကျနော် မရောက်တော့ပါ။
- ဒါပေမဲ့ စာဖတ်ခြင်းမှာ
ကျနော် ရင့်ကျက် အနယ်ထိုင်ပါပြီ။
- ကျနော်ရေးတဲ့စာ
ဘာသာပေါင်း သုံးဆယ်၊ လေးဆယ်လောက်နဲ့
ပုံနှိပ်ထုတ်ဝေတဲ့အခါ
ကျနော့်ရဲ့ တူရကီနိုင်ငံမှာကျ
ပိတ်ပင် တားမြစ်ခံခဲ့ရ။
- ကင်ဆာဟာ ခုထက်ထိ
ကျနော့်ကို ဖမ်းမမိသေး။
- ဖြစ်လိမ့်မယ်ဆိုတဲ့ ရိပ်ခြည်စန
ဘာမှ မတွေ့ရ။
- ဝန်ကြီးချုပ်ဆိုတာနဲ့
အလားတူ အဆင့်နေရာ
ကျနော် ဘယ်တော့မှ
ရောက်မှာ မဟုတ်ပါ။
- အဲသလို ဘဝမျိုးကိုလဲ
ကျနော်က
လိုမှ မလိုချင်ပဲ။
- အဲသလိုပဲ
စစ်ပွဲသို့လဲ မသွားချင်
ညဥ့်ရဲ့ အောက်ခြေကမ်းပါးတွင်
ပုံးခိုကျင်း အခေါင်းထဲလဲ
မြေမအောင်းချင်။
- ဂွမ်းစိုက် ဝဲပျံနေ
လေယာဉ်ပျံတွေရဲ့အောက်
အဲဒီလမ်းကိုလဲ မလျှောက်ချင်။
- ဒါပေမဲ့
အသက် ၆၀ ကျမှ
ချစ်မိပြန်ရ၊
ချုပ်ပြောရရင်လေ–ရဲဘော်တို့။
- ဒီကနေ့မှာ
ဘာလင်မှာ ဝမ်းနည်းပူဆွေးနေစေဦးတော့
ကျနော်ဟာ
- လူသားပီသစွာ
အဲဒီ ဘဝမှာ
ကျနော်နေရတယ်လို့
ပြောနိုင်ပါပြီ
- ကျနော်
ဘယ်လောက်ကြာကြာ
ဆက်လက် အသက်ရှင်မှာလဲ
- ဒါ့အပြင် ဘာများ
ကျနော့်မှာ
ဖြစ်လာဦးမှာလဲ
ဘယ်သူမှ မသိပဲ။ ။

Nazim Hikmet

**(“ဒီအတ္ထုပ္ပတ္တိ” ကဗျာကို ၁၉၆၁– ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ အရှေ့ဘာလင်မှာ ရေးသားခဲ့တယ်။)**

# သတင်းနှင့် မှတ်ချက်

## ဆင်ခေါင်းချီမိတော့မယ့် အမေရိကန်

ကမ္ဘာကြီးကို ဆင်ခေါင်းနဲ့မနှိုင်းချင်ပေမယ့် ကာရန်မိနေလို့ သုံးလိုက်ရပါတယ်။

အမေရိကန်ဟာ အိန္ဒိယ – ပါကစ္စတန်အရေး ဝင်စွက်နေပြီ။ ဒါဟာ အိမ်နီးချင်းအိမ်က မီးခိုးအူတာဖြစ်တယ်။ မီးတောက်မြင်ရင် ကိုယ့်အိမ်မီးမကူးအောင် အိမ်ခေါင်မိုးစီးထားဖို့ လိုလိမ့်မယ်။

ဘုရှ် (အငယ် ) ဟာ အလှမ်းကျယ်လွန်းတယ်။ စူပါပါဝါဆိုရင် ဘာမဆိုလုပ် တင့်တယ်တယ်လို့ ထင်နေတယ်။ သူတို့ဆီက ရွေးကောက်ပွဲက နီးလာလေလေ အလှမ်းကျယ်လေ ဖြစ်မှာသေချာတယ်။ ဥရောပမှာ (ပြင်သစ်၊ နယ်သာလင်) ရွေးကောက်ပွဲတွေမှာ လက်ယာစွန်းတွေ အရေးလှတာကလည်း သူ့ကိုတွန်းအားပေးသလို ဖြစ်နေတယ်။

စစ်အေးခေတ်တုန်းက အရှေ့အလယ်ပိုင်းမှာ ဆိုဗီယက်နဲ့ ပူးတွဲသဘာပတိလုပ်ပြီးရှင်းခဲ့တယ်။ ခရီးမပေါက်ခဲ့ဘူး။ ဒါပေမဲ့ စစ်မီးမကျယ်ပြန့်ခဲ့ဘူး။ စစ်အေးလွန်ခေတ်ကျတော့ သူတဦးတည်း လုပ်ခွင့်ရတယ်။ အဲဒီကျမှ ပြဿနာကပိုကြီးပြီး မရှုနိုင်မကယ်နိုင် ဖြစ်တော့တာပဲ။ တဖက်ပင်းနေတဲ့ ဒိုင်လူကြီးကို ပဒေသရာဇ် ဆော်ဒီအာရေးဗီးယားကတောင် ခပ်ခံခံလုပ်နေပြီ။

အိန္ဒိယက လူဦးရေသန်း (၁၀၀၀) ကျော်ရှိတဲ့ တိုင်းပြည်ကြီး။ ပါကစ္စတန်ကလည်း သန်း(၁၄၀) နီးပါးရှိတဲ့ တိုင်းပြည်ကြီး ဖြစ်တယ်။ ဟိန္ဒူ – အစ္စလာမ် စစ်ဖြစ်ရင် လက်သည်းဆိတ် လက်ထိပ်နာကြလိမ့်မယ်။ ဘင်္ဂလားဒေ့ရှ် (၁၂၇)သန်းက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ တနွယ်ငင်တစင်ပါဖြစ်မှာမလွဲ။

အရှေ့အလယ်ပိုင်းနဲ့တူမှာမဟုတ်ဘူး။ အမေရိကန်အုပ်စိုးသူ ခေါင်းမာဂိုဏ်းဟာ စစ်အင်အားတပန်းသာတုန်း ကမ္ဘာ့ဗိုလ်လုပ်ချင်နေရင် ဆင်ခေါင်းချီမိမှာ မလွဲဘူး။

ခါတိုင်းအတွေ့အကြုံက သူတဦးတည်းခေါင်းခံပြီး ခပ်ကြမ်းကြမ်းလုပ်ရင် ငြိမ်နေကြတော့ သူ့ကိုယ်သူအထင်ကြီးနေတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်ပြည်ချစ်ဝါဒအရ အရာရာကို ချဉ်းကပ်မှာပဲ။ ဒီပြဿနာမှာ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်ပြည်သူတွေနဲ့အတူ၊ ညီအစ်ကို ကွန်မြူနစ်တွေနဲ့အတူ ရပ်ခံမယ်။

ပါလက်စတိုင်း – အစ္စရေးလ်ကိစ္စမှာ အမေရိကန် နိုင်ငံခြားရေးဌာန၊ ကာကွယ်ရေးဌာနတွေသာမက စီအိုင်အေကပါဝင်ပြီး ခြယ်လှယ်နေတာ တွေ့ခဲ့ရတော့ အိန္ဒိယ – ပါကစ္စတန်ကိစ္စမှာ စီအိုင်အေပါလာမှာ မလွဲဘူး။

လုံဖျားပုစဉ်းနားတာနဲ့ ချေးပါနေတဲ့ နအဖ စစ်အုပ်စုလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်မှာ သေချာတယ်။ အမေရိကန်ထီးရိပ် ခိုချင်သူ စီအိုင်အေတပည့် ဗိုလ်မောင်မောင် (အမေရိကရောက်ကွယ်လွန် ) တို့လိုလူတွေ သူတို့ထဲက မပေါ်ဘူးလို့ မဆိုနိုင်ဘူး။

ပြည်တွင်းပြည်ပ အပြောင်းအလဲတွေကို သတိနဲ့ စောင့်ကြည့်ကြရပါမယ်။

## သွင်းကုန်အစားထိုးလား – အစားထိုးသွင်းကုန်လား

စစ်အစိုးရနဲ့အိန္ဒိယနိုင်ငံတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နဲ့ ကျောက်ဆည်ဘက်မှာ စက်ဘီးစက်ရုံ ထူထောင်လိုက်ကြောင်း မြန်မာတိုင်းမ်ဂျာနယ်ထဲမှာ ဖော်ပြထားတာ တွေ့လိုက်ရတယ်။

“မောင်မြန်မာ”လို့ နာမည်ခံလိုက်တဲ့ ဒီစက်ရုံမှာ အဓိကကျတဲ့ ပစ္စည်းတွေဖြစ်တဲ့ ကိုယ်ထည်၊ ငွေ၊ ချိန်းကာ၊ ရွံ့ကာနဲ့ရှေ့ဖောက်တို့ကို စက်ရုံမှာပဲ ထုတ်လုပ်မယ်။ ကျန် ၃၀% ခန့်ကိုသာ အိန္ဒိယက မှာယူတင်သွင်းမယ်လို့ ဆိုပါတယ်။

ပြောစရာဖြစ်လာတာက စက်ဘီးကို ခွဲခြမ်းစိတ်ဖြာရာမှာ အဓိကနဲ့သာမည ဘယ်လိုခွဲပါသလဲ။ ထုထည်အကြီးအသေးနဲ့ အလေးချိန်ကို ဆိုလိုပါသလား။

အတတ်ပညာကို ခေါ်တာလား။ ဂျာနယ်က ဖော်ပြလိုက်တဲ့ အဓိကပစ္စည်းတွေဆိုတာကို ပြည်တွင်းမှာ ထုတ်လုပ်ခဲ့တာ အနှစ် ၂၀ ကျော်ပါပြီ။ မန္တလေးက ကိုယ်ထည်၊ ရွံ့ကာ၊ ဝင်ရိုး၊ ကုန်း၊ မြင်းခြံက ဆင်စွယ်၊ ပဲခူးက ချိန်းပုံး၊ မုံရွာက ဝင်ရိုး၊ ကုန်းတို့ဟာ အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေပါ။ ဒီသံဖြူလုပ်ငန်းသာသာ အလုပ်ရုံကို “စက်ရုံ”နာမည်တပ်ထားရင် လူရယ်စရာ ဖြစ်နေပါလိမ့်မယ်။

တကယ်အဓိကကျတဲ့ ပစ္စည်းဆိုတာက အိန္ဒိယက မှာယူတင်သွင်းမယ်ဆိုတဲ့ ၃၀% ထဲမှာ ပါတာကလား။ အဲဒါတွေကတော့ ဂီယာပိုင်း၊ ဖရီးဗွီး၊ ချိန်း၊ ပဒေါင်း၊ လက်ကိုင်၊ ခြေနင်းပြား၊ ဆုံဝင်ရိုး၊ ဆုံခွက်၊ ဇက်ခွက်၊ ဘောလ်နဲ့ဘရိတ်အစုံတို့ ဖြစ်တယ်။

ဒီအထဲက ပစ္စည်းအများစုဟာ တွင်ခုံလို

ခေတ်မီတဲ့စက်ကရိယာ မပါရင် ထုတ်လို့မရပါဘူး။ ထင်ရတာကတော့ ကုန်ကြမ်းတချို့နဲ့ ကုန်ချောတချို့ အိန္ဒိယကနေ မှာယူတင်သွင်းပြီး ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံအဆင့်မျိုးလောက်ပဲ ဖြစ်ပါလိမ့်မယ်။

မဆလခေတ်တုန်းကလည်း ဒီလိုစက်ရုံမျိုး ရှိခဲ့ဖူးတာပါပဲ။ ပထမ ဂျာမဏီက တင်သွင်းတယ်။ နောက်ဂျပန်က တင်သွင်းပါတယ်။ ပေးထားတဲ့နာမည်က “မောင်ဗမာ”ပါ။ လူတွေကတော့ ပစ္စည်းတွေတင်သွင်းလာတဲ့ နိုင်ငံကိုအစွဲပြုပြီး ‘မောင်ဂျာမဏီ’ ‘မောင်ဂျပန်’ လို့ အလွယ်ခေါ်ခဲ့ကြပါတယ်။ ဘာနာမည်ပဲခေါ်ခေါ် ဗမာပြည်ရဲ့အလုပ်က တကွဲစီဖြစ်နေတဲ့ ပစ္စည်းတွေကို စက်ဘီးဖြစ်အောင် တပ်ဆင်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

ယခင်နဲ့ယခု မတူတာတော့ ရှိပါတယ်။ တင်သွင်းလာတဲ့နိုင်ငံ မတူဘူး၊ စက်ဘီးနာမည် မတူဘူး။ သတ္တုပြားလေးပေါ် ရေးထိုးရမယ့်စာတမ်း မတူနိုင်ဘူး။ (ဗမာပြည်မှာလုပ်သည် Made in Burma အစား၊ မြန်မာပြည်မှာလုပ်သည် Made in Myanmar လို့ ပြောင်းရမယ်။ တကယ်က ပြည်တွင်းမှာ တပ်ဆင်သည်ဆိုတာ အမှန်ဆုံး ဖြစ်မှာပါ)

အရေးကြီးတာက ‘မောင်ဂျာမဏီ’တုန်းကလို အပိုပစ္စည်း မရှားဖို့၊ ‘မောင်ဂျပန်’လို ချိုင့်ကလေးထဲကျတာနဲ့ ငွေကောက်သွားတာမျိုး မဖြစ်ဖို့ လိုပါတယ်။

ကျေနပ်စရာလို့ ပြောလို့ရတာက ရောင်းဈေးပါ။ ကျားစီးက ကျပ် ၁၇,၀၀၀ – ၁၈,၀၀၀၊ မစီးက ကျပ် ၁၅,၅၀၀ – ၁၆,၅၀၀ ဆိုတော့ ဈေးကွက်ပေါက်ဈေးရဲ့ သုံးချိုးတချိုး၊ လေးချိုးတချိုးပဲ ရှိတယ်။ သူ့အိုးနဲ့သူ့ဆန် တန်ရုံပဲမို့ ကြံဖန်ကျေးဇူးတင်ထိုက်ပါတယ်။ လက်လုပ်လက်စား ဆင်းရဲသားတွေ၊ လစာနဲ့မလောက်လို့ ဟိုပြေးဒီလွှား အလုပ်များနေတဲ့ ဝန်ထမ်းတွေအတွက်ကတော့ ‘စီးတော်မြင်းကလေး’ရပဟဲ့လို့ အူမြူးချင်စရာပါ။

---

## ကြီးမြင့်လိုသူများ

တယောက်က ဗိုလ်ချုပ်မှူးကြီးအပြင် ဖီးလ်မာရှယ်၊ တယောက်က ဒုတိယဗိုလ်ချုပ်မှူးကြီး၊ ကျန်တယောက်က ဗိုလ်ချုပ်ကြီး ဖြစ်လာတယ်။

နေဝင်းတုန်းက ဗိုလ်ချုပ်ကြီးအဖြစ်ပဲ နေတယ်။ မလုံမလဲဖြစ်တာလား – ပြဿနာတက်လာလို့လား – မသိ၊ မိနစ်ခွန်းတခု ပြောထွက်လာတာရှိတယ်။ နိုင်ငံရေးပါးဝသူဆိုတော့ အမှတ်တောင် ယူလိုက်ပါသေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို သူ့ဆန္ဒအရဆိုရင် ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်မှူးကြီးသာမက ဖီးမာရှယ်ကြီးတောင် ပေးချင်တာပေါ့။ ဒါပေမဲ့ တပ်ဖွဲ့စည်းပုံအရ ‘ဗိုလ်ချုပ်’အဆင့်ထက် ပိုပေးလို့မရဘူးလေ ဆိုတာမျိုး ပြောခဲ့တယ်။

သို့သော် သူ့လက်အောက်က ဗိုလ်တွေကို တဆင့်ခွာထားပါတယ်။ ဝါစဉ်အရ ဒုတိယ၊ တတိယ၊ စတုတ္ထ နေရာမှာ ရှိနေတဲ့သူတွေကို ဗိုလ်မှူးချုပ်အဆင့်ထက် ပိုမပေးခဲ့ပါဘူး။

အခုလည်း ဒီအချိုးမျိုး တွေ့လာရတယ်။ လူငယ်ခြေတက်ကလေးများကိုထိန်းဖို့ ရာထူးတိုးပေးတာ၊ စားကွက်ဖွင့်ပေးတာတွေ တဖက်ကလုပ်၊ ကိုယ့်လည်းပခုံးချင်း မယှဉ်နိုင်အောင် သန်းအေးညွန့်တို့က ဘုံတဆင့်စီ ခုန်တက်ထားလိုက်ကြတယ်။

ဒီလိုနဲ့တိုင်းမှူးဟောင်းတွေကို ဒုဗိုလ်ချုပ်ကြီးတွေအဖြစ် တိုးပေးခဲ့တယ်။ တိုင်းမှူးအသစ်တွေက ဗိုလ်ချုပ်တွေ ဖြစ်လာလိမ့်မယ်။ တပ်မမှူးတွေကတော့ ဗိုလ်မှူးချုပ်အဖြစ် တိုးပေးခြင်း ခံရမှာပါ။

ဦးနေဝင်းချောဆွဲလို့ အမှုထဲပါသွားရတဲ့ တိုင်းမှူး၊ ရဲချုပ်၊ လေတပ်ဦးစီးချုပ်နေရာတွေ လစ်လပ်ခဲ့တယ်။ တန်းစီနေတဲ့ လူငယ်ခြေတက်လေးတွေထဲက ဆွဲခန့်သွားနိုင်ပြန်တယ်။

ထိပ်ပိုင်းတွေ ကြီးမြင့်ကုန်ကြပြီ။

သူတို့ကိုထမ်းထားရတဲ့ အောက်ခြေအကြပ်တပ်သားတွေက ဝေ်ပြတ်နေကြတယ်။ အခြေမခိုင်တဲ့ အဆောက်အဦဆိုတာ ခိုင်မြဲလေ့မရှိ။ မြင့်မြင့်ကကျရင် ပိုအကျနာတတ်တယ်။

ကိုယ့်ကိုယ်ကို မြင့်မြင့်မြှောက်ထားသူတွေ သင်ခန်းစာ ယူသင့်တယ်။

---

**သန်းအေးညွန့် စစ်အုပ်စုက NLD နှင့် အကျေအလည် မဆွေးနွေးဘဲ နောက်စစ်အုပ်စုတစုကို အာဏာလွှဲပေးသွားမည်ကို ခွင့်မပြုနိုင်ပါ။**

# ၂၀၀၂ – ပြည်တွင်းသတင်း သုံးသပ်ချက်..........

## “ယိမ်းထိုးလာနေတဲ့ သက္ကရာဇ် ၂၀၀၂ ခုနှစ်အတွင်းက စစ်အုပ်စု ”

(စက်တင်ဘာလကုန်အထိ အခြေအနေ)

နှစ်ဟောင်းက ပြဿနာတွေ သယ်ပိုးပြီး နှစ်သစ်ထဲ ဝင်လာတဲ့ စစ်အုပ်စုဟာ ပြဿနာသစ်တွေ တခုပြီးတခု ဆက်တိုက်တိုးရပါတော့တယ်။

ဒီချုပ်နဲ့ စေ့စပ်ဆွေးနွေးပွဲကိစ္စ၊ ဦးနေဝင်းမိသားစု အာဏာသိမ်းရန် ကြံမှု၊ ထိုင်း – ဗမာ နယ်စပ်တိုက်ပွဲ၊ မြစ်ရေလျှံ စိုက်ခင်းတွေပျက်တဲ့ကိစ္စ၊ ကုန်ဈေးနှုန်း၊ စစ်အုပ်စုတွင်းထိန်းညှိမှု၊ နိုင်ငံတကာ့ဆက်ဆံမှု စတာတွေဟာ ကိစ္စကြီးတွေ ဖြစ်ပါတယ်။

တချို့က အတ္တဘာဝ ပယောဂ ဖြစ်တယ်။ တချို့က မဖိတ်ခေါ်ဘဲ သူ့ဘာသာ ဝင်ရောက်လာတဲ့ အန္တရာယ်တွေ ဖြစ်ပါတယ်။

ပထမတော့ ပြည်သူတွေ ဒုက္ခရောက်တယ်။ ပြီးတော့ သူတို့လဲ ဒုက္ခရောက်လာကြပြီ။ နောက်ဆုံးတော့ တိုင်းပြည်တောင် ဒုက္ခရောက်နိုင်တယ်ဆိုတာ အောက်ပါ အချက်အလက်တွေကို ကြည့်ခြင်းဖြင့် သိနိုင်မယ်ထင်ပါတယ်။

**၁ ။ ဒီချုပ်နှင့် နအဖ ဆက်ဆံရေး။**

ဒီချုပ်အဖွဲ့ဝင် နိုင်ငံရေးအကျဉ်းသားချည်း ၈၀၀ ကျော် ကျန်သေးတယ်ဆိုတဲ့ သတင်းနဲ့ ၂၀၀၂ ခုနှစ်ထဲ ကူးဝင်ခဲ့ကြတာပါ။

နှစ်ဟောင်း မကုန်မီက ရာဇာလီ မက်လုံးပေးခဲ့တဲ့ ‘နိုင်ငံရေးအခြေအနေများ မကြာခင် တိုးတက်လာပါလိမ့်မယ်’ ဆိုတဲ့ စကားအပေါ် ဟုတ်လေမလား ထင်ခဲ့ကြတယ်။ နှစ်သစ်မှာ လူတော်တော်များများ လွတ်လာလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။

ဒါပေမဲ့ ၂၀၀၂ ခုနှစ် လွတ်လပ်ရေးနေ့ ဆိုတာကလဲ (ယခင်အတိုင်း) ‘စစ်အုပ်စုရဲ့ လွတ်လပ်ရေးပဲ ဖြစ်ခဲ့တယ်။ တို့အစိုးရ လုပ်တာ အားလုံးမှန်တယ်’ ဆိုတဲ့ ကြံ့ဖွတ်ဆန္ဒပြပွဲတွေနဲ့ လွတ်လပ်နေခဲ့ကြပြန်တယ်။

ကြံ့ဖွတ်တွေရဲ့ လှုပ်ရှားမှု အရှိန်နဲ့ ‘ပြည်ထောင်စုနေ့’ ဆိုတာကိုလဲ အေးဆေးသက်သာစွာ ကျော်ဖြတ်သွားပြန်ပါတယ်။

နိုင်ငံရေးအကျဉ်းသားများလဲ လွတ်မလာ၊ မိမိတို့ အထွေထွေအတွင်းရေးမှူးကလဲ အိမ်ချုပ် – အိမ်ချုပ်ပဲ။ တွေ့ဆုံဆွေးနွေးဖို့ကတော့ ဝေလာဝေး ဖြစ်လာတော့ ပျော့ပျောင်းလှပါတယ်ဆိုတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်များပင် စိတ်မရှည်နိုင်တော့တာ တွေ့လာရတယ်။

ဒီကြားထဲ “ပေးပေး – ငါ့ရွှေခွက်ပြန်ပေး” ဆိုတဲ့ ဦးနေဝင်းရဲ့ ‘အာဏာလုမှု’ ကကြားဖြတ်ဝင်လာခဲ့တယ်။ စေ့စပ်ဆွေးနွေးပွဲ ကတစ်လစ်၊ လူထုစားဝတ်နေရေးက ဆိုးသည်ထက် ဆိုးလာချိန်မို့ တာဝန်သိ နိုင်ငံရေးပါတီများသာမက ဝါရင့်နိုင်ငံရေးသမားကြီးများကပါ စိုးရိမ်ပူပန်လာကြတယ်။ စစ်အုပ်စုကို ဝိုင်းပြီး သတိပေးခဲ့ကြတယ်။

“စစ်မှန်တဲ့ ဆွေးနွေးပွဲ မြန်မြန်လုပ်ကြနော်။ လူထုက တော်လှပြီ၊ အန္တရာယ်တွေ နီးလာပြီ” လို့ လေးလေးနက်နက်ထောက်ပြကြတယ်။

ဒီကြားမှာ နအဖ စစ်အုပ်စုလဲ ကိုယ့်ခေါင်းကိုစမ်းပြီး လုံးချာလည်နေပုံ ရတယ်။ ဖမ်းဟယ် ဆီးဟယ်၊ ဖြုတ်ဟယ် ထုတ်ဟယ်တွေ လုပ်နေတာ တွေ့ရတယ်။

မေလ ၆ ရက် နေ့မှာတော့ ထုတ်ပြန်ချက်တခုနဲ့အတူ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခဲ့တယ်။ သံတမန်တွေ နိုင်ငံခြားဧည့်သည်တွေနဲ့ လွတ်လွတ်လပ်လပ် တွေ့ခွင့်ပြုတယ်။ ဒီချုပ်စည်းရုံးရေးအတွက် ပြည်တွင်းခရီးတွေ ထွက်ခွင့်ပြုလိုက်တယ်။ ဒီချုပ်ရုံးခွဲတွေ တိုးပြီး ဖွင့်ခွင့်ပြုတယ်။

ဒါတွေကို အပေါင်းလက္ခဏာဆောင်တဲ့ လုပ်ရပ်တွေအဖြစ် ပြည်တွင်းပြည်ပက ကြိုဆိုခဲ့ကြတယ်။ ဒါပေမဲ့ ပြည်သူတွေက ဒါ့ထက်ပိုပြီး မျှော်လင့်ထားခဲ့ကြတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်စဉ်က ဖော်ပြခဲ့တဲ့ “သမိုင်းကဏ္ဍသစ် ဖွင့်လှစ်လိုက်သည့်နေ့” တို့ “နိုင်ငံရေးဘဝထဲ ပြည်သူတွေပါဝင်ခွင့်ရှိပြီ” ဆိုတဲ့စကားတွေအပေါ် မိမိတို့ဆန္ဒတွေနဲ့ ပေါင်းစပ်ပြီး နားလည်ထားခဲ့ကြတာပါ။

တကယ်က နအဖ ပြောနည်းကိုက ဖမ်းလို့ဆုပ်လို့မရအောင် ပြောတဲ့နည်း ဖြစ်တယ်။ အချိန်တိတိကျကျ သတ်မှတ်ပြီး ပြောခဲ့တာလဲ မဟုတ်ပါဘူး။ ထိပ်သီး ၃ ဦးပြောတာပဲကြည့်ကြည့်၊ ဝန်ကြီးတွေထဲက အောဘယ်လ်၊ ဝင်းအောင်၊ တင်လှိုင် ပြောတာပဲကြည့်ကြည့် ဒီသဘောတွေ တွေ့ရတယ်။ အခိုင်အမာ ပြောလေ့ မရှိပါဘူး။ လူတွေသွေးအေးသွားပြီ ငြိမ်လောက်ပြီဆိုတာနဲ့ ပြောထားတာတွေတောင် အကြောင်းတခုခုပြပြီး ပယ်ချင်ပယ်ပစ်ပါတယ်။

တခါ သူတို့တာဝန်ယူလာရနိုင်စရာရှိတဲ့ စကားကိုတော့ အယုံသွင်းပြီး တခြားလူ (အထူးသဖြင့် ပြည်ပပုဂ္ဂိုလ် ) ရဲ့ လျှာဖျားပေါ် တင်ပေးလိုက်တတ်တယ်။ ဒီနည်းနဲ့ ရာဇာလီပါးစပ်ထဲမှာ နအဖ စကားလုံးတွေ အပြည့်ဖြစ်နေပါတယ်။

“ဒီတခေါက် အကျိုးရှိပါတယ်။ မကြာခင် နိုင်ငံရေးအရ တွေ့ဆုံကြတော့မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံကို ဆွေးနွေးကြဖို့ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်ကိုရော ဒေါ်အောင်ဆန်းစုကြည်ကိုပါ ပြောခဲ့တယ်။ မကြာခင် အစိုးရအဖွဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပါစေ့မယ်” ဆိုတာတွေ ပြောပါတယ်။ တကယ်အကျိုးရှိသွားတာက သူ့ကုမ္ပဏီ IRIS နဲ့ နအဖ – မကြာခင်ဆိုတာက လေးသချေင်္နဲ့ ကမ္ဘာတသိန်းလို့ ပြောရမလားပဲ။

၈ လပိုင်း မဟာသီယာနဲ့ ခင်ညွန့်အပေးအယူလုပ်ပြီး ပြောတဲ့စကားတွေထဲမှာ ကျတော့ ရှင်းသွားပါပြီ။ “ဒီမိုကရေစီဆိုတာ ဖြည်းဖြည်းလုပ်ရမယ့်အရာ” လို့ သတ်မှတ်လိုက်ကြတယ်။

● နှာ ၇၀ သို့

# ဒါအမေရိကန်ပြည်သူတွေကပြောတာ

“ဒီဒေသတခုလုံးမှာလဲ အားလုံးက ခြေဆုံးခေါင်းဆုံး လက်နက်တပ်ဆင်ထားကြတယ်။ အီရတ်မှာ ဂန္ဒီအုပ်ချုပ်နေရင်လဲ သူတို့တတ်နိုင်တဲ့ လက်နက်မျိုးကို တပ်ဆင်မှာပဲ။

*(အမေရိကန် ဒဿနိကဆရာကြီး နွမ် ချော့မ်စကီး)*

“ And the rest of the area is armed to the teeth as well. If Iraq were governed by Gandhi, it would be developing weapons systems if it could.”

Noam Chomsky

“ကျနော်အမေရိကန်နိုင်ငံကို လာခဲ့တာဟာ ဒီမှာရှိတယ်လို့ဆိုတဲ့ အင်မတိအင်မတန် ကြီးမားလှတဲ့ လွတ်လပ်မှုကြောင့်ပဲ။ အမေရိကန်ကို လွတ်လပ်မှုပြည့်ဝတဲ့ နေရာလို့ ကျနော်ရွေးလိုက်တာ မှားသွားတယ်။ ဒါဟာ ကျနော့်တသက်ဘယ်လိုမှ ပြန်ထိန်းညှိလို့ မရတဲ့ အမှားပဲ။”

*သိပ္ပံပညာရှင် အဲလ်ဘတ်အိန်စတိန်း (၁၉၄၇ခုနှစ်)*

“I came to America because of the great, great freedom which I heard existed in this country. I made a mistake in selecting America as a land of freedom, a mistake I cannot repair in the balance of my lifetime.”

-Albert Einstein, 1947

“ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့နောက် အဆိုးဆုံးပြစ်မှုဟာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒပဲ။”

*ရမ်ဆေးကလပ်ခ် (သမတလင်ဒန်ဂျွန်ဆင်လက်ထက် ကရားဝန်ကြီးချုပ်)*

“The greatest crime since World War II has been U.S. foreign policy.”

-Ramsey Clark [Former U.S. Attorney General under President Lyndon Johnson]

. “ကျနော်တို့အနေနဲ့ ဗီယက်နမ်မှာ ဂုဏ်သရေရှိတဲ့ ရည်မှန်းချက်ရယ်လို့ ဘာမှမရှိပါဘူး။ ကျနော်တို့ရဲ့အနိမ့်ဆုံးရည်မှန်းချက်ဟာ အမေရိကန်ကိုလိုနီ တခုအဖြစ် သိမ်းပိုက်ထားဖို့နဲ့ ကျနော်တို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေအတွက် တည်ငြိမ်မှုရှိစေဖို့သာ ဖြစ်ပါတယ်။ ကိုလံဘီယာနဲ့ ပီရူးမှာ အမေရိကန်ရဟတ်ယာဉ် တွေကို အသုံးပြုနေတာဟာလဲ ဒီအကြောင်းကြောင့်ပဲ ဖြစ်ပါတယ်။”

*(မာတင်လူသာကင်း၊ ၁၉၆၇ခုနှစ် ဧပြီလ ၄ရက်၊ နယူးယောက်မှာ ပြောတဲ့မိန့်ခွန်း)*

“We have no honorable intentions in Vietnam. Our minimal expectation is to occupy it as an American colony and maintain social stability for our investments. This tells why American helicopters are being used against guerrillas in Colombia and Peru.

-Martin Luther King, Jr.

[“A Time to Break the Silence” speech given at Riverside Church New York City April 4, 1967]

“အမေရိကန်အနေနဲ့ ကမ္ဘာ့ပုလိပ်ကြီး လုပ်မနေသင့်ဘူးလို့ ဗီယက်နမ်က ကျမတို့ကို သင်ကြားပေးခဲ့တယ်။ ဒ့ါအပြင် ဒီမိုကရေစီကို ပျောက်ကြားစစ်ပွဲကတဆင့် မွေးဖွားတော့မယ့် အခြေအနေမှာ ဒီမိုကရေစီအတွက် ကမ္ဘာ့ဝမ်းဆွဲအဖြစ်လုပ်တာရဲ့ အန္တရာယ်တွေကိုလဲ သင်ကြားခဲ့ဟန် တူတယ်။”

*(ယခင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျင်းကပ်ပက်ထရစ်။ ၁၉၇၉။)*

Vietnam presumably taught us that the United States could not serve as the world's policeman; it should also have taught the dangers of trying to be the world's midwife of democracy when the birth is going to take place under the conditions of guerrilla war.

Former US ambassador to the UN Jeane Kirkpatrick, 1979.

# ဒါ–အမေရိကန် ခေါင်းဆောင်တွေကပြောတာ

**“ဆက်ဒမ်ကို ကျုပ်တို့လက်ထဲ ချက်ချင်းအပ်ရမယ်။”**

*(ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန်ထံပေးသည့် သမတဘုရှ်အငယ်၏စာမှ)*

“You’ve got to hand it to Saddam. In one brisk” (Bush’s letter to Kofi Anan.)

**“ကျနော့်အနေနဲ့ အမေရိကန်နိုင်ငံကိုယ်စား ဘယ်တော့မှ မတောင်းပန်ဘူး။ ဘာအချက်အလက်တွေပဲရှိရှိ မတောင်းပန်ဘူး။”**

*(သမတဂျော့ဘုရှ် အကြီး)*

(၁၉၈၈ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် အမေရိကန်ရေတပ်သင်္ဘော) ကီး ဗင်းဆင်းန်းက အီရန်ခရီးသည်တင် လေယာဉ်ကြီး တစင်းအား ပစ်ချလိုက်သဖြင့် ခရီးသည် ၂၉၀ စလုံး သေဆုံးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ပြောကြားချက်။)

“I will never apologize for the United States of America - I don't care what the facts are.” (President George Bush Sr.)

**“ကျုပ်အထူးစိတ်ဝင်စားနေတာက ကိန်းဂဏန်း မဟုတ်ဘူး”**

(ဗိုလ်ချုပ်ကောလင်းပါဝဲလ်)

သဲကန္တာရမုန်တိုင်း စစ်ဆင်ရေးတွင် အီရတ်အရပ်သား နှစ်သိန်းသေဆုံးရမှုအပေါ် သတင်းထောက်များအား ပြောကြားချက်။

“It's really not a number I'm terribly interested in.”

(General Colin Powell)

**“သူတို့တတွေ ရေဒါတွေနဲ့ ချိန်တယ်ဆိုတာနဲ့ သူတို့ရဲ့ သေခြင်းဆိုး ဆမ်ဒုံးပျံတွေကို ကျုပ်တို့က ပစ်ဖျက်လိုက်မှာပဲ။ သူတို့တိုင်းပြည်၊ သူတို့ဝေဟင်နယ်နိမိတ်ကို ကျုပ်တို့စိုးပိုင်တယ်ဆိုတာ သူတို့သိတယ်။ သူတို့ဘယ်လိုနေ၊ ဘယ်လိုပြောရမယ် ဆိုတာကို ကျုပ်တို့က သတ်မှတ်ပေးမယ်။”**

*(ဗိုလ်ချုပ်လူနီ)*

၁၉၉၉ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာ ကိုပြောပြချက်။

“If they turn on the radars we’re going to blow up their goddamn SAMs. They know we own their country. We own their airspace. We dictate the way they live and talk.”

-U.S.Brig. General William Looney (Interview Washington Post, August 30, 1999)

**“ကုလသမဂ္ဂမှာ နိုင်ငံပေါင်း ၁၀၀ ဟာ သူတို့ရှေ့မှောက် တင်ပြလာတဲ့ ကျနော်တို့နဲ့ပတ်သက်တဲ့ ပြဿနာတိုင်းလိုလိုမှာ ကျနော်တို့နဲ့ အမြင်မတူဘူး၊ ဒီအတွက် ကျနော်ကတော့ ထမင်းစားတောင် မပျက်ပါဘူး။”**

*(သမတ ရော်နယ်ရီဂင်)*

၁၉၈၃ ခုနှစ်တုန်းက ဂရင်နေဒါကို ကျူးကျော်သိမ်းပိုက်ပြီးနောက် ပြောကြားချက်။

21. “One hundred nations in the UN have not agreed with us on just about everything that's come before them, where we're involved, and it didn't upset my breakfast at all.”

- Ronald Reagan, former U.S. President, basking in the triumph that was the U.S. invasion of Grenada, 1983

(Ronald Reagan, former U.S. President)

**“အမေရိကန်နိုင်ငံဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတခုအဖြစ် ဆက်လက်ရပ်တည်နေဖို့ သန္နိဋ္ဌာန်ရှိကြောင်း ပြသဖို့အတွက်၊ ကမ္ဘာပေါ်က တနေရာရာမှာ တခုခုဆက်လုပ်နေရမယ်။ ”**

*ဟင်နရီကစ်စင်းဂျား (၁၉၇၅ခုနှစ်၊ ဧပြီလထုတ် ဝါရှင်တန်ပို့စ်သတင်းစာပါ “ဗီယက်နမ်လွန်စိတ်ဝေဒနာများ”)*

“The U.S. must carry out some act somewhere in the world which shows its determination to continue to be a world power.”
(Henry Kissinger, post-Vietnam blues, as quoted in The Washington Post, April 1975)

● နှာ ၆၇ မှ

ဒါတွေကြောင့် ဒီချုပ် တည်ထောင်တဲ့ ၁၄ နှစ်မြောက် အချိန်မှာတော့ ဒီချုပ်ပြောရေးဆိုခွင့်ရှိသူက “တွေ့ဆုံ ဆွေးနွေးမှုက ဖြစ်ကိုမဖြစ်သေးဘူး” လို့ မကြေမလည် ဖွင့်ပြောလာရပါတယ်။

နအဖ က လမ်းလွှဲနေတာကို ပြည်သူတွေက ကြာကြာ မျက်စိမလည်ကြပါ။ ဘဝ အရကို ပြည်သူတွေက တော်ပြတ် မွန်းကျပ်နေကြပြီဖြစ်တယ်။ သဘာဝဘေးဒဏ်တခု ဖြစ်တဲ့ ရေကြီးရေလျှံ ကိစ္စက ပြည်သူတွေကို ပြတ်သားသွားစေပါတယ်။ စားစရာမရှိလို့ ဆန်တွေလုကြပါတယ်။ တချို့ဆန်ကားတွေကို တားပြီး တတ်နိုင်တဲ့ဈေးပေးပြီး ဆန်လုဝယ်ခဲ့ကြတယ်။ ဆန်ထွက် ကောင်းခဲ့တဲ့ ဒေသတွေမှာ ဖြစ်တာပါ။ ရခိုင်မှာ စစ်တွေ၊ မင်းပြား၊ မွန်ပြည်နယ်မှာ ကမာဝက်၊ တနင်္သာရီက မြိတ် ထားဝယ် စတာတွေဟာ ဆန်ပေါများခဲ့တဲ့ မြို့တွေပါ။

ပြည်မမှာလဲ ကားလမ်းတွေက ရေလျှံ မြို့ကြီးအချို့လဲ ရေဝင်လေတော့ ဒုက္ခရောက်ကုန်ပါတယ်။ ဒေသတော်တော်များများမှာ စောစောကတည်းက ထမင်းတနပ်စားရသူ ပြောင်းဆန်နဲ့ ရောစားရသူတွေ ရှိနေခဲ့တယ်။ ဘယ်သူ့ဘယ်သူမှ မကယ်နိုင်ကြပါဘူး။

ဒီအခြေအနေဆိုးကြီးကြောင့် ရန်ကုန်မှာ တအိမ်ထောင် ဆန်တပြည်၊ ဆီ – တဆယ်သား ရောင်းပေးမယ်…ဆိုတာ ပေါ်လာတာပါ။ တရားခံဖြစ်သွားတဲ့ ဆန်ကုန်သည် ၂၀ အဖမ်းခံရတာပါ။

ဒီဒုက္ခတွေက ထွက်လမ်းအဖြစ် “စေ့စပ်ဆွေးနွေးကြပါ”… လို့ တာဝန်သိသူတွေက ပြောနေချိန်မှာ နအဖ ဘာလုပ်သလဲ။ သူတို့အာဏာလွှဲယူထားတာ ၁၄ နှစ် ရှိပြီ။ ‘နိုင်ငံတော်’,‘နိုင်ငံတော်’ ဆိုပြီး နိုင်ငံကို ကိုယ်စားပြုထားသူတွေဟာ နိုင်ငံအတွက် ဘာတွေ စဉ်းစားသုံးသပ်နေကြသလဲတော့ မပြောနိုင်ပါ။

တွေ့လာရတာကတော့ အဆင့်မြင့်စစ်ဗိုလ်ကြီးတွေကို အဆင့်တိုးမြှင့်ပေးလိုက်တာ ဖြစ်တယ်။ ထိပ်သီး ၃ ဦးကလဲ ဝေပုံကျ ခွဲယူပါတယ်။ အဆင့်အတန်းလွန် ရာထူးတွေပါတာမို့ ပူညံပူညံ ဖြစ်လာပါတယ်။

ဒီ ၃ ဦးဟာ အာဏာရလာတဲ့ ၁၄ နှစ်မြောက် အောင်ပွဲခံ အခမ်းအနားကို မြရိပ်ညိုမှာ ပွဲလေး လုပ်ခဲ့တယ်။ ကျီး,ဘုတ်မြှောက် ၊ ဘုတ် ကျီးမြှောက်လုပ်နေမှာကို မြင်ယောင်ပြီး ဝတ်နေတဲ့ အောက်ခြေ အကြပ်တပ်သားတွေက ကော်ဆဲကြတယ် … ဆိုတဲ့ သတင်းထွက်လာတယ်။

ဒီဖော်ပြချက်တွေက ယုံကြည်မှု တည်ဆောက်တယ်ဆိုတာ တကြိမ်နဲ့မပြီး ထပ်ခါထပ်ခါ တည်ဆောက်ရတယ်။ မကျေနပ်ရင် ‘တစ်’ ကပြန်စရတဲ့အရာဆိုတာ ပေါ်လွင်လာပါတယ်။

## ၂။ ထိုင်း–ဗမာ ဆက်ဆံရေး ။

နယ်စပ်ဒေသ ဂိတ်တွေဖွင့်ဖို့ ထိုင်းဘက်က လိုလားတယ်။ ဗမာ့ ပင်လယ်ပြင်မှာ ငါးဖမ်းချင်တယ်။ ထိုင်းနိုင်ငံထဲ လိမ့်ဝင်နေတဲ့ ဗမာဘက်က မူးယစ်ဆေးဝါးတွေကို တားဆီးချင်တယ်။ စစ်ဘေးဒဏ်ကြောင့် ထွက်ပြေးခိုလှုံလာနေကြတဲ့ မြန်မာပြည်သား ဒုက္ခသည်များကို ပြန်ပို့ချင်တယ်။

မြန်မာစစ်အစိုးရဘက်မှ တောင်းဆိုတာတွေထဲမှာတော့ ထိုင်းနိုင်ငံထဲ အခြေစိုက်နေထိုင်ကြတဲ့ မြန်မာ့ဒီမိုကရေစီ အဖွဲ့အစည်းများကို နှင်ထုတ်ပေးဖို့၊ နယ်စပ်ဒေသရှိ လက်နက်ကိုင် အဖွဲ့အစည်းများကို အကူအညီမပေးဖို့တို့က အဓိက ဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ဖမ်းပို့ပေးစေချင်တယ်။

အိမ်နီးနားချင်းကလဲဖြစ် သမိုင်းရှည်ကြာ ဆက်ဆံလာကြသူများလဲ ဖြစ်ကြတော့ တယောက်ဘာကြိုက်တယ်။ တယောက်ဘာကြောက်တယ် … ဆိုတာ အပြန်အလှန် သိနေကြပါတယ်။

စီးပွားရေးလုပ်ငန်း တိုးချဲ့ချင်သူနဲ့ ဗိုက်နာနေသူရဲ့ မုန်းတလှည့် ပြုံးတလှည့် တေးသွားက ဒီမှာ စ, ပါတယ်။ တခါတရံ လိုက်သူနဲ့ ပြေးသူရဲ့ ကစားပွဲလို ဖြစ်လာနေတယ်။ ဘယ်ဘက်က အသာစီးရသွားပြီလို့ ယတိပြတ် မပြောနိုင်ပေမယ့် နအဖ စစ်အစိုးရဘက်က ထိုးစစ်အနေအထား ယူလာတာ တွေ့ရတယ်။ ဒါပေမဲ့ နယ်စပ်တိုက်ပွဲတွေမှာ နအဖ အရှက် တကွဲ အကျိုးနည်းဖြစ်အောင် ခပ်စပ်စပ်ကလေး ခံလိုက်ရပုံ ပေါ်တယ်။ SURA နောက်က လက်သီးပုန်း ဘယ်သူဆိုတာ ဖော်ထုတ်ဖို့ ကြိုးစားခဲ့တယ်။ (ယခင်ကလဲ ပြည်တွင်းကိစ္စတွေနဲ့ ပတ်သက်ပြီး “ဘယ်သူရိုက်တယ်ဆိုတာ ရိုက်သူနဲ့အရိုက်ခံလိုက်ရသူပဲ သိတယ်”… လို့ ပြောဖူးတာ သတိရချင်စရာပါ။) ‘နိုင်ငံရေး အာဏာ’ ကို မျက်စောင်းထိုးနေတဲ့ ထိုင်းလူငယ်ခြေတက် စစ်အုပ်စုက ရန်းရင်းဆန်ခတ် ဖြစ်နေတဲ့ ကြားထဲဝင်ပြီး ‘အမြောက်စမ်း’ သွားတာ ခံရလို့ ဗမာစစ်အုပ်စုဟာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ဖြစ်နေတယ်။ ဒါပေမဲ့ ထိုင်းစစ်အုပ်စုနောက်က အမေရိကန် ပုလိပ်ကြီးကို ကြောက်ရလို့ နယ်စပ်ဂိတ်ပိတ်တာနဲ့ပဲ တင်းတိမ်လိုက်ရရှာတယ်။ ထိုင်း (လူငယ်ခြေတက်) စစ်အုပ်စုကလည်း သူတို့ထိုင်း အစိုးရကိုလည်း နှစ်နိုင်ငံဆက်ဆံရေးမှာ ခိုးလိုးခုလု ဖြစ်စေချင်တာပါ။ ‘အမြောက်စမ်း’ လိုက်ရတာပဲ ကျေနပ်သွားပါတယ်။ နှစ်နိုင်ငံ စစ်ဖြစ်ချင်လို့ မဟုတ်ပါဘူး။

ဒီကနေ စိတ်ကောက်သူ သို့မဟုတ် ရှောင်ပြေးသူ ဖြစ်လာပါတယ်။ စိတ်ဆန္ဒပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ အရှေ့တောင်အာရှဒေသထဲ ခြေချချင်တဲ့ – တရုတ်ပြည်ကို အနီးကပ် ခွ ‘ချက်’ (check) လုပ်ထားချင်တဲ့ အမေရိကန်ကို လက်ယပ်ခေါ်သလို ဖြစ်နေပါတယ်။ အခွင့်အရေး စောင့်နေတဲ့ အမေရိကန် နယ်ချဲ့ သဘောကျသွားပါတယ်။ ဖြစ်စဉ်တွေကို ကြည့်ပါမယ်။

၂၀၀၂ ခုနှစ် ပထမလ ၁၀ ရက် ပိုင်းလောက်မှာ ဗမာနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က “UWSA –ဝ’ တပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ဆက်လုပ်နေဦးမယ်ဆိုရင် စစ်ရေးနည်းလမ်းသုံးပြီး နှိမ်နင်းမယ်”… လို့ ကြေညာကာ မက်လုံးပေးလိုက်ပါတယ်။

နောက် ၆ ရက်လောက်ကြာတော့ ထိုင်းအောက်လွှတ်တော်နိုင်ငံခြားရေးရာ ကော်မတီဒုဥက္ကဋ္ဌက “ကတိပေးထားတဲ့ အတိုင်း ဝ’ လူမျိုးစု လက်နက်ကိုင်အဖွဲ့သည် မူးယစ်ဆေးဝါးကိစ္စ – ၂၀၀၅ ခုနှစ်တွင် မရပ်စဲပါက အမေရိကန်အနေနှင့် စစ်ရေးအရ ဝင်ရောက် တိုက်သင့်ကြောင်း” နေးရှင်း သတင်းစာမှ လှုံ့ဆော်ခြိမ်းခြောက်ခဲ့ပါတယ်။

### ခြေကျွံ လက်ကျွံ စစ်ပွဲ။

ထိုင်းနဲ့ဗမာ ရှောင်လိမ်သိုင်း ကနေရင်း မီဒီယာလောကမှ ကြိုတင်မပြောလိုက်နိုင်မီ မေလ ၂၀ ရက်နေ့မှာ SURA က ပန်မာဆွန်း ဒေသရှိ နအဖ စခန်းတချို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီး အခိုင်အမာ တပ်စွဲ

နေလိုက်ပါတော့တယ်။ ထိုင်းလူငယ်ခြေတက်စစ်အုပ်စုက ဝင်ပြီး 'အမြောက်စမ်း'ပါတယ်။ သက်ရှိကို ပစ်မှတ်ထားပြီး စစ်လေ့ကျင့်ပါတယ်။ ပထမတချီ 'ပါးစပ်စစ်ပွဲ' စခဲ့သူများကို လက်စားချေတာလို့လည်း ပြောနိုင်ပါတယ်။

မဟာအရှက်တော်ရသွားတဲ့ ဗမာစစ်အုပ်စုက ထိုင်းစစ်တပ်ရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ခံလိုက်ရတာပါလို့ စွပ်စွဲပါတယ်။ ထိုင်းအစိုးရက ငြင်းပါတယ်။ တကယ်ပဲ မသိလို့ငြင်းတာ ဖြစ်နိုင်ပါတယ်။ နောက်သူ့အတွင်း စစ်ကြည့်တော့မှသိပုံပေါ်ပါတယ်။ လက်လွန်ခြေလွန် ဖြစ်ကုန်ပါပြီ မတတ်နိုင်တော့ပါ။ ထိုင်းအစိုးရမှာလည်း သူ့အခက်နဲ့သူပါ။ မထွေးနိုင် မမျိုနိုင် ဖြစ်ရပါတယ်။ နောက်ဆုံးတော့ (နအဖ)က နယ်စပ်ဂိတ်တွေကို 'ဒိုင်း'ခနဲ ပိတ်ချလိုက်တယ်။ ပြည်တွင်းမှာလဲ ထိုင်းကုန်ပစ္စည်းတွေမသုံးဖို့ လုပ်လာခဲ့တယ်။ ထိုင်းကြော်ငြာတောင် ခွင့်မပြု။ ထိုင်းအကြောင်း မရေးရ။ မပြောရ။ တားမြစ်ချက်တွေ ထုတ်ခဲ့တယ်။ တလုံး နှစ်လုံး တကြောင်းနှစ်ကြောင်း ပါသွားမိတဲ့ မဂ္ဂဇင်းတချို့ စစ်ဒေါသ ခံလိုက်ရပြီး အပိတ်ပင်ခံလိုက်ရတယ်။ မှတ်ဖွယ်သုတကတော့ အထူးအခွင့်အရေးရ တွင်း–၁ ရဲ့ သား တယောက်ထုတ်ဝေတဲ့ မဂ္ဂဇင်းပါ အရေးယူခံလိုက်ရခြင်းဖြစ်တယ်။ (စကားချပ် – ဦးနေဝင်းလက်ထက် မူးယစ်ဆေးဝါးကိစ္စနဲ့ သူ့သားကို ထောင်ထဲထည့်ပြလိုက်ကာ အမေရိကန်ထံမှ မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် ဟယ်လီကော့ပတာတွေ အပါအဝင် အကူအညီတော်တော်များများ ရခဲ့ဖူးပါတယ်။)

နအဖ မီဒီယာတခုလုံးကလဲ ဒီကိစ္စတခုတည်း 'ဇောင်း' ပေး ဖော်ပြကြပါတယ်။ လက်ဟောင်းလက်သစ် ကလောင်အိုကလောင်လျှိုတွေသုံးပြီး မျိုးချစ်စိတ်ဓာတ်ရောင်ခြည်တွေ အပြိုင်လွှတ်စေပါတယ်။ သူကောင်းပြုခံချင်သူတွေ ပြိုတိုးကြပါတယ်။ လိမ်လည်မှု၊ ငွေအလွဲသုံးစားလုပ်မှုတွေကြောင့် မြောင်းထဲကျ မြုပ်သွားလောက်ပြီထင်ရတဲ့ မြက်ခင်းသစ် ဖိုးကံကောင်းဆိုတဲ့ မွေးကလောင်တောင် ပုပ်ပွပြီး ပြန်ပေါ်လာတာ တွေ့လိုက်ရတယ်။

စစ်မြေပြင်မှာတော့ တွင်း–၁ အမိန့်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အမိန့် ဆိုပြီး ကိုယ့်တပ်ကိုယ် တွန်းတင်ကြည့်တယ်။ ဘယ်သူမှ လူစွမ်းပြချင်ပုံမရ။ ဒီတော့ တိုက်စွမ်းရည်ရှိတဲ့ ခွဲထွက် 'ငြိမ်း' အဖွဲ့ ၂ ဖွဲ့ကို မျက်နှာချိုသွေးတာတပိုင်း၊ အကျပ်ကိုင်တာတပိုင်း လုပ်ခဲ့တယ်။ ဒီကိစ္စဟာ ပြည်တွင်းစစ်မဟုတ် ထိုင်းနဲ့ ဖြစ်နေတဲ့ နိုင်ငံကာကွယ်ရေးကိစ္စမို့ ပါကိုပါရမယ် (အစကတည်းက ပြည်တွင်းစစ်မှာဆိုရင် ဝင်မတိုက်ခိုင်းပါဘူးလို့ နအဖက အာမခံထားရပါတယ်) လို့ တောင်းဆိုခဲ့တယ်။ ဒီအတွက် လိုအပ်တဲ့ လက်နက်ခဲယမ်း ရိက္ခာများ ဖြည့်တင်းပေးတာလဲ လုပ်ခဲ့တယ်။

ဒီလိုနဲ့ ၈၁၅ စစ်ဒေသမှ တပ်ရင်း ၃ ရင်း ဝ' တပ်ဖွဲ့မှ အင်အား ၂၀၀၀ ခန့် ဝင်ရောက်တိုက်ခိုက်ပေးခဲ့ရပါတယ်။ မောင်အေးက နအဖ တပ်များကို ၃ ရက်အတွင်း ကျဆုံးသွားတဲ့ ပွိုင့် ၄၁၂၃ ပန်မာဆွန်း စခန်းကို အသိမ်းခိုင်းပေမယ့် မရ။ ဝ' တပ်ဖွဲ့ တက်သိမ်းမှ ရခဲ့တယ်။

နအဖဘက်မှ အသုံးပြုတဲ့ လက်နက်ကြီးငယ် လူအင်အား အတော်များပါတယ်။ ကျဆုံးဒဏ်ရာရတွေလဲ များပါတယ်။ ဇွန်လ ၄ ရက်မှ ၈ ရက်အထိ တိုက်ပွဲကာလ ၅ ရက်အတွင်း (ဝ'တပ်ဖွဲ့ အပါ) စုစုပေါင်း ၈၀၀ ကျော် သေကျေဒဏ်ရာရခဲ့ကြလို့ ကျိုင်းတုံနဲ့ တောင်ကြီးဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်ကျပ်သွားတယ်လို့ ဆိုပါတယ်။ မင်္ဂလာဒုံ စစ်ဆေးရုံကြီးသို့ ဒဏ်ရာရ လူနာ ၁၅၀ ရောက်လာပါတယ်။ ခံစစ်ယူထားတဲ့ ရှမ်းတပ်ဖွဲ့ရဲ့ ထိခိုက်ဒဏ်ရာရမှုက နအဖ ဘက်လောက် မများတာတွေ့ရတယ်။

ဒါကြောင့်လဲ နအဖအနေနဲ့ ဒီ တိုက်ပွဲကို အမှီပြုပြီး လက်မထောင်တာ မလုပ်နိုင်ခဲ့ပါ။ သမိုင်းအဆက်ဆက်ဘယ်လို ဂုဏ်ပြောင်ခဲ့တယ် … ဆိုတဲ့ အရေးအသားတွေသာ သတင်းစာတွေပေါ်မှာ တင်ကျန်နေရစ်ခဲ့ပါတော့တယ်။

## ပါးစပ်တိုက်ပွဲအခြေအနေ။

နှစ်နိုင်ငံ စစ်ပွဲသဏ္ဍာန်အဖြစ် နအဖဘက်က ပုံဖော်နေပေမယ့် ထိုင်းဘက်မှ ကျဆုံးဒဏ်ရာရတာ မဖြစ်စလောက်ပဲ တွေ့ရတယ်။ ရှမ်း၊ အခါ ဝ၊ ဗမာ တွေသာ ရာချီ သေကျေဒဏ်ရာရခဲ့ကြပါတယ်။

သို့သော် ထိုင်းဘက်ကိုကြည့်တော့ တမျိုး– "သူတို့က သေသာ သေတာပါ၊ ငါ့လောက်မနာဘူး" ဆိုတာမျိုးပါ။

နယ်စပ်ဂိတ်တွေ အပေါက်တွေ ပိတ်လိုက်လို့ ၂လလောက်အတွင်း ထိုင်းနိုင်ငံအတွက်ဘတ် သန်း (၅၀၀၀) လောက် နစ်နာသွားပြီလို့ ဆိုပါတယ်။ ဒါကို ထိုင်းဘက်က မခံနိုင်ပါ။ ၂ နိုင်ငံ ကုန်သွယ်မှုကို အမှီပြုနေရတဲ့သူတွေ၊ တချို့ ဗမာပြည်တွင်းမှာ မြှုပ်နှံပြီး စားသာနေခဲ့တဲ့သူတွေက ထိုင်းအစိုးရကို ဖိအားပေးလာပါတယ်။ သူတို့က စီးပွားရေး၊ နိုင်ငံရေးမှာ ဩဇာရှိကြသူတွေဖြစ်တယ်။ ဒါကြောင့် နအဖ ကို တတ်နိုင်သမျှ အလျှော့ပေးဖို့ လုပ်ခဲ့ကြရတယ်။ လူတွင်ပါလို့နွား ကျားကိုက်တာလဲ ဖြစ်နိုင်ပါတယ်။ ပထမဆုံး နအဖကို ခပ်တင်းတင်းကိုင်ချင်တဲ့ ကြည်းတပ်ဦးစီးချုပ် ချူလာနော့ နေရာမှာ သဘောထား ပျော့ပျောင်းတယ်ဆိုတဲ့ ဗိုလ်ချုပ်ကြီးဆွမ်ဒက်နဲ့ အစားထိုးလိုက်တယ်။ ထိုင်းစစ်တပ်နဲ့ ထိုင်းအစိုးရကြား ဆက်ဆံရေးကလဲ ကောင်းလှတာ မဟုတ်ဘူး။

ဩဂုတ်လ ၆ ရက်နေ့မှာတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဗမာပြည် သွားခဲ့တယ်။ စစ်အုပ်စု ထိပ်သီး ၃ ယောက်စလုံးနဲ့ အပေးအယူ လုပ်ကြတယ်။ နှစ်ဘက်ကျေနပ်ကြတယ် … လို့ ဆိုပါတယ်။ "ပြီးပြီးသားဟာတွေ ပြီးလိုက်ကြပါစို့" ပြောလိုက်ပေမယ့် တည်ရှိဆဲ ပြဿနာတွေက ပျောက်ပျက်သွားတာ မဟုတ်မှန်း သိကြပါတယ်။ အခြေအနေတခု အချိန်တခုအတွက်ပဲ ပြောလိုက်တာပါ။ ထိုင်း/ဗမာ အရေးအခင်းဟာ နအဖ တည်မြဲရေးအတွက် အရင်းအနှီးတခုလို ဖြစ်နေတယ်။ ဒါကို လက်ညှိုးထိုးပြပြီး သူ့တပ်တည်ငြိမ်အောင် , NLD နဲ့ ဈေးဆစ်ကောင်းအောင် အုံကြွချင်နေတဲ့ ပြည်သူတွေကို လမ်းလွှဲပေးနိုင်အောင် လုပ်လာတာ ကြာပြီပဲ။

ပြဿနာတွေကလဲ တခုပြီးတခု ပေါ်တယ်။ သတင်းတွေကလဲ ဟုတ်တာရော မဟုတ်တာရော မီဒီယာတွေကတဆင့် အပြန်အလှန် ထုတ်လွှင့်နေကြတယ်။ ကျိတ်ကြံကြတာ လက်သိပ်ထိုးလုပ်ကြတာတွေ ပေါ်လာလိုက် မဟုတ်ဘူးငြင်းလိုက်နဲ့ မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေတယ်။

ဇူလိုင်လထဲမှာ ဘန်ကောက်ပို့စ်က ထိုင်းစစ်တပ် မေလအတွင်းက SURASI–၁၄၃ စစ်ဆင်ရေးလုပ်ခဲ့တာကို တုံ့ပြန်တဲ့ အနေနဲ့ နအဖ ကလဲ မကြာမီ စစ်ရေးလေ့ကျင့်မှုတခု နယ်စပ်မှာ လုပ်လိမ့်မယ် … လို့ ဖော်ပြလိုက်တယ်။ ဒီသတင်းကိုပဲ သတင်းစာ

တွေက ဗမာ တပ်ရင်း ၁၃ ရင်းနဲ့ ၀'တပ်ဖွဲ့ တွေ ပေါင်းပြီး ဇူလိုင်နောက်ဆုံးပတ် (သို့မဟုတ်) ဩဂုတ်လ ပထမပတ်မှာ လုပ်နိုင်တယ်လို့ တဆင့်တိုး ဖော်ပြကြပြန်တယ်။

ဒီတော့ နအဖ သတင်းစာ ရှင်းလင်းပွဲမှာ ထိုင်းဘုရင်မကြီး သီရိခေတ်ရဲ့ အသက် ၇၀ ပြည့် မွေးနေ့ (ဩဂုတ် ၁၂) နဲ့ အချိန်ကိုက်ပြီး ထိုင်း – ဗမာ နယ်စပ်အနီးမှာ ဗမာဘက်က စစ်ရေးလှုပ်ရှားမှု လုပ်လိမ့်မယ် ဆိုတာ မမှန်ပါကြောင်း ရှင်းရတယ်။

ထိုင်း–ဗမာ နယ်စပ်ဂိတ်တွေ ပြန်ဖွင့်ဖို့ ထိုင်းကုန်သည်များထံက ဘတ်ငွေ သန်း ၆၀ တောင်းဆိုတယ်ဆိုတဲ့ သတင်း မှားကြောင်းလဲ ထည့်ပြောပါတယ်။ (ဒါပေမဲ့ ဘတ်ငွေ ၄၅ သန်းနဲ့ ဈေးတည့်သွားပြီဆိုတဲ့ သတင်းက ပျံ့နှံ့နေခဲ့တယ်။)

ထိုင်းသတင်းစာတွေကတော့ ဗမာဘက် စစ်ပြင်ဆင်မှုတွေအကြောင်း အခိုင်အမာ ဆက်ရေးကြတယ်။ ဒါကြောင့် ဩဂုတ်လ ၁ ရက်နေ့မှာ ထိုင်းစစ်သံမှူးကိုခေါ်ပြီး လှုပ်ရှားမှုလဲ မလုပ် စစ်ဆင်ရေးလုပ်ဖို့လဲ မရှိတဲ့ အကြောင်း ရှင်းပြရတယ်။ (ဒါပေမဲ့ ပြင်ထားတဲ့ အစီအစဉ်တွေကို ဖျက်သိမ်းလိုက်တာသာ ဖြစ်ကြောင်း ထိုင်း စစ်ဘက်ဆိုင်ရာတို့က ပြောကြောင်း သိရပြန်တယ်။)

ဒီနေရာမှာ ထိုင်းနဲ့ဗမာ မတူတဲ့ အချက်တချက်ကို သတိထားမိကြပါလိမ့်မယ်။ နိုင်ငံတကာ ဆက်ဆံရေးမှာ နအဖ အနေနဲ့ ထိုင်းပြဿနာဟာ ပြဿနာ အများကြီးထဲက တခုသာ ဖြစ်တယ်။ ထိုင်းဘက်မှာတော့ နိုင်ငံတကာပြဿနာရယ်လို့ ဗမာကိစ္စ တခုလောက်သာ ရှိတာပါ။ သူ့ပြဿနာ အများစုက ဗမာနဲ့ဆက်စပ်ပြီး ပေါ်လာတဲ့ ပြည်တွင်းပြဿနာများသာ ဖြစ်တယ်။ စစ်တပ်နဲ့ အစိုးရ၊ လုပ်ငန်းရှင်များ ကုန်သည်များနဲ့ စစ်တပ်၊ လုပ်ငန်းရှင်များ ကုန်သည်များနဲ့ အစိုးရ ပဋိပက္ခတွေ ဖြစ်လာတယ်။ အပြန်အလှန် လက်ညှိုးထိုးလာကြတယ်။ နောက်ဆုံး မြန်မာဘက်ကို ဖိတ်ကြားပြီး ထမင်းဖိတ်ကျွေးတဲ့ ကိစ္စမှာ အစိုးရတဖွဲ့လုံး တက်စရာ လိုသလားဆိုပြီး အစိုးရတွင်းမှာတောင် ငြင်းခုန်ကုန်ကြရတယ်။

ထိုင်းဘက်က ထိုင်းကို အပုပ်ချရေးသားနေသူ ပင်တိုင်ဆောင်းပါးရှင် တယောက်နဲ့ ထုတ်ဝေသူတယောက်ကို နာမည်ပျက် စာရင်းသွင်းပြီး ပြည်ဝင်ခွင့် ဗီဇာ ပိတ်လိုက်တယ်။

နအဖ က ၇ဆ တိုးပြီး ထိုင်း သတင်းစာသမား ၁၄ ယောက်ကို နာမည်ပျက် စာရင်း သွင်းပြလိုက်တယ်။

နအဖ ထိပ်သီးတွေနဲ့ အမြဲ 'ပိစ်' (peace) ဖြစ်တတ်သူလို့ အပြောခံရတဲ့ ကာကွယ်ရေးဝန်ကြီး ချာဗာလစ်ကလဲ မျိုးချစ်စိတ်တွေ ပြလာပြီး သူ့ဌာနအောက်ရှိ မီဒီယာတွေအနေနဲ့ မြန်မာ့အလင်း သတင်းစာရဲ့ ပုတ်ခတ်ရေးသားချက်များကို တုံ့ပြန်ရေးသားဖို့ အမိန့်ထုတ်ပါတယ်။

ဒါတွေက လေနီကြမ်းဆင်တဲ့ အပိုင်းတွေပါ။ တဘက်မှာ သံတမန်စကားတွေ နှစ်ခွစကားတွေ အပေးအယူသဘော ပြောကြဆိုကြ လုပ်ကိုင်ပြခဲ့ကြတာတွေလဲ ရှိပါတယ်။

ချာဗာလစ်က "ထိုင်းအစိုးရအနေနဲ့ နအဖနဲ့ အတိုက်အခံတို့ ပူးပေါင်းပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်သည့် အစိုးရ တရပ် ဖွဲ့စည်းပေါ်ပေါက်နိုင်ရေးကိုသာ မြင်လိုကြောင်း" ပြောပါတယ်။

ဗိုလ်ခင်ညွန့်က "KNU, KNPP, SURA တို့နဲ့ စေ့စပ်ဆွေးနွေးချင်ကြောင်း၊ ထိုင်းကကြားဝင်ပေးပါလို့ ပြောကြောင်း" ဝပ်တနာချိုင်းက ထုတ်ဖော်ခဲ့တယ်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီရက်ကတော့ "မြန်မာ့ နိုင်ငံရေးပြဿနာများကို အဖြေရှာရာတွင် ဂျပန်နိုင်ငံအနေနဲ့ ယခုထက် ပိုမိုပတ်သက်ဆောင်ရွက်ပေးဖို့ တောင်းခံမှာ ဖြစ်တယ်" လို့ ပြောပြန်ပါတယ်။

ထူးခြားချက်တခုကတော့ ပြဿနာဖြစ်တဲ့ ကျောင်းသုံးစာအုပ်ထဲမှာပါတဲ့ သင်ခန်းစာတွေကို အသစ်ပြန်ရေးပေးမယ်လို့ ထိုင်းဘက်က ပြောလာချက် ဖြစ်တယ်။

ဇူလိုင်လ တရက်နေ့မှာ မဲဆောက်အခြေစိုက် ဗမာအလုပ်သမားအဖွဲ့ ရုံးတရုံးကို (နအဖ အလိုကျ) ထိုင်းရဲက ဝင်ရောက် မွှေနှောက်ကာ လူဖမ်းပစ္စည်းသိမ်းတာ လုပ်ပြပါတယ်။

ဘန်ကောက်မှာ ဗမာကျောင်းသား ၂၄ ယောက် (လက်မှတ်ရှိလျက်နဲ့) အဖမ်းခံရတာလဲ ရှိတယ်။ UNHCR မှ ဝင်ပြီး ကြိုးပမ်းဖြေရှင်းသော်လဲ မပြေလည်။ "အထက်အမိန့်အရ" တဲ့။

၈ လပိုင်းမှာ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဗမာပြည်တခေါက်သွားပြီး ပြေရာပြေကြောင်း ကြိုးစားပြန်တယ်။

ဒီအချိန်ဟာ ဗမာ နိုင်ငံခြားရေးဝန်ကြီးက ပညာပြနေချိန် ဖြစ်တယ်။ ဘယ်နေ့ ဘယ်ရက်မှာ ထိုင်းကိုလာပြီး ဆွေးနွေးပါမယ်လို့ ပြောထားတာကို အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေပါတယ်။ ရှောင်တာမှ ကမ္ဘာပတ်ပြီး ရှောင်နေတာပါ။ တောင်အာဖရိက "မြေကမ္ဘာထိပ်သီးအစည်းအဝေး"အပြီး အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံခရီးစဉ်များ ဆက်ခဲ့ပါတယ်။ နောက် ကုလသမဂ္ဂညီလာခံ တက်ပါတယ်။

ပြန်ရောက်လာတော့ 'နယ်စပ်ဂိတ်တွေ မကြာမီ ပြန်ဖွင့်မယ်၊ ဆက်ဆံရေး ပုံမှန်ဖြစ်လာပါပြီ။' လို့ လေသံလွှင့်လိုက်ပြန်တယ်။

နောက်ပိုင်းမှာတော့ ထိုင်းဝန်ကြီးချုပ် ထပ်ဆင်က "ပြီးတာတွေပြီးပြီ၊ ရှေ့ပဲကြည့်မယ်" လို့ ပြောခဲ့တယ်။

စက်တင်ဘာ ၂၄ – ၂၅ ရက်မှာတော့ ဦးဝင်းအောင် ထိုင်းကိုသွားပါတယ်။ မူးယစ်ဆေးဝါးကိစ္စ၊ ဂိတ်တွေမကြာခင် ဖွင့်မယ့်ကိစ္စတွေ ပြေလည်တဲ့သဘော ဖော်ပြလိုက်တယ်။ မင်းသမီး သီရိဒုံကို အလည်လာဖို့ ဖိတ်ကြားခဲ့တာလဲ မင်းသမီးက လက်ခံလိုက်တယ်။ ဆူရာကီရက်ကလဲ "မူအားဖြင့်တော့ အချက်အလက်တွေ သဘောတူကြပါတယ်။ တရက်ထဲနဲ့တော့ ပြီးနိုင်မှာ မဟုတ်ပါဘူး၊ ဒီချုပ်နဲ့ နအဖ ဆွေးနွေးပွဲဟာ အရေးကြီးတယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေပါ ပါဝင်ဆွေးနွေးဖို့လိုကြောင်း" ပြောပါတယ်။ မတင်မကျရော သူတို့ဆန္ဒပါ ဖြည့်ပြောလိုက်တာတွေ့ရတယ်။

သို့သော် လက်ကနဲ့ရက်မှာတော့ ဗမာဘက်ကပစ်လို့ ထိုင်းဘက်ကို လက်နက်ကြီးကျည်တွေ ကျတယ်ဆိုပြီး ပူညံပူညံဖြစ်သွားပြန်သေးတယ်။

(အခုတော့ နယ်စပ်ဂိတ်တွေ ပြန်ဖွင့်ပါပြီ၊ ဘယ်တော့တချိတမောင်း ထဖြစ်ကြမလဲ မပြောနိုင်ပါ။ ဖြစ်ကြဦးမှာပါ။ ကမ္ဘာ့အခင်းအကျင်းသစ် မပေါ်သေးသမျှ အနယ်မထိုင်သေးသမျှ ထပ်ပြန်တလဲလဲဖြစ်နေဦးမှာပါ)

**၃။ ဦးနေဝင်း မိသားစု၏ အာဏာလုပ်ကြံမှု။**

စေ့စပ်ဆွေးနွေးပွဲကိစ္စအတွက် ဘေး

ကျပ်နံ့ကျပ် ဖြစ်နေတဲ့ စစ်အုပ်စုဟာ နအဖကို သိဒ္ဓိတင်ခိုင်းထားတဲ့ ကြံ့ဖွံ့တစ်စုဝေးပွဲတွေ လက်စသတ်လို့အပြီး နောက်ထပ် မျက်လုံးပြူးစရာ ကိစ္စတခုကို ရင်ဆိုင်လိုက်ရပြန်တယ်။

သမိုင်းပြောင်းပြန် ကိစ္စတရပ်ပါ။

ယေဘုယျအားဖြင့် သား,ညီ စသူတို့က အဖေ့ထီးနန်းကို သိမ်းယူလေ့ရှိတဲ့ မြန်မာ့သမိုင်းမှာ အဖေကြီးက သားတွေရဲ့ အာဏာကို ပြန်လုယူဖို့ ကြံစည်တဲ့ အမှုတခု ပေါ်လာပါတယ်။ သူတို့ပြောလေ့ရှိတဲ့ ဖြတ်လမ်းနည်းနဲ့ အာဏာသိမ်းဖို့ ကြံတာလို့ ပြောရမလားပဲ၊

ဦးနေဝင်းနဲ့ သူ့မိသားစုရဲ့အမှုဖြစ်ပါတယ်။ 'ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံ အညီနဲ့' ဆိုတဲ့ အမှုမျိုးတော့မဟုတ် လက်နက်ဆိုတာထက် (သတင်းစာ ရှင်းလင်းပွဲမှာ) ဘိုးတော်အောင်ပွင့်ခေါင်နဲ့ သူ့အစီအရင်တွေ၊ အဆောင်တွေက ရှေ့တန်းရောက်နေပါတယ်။ ဒါကြောင့်လဲ နိုင်ငံခြား သတင်းထောက်တွေ တော်တော် အူကြောင်ကြောင်ဖြစ်သွားပုံ ပေါ်ပါတယ်။

ဒီနေရာမှာ အာဏာနဲ့ ယှဉ်ပါးခဲ့တဲ့ ဗိုလ်နေဝင်းရဲ့ နောက်ကြောင်းကို ပြန်ကောက်ကြည့်ချင်ပါတယ်။ မဆလ ခေတ်ကစပြီး ဗိုလ်နေဝင်းရဲ့ ထီးမွေနန်းမွေကို မျှော်မှန်းခဲ့သူများ ဗိုလ်နေဝင်းက "<u>လှဲထားကြည့်</u>" ခဲ့သူတော်တော်များပါတယ်။ ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်စန်းယု၊ မျက်မှန်တင်ဦး၊ ဗိုလ်စိန်လွင်၊ ဗိုလ် ဒေါက်တာမောင်မောင်၊ ဗိုလ်စောမောင် ... ရယ်လို့ တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ကြာကြာမခံပါ။ တယောက်ပြီး တယောက် ပြုတ်ကုန်ပါတယ်။ ရာဇပလ္လင်ပေါ် မရောက်လိုက်ရသူ။ ရောက်ပြီး ဖင်ပူအောင် မထိုင်လိုက်ရသူလို့ပဲ ကွဲပါတယ်။ သူဒီလို နန်းတင်တမ်း (**KING MAKER** – လုပ်နေတာ) ကစားနေတာ ကြာပါပြီ။ ဒါပေမဲ့ အသက်ကြီးလာတာ နဲ့အမျှ လူမလေးခွေးမခန့် ဖြစ်လာပုံ ရပါတယ်။ လက်ထဲက အာဏာတွေ ယိုကျကုန်ပါတယ်။

ဒါကို ဗိုလ်အောင်ကြီးက နှစ်ပေါက်တပေါက်လုပ်ကာ 'အာဏာဟူသမျှ ဗိုလ်နေဝင်းထံ အပ်' လို့ အမေရိကန်ထွက်ပြီး ကြွေးကြော်ကြည့်ပါတယ်။ မအောင်မြင်ရှာပါဘူး။

(တော်ဝင်မိသားစုကလဲ အခြေအနေတွေ ပြောင်းနေပြီဆိုတာ သတိမထား၊ နေဝင်းရဲ့တခါကရှိခဲ့တဲ့ အရှိန်အဝါကိုယူပြီး စီးပွားရေးသောင်းကျန်းမှု မောက်မာဗိုလ်ကျမှုတွေ လုပ်တာရှိပါတယ်။ တခါတရံ နအဖကိုတောင် ထိပ်တိုက်ဝင်ဆောင့်ပါတယ်။ လွန်လွန်းလာတော့ မတတ်သာဘဲ ကန့်သတ်အရေးယူတာတွေ လုပ်လာတာ တွေ့ရတယ်။ ကိုလိုနီခေတ်ဖြစ်ဖြစ်၊ လွတ်လပ်ရေးခေတ်ဖြစ်ဖြစ် ကိုယ့်သူဌေးကိုယ်မွေးကြပါတယ်။ အပြိုင်အဆိုင်မွေးကြရင်း ပဋိပက္ခဖြစ်ကြပါတယ်။ အခုတလော နအဖ အာဏာပိုင်တွေတွင်းမှာ အဲဒီလိုဖြစ်နေကြပြန်ပါတယ်။)

နေဝင်းဟာ ၉ – ၁၁ အရေးအခင်းအကြောင်းပြုပြီး ပွဲထွက်ကြည့်တယ်။ နအဖ ထိပ်တန်းခေါင်းဆောင်တွေ မတက်ဘဲ နေပြလိုက်တယ်။ လက်သပ်မွေးဗိုလ်ခင်ညွန့်တောင် မတက်ဝံ့။ နအဖ က သူ့နည်းနာယူပြီး အမေရိကန်အကြိုက် "အကြမ်းဖက်လုပ်ရပ်ဆန့်ကျင်ရေး" ကြေညာချက်တခု ထုတ်ပြန်တာပဲ လုပ်ပါတယ်။ နေဝင်းမွေးနေ့ပွဲတုန်းကလဲ ထိပ်သီးများက လျစ်လျူရှုထားခဲ့တယ်။ 'ခု' စရာတွေပါ။

သူ့မှာ အနှစ် ၄၀ စုထားတဲ့ (မြုပ်နေတဲ့) အင်အားတချို့ရှိတာကို သူသိတယ်။ နအဖတွင်း ပဋိပက္ခတွေ ထက်အောက် အနေအထား အခြေအနေတွေ သူဆုပ်ကိုင်မိတယ်။ အဲဒီလိုနဲ့ နောက်ဆုံးအချီ ထ, ရုန်းကန်ကြည့်လိုက်ပုံ ရပါတယ်။ သူ့အရှိန်သြဇာကို ယုံကြည်ပြီး လက်တွဲမိလိုက်တဲ့ မအူမလည်တွေ ဒုက္ခရောက်ကုန်ပါတယ်။ လေတပ်ဦးစီးချုပ်၊ တိုင်းမှူး၊ တပ်မမှူး။ ရဲချုပ်စသူတချို့ ပြုတ်သူပြုတ်၊ အရေးယူခံရသူခံရ ဖြစ်ကုန်တယ်။ ဗိုလ်နေဝင်းအိမ်တော် လုံခြုံရေးတပ် အရာရှိအရာခံ အကြပ်တပ်သားများ အပါအဝင် စုစုပေါင်း ၂၀၀ ကျော်လောက် ပါဝင်ပတ်သက်နေပါတယ်။

အမှုကို စစ်ဆေးကြပြီးတဲ့နောက် လုံခြုံရေးတပ်က ၈၀ ကျော်ကို ထောင်ဒဏ် ၁၅ နှစ်စီ အခါပေး ဦးပုညလက်သစ် ဘိုးတော်အောင်ပွင့်ခေါင်ကို ၂၁ နှစ် ထောင်ဒဏ်ပေးခဲ့တယ်။

စက်တင်ဘာ ၂၆ ရက် တော်ဝင်မိသားစု (၄ယောက်) အပေါ် စီရင်ချက်ထဲမှာတော့ "နိုင်ငံတော် သစ္စာဖောက်မှု" အတွက် သေဒဏ်၊ လုံခြုံရေးတပ်ကို ဆွဲဆောင် အသုံးပြုမှုအတွက် တသက်တကျွန်း၊ စီးပွားရေးအမှုတွေအတွက် ဦးအေးဇော်ဝင်းက ၂ မှု၊ ၁၄ နှစ်။ ကျော်နေဝင်းက ၇ မှု – ၄၉ နှစ် ဆိုပြီး ချမှတ်လိုက်ပါတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး မေးစရာ မေးခွန်းတချို့ ရှိလာပါတယ်။

– 'ပြောင် ' စစ်ဆေးမယ်ပြောပြီး ဘာကြောင့် ကွယ်ရာမှာ စစ်ဆေးသလဲ။

– တရားခံစာရင်းမှာ ဦးနေဝင်းနဲ့ သမီး စန္ဒာဝင်းကို ဘာကြောင့်မထည့်သလဲ။

– ဘာကြောင့် စီရင်ချက်ကို အယူခံ မဝင်ဘူးပြောရဲရသလဲ။ (နောက်တော့အယူခံဝင်နေတယ်။ သူတို့လဲ 'အချိန်ဆွဲ' ချင်တာဖြစ်မယ်)

– ဘယ်သူ ဘယ်ပုံစံနဲ့ လျှော့မလဲ ဘာပဲဖြစ်ဖြစ် နအဖ ဘာဆက်လုပ်မလဲ စောင့်ကြည့်ရပါမယ်။ လွတ်ငြိမ်းချမ်းသာခွင့် လိုဟာမျိုး၊ နှစ်လျှော့တာမျိုးတွေနဲ့ရော 'ဖြော'လိုက်မလား။ တစည ကတော့ ပြောပါပြီ။ 'အဖေကြီးမထိနဲ့' 'ကလေးတွေ သေဒဏ်မပေးနဲ့' ဆိုတာအပြင် နောက်ဆုံးစီရင်ချက်အထိ စောင့်ကြည့်ကြပါဦးလို့ ပြောတယ်။ နအဖကို ခြိမ်းခြောက်သံပါနေပါလား။

### ၄။ နိုင်ငံတကာနဲ့နအဖ။

၅ လပိုင်း ၆ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးပြီးတဲ့နောက် ဗမာပြည်ထဲ ထိုးဝင်ချင်တဲ့ နိုင်ငံတချို့ အကွက်ရသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြည်တွင်းခရီးစဉ်တွေကို အနှောက်အယှက်မပေးဘဲ လွှတ်ထားတာ သူတို့ရဲ့ စီမံကိန်း တချို့ကိုပင် ဖိတ်ခေါ်ပြသတာတွေအတွက် နအဖ ကို အမှတ်ပေးပါတယ်။

ဒါပေမဲ့ နယ်စပ်တိုက်ပွဲတွေ ဖြစ်လာတဲ့အပေါ် စောင့်ကြည့်နေကြဟန်ရှိပါတယ်။ နအဖ ဘက်က ရက်ရမ်းရမ်းပြီး နအဖ စစ်စခန်းကို ဝင်စီးနင်းတိုက်ခိုက်တဲ့ အထဲ **SURA** တပ်နဲ့ အတူ အမေရိကန်နဲ့ ထိုင်းစစ်သားတွေ ပါဝင်တယ်။ အမေရိကန် ၃ ဦး ဒဏ်ရာရတယ်။ ထိုင်းရဲ့စစ်ရေးလေ့ကျင့်ချိန်နဲ့ ချိန်ကိုက်ပြီး တိုက်တာလို့ စွပ်စွဲပါတယ်။ ဒါကလဲ အရှေ့တောင်အာရှဘက် ခရီးလှည့်လာမယ့် ပါဝယ်လ်ရဲ့ ခရီးအတွက် တပတ်ကျော် ကြိုပြောလိုက်ခြင်း ဖြစ်တယ်။

ဒါလဲပြောပြီးရော ချာဗာလစ်က မြန်မာ့အလင်းသတင်းစာရဲ့ ပုတ်ခတ်ရေးသားချက်တွေကို တုံ့ပြန်ရေးသားဖို့ လှုံ့ဆော်

ခဲ့တယ်။ နအဖနဲ့ ဆက်ဆံရေးကို ထိမ်းသိမ်းရန် ကြိုးပမ်းသော်လည်း လျစ်လျူရှုခံနေရတယ်လို့ ပြောပါတယ်။

သို့သော် ပါဝယ်လ် ထိုင်းကို ရောက်လာပြီးတဲ့နောက် သတင်းထုတ်ပြန်ပေးရာမှာတော့ "ဗမာပြည်တွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်မှာ နှေးကွေးနေသောကြောင့် ပိုမိုမြန်ဆန်နိုင်ရေးအတွက် နည်းလမ်းရှာခဲ့ကြသည်"လို့ ပါလာပါတယ်။

ယခုနှစ် ၈ လပိုင်းအတွင်း ပြည်တွင်းသို့ အရေးကြီးပုဂ္ဂိုလ်များ ရှေ့ဆင့် နောက်ဆက် ရောက်လာကြတာ တွေ့ မိကြမှာပါ။

ရာဇာလီ၊ မဟာသီယာ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး စသည် လာကြတာဟာ တက်သုတ်နှင်နေကြတဲ့ သဘောရှိပါတယ်။ တဆက်တည်းလို အီးယူ(EU) ကိုယ်စားလှယ်အဖွဲ့ လာသွားပြန်ပါတယ်။ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးလဲ လာသွားပါတယ်။

ဒီနေရာမှာ ထူးထူးခြားခြား တိုက်ဆိုင်တာတွေ ရှိပါတယ်။

– ရာဇာလီ ရောက်တဲ့နေ့ မောင်အေး ခရီးထွက်သွားပါတယ်။ ရာဇာလီ ပြန်တဲ့နေ့ကျမှ ပြန်လာပါတယ်။

– ဝင်းအောင်ကတော့ ၈ လပိုင်း ၁ ရက်နေ့ ဘရူနိုင်း အာစီယံအစည်းအဝေးမှာ ဆူရာကီရတ်နဲ့ ခဏတွေ့ လိုက်ပြီးတော့ ကမ္ဘာပတ် ရှောင်နေပါတယ်။

–ခင်ညွန့်ကလဲ အီးယူအဖွဲ့နဲ့ တွေ့ဖို့ကိစ္စ အချိန်မီ ပြန်မလာပါ။ ရာသီဥတုသိပ်ဆိုးနေလို့တဲ့။ ကိုယ်စားလှယ်အဖွဲ့ ထွက်သွားတဲ့ ရက်ကျမှ ရန်ကုန်မြေ ခြေချပါတယ်။

နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်မှာ 'အရှောင်အတိမ်းအစ်ပလိုမေစီ' က ကြာရှည် အလုပ်မဖြစ်ပါ။ အင်အားကြီးတွေတောင် ကြာကြာမလုပ်နိုင်ပါ။ ဗမာပြည်လိုနိုင်ငံကတော့ လုပ်ရင်ဘေးတွေ့တတ်ပါတယ်။

ဦးနေဝင်းလက်ထက်တုန်းကတော့ (ဦးသန့် လာစဉ်မှာ) ထွက်မတွေ့ပါဘူး။ အကြောင်းပြချက်လဲ မပေးဘူး။ ဗြိတိသျှ တော်ဝင်အန်းမင်းသမီးနဲ့ ပုဂံဘက်မှာ လှည်း ယာဉ်လေးစီးပြနေခဲ့တာပါ။ အဲဒီတုန်းက စစ် အေးခေတ်ပါ။ ဗမာပြည်ကလဲ နိုင်ငံတကာ့ခွင်ရဲ့ အပြင်ရောက်နေချိန်မှာ အခုလို အခြေအနေမျိုး မဟုတ်ပါဘူး။

နိုင်ငံတကာ ဆက်ဆံရေးမှာ နအဖ စိတ်ကြိုက် အကွက်တကွက် ရခဲ့တယ်။ မလေးရှားနဲ့ ဆန်ပေးဆေးယူ ပုံစံနဲ့ ပြေလည်ခဲ့တာပါ။ နအဖ က မလေးရှားလိုချင်တဲ့ စီးပွားရေးလုပ်ပိုင်ခွင့်တွေ ပေးပါတယ်။ တခါ မဟာသီယာက နအဖ လိုချင်တဲ့ "ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းရာမှာ ဖြည်းဖြည်းပဲ ကူးပြောင်းသင့်တယ်" ဆိုတာကို ပစ်ထောက်ခံလိုက်ပါတယ်။

စေ့စပ်ရေးသမားကြီး ရာဇာလီ လာသွားတာ ၈ ခေါက် ရှိသွားပါပြီ။ လာတိုင်းလဲ အခြေအနေတွေ ကောင်းလာပါပြီ။ မကြာတော့ပါဘူးလို့ ပြောစမြဲ– သူ့စကား လိုက်နင်းမိသူတွေသာ မဟာအရှက်တော်ကွဲကုန်ကြပြီး အခြေအနေကတော့ 'ဒုံရင်း–ဒုံရင်း' ဖြစ်နေပါတယ်။

ဒီနေရာမှာလဲ အချိန်ဆွဲချင်နေတဲ့ နအဖ အမြတ်ထွက်ပါတယ်။ အလားတူ ရာဇာလီ အစုရှယ်ယာ ၂၀% ပိုင်ထားတဲ့ IRIS ကုမ္ပဏီက အီလက်ထရွန်းနစ်ပတ်စ်ပို့ စီမံကိန်းကို အကောင်အထည်ဖော်ခွင့် ရသွားလို့ ရာဇာလီလဲ မြတ်ပါတယ်။

အီးယူကတော့ နအဖ ကို ဒဏ်ခတ်မြဲ ခတ်ထားဦးမယ်လို့ ကြေညာလိုက်ပါပြီ။

အလားတူ အမေရိကန်ကလဲ မျက်နှာသာ မပေးသေးဘဲ ရှိနေတဲ့ အနေအထားပါ။

## ၅။ နိုင်ငံရေး အကျဉ်းသားများကိစ္စ။

ဥပဒေဆိုတာ သားရေကြိုးလိုပဲလို့ ပြောစမှတ် ရှိပါတယ်။ မာရှယ်လောဥပဒေကိုတော့ 'မောင့်သဘောဥပဒေ' လို့ ပြောရမလား မသိ။ ပြောချင်ရာပြော လုပ်ချင်ရာလုပ်တာကို တခါတရံ 'တည်ဆဲ ဥပဒေအရ' ဆိုတဲ့ စကားရပ် ထည့်သုံးလိုက်ပါသေးတယ်။

နဝတ နအဖ လက်ထက်အတွင်း ရှေ့တန်းထုတ် ပေါ်တာအလုပ်ခိုင်းပြီး အစိမ်းလိုက်သတ်တာရော အမှည့်ခြွေ ခြွေတာရော သေခဲ့ကျေခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ များသည်ထက် များလာခဲ့တယ်။

နဝတ နအဖ သက်တမ်း ၁၄ နှစ် ပြည့်ခါနီး တရက်အလိုမှာ ၇၇ ယောက်မြောက်အဖြစ် အစားထိုးမရတဲ့ နိုင်ငံရေး အကျဉ်းသားတယောက် ထပ်မံသေဆုံးရပြန်တယ်။ သူကတော့ ဗကသ ကျောင်းသားဟောင်း ထင်ရှားတဲ့ ကျွန်းပြန်နိုင်ငံရေးသမားကြီး ဦး (နီ) အောင်မေသု ဖြစ်ပါတယ်။ နိုင်ငံရေး အကျဉ်းသမားတွေကို တနှစ် ၅ ယောက်နှုန်းကျော် သတ်ပစ်နေတဲ့ သဘောပါ။

နိုင်ငံတကာ အစိုးရများကရော ပြည်တွင်း ပြည်ပ နိုင်ငံရေးပါတီအဖွဲ့အစည်းများကပါ ၂၀၀၂ ခုနှစ်အတွင်း နိုင်ငံရေး အကျဉ်းသား ၁၅၀၀ ခန့် ရှိသေးတယ် … လို့ ပြောနေချိန်မှာ နအဖ ပြည်ထဲရေး ဝန်ကြီးဖြစ်သူက ကွာလာလမ်ပူ အစည်းအဝေးမှာ 'တယောက်မှ မရှိဘူး' လို့ ခပ်တည်တည် ထပြောခဲ့တယ်။ ဘယ်ပေတံနဲ့ တိုင်းသလဲ မသိ။

နအဖ က တရားဝင် ထုတ်ပြန်ကြေညာချက်တွေထဲမှာလဲ ဒီစကားလုံးကို လုံးဝရှောင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တုန်းက ထုတ်ပြန်တဲ့ **"သမိုင်းကဏ္ဍသစ် တရပ် ဖွင့်လှစ်လိုက်သည့်နေ့"** လို့ ဟစ်ကြွေးလိုက်တဲ့ ကြေညာချက်ထဲမှာတောင် "အကျဉ်းချခံနေရသူ ၆၀၀ နီးပါး လွှတ်ပေးပြီး ဖြစ်တယ်"… လို့ ဝိနည်းလွတ် လုပ်သွားပါသေးတယ်။ လူမှုရေးအရ သက်ညှာထောက်ထားသော အားဖြင့်ဆိုပြီး ရိုးရိုးအကျဉ်းသား အမျိုးသမီးများစာရင်းကို ပေါင်းထည့်ပြီး လက်တလုံးခြား လုပ်တာပါ။

'နိုင်ငံရေးအကျဉ်းသား' ဆိုတဲ့ ဝေါဟာရကိုတောင် သူတို့ကြောက်ကြပါတယ်။ ဒါကြောင့်လဲ ပုဒ်မတွေအမျိုးမျိုး ပြောင်းတပ်ပါတယ်။ တချို့ ရာဇဝတ်သားတွေဖြစ်အောင် လုပ်ပစ်တယ်။ စာရင်းတွေဖျောက်၊ လူတွေကို ဟိုပြောင်း ဒီပြောင်း ဟိုနားကဲ့ဝှက် ဒီနားကဲ့ဝှက် လုပ်ကြတဲ့ သဘောတွေလဲ တွေ့နေရတယ်။ တော်တော်များများကို နေအိမ်နဲ့ ဝေးတဲ့နေရာ လမ်းပန်းမသာတဲ့ နေရာတွေဆီ ပို့ထားခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားတွေကို စိတ်ဓာတ်ကျအောင် လုပ်တာဖြစ်သလို စစ်ဆေးမယ့် အဖွဲ့တွေကို ရှောင်ထားတာလဲ ဖြစ်ပါတယ်။

နာမည်ပေါက်ထားပြီးသား သူတွေကိုတော့ 'နိုင်ငံရေးစုဘူး' အဖြစ် သဘောထားပုံရတယ်။ အလိုရှိတဲ့အခါ 'လွှတ်ပေး' နိုင်အောင် ဆောင်ထားပါတယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ ခေါင်းဆောင်များ၊ အဖွဲ့အစည်းကိုယ်စားလှယ်များ လာတဲ့အခါ မပြောပလောက်တဲ့ အရေအတွက်ကို လွှတ်ပြပါတယ်။ ကရုဏာရှင်အချိုးမျိုးလဲ ချိုးလိုက်

ပါသေးတယ်။ ကျန်းမာရေးအရ မလွတ်မဖြစ်တဲ့ သူတွေ ပါလာတတ်တယ်။ ထောင်အပြင်လဲ ရောက်ရော သေလဲသေရောဆိုတဲ့ ဦးရေကလဲ မနည်းလှဘူး။

လွတ်ချိန်တန်သူတွေကို ၁၀ (က) နဲ့ ဆွဲတာနဲ့မလုံလောက်လို့ အခုတော့ နိုင်ငံရေး စုဘူးထဲ ထပ်ဖြည့်နေပြန်ပါပြီ။

ဘယ်လိုပဲ ဖြစ်ဖြစ် နိုင်ငံရေး မတည်ငြိမ်တဲ့ တိုင်းပြည်မှာ 'စုဘူး'ကြီးတော့ ပြည့်မြဲပြည့်နေမှာပါ။

## ၆။ ကုန်ဈေးနှုန်း။

သက္ကရာဇ် ၂၀၀၂ ခုနှစ်ရဲ့ ၄ ပုံ ၃ ပုံ(၉လပိုင်းအထိ) ဗမာပြည်မှ အတက်ကြမ်းခဲ့တာ ၃ မျိုး ရှိတယ်။

– ကုန်ဈေးနှုန်း
– မြစ်ရေ နဲ့
– စစ်တပ်ထိပ်ပိုင်းများ ရာထူးတက်ခြင်းတို့ ဖြစ်တယ်။

နှစ်စမှာ ရန်ကုန်တိုင်းမှူးအသစ်က 'ငါလုပ်ပြမယ်' ဆိုတဲ့ သဘောလားမသိ၊ မြို့တော်ဝန်ကိုခေါ်ပြီး ကုန်ဈေးနှုန်းတွေ ချခိုင်းပါတယ်။ သွားလေသူ တိုင်းမှူးဗိုလ်မျိုးညွန့် ခြေရာ လိုက်နင်းတာပါ။ ဗိုလ်မျိုးညွန့်က မဆလ လက်စွဲ ဝေါဟာရ 'ဝိသမလောဘသား' တွေလို့ နာမည်တပ်ပြီး ကုန်သည်ပွဲစားတွေကို နှိပ်စက်ခဲ့တယ်။ သူပြုတ်သွားသည်ထိ ကုန်ဈေးနှုန်းက တက်မြဲတက်လျက် ကျန်ခဲ့တယ်။ အခု တိုင်းမှူးအသစ်ကတော့ ၄ – ၅ – ၆ လနဲ့ ကုန်ဈေးနှုန်းတွေအောက်မှာ တကိုယ်လုံး မြုပ်သွားရှာပါတယ်။

### ဆန်။

ဈေးနှုန်းများ ဖော်ပြရာမှာ ရန်ကုန်ဈေး နယ်ဈေး နယ်စပ်ဈေးဆိုပြီး ၃ မျိုး ခွဲနိုင်ပါတယ်။ မီဒီယာလောက က ပေးတဲ့ သတင်းတွေကလဲ ကွဲလွဲမှု ရှိနေတတ်တယ်။ တူတာကတော့ တက်ပြီးရင်း တက်နေတယ် ဆိုတာပါပဲ၊ နယ်စပ်ဈေးကို ပြည်တွင်းဈေးက အမီလိုက်၊ ရန်ကုန်ဈေးက ကပ်လိုက် နောက်ဆုံး (မကြာမီက ရှိနှင့်သော) နယ်စပ်ဈေးနှုန်းကို ရန်ကုန်ဈေးနှုန်းက မီသွားပါတယ်။

၃ လ ပိုင်းပထမ ပတ်မှာ ဆန်ကြမ်းတပြည် ၂၀၀ ကျပ် ဈေးပေါက်ပါတယ်။ ဦးနေဝင်း မိသားစု အမှု ၈ ရက်နေ့မှာ ကြေညာအပြီး ဆန်နဲ့ဆီကို ရဝတ များက ရောင်းချပေးပါတယ်။ တအိမ်ထောင် ဆန်တပြည် ၁၀၀ ကျပ်နှုန်း။ ၇၂၀ ကျပ် ပေါက်နေတဲ့ စားအုန်းဆီကို ၃၆၀ ကျပ်နှုန်းနဲ့ ၂၀ ကျပ်သားစီ ရောင်းပေးတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ၄ လပိုင်း မကုန်မီ ရန်ကုန်မှာ ဆန်ကြမ်းတပြည် ၁၇၀ ကျပ်၊ ဆန်ချောက တပြည် ၂၇၀ကျပ်–၃၀၀ ကျပ် ဖြစ်နေပါပြီ။ ၆ လပိုင်းရောက်တော့ ကြည့်နေလို့တော့ မဖြစ်ချေဘူးဆိုပြီး အမိန့် အာဏာနဲ့ ဈေးနှုန်းတွေကို အတင်းဆွဲချကြည့်တယ်။ ဆန်ကုန်သည် ပွဲစားတွေကို အလှူသဘောနဲ့ တအိတ်ကို ၄၀၀ ကျပ်မှ ၇၀၀ ကျပ်အထိ အရှုံးခံစေကာ ဆန်ကုန်သည်ကြီးများအသင်းကို အပ်ခိုင်းတယ်။ မသိကျိုးကျွန်လုပ်နေတဲ့ သူတွေကိုတော့ တအိတ် ၁၀၀၀ ကျပ်နှုန်းအထိ ကျခံစေတယ်။ အသင်းကြီးအနေနဲ့ကလဲ အိတ်တိုင်း ၆၀၀ ကျပ် စီလောက်ဖြည့်လိုက်ရသေးတယ် ... လို့ ဆိုပါတယ်။ ဒီလိုနဲ့ အခွန်လွတ်ဈေးမှာ တပြည် ၁၀၀ ကျပ်နှုန်းနဲ့ ရောင်းပေးနိုင်တာပါ။ ဒါလဲ တအိမ်ထောင် တပြည်ပဲ ရောင်းပေးနိုင်တာပါ။ တပြည်ဝယ်ရအောင် မိုးမလင်းမီက တန်းစီရပါတယ်။ ဒီအချိန် လက်လီဆိုင်တွေမှာ တ ပြည် ၂၀၀ ကျပ် ကျော်နေပါပြီ။ ပုံပြင်ထဲက ကန်နူဘုရင်ကြီးနဲ့ဒီရေလို ဖြစ်နေပါတော့တယ်။

ဆန်နဲ့ မပတ်သက်တဲ့ လုပ်ငန်းရှင်ကြီးတွေလဲ ရှောင်နေလို့ မရပါ။ မုံရွာရေဘေးဒုက္ခသည် အိမ်ထောင်စု ၇၀၀၀ အတွက် ကျပ်သိန်း ၄၀၀ ဖိုး ဆန်၊ ဆပ်ပြာ အပါအဝင် လူအသုံးအဆောင် ပစ္စည်းများ လှူရပါတယ်။ ကြားက ဖြတ်ဘုံးတာ မခံရလေအောင်လား မသိ လုပ်ငန်းရှင် ၂၀ ကျော် ၃၀ လောက် မုံရွာသွားပြီး တိုက်ရိုက်ပေးလှူတဲ့သတင်း တွေ့ရတယ်။ ဒါကြောင့် ဗမာပြည်မှာ သူဌေးဖြစ်ရတာများ 'ချောင်' တယ်မထင်နဲ့ လူမသိ သူမသိ ဒေါ်လာ သန်းနဲ့ချီပြီး အစိုးရအတွက် ကုမ္ပဏီနာမည်သုံးပြီး နိုင်ငံခြားကုမ္ပဏီက ငွေဆွဲပေးလိုက်ရတာတွေ ရှိတယ်။ ပြန်လဲပေးတာ မဟုတ်ဘူး ... ဆိုတဲ့ သတင်းတွေလဲ ထွက်လာတယ်။ သူဌေးထိပ်သီးတွေ ဒီလို ခံနေရတယ် ... လို့ ဆိုတယ်။

အစကတော့ ရန်ကုန်တိုင်းမှူး အသစ်အနေနဲ့ ကုန်ဈေးနှုန်းချတယ်ဆိုတာ ကမာရွတ် ဝဂ္ဂီလမ်း အိမ်ရှင်တွေကို အိမ်ပေါ်က ဆွဲချတာလို လုပ်ရ,လိမ့်မယ်လို့ ထင်ပုံပေါက်တယ်။

နယ်စပ်တွေမှာ တပြည် ၃၀၀ ကျော် ၄၀၀ ကျပ် ဖြစ်ခဲ့ရာက ၉ လပိုင်းကျတော့ ရန်ကုန်မှာလဲ ဒီဈေးနှုန်းပဲ ဝယ်စားကြရပြီ။ တရားခံ ဖြစ်သွားတဲ့ ဆန်ကုန်သည် ၂၀ ထောင်ထဲဝင်ကြရပါတယ်။ ထောင်ဒဏ် ၇ နှစ်စီ။ တချို့ဆန်ကုန်သည်တွေ ရန်ကုန်မနေရဲဘဲ နယ်ဘက် ရှောင်နေရပါတယ်။

စိုက်ကေတွေ တိုးလာတယ်။ တကေထွက်နှုန်း တိုးလာတယ်။ ဆန်ဂိုဒေါင်တွေထဲမှာ အလုံအလောက် လှောင်ထားတာ ရှိတယ် ... လို့ လက်မတထောင်ထောင် လုပ်ခဲ့တဲ့ စစ်အုပ်စု – ခုတော့ ဆန်ကို အကြွေးဝယ်ပြီး ပြန်ဖြန့်ရတော့မယ်လို့ သတင်းထွက်လာပါတယ်။ သူခိုးနွားကောင်းမှန်းမသိ နိုင်ငံခြားငွေရရင်ပြီးရောဆိုပြီး အောက်ဈေးနဲ့ နိုင်ငံခြားထုတ်ရောင်းခဲ့သူတွေ မှတ်ကရောပဲ။

ဒီတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြပါပြီ။ ဆန်ဂိုဒေါင် လက်ကျန် စာရင်းတွေ အပုတပြင်း ကောက်နေကြပါတယ်။ ၈ လ ပိုင်းကတည်းက ရှေ့တန်းတပ်စခန်းတွေမချန် စစ်ဆေးနေပါတယ်။

(ထိုင်းနယ်စပ်ဘက်မှာ ပြင်ဆင်ထားတဲ့ စစ်ရေးလေ့ကျင်မှုတွေ ဖျက်လိုက်ရတယ်ဆိုတဲ့သတင်းနဲ့ ဆက်စပ်ကြည့်ချင်စရာပါ။ ဆန်မရှိဘဲ အစားကြီးလို့ကလဲ မဖြစ်။)

အောက်တိုဘာလအတွက် ကြိုထုတ်တဲ့ မဂ္ဂဇင်းတော်တော်များများရဲ့ ဈေးနှုန်းစာမျက်နှာမှာ ဆန်၊ ဆီ၊ ရွှေ ဒေါ်လာ FEC ဈေးနှုန်းတွေ ထည့်မထားတာ တွေ့ရတယ်။ အမိန့်အာဏာကြောင့်ပဲလား၊ ဆင်ခြင်နေကြတာလား မသိ နောက်ပိုင်းထွက်တဲ့ မဂ္ဂဇင်းတချို့ကျတော့ ဆန်ဈေးနဲ့ဆီဈေး ပြန်ဖော်ပြလာပါတယ်။

### ဆီရယ် ဈေးနှုန်းတွေရယ် ကပ်သင့်သူတွေရယ်

၃လ ပိုင်းမှာ စားအုန်းဆီ တပိဿာ ၇၂၀ ကျပ်၊ ၄လ ပိုင်း ၈၅၀ ကျပ်–၉၀၀ ကျပ် ဖြစ်လာပါတယ်။ ၉လ ပိုင်းရောက်တော့ ၂၀၀၀ ကျပ်၊ ပဲဆီအစစ်က ၂၅၀၀ ကျပ် ဖြစ်နေပါပြီ။ အခြေအနေကတော့ မဆလခေတ် 'ဆ'လိမ် ကိုယ်တော်ကြီးပြောတဲ့ ***"ဆန်၊ ဆီ၊ ဆား၊ ဆေး*** မရရင် – ***ဆူ၊ ဆဲ၊ ဆော်*** ကွာ" ကိန်းဆိုက်နေပါပကော။

ကပ်သင့်တဲ့ အထဲမှာ ရွှေကုန်သည်နဲ့ ဒေါ်လာလဲသူတွေလဲ ပါကုန်ကြပါတယ်။ ရွှေတကျပ်သား ၄ လ ပိုင်းက ၁၄၀၀၀၀ ကျပ်၊ ခု ၂၀၀၀၀၀ကျပ် ဖြစ်နေပြီး ဒေါ်လာဈေးက မနှစ်က ၆၀၀ ကျပ်ကျော်၊ ဒီနှစ် ၄ လ ပိုင်း ၉၂၀ ကျပ်ကနေ ခု ၁၃၇၅ ကျပ် ဈေးပေါက်ပါတယ်။

၉လ ပိုင်း ၁ ရက်နေ့မှာ ရွှေကုန်သည် ၇ ဦး ထောင် ၇ နှစ်စီနဲ့ ထောင်ထဲ ဝင်ပါတယ်။ ငွေလဲသူတွေက ဒီထက် ခပ်စောစောက ဝင်သွားရတာပါ။

ကုန်ဈေးနှုန်းတွေ တက်တာရဲ့ ရလဒ်ကတော့ ရာဇဝတ်မှုတွေ တိုးများလာခြင်း ဖြစ်တယ်။ ငတ်ပြီးအသေမခံနိုင်ကြတော့ ငွေရရင်ပြီးရော၊ ဆန်ရရင်ပြီးရော သဘောထားပြီး ပြစ်မှုကျူးလွန်တာက များပါတယ်။

ဆန်လုပွဲတွေ အနှံ့အပြား ပေါ်လာပါတယ်။ မောင်တောဘက် ပေါ်တယ်၊ စစ်တွေဘက် ပေါ် ပြန်ပြီ။ ဆန်အတွက် ဘယ်တုန်းကမှ ပြဿနာမရှိဘူးတဲ့ ဆန် ဖူလုံခဲ့တဲ့ မွန်ပြည်နယ် ကမာဝက်မှာလဲ ပေါ်ပါတယ်။ တနင်္သာရီတိုင်းက မြိတ်ဘက်မှာ ဆန်ပြတ်လပ်မှု အကြီးအကျယ်ပေါ်နေပြီး ပြည်မထဲမှာလဲ ပေါ်ပါတယ်။ ပျဉ်းမနားဘက်မှာ ဆန်ကားကို တားပြီး ဆန်လုတဲ့သတင်း တချို့ဒေသတွေမှာ ဆန်ဟာ တိုးတိုးသား ဖြစ်နေကြောင်းသတင်းတွေ ကြားရတယ်။ မန္တလေးမှာတောင် ဆန်ဆိုင်အချို့ ပိတ်ထားပါတယ်။

၁၁ လပိုင်းကျမှ ဆန်သစ်ပေါ်မှာမို့ ခုကတည်းက နအဖ အသေအလဲ ရုန်းကန်နေရတာ တွေ့နိုင်ပါတယ်။

## ၇။ ရှင်းလင်းပွဲများ

နအဖ အစိုးရ ယန္တရားထဲက ပုံမှန်လည်ပတ်နေတဲ့ ကိစ္စတခုကတော့ သတင်းစာ ရှင်းလင်းပွဲများ ဖြစ်ပါတယ်။ လျှပ်စစ်မီးသာ ပုံမှန်မလာ ရှိရော့မယ် ဒါကိုတော့ အပြတ်ခံလို့ မဖြစ်ပါ။ မရှင်းမလင်း လုပ်ထားတာတွေကလဲ များတာကိုး ...

ဟိုပုံစံနဲ့ ရှင်းလိုက် ဒီပုံစံနဲ့ ရှင်းလိုက် ဟိုလူကထရှင်း ဒီလူကထရှင်းနဲ့ မျက်စိနောက်လောက်အောင် ရှင်းကြပေမယ့် ယုံတဲ့သူမရှိ ဖြစ်နေပါတယ်။

ဦးနေဝင်းအမှု၊ စေ့စပ်ဆွေးနွေးပွဲ ကိစ္စ၊ ရာဇာလီ – မဟာသီယာ ခရီးစဉ်များ၊ ရေကြီး ဆန်အဝင်နည်းတဲ့ ကိစ္စ၊ ၅၀၀၀ကျပ်တန် ငွေစက္ကူထုတ်ရန် အစီအစဉ်မရှိကြောင်း၊ မူးယစ်ဆေးဝါးကိစ္စ၊ ထိုင်း – ဗမာ အရေးအခင်း၊ နယ်စပ်တိုက်ပွဲများ၊ စစ်တပ်က ရှမ်းအမျိုးသမီးများအပေါ် မဖွယ်မရာပြုကျင့်မှုများ ... စသည် ရှင်းလိုက်ကြတာ နားရသည် မရှိ။

ပြဿနာတွေက များလဲများ၊ ကြီးလဲကြီး ပါတယ်။ ပြည်တွင်းတည်ငြိမ်မှု၊ ဒေသတည်ငြိမ်မှုမှသည် နိုင်ငံတကာ ဆက်ဆံရေးအထိ ကြီးကြီးမားမား ဂယက်ရိုက်နိုင်တဲ့ ပြဿနာတွေပါ။

(တချို့ကို သီးခြား ခေါင်းစဉ်များနဲ့ တင်ပြထားပါတယ်။)

ဆင်ဖြူတော် နာမည်ပေးပွဲမှာ ဗိုလ်ခင်ညွန့်က "သာသနာတော် အဓွန့်ရှည်ကြာ တိုးတက်စည်ပင် ပြန့်ပွားအောင် စောင့်ရှောက်ပါစေသတည်း။ ဤပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား အန္တရာယ်အပေါင်းမှ ကင်းဝေးအောင် စောင့်ရှောက်ပါစေသတည်း၊ ရတနာခုနစ်ပါး ကောက်ပဲသီးနှံ ဆန်ရေစပါး ပေါများကြွယ်၍ ဥတုသုံးလီ မှန်ပါစေသတည်း"... ဆိုတဲ့ အဓိဋ္ဌာန်စာတမ်း ဖတ်ကြားခဲ့ပါတယ်။ ဆင်ဖြူတော်ကတော့ ၂ ကောင်တောင် (ဘယ်နည်းနဲ့ရရ) လက်ဝယ်ပိုင်ထားခဲ့ကြပြီ။ တောင်းတဲ့ဆုကော ပြည့်ပါရဲ့လား။

လက်တွေ့မှာ ရေကြီး ကောက်ပဲသီးနှံပျက် ဈေးနှုန်းတွေတက် လူတွေငတ်လုတဲ့နေရာတွေလု ဖြစ်နေပါပြီ။ ဆင်ဖြူတော်လဲ မကယ်နိုင်တော့ပါ။

## ၈။ မဖွယ်မရာပြုကျင့်မှုများ။

ဒီနှစ် ၆ လ ပိုင်းမှာပဲ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့နဲ့ ရှမ်းအမျိုးသမီးလှုပ်ရှားမှုအဖွဲ့က စစ်အုပ်စုအပေါ် စွဲချက်တခု တင်ပါတယ်။

"၁၉၉၆ မှ ၂၀၀၁ ခုနှစ် ကာလအတွင်း ရှမ်းအမျိုးသမီး ၆၀၀ ကျော် မတရားပြုကျင့် ခံခဲ့ကြရတယ်။ ဒါကို စစ်တပ်က မူသဘောအရ တမင်ပြုကျင့်ကြတာ ဖြစ်တယ်" ... လို့ ထုတ်ဖော်လိုက်ပါတယ်။

ကျူးလွန်တဲ့ တပ်ရင်းပေါင်း ၅၂ ရင်း ကျူးလွန်တဲ့လူ ၈၃% က အရာရှိတွေဆိုတော့ ပေါ်လစီချလုပ်တာ ထင်ရှားနေတယ်။ စစ်အစိုးရ 'ခါ' သွားပါတယ်။ နိုင်ငံတကာက ဒီကိစ္စအပေါ် အာရုံထားလာကြလို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတယ်။ သတင်းစာရှင်းလင်းပွဲလုပ်တော့လဲ အိုးနင်းခွက်နင်း ဖြစ်ခဲ့ကြတယ်။ ဟုတ်တယ် – မဟုတ်ဘူး အခိုင်အမာ မရှင်းဘဲ ဘယ်သူတွေကဒီလို စွဲချက်တင်အောင် သွေးထိုးလှုံ့ဆော်ပေးလို့ ဆိုတဲ့ဘက်ကို ဆွဲပြီး ပြဿနာကို ဘေးဖယ်ဖို့ ကြိုးစားခဲ့ကြတယ်။

ပြဿနာတွေက ရှင်းမသွားဘဲ ကုလသမဂ္ဂအထိ ရောက်သွားတဲ့အခါ စုံစမ်းလေ့လာဖို့ဆိုပြီး ဒုပြည်ထဲရေးဝန်ကြီး ခေါင်းဆောင်တဲ့အဖွဲ့ တဖွဲ့ ကွင်းဆင်းပါတယ်။ ဒီသတင်းတွေ မဟုတ်ပါ။ ၂ မှု ၃ မှုသာ ရှိပါတယ်။ အပြစ်ရှိသူ တပ်သား ၃ ဦးကို အပြစ်ပေးပြီး ဖြစ်တယ်လို့ ထုတ်ပြန်ခဲ့တယ်။

တွင်း/၁ ရဲ့ ဇနီးဦးဆောင်တဲ့ အမျိုးသမီးအဖွဲ့ကလဲ ကွင်းဆင်းပြီး ငြင်းချက်ထုတ်ပါတယ်။ နိုင်ငံခြားရေးဌာနကလဲ ဒီအသံတွေကို ပွဲတင်ထပ်ပြီး "ဒီအမှုမျိုး၂ မှုသာ ရှိခဲ့တယ်။ ပြစ်မှုကျူးလွန်တဲ့တပ်သား ၃ ဦးကို ပြင်းထန်တဲ့ အပြစ်ဒဏ်ပေးပြီး ဖြစ်တယ်" လို့ ကမ္ဘာသိ ထုတ်ပြန်ပြန်တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်နယ်ပြည်မ အရပ်ဒေသ အသီးသီးရှိ ပြည်သူတွေက သံသယ မရှိကြပါဘူး။ စစ်တပ်ရောက်ရာ ဒီအမှုမျိုးက ရှိနေတတ်တာကလား။ မြစ်ဝကျွန်းပေါ် ဒေသနေ ပြည်သူများက "ဗိုလ်ချုပ်မြင့်အောင် လက်ထက်မှာ အဆိုးဆုံး" လို့ ပြောကြတယ်။ (သူတို့ သတ်မှတ်ချက်အရ) ဆူပူသူ၊ သူပုန်၊ နိုင်ငံရေးသမား ... စသူတွေရဲ့ ဆွေမျိုးသားချင်းတော်သူတွေရှိရင် ပိုပြီးနိုင်စားခံရတယ်တဲ့။

ပြည်တွင်းတနံတလျား မီးရထားလမ်း ကားလမ်း ဆိုတာတွေဖောက်တိုင်း နေရာအနှံ့က အမျိုးသမီးတွေ ဒီအန္တရာယ်နဲ့ ရင်ဆိုင်ကြရတယ်။ ရှက်လဲရှက် ကြောက်လဲကြောက်ပြီး မှိတ်ကြိတ်နေကြရသူတွေ အနမတဂ္ဂလို့ သိရတယ်။

အခု ရှမ်းအမျိုးသမီးများက အခိုင်အမာတွေ တင်ပြပြီး စွဲချက်တင်ကြတာဟာ ကြိုဆိုရမယ့်ကိစ္စပါ။

နအဖ အနေနဲ့ မရှင်းရဲလို့ ရှင်းမဖြစ်လို့ 'ရှောင်' ထားလိုက်တဲ့ ကိစ္စတွေ ရှိပါသေးတယ်။ ဥပမာ – မခံမရပ်နိုင်လွန်းလို့ ငြိမ်းချမ်းစွာဆန္ဒပြတဲ့ မေမြို့တပ်မတော်နည်းပညာ ကောလိပ်မှ ကျောင်းသားအားလုံး (၃၀၀၀ ကျော်) ကို ကျောင်းထုတ်ပစ်တဲ့ကိစ္စ။

စိန်ခေါ်မှုများနှင့် ပြည့်လျှမ်းနေသော
[၂၁] ရာစုနှစ်တွင်
ပြည်တွင်းပြဿနာများကို
ဆောလျင်စွာ ဖြေရှင်းထားရေးသည်
အရင်းခံကျသောလုပ်ငန်း ဖြစ်သည်။

*"နိုင်ငံရေးအာဏာ" ကို စစ်အုပ်စုက*
*ကိုင်ထားဆဲ ဖြစ်သည်။*
*သိန်းနှင့်ချီရှိသော စစ်တပ်ကြီးကို*
*ကိုင်ထားသည်။*
*မီဒီယာအားလုံးကို ကိုင်ထားသည်။*

"စစ်အုပ်စု" ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေး
စစ်တပ်အတွင်း တာဝန်ထမ်းဆောင်ရင်း
နိုင်ငံရေးလုပ်နေသူများကို ဆိုလိုခြင်း ဖြစ်သည်။

ထိုင်းရော ဗမာပြည်ပါ နိုင်ငံရေးတည်ငြိမ်မှု
မရှိကြပါ။ ဗမာပြည်၏ ပြဿနာမှာ ...

"တောင်တန်းသားမိတ်ဆွေ"
အဟောင်းဖြစ်စေ၊
အသစ်ဖြစ်စေ၊
"ပြည်ထောင်စုပြဿနာ" ကို
ကူညီဖြေရှင်းပေးနိုင်သူများ
မဟုတ်ကြ။

*ကမ္ဘာ့ပြည်သူအပေါင်းတို့*
*နိုးနိုးကြားကြား ရှိကြစေလော့။*
*ဂျူးလီးယက် ဖူးချစ်*

**ဗမာပြည်ကွန်မြူနစ်ပါတီ**
**ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်**

– နိုင်ငံသိ စာရေးဆရာတွေ၊ ဝန်ထမ်းတွေကို အိမ်ပေါ်ကဆွဲချ၊ အိမ်တွေ ဖြိုဖျက်၊ ရှင်းလင်းပစ်ပြီး မြေနေရာ အရလု လိုက်တဲ့ ကမာရွတ် ဝဂ္ဂီရပ်ကွက်ကိစ္စ။

– နအဖ ထိပ်သီး ၃ ယောက်က ကိုယ့်ကိုယ်ကို အပွင့်တွေ အဖတ်တွေ ကပ်ပြီး ရာထူးတွေ တိုးယူလိုက်ကြတဲ့ကိစ္စ စသည်။

ရှင်းလင်းထုတ်ပြန်တာလဲ မလုပ်၊ ကျိတ်ပြီးအသိပေး၊ ကျိတ်ပြီးဖြေရှင်းတဲ့ ကိစ္စရပ်များလဲ ရှိခဲ့တယ်။

ဥပမာ –(က) နယ်စပ်တိုက်ပွဲများမှာ ကျဆုံးဒဏ်ရာရ သုံ့ပန်း ဘယ်လောက်ရှိတယ်ဆိုတာ မှန်မှန်ကန်ကန် ထုတ်ပြန်တာ မလုပ်။ အသိပေးလေ့ မရှိပါဘူး။ မတတ်သာမှ ထုတ်ပြန်ပါတယ်။

ဒီနှစ် ၅လ – ၆လ ပိုင်းက ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေမှာ နှစ်ဘက် အကျအဆုံးတွေ ရှိခဲ့ပါတယ်။ ထောက်လှမ်းရေးက သက်ဆိုင်ရာ မိသားစုကို “ခင်ဗျားတို့၏သား၊ တူ၊ မောင် ဘယ်သူ၊ ရှေ့တန်းဘယ်စခန်းမှာ ဘယ်နေ့က ကျဆုံးသွားပြီ။ သူ့အတွက် ဝမ်းမနည်းပါနဲ့၊ တိုင်းပြည်အတွက် အသက်စွန့်သွားလို့ ဂုဏ်ယူပါ။ မငိုပါနဲ့။ ဖြစ်နိုင်ရင် ဆွမ်းလည်း မသွတ်ပါနဲ့။ ပတ်ဝန်းကျင်လဲ ပေးမသိပါနဲ့” လို့ လိုက်ပြောပါတယ်။

(ခ) ဒီနှစ် ၈ လ ပိုင်းက ရေကြည်အိုင်မှာ ထောက်လှမ်းရေးသင်တန်းတက်နေသူ ၃ ဦးက အထက်အရာရှိတွေကို လာဘ်ထိုးဖို့ ငွေမရှိလို့ဆိုပြီး လူသတ် ကားလုတဲ့ အမှုတမှု ဖြစ်ခဲ့တယ်။ မသင်္ကာလို့ လမ်းကတားပြီး စစ်ဆေးတဲ့ရဲကိုလဲ ခုခံသတ်ဖြတ် ပစ်ပြန်တယ်။

ဖမ်းမိတဲ့အခါ သူတို့က ဖြောင့်ချက်ပေး ဝန်ခံခဲ့တယ်။ ‘ဂိုက်’ ပဲ့သွားတဲ့ ထောက်လှမ်းရေးသင်တန်းကျောင်း တပ်မှူးက အမှုပိတ်ပေးဖို့ ကားမောင်းသူရဲ့ မိသားစုနဲ့ ရဲတပ်သားရဲ့ မိသားစုကို နှစ်သိမ့်လျော်ကြေးပေးလျက် ရှိကြောင်းသိရတယ်။

ဒါမျိုးတွေ များပါတယ်။ ခြိမ်းခြောက်နှုတ်ပိတ်ထားတဲ့ ကိစ္စတွေလဲ ရှိပါသေးတယ်။

(ဂ) စီးပွားရေး ကျဆင်းမှုနဲ့ ပတ်သက်ပြီး သန်းရွှေက ဝန်ကြီးအပါအဝင် တာဝန်ရှိသူတွေကို ခေါ်ပြီး မေးမြန်းစစ်ဆေးတယ်။ အခြေအနေ ဆိုးနေပြီဆိုတာ သဘောပေါက်သွားတယ်။ သူ့ကို အောက်ကညာပြီး စာရင်းလိမ်တွေ တင်ပြနေတာ သိသွားတယ် ... ဆိုတဲ့ သတင်းတခု ထွက်လာတယ်။ (ကျိတ်ပြီးသတင်းထုတ်လိုက်တာလဲ ဖြစ်နိုင်ပါတယ်။ မဆလခေတ်တုန်းက ဦးနေဝင်း လုပ်ခဲ့တဲ့နည်းပါ။ တာဝန်ရှိတယ်လို့ တံဆိပ်ကပ် ခံရသူကို ဖြုတ်ပြလိုက်သေးတယ် မဟုတ်လား။)

ဒီတခါ ကံဆိုးသွားတဲ့ တရားခံတွေကတော့ လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးအထူး လုပ်ပိုင်ခွင့်ရထားသူတွေ ဖြစ်တယ်။ လူ ၂၀၀ ကျော် အစစ်ဆေးခံရတယ်။ တချို့ လုပ်ပိုင်ခွင့် ခွင့်ပြုချက် (ပါမစ်) တွေ အရုပ်သိမ်းခံရတယ်လို့ ဆိုတယ်။

မောင်အေး ဥက္ကဌ လုပ်နေတဲ့ ကုန်သွယ်ရေးကောင်စီလဲ ဖျက်သိမ်းခံလိုက်ရပြီ ပြောပါတယ်။ အတည်ပြုလို့ မဖြစ်သလို ငြင်းပယ်လို့လဲ မရပါ။ စစ်အုပ်စုလက်တို အရိုးမျက် ဖြစ်နေတာတော့ သေချာပါတယ်။

**၉။ နိဂုံး။**

သက္ကရာဇ် ၂၀၀၂ ခုနှစ်ရဲ့ ၄ ပုံ ၃ ပုံ အချိန်ကတော့ ကုန်သွားခဲ့ပြီ။ လတ်တလောချင်း တိုင်းပြည်အတွက် မဖြစ်မနေ ဖြေရှင်းဖို့ လိုအပ်နေတဲ့ ဓနစပ်ဆွေးနွေးပွဲ ကိစ္စကလဲ စ,တောင် မစရသေး။ ပြည်သူတွေကလဲ တော်လှပြီ။ ထိုင်းနဲ့ကလဲ ပြဿနာက ပြတ်သွားတာ မဟုတ်၊ တချီထက်တချီ ပွဲကြမ်းလာနေတာ ဖြစ်တယ်။ နိုင်ငံတကာ့နိုင်ငံရေးနဲ့ ဆက်နေတာ ဖြစ်လို့ အချိန်မရွေး ထပ်ပေါ်လာနိုင်တယ်။ ပေါ်လာရင် ပိုပြီးပွဲကြမ်းမှာမုချ။ “ဆက်ရန်ရှိသေးသည့်ဇာတ်လမ်း”က ဇာတ်ဝင်ခန်း တခန်း ပြီးသွားတာပဲ ဖြစ်ပါတယ်။ အာဆီယံထဲမှာလဲ ပြေလည်လှတာမဟုတ်။ ကုလသမဂ္ဂကလဲ သည်းညည်းခံပြီး ဆက်ဆံလုပ်ကိုင်နေရ၊ အီးယူကလဲ ဩချသွားရပြီ။ အမေရိကန်ကတော့ အကပ်မခံသေးတဲ့လက္ခဏာ ပြနေတယ်။ (ဒီအတိုင်းသာ သွားနေရင်တော့ စိတ်ကုန်လာတဲ့ နိုင်ငံတွေ တိုးသည်ထက်တိုးလာနိုင်စရာ ရှိတယ်။)

ယခုအထိ ပြေလည် အလုပ်ဖြစ်နေတာကတော့ တရုတ်၊ မလေးရှားနဲ့ ဂျပန်ပဲ ရှိတာ တွေ့ရတယ်။

ဘာပဲဖြစ်ဖြစ် အခြေအနေတွေက ပြောင်းလဲစ ပြုနေပါတယ်။ ပြည်သူတွေကလဲ ဒီအတိုင်း မနေနိုင်တာ ပြလာနေပါပြီ။ ပြည်ပဖိအားကလဲ ဆက်ရှိနေတယ်။ စစ်တပ်တွင်း မျိုးဆက် ၃ ခုရဲ့ ပဋိပက္ခကလဲ ရန်ဘက်အသွင် ပြောင်းလာနေတယ်။

ဒါတွေက မကြာခင်ကာလအတွင်း တိုင်းပြည်ရဲ့ အနာဂတ်၊ စစ်အုပ်စုရဲ့ ကံကြမ္မာကို အဆုံးအဖြတ် ပေးနိုင်စရာ ရှိကြောင်းပါ။